www.burmeseclassic.com

# ကိုမိုက်

## စိတ်ကြိုက်မုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခဲ့ပြီးစာအုပ်များ

၁။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် * ကလေးတို့တတ်ကြဖို့ A မှ Z ကိုရေးကြစို့
၃။ အီကြာကွေး * ရှုံ့အပြင်ကထွက်ကြည့်ပါ
၄။ သုမောင် * နံနက်စာ
၅။ ကိုပိုက် * ကြုံဆုံခဲ့ရမုဆိုးဘဝ
၆။ အီကြာကွေး * ရယ်စရာပေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး * ခရီးဆောင်ဟာသများ
၈။ ချစ်နိုင်(စိတ်ပညာ) * သန့်ရှင်းသောစိတ်
၉။ မင်းလူ * သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် * အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ * စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး * တွေ့ရကြုံရ ရှတတလေးတွေ
၁၃။ ကိုပိုက် * ၂၀၀၁ မုဆိုးများ
၁၄။ အီကြာကွေး * မျက်စိအောက်ကဇရာ
၁၅။ ဆွေမင်း(ဓနုဖြူ) * ဘဝတစ်ခုအမှတ်တရ
၁၆။ အီကြာကွေး * …စရာပေးရှင်း (၂)
၁၇။ ကျော်ပင်းနိုင် * လူ့ရှက်ဆန်းကြယ် ဝတ္ထုများ
၁၈။ ကိုပိုက် * သေမင်းတမန်မုဆိုး

## ယခုလ

ကိုပိုက် * စိတ်ကြိုက်မုဆိုး

## ဆက်လက်၍

- လင်းယုန်မောင်မောင် * ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ပြောင်ချက်နှင့်လှောင်ချ
- အီကြာကွေး * စာပေအင်တာဗျူး
- အီကြာကွေး * နတ်ရူးတို့ကြောင်နိုင်ပေ

စာအုပ် ၁၉

# ကိုပိုက်
# စိတ်ကြိုက်မုဆိုး

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)၊ အာဇာနည်ရာလမ်း
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၀၁-၇၀၁၃၉၅၈၊ ၀၉-၅၀၀၂၀၆၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၃၁၀ / ၂၀၀၃(၃) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၇၀၁ / ၂၀၀၃(၆) ]

■

မျက်နှာဖုံးဝန်းရံ
ပန်းချီစုတ်သုံ

■

အတွင်းသရုပ်ဖော်ဒီဇိုင်း
ဇွေဇင်း(ဝနှမြို့)

■

ပုံနှိပ်ခြင်း
ပထမအကြိမ်

■

ထုတ်ဝေသည့်လ
စက်တင်ဘာလ၊ (၂၀၀၃)ခုနှစ်

■

အုပ်ရေ
(၅၀၀)

■

မျက်နှာဖုံးဖလင်
STARS

■

အတွင်းဖလင်
မအောင်တင်အေး

■

ထုတ်ဝေသူ
ဦးမောင်တာလေး၊ သောကြာစာပေ (၀၀၆၅)
အမှတ်(၁၅)၊ ကြာသာလမ်း၊ ကျောက်တံတားမြောင်း၊ ရန်ကုန်မြို့။

■

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးခင်မောင်မြင့်၊ တွတ်ဝိတော့ဖိဆက်(၀၆၇၀၂)
အမှတ်(၄/က)၊ အဝေရာလမ်း၊ သောတ်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့။

■

စာအုပ်ချုပ်
တိုတင်အေး(လှိုင်)

■

တစ်အုပ်
( [illegible] ) ကျပ်

BURMESE CLASSIC

# မာတိကာ


- တောကြီး မာယာ ၁၀
- တာဆို ၂၄
- မရေမရာ ရွာလေးတစ်ရွာ ၃၈
- လူကျား ၅၀
- အစွဲ ၆၅
- အိပ်မသည့်ညော့်စိမ်း ၇၆
- စိညာဉ်ကလေးစားလေလား ၉၀
- သံမဏိနှလုံးသားပိုင်ရှင် ၁၀၁
- တွယ်မိတွယ်ရာ ၁၁၆
- အကြွေးယူခြင်းလား ရခြင်းလား ၁၂၇
- အရိုင်းနှင့်အယဉ် ယှဉ်ပါလေလျှင် ၁၄၁
- သံယောဇဉ်အားမာန် ၁၄၇
- အိပ်မက်လေလား ဝိုးတဝါး ၁၅၉
- အပြီးသတ်ဇာတ်သိမ်းပိုင်း ၁၆၉
- မုဆိုးအငြိုး ၁၇၇
- စည်းကမ်းဖောက်ကျူး မုဆိုးတာပေလူး ၁၈၆
- အထင်နဲ့အမြင် ၂၁၀


www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိသတ်သို့

မဂ္ဂဇင်းများတွင် ရေးသားခဲ့သော မုဆိုးဝတ္ထုတိုများကို စုစည်း၍လည်းကောင်း၊ ဝတ္ထုတိုသစ်များကို စုစည်း၍လည်းကောင်း ပေါင်းချုပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ သို့သော် လက်ရွေးစင် ရွေးထုတ် စုစည်းခဲ့ခြင်း မဟုတ်သည်ကြောင့် စာဖတ်ပရိသတ် အားရကျေနပ်မှု ရှိကြလိမ့်မည် မဟုတ်ဟု ထင်ပါသည်။

ကျွန်တော်သည်လည်း အားရကျေနပ်ခြင်း မရှိခဲ့ပါ။ သို့ဖြင့် ထုတ်ဝေခဲ့ပြီး ပေါင်းချုပ်စာအုပ်များမှ ကျွန်တော် အားရကျေနပ်ရသော ကြိုက်နှစ်သက်ခဲ့ရသော ဝတ္ထုတိုများကို ပြန်လည်ရွေးထုတ်စုစည်းကာ "စိတ်ကြိုက်မုဆိုး" အမည်ဖြင့် လက်ရွေးစင် စီစဉ်ထုတ်ဝေလိုက်ပါသည်။

ပရိသတ် ကြိုက်နှစ်သက်မည်ဟု မျှော်လင့်ပါသည်။

ထို့ပြင် စာဖတ်ပရိသတ်၏ တောင်းဆိုချက်အရ ရေးဖော်ရေးဖက်တို့၏ တိုက်တွန်းမှုအရ မုဆိုးလုံးချင်းဝတ္ထုရှည်များ ရေးဖြစ်ခဲ့ပါသည်။

ကျွန်တော်၏ လုံးချင်းဝတ္ထုများကို "တွတ်ပီစာအုပ်တိုက်" မှ ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ကြောင်း ကြိုတင်သတင်းပေး လိုက်ပါသည်။

စာဖတ်ပရိသတ်အား အစဉ်လေးစား
ကြိုးစားလျက်-

ကိုပိုက်

(၁၅-၁၀-၂၀၀၂)

# တောကြီးမာယာ



www.burmeseclassic.com

# တောကြီး မာယာ

"ကဲဟေ့ လင့်စင်တော့ ထိုးပြီးပြီ၊ စခန်းကို ပြန်ကြမယ်"

ပြောပြောဆိုဆိုဖြင့် မုဆိုးကြီး စောနယ်လ်ဆင်သည် လင့်စင်ပေါ်မှ ဆင်သွားသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် နောက်မှ ဆင်းလိုက်သွားကြသည်။

ကျွန်တော်တို့၏ စခန်းနှင့် ယခုလင့်စင်လာထိုးသည့် နေရာသည် နှစ်မိုင်ခန့် ရှိပေသည်။

"ဖထီး ဒီပြောင်သေကို ညကျ ကျားလာစားမှာ သေချာရဲ့လားဗျ"

ကျွန်တော်က မေးလိုက်သည်တွင်–

"ဟ ဆရာလေးရ လာမှာသေချာပေါ့ဗျာ၊ ဒါကြောင့်လည်း ပင်ပန်းခံပြီး လင့်စင်လာထိုးရတာပေါ့" ပြီးတော့ ပြောထားရဦးမယ်၊ ကျားလို့မခေါ်နဲ့၊ သည်ကောင်ကြီးကို နာမ်နှိမ်ပြီး ဟင်းကောင်လို့ခေါ်ရတယ်၊ မှတ်ထားဦး"

"ကိုပိုက်လာလား၊ ကျွန်တော်ပြမယ်"

လင်းမြင့်လှိုင်က ပြောင်သေနံ့ဘေးမှနေ၍ လှမ်း၍ခေါ်သဖြင့် သူ့ထံသွားလိုက်၏။

"ဒီမယ်တွေလား၊ ဟင်းကောင်ကြီးရဲ့ ခြေရာ"

သူညွှန်ပြရာသို့ ငုံ့ကြည့်လိုက်သည်။

"ဒီကောင့်ခြေရာ လက်ဖဝါးရည် ကြမ်းပန်းကန်လုံးရဲ့ ထိပ်ဝသာသာ တာပဲ၊ သည်တော့ သည်ကောင်ကြီးရှိမယ်ဆိုလျှင် ခြောက်တောင်လောက်ရှိလိမ့်မယ်ထင်တယ်၊ ဟုတ်ကဲ့လား ဖထီး"

ကျွန်တော့်အားရှင်းပြရင်း စောနယ်လ်ဆင်ကို လှည့်မေးလိုက်သည်။

"အေးကွဲ့ ခြောက်တောင်ထက်တော့ လျော့လိမ့်မယ်မဟုတ်ဘူး"





သူတို့နှစ်ယောက် ပြောနေသည်ကို ကျွန်တော်ရှင်းရှင်းလင်းလင်း နားမလည်၊ သို့ကြောင့်–

"ဟင်းကောင်ကြီးရဲ့အလျားကို ပြောတာလား"

"ဟုတ်တယ်"

လင်းမြင့်လှိုင်ကပြုံး၍ ဖြေသည်။ သူ့အဖြေကြောင့် ကျွန်တော်မျက်မှောင်ကြုတ်သွားရခြင်းကို ရိပ်မိသွားသဖြင့် သူကပင် ဆက်၍ပြောသည်။

"ဟင်းကောင်ကြီးရဲ့အလျား ခြောက်တောင်လို့ ပြောလိုက်တာ 'ကိုပိုက်' နားမလည်ဘူးထင်တယ်။ သည်လိုဗျ၊ အဲသည် သတ္တဝါတွေကို အလျားတိုင်းတာပြောတယ်ဆိုတာ နှာသီးဖျားကနေ အမြီးဖျားကို တိုင်းပြီး ပြောကြတာ" သည်တော့မှ ကျွန်တော်ရှင်းသွားတော့သည်။

"ကိုပိုက်ကို ပြောရဦးမယ် ဒီမယ်ကြည့်"

ကျွန်တော့်ကို ခေါ်၍သူသည် ခပ်လှမ်းလှမ်း နေရာသို့ လျှောက်သွားပြန်သည်။ ပြီးလျှင် အိုင်ငယ်လေးတစ်ခု ကိုပြသည်။

"တွေ့လား ဒီကောင်မျိုးက သားကောင်ကို အပိုင်ချိုလှဲတယ် ဆိုလျှင်ဖြင့် ရေအိုင်ရှိတဲ့ အနားတစ်ဝိုက်မှာ လုပ်တာဗျ၊ ဒါမှလည်း စားပြီး သောက်ပြီး သောက်စရာရေအသင့် မဟုတ်လား"

"အင်း ဆရာလင်းက ဘယ်ဆိုးလို့တုန်း"

စောနယ်လ်ဆင်က လင်းမြင့်လှိုင်ကို ကြည့်ရင်းပြောလိုက်၏။

"ဆရာလင်း အမဲလိုက်တာကြာပြီလား၊ အမဲကြီး ဘာကောင်တွေပစ်ဖူးလဲ"

"ကျွန်တော် တောဝက်လောက်ပဲ ကြီးကြီးမားမား ပစ်ဖူးတယ်"

"တောဝက်ပစ်ဖူးတယ် ဆိုတော့ကာ ဆရာလင်းရဲ့သတ္တိက ဘယ်ခေသို့လဲ၊ တောဝက်ပစ်ရတာ အင်မတန် အန္တရာယ်များတယ်နော့၊ အဲ... ဆရာပိုက်ရော ဘာကောင်တွေ ပစ်ဖူးလဲ"

ကျွန်တော့်ဘက်သို့ လှည့်မေးလာပြန်၏။

"ကျွန်တော် ဂျိုတော့ပစ်ဖူးတယ်"

ဟုတ်ပါသည်။ သစ်တောဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလကာ ဆိုက်ခင်းအတွင်း ဝင်ရောက်လာသည့် ဂျိုလောက်ပစ်ဖူးခြင်းဖြစ်သည်။ လင်းမြင့်လှိုင်ကတော့ ကျွန်တော်နှင့် စတွေ့သည့် အချိန်ကပင် မုဆိုးပေါက်စတစ်ယောက်ဖြစ်နေချေသည်။ ကျွန်တော်ကမူ မုဆိုးများနှင့် အပျော်တမ်း လိုက်လံပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာ ဖြစ်သည်။ နောင်သစ်တောဌာနမှ ထွက်ကာ စာရေးခြင်းကို ဝါသနာပါသည့် အလျောက် စာများ ရေးသားကာ စားဝတ်နေရေးပြဿနာကို ဖြေရှင်းခဲ့ပေသည်။ ထိုသို့ စာများ ရေးသားသည့် အခါတွင် သူတို့ပြောပြကြသော မုဆိုးအတွေ့အကြုံများကို အရေးများခဲ့ပေ၏။

လင်းမြင့်လှိုင်သည် မုဆိုးပေါက်စဖြစ်သောကြောင့် ကျွန်တော်၏ အမဲလိုက်ဝတ္ထုများကို ဖတ်ပြီးလျှင် ကျွန်တော်၏ မှားကွက်များကို ထောက်ပြကာ ဝေဖန်လာတတ်ပါသည်။ ဤသို့ ကျွန်တော်၏ မုဆိုးဝတ္ထုလေးများနှင့် ပတ်သက်၍ သူနှင့် ကျွန်တော်သည် ယေ်သူယေ်ချင်းကဲ့သို့ ခင်မင်ရင်းနှီးသွားခဲ့ကြသည်။

သည့်နောက် ကျွန်တော့်အတွက် ဗဟုသုတအတွေ့အကြုံလေးများရရန် စာရေးကွက်ရရန် အလို့ငှာ သူ့အမဲပစ်ထွက်တိုင်း ခေါ်ပါသည်။

ယခုလည်း သူနှင့် ကျွန်တော်သည် အမဲကြီး ပစ်ရန်အတွက် ဥက္ကံချောင်းများသို့ ရောက်ခဲ့ကြပြန်တော့သည်။

မီးလောင်ကုန်း ကျေးရွာတွင်နေသည့် မုဆိုးကြီးစောနယ်လ်ဆင်ကို ဝင်ခေါ်ခဲ့ကြသည်။

ယခင်က သူ့မိတ်ဆွေတစ်ယောက်ရှိခဲ့ဖူးသည်။ မြိုင်သာယာမှ မုဆိုး "မြင့်မောင်" ဖြစ်၏။ မြိုင်သာယာ တစ်ဝိုက်တွင် တစ်ချက်တစ်ကောင် မြင့်မောင်ဆိုလျှင် မသိသူမရှိ၊ ယခုတော့ သူမရှိလေတော့ မုဆိုးတောမှောက်ခဲ့ရပြီး သားကိုသားကောင် ထင်ကာ ပစ်မိခဲ့သဖြင့် အုတ်နံ့ရုံလေးဘက်ကြားသို့ ရောက်နေခဲ့ချေပြီ။

မုဆိုးမြင့်မောင်ထံမှ သားကောင်ခြေရာကောက်လိုက်ခြင်း အတတ်ပညာကို ကျွန်တော်က အနည်းအကျဉ်းရလိုက်ပေမင့် လင်းမြင့်လှိုင်က အပြည့်အဝ ပညာရလိုက်ပေသည်။ သူသည် လင့်စင်ထိုး၍ သားကောင်စောင့်ပစ်ခြင်း အတတ်ပညာကို ဆက်လက် သင်ယူလိုခြင်းကြောင့် မုဆိုးကြီး စောနယ်လ်ဆင်ကို အမဲပစ်ထွက်တိုင်း အပါခေါ်လေ့ရှိသည်။

မုဆိုးကြီး စောနယ်လ်ဆင်မှာလည်း ခေသူမဟုတ်၊ မြိုင်သာယာတွင် တစ်ချက်တစ်ကောင် မြင့်မောင် နာမည်ကျော်သလို မီးလောင်ကုန်း ကျေးရွာတွင် ကျားနိုင်ဆင်ဟု သူ့ကိုခေါ်ကြ၏။ အဘယ်ကြောင့်ဆိုသော် နယ်ထဲကာတွင် ကျားဆိုးများပေါ်ပေါက်က သူ့အားလာရောက်ခေါ်ယူ နှိမ်နင်းနိုင်လေ့ရှိသောကြောင့်ပင်။





လူနှင့် ကျွဲနွားတို့ကို အန္တရာယ်ပေးသည့် ကျားဆိုးများသည် သူ့လက်ချက်ဖြင့် ဇီဝိန်ချုပ်ခဲ့ရလေသည်။ ယခု ကျားပစ်ထွက်ရန်အတွက်မူ လိုက်ပါလိုခြင်း သိပ်မရှိချေ။ သူ၏ဇနီး မာဂရက်ညို၊ တရောင်ရောင်ဖြင့် နေထိုင်မကောင်းဖြစ်နေခြင်းကြောင့် မလိုအပ်ဘဲ ကျားနှင့် အမဲလိုက်တမ်း မကစားလို၍ဖြစ်သည်။ ကျားသတ္တဝါသည်လည်း တောမုဆိုးပင် မဟုတ်ပါကလား၊ မုဆိုးချင်း စည်းမဖောက်လို၊ သူ့စည်းကိုယ့်စည်းထားရမည်။ သို့ရာတွင် လင်းမြင့်လှိုင်က အတင်းအဓမ္မ ပူဆာလွန်းသဖြင့်၊ ပြီးတော့ လင်းမြင့်လှိုင်၏ အဖေသည် သူ့ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်နေသောကြောင့် ကျားပစ်လိုက်ခဲ့ခြင်းဖြစ်ပေသည်။ သူ ကျွန်တော်တို့နှင့် လိုက်လာရသဖြင့် မမာသည့်ဇနီးကို သမီးနှင့် ထားခဲ့ရ၏။

"ဆရာလင်းတို့ သည်မှာလာကြည့်"

ပြောင်သေအနီးရှိ မျဉ်းမပင်ကို အနည်းငယ်မော့ကြည့်၍ လက်ညှိုးထိုးပြသည်။ ကျွန်တော်တို့ နှစ်ယောက်သည် သူညွှန်ပြရာသို့ ကြည့်လိုက်ကြ၏။ ဝင်စည်၏ အခေါက်တို့သည် ဖွာလန်ကြဲဖြစ်နေ၏။

"အဲဒါဘာဖြစ်တာလဲ ဖထီး"

"အဲဒါပြောင်က သူ့ကျောပေါ်ကနေ လည်ကုပ်ကိုခဲထားတဲ့ ဟင်းကောင်ကို ပတာတ်ရမ်ပြီး သူ့ရှေ့ လက်သွားနဲ့ သစ်ပင်ကို ပေါက်ချတာပေါ့"

ကျွန်တော့် အမေးကို ဖြေရင်း ပြောင်သေနားကို ခေါ်သွားပြန်သည်။

"တွေ့လား၊ လည်ကုပ်ကို ခဲထားတဲ့ ဒဏ်ရာ"

ပြောင်သေမှ အပုပ်နံ့များလှိုင်ထွက်နေသဖြင့် ကျွန်တော်က ဖထီးအား–

"ဒါထားပါတော့၊ ခုပြောင်သေက ပုပ်ဟောင်နေပြီ၊ ဟင်းကောင်ကြီးက လာစားပါဦးမလား"

"ဟဲ ဟဲ...ဆရာလေးကလည်း၊ ဒီသတ္တဝါမျိုးက ပုပ်မှပိုကြိုက်တာဗျ၊ ဒီပြောင်ကို လွန်ခဲ့တဲ့ ၃–၄ ရက်ကလို့ထားတာ၊ ဟော ပုပ်မှ သူလာစားတော့မယ်လေ၊ သေချာတာပေါ့၊ တွေ့လား ဒီမယ် ခြေရာလတ်လတ်ဆတ်ဆတ်တစ်ခုလေ"

ကျားခြေရာတစ်ခုကို ညွှန်ပြရင်း ကျွန်တော့်ကို ကြည့်ကာပြောသည်။

လင်းမြင့်လှိုင်ကလည်း "ခင်ဗျားနယ် အ,ရန်ကောဗျာ" ဟု မပြောရုံတစ်မယ်နှာခေါင်းပေးဖြင့်ကြည့်နေပါသည်။

"ကဲလာ၊ စခန်းပြန်ကြမယ်၊ လမ်းသွားရင်း ဒီကောင်ကြီးကို ဟင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လို လိုက်ချောင်းပြီး ဘယ်လိုတိုက်ခိုက် အနိုင်ယူတယ်ဆိုတာ ပြော ပြမယ်" သူကရှေ့ကသွား၊ ကျွန်တော်တို့ နှစ်ယောက်မှာ နောက်ကလိုက်ရင်း သူပြောသမျှကို နားစိုက်ထောင် ငြိမ်သက်စွာစခန်းသို့ ပြန်ခဲ့ကြသည်။

"တကယ်တမ်း ဟင်းကောင်နဲ့ ပြောင်၊ ကွင်းပြင်မယ်တွေ့ကြမယ်၊ မျက်နှာချင်းဆိုင် တိုက်ခိုက်ကြမယ်ဆိုလျှင်ဖြင့် ပြောင်ကို ဟင်းကောင်ကနိုင်လိမ့်မယ် မဟုတ်ဘူး။ ဟင်းကောင် ဆိုတာမျိုးက တောတွင်းမှဆိုးယဲပေါ့၊ တောကျွမ်းတယ်၊ သတ္တဝါတွေကို နောက်က လိုက်ချောင်းပြီး ဘယ်ဖြတ်လမ်းက ဘယ်လို ကြိုစောင့်ရမလဲဆိုတာ သူသိတယ်"

ပြောလက်စ စကားကို ရပ်လိုက်ကာ ပုဆိုးခါးပုံစတွင်းမှ ဆွမ်းတစ်ယာကို ထုတ်၍ ပါးစပ်တွင်းသို့ ထည့်လိုက်ပြီးဆက်၍ ပြောသည်။

"ပြောင်ကို ဘယ်လိုအနိုင်တိုက်သလဲဆိုတော့၊ သင်းကွဲပြောင်တစ်ကောင် တွေ့ပြီဆိုလျှင် နောက်ကနေ တကောက်ကောက်လိုက်ချောင်းတော့တာပဲ။ ဟော ပြောင်က မြောင်ကျပ်ထဲရောက်သွားပြီဆိုလျှင်ဖြင့် အဲဒီပြောင်ရဲ့ ဖနောင့်ကြောကို နောက်ကနေ အတင်းပြေးခဲတော့တာပဲ၊ မလွတ်တမ်းဘဲပေါ့။ ပြောင်က ခန္ဓာကိုယ် ကြီးပြီး မြောင်ကလေးက ကျဉ်းကျဉ်းဆိုတော့ သူ့ရဲ့ရန်သူကို ပြန်လှည့်တိုက်ခိုက်ဖို့ရာ မလွယ်ဘူးလေ။ အဲဒီအခွင့်အရေးကို ဟင်းကောင်က အရယူပြီး ပြောင် ဖနောင့်ကြောကို ကိုက်ခဲဆွဲဖြတ်တော့တာပဲ၊ ပြီးတော့ ကမန်းကတန်း နောက် ပြန်လှည့်ပြေးပြီး ရှေ့မှာထပ်တွေ့ဦးမယ့် မြောင်ကျပ်ကနေ ကြိုစောင့်နေပြန်ကော နောက်မြောင်ကျပ်ထဲကို ရောက်လာပြန်တော့ စောစောကလိုပဲ ကျန်တဲ့ ခြေတစ် ချောင်းရဲ့ဖနောင့်ကို ကိုက်ဖြတ်လိုက်ပြန်တယ်။ သည်တော့ကာ ပြောင်ဟာခရီး သိပ်မသွားနိုင်တော့ဘူး၊ နာသွားပြီလေ၊ မြောင်ကျပ်ကထွက်လာတော့ ပြောင်ဟ တော့နဲ့တော့နဲ့ဖြစ်လာပြီး နာကျင်တဲ့ ဝေဒနာကို ခံစားလာရတော့ ခရီးမတွင်တော့ ဘူးပေါ့။ သည်တော့ ကိုရွှေဟင်းကောင်က ရှေ့မှာကြိုမစောင့်တော့ဘဲ ပြောင်ရဲ့ နောက်ကနေချောင်းပြီး လိုက်တော့တာပေါ့။ ဟော ရေအိုင်နဲ့နီးတဲ့ နေရာ လောက်ရောက်လာပြီ ဆိုတော့မှ ပြောင်ရဲ့ကျောပေါ်ခုန်တက်ပြီး လည်ကုပ်ကို အပြတ်ခဲတော့တာပေါ့။ သည်တော့ပြောင်ကလည်း ကုတ်ခဲလေတဲ့ရန်သူကို ခါ တယ်၊ မရဘူး၊ ဟင်းကောင်ကလည်း အတင်းကုပ်တွယ်ကိုက်ခဲထားတယ်။ သည် တော့ ပြောင်က ပတတ်ရပ်ပြီးအနီးရှိတဲ့ သစ်ပင်ကို ခွာနဲ့ ခုတ်ခါချဖို့ ကြိုးစား တယ်။ နောက်ခြေနှစ်ချောင်းက ဒဏ်ရာကြောင့် ကြာကြာခါမချနိုင်ဘဲ လဲကျသွား





တာပေါ့။ သည်တော့ ဟင်းကောင်က လည်မြိုကို ...တ် ...ပြီဖြစ်၏။ တစ်ချက် ပေးလိုက်တယ်။"

...တော့လည်း ကျွန်တော် "ပြောင်သေပြီဆိုမှ အူ၊အသည်း ဖောက်စားပြီး ...သည်းထားသည့် လူသား ထွက်သွားတော့တယ်။ သူ့အတွက် ရိက္ခာစုဆောင်းရ...

ပြောင်သေ ပုပ်လောက်ပြီဆိုမှ တစိမ့်စိမ့်လာစားနေတော့မှာ

ကျွန်တော်တို့သည် စောနယ်လ်ဆင် ပြောသမျှ... ကျွန်တော်၏ မျက် ထောင်၍ လိုက်ပါလာခဲ့ကြ၏။ သည်လိုနှင့် စခန်းသို့ ...များပေါ် နှင်းလျှောက် စားသောက် ခေတ္တအနားယူကာ တမှေးလောက်အိပ်လိုက်...က်သည်။ ဝိုးတဝါး

ညနေစောင်းလေး ရောက်သည်နှင့် စောနယ်လ်ဆင... မီးရောင်လဲ့ လဲ့ ရိုင်ဖယ်၊ လင်းမြင့်လှိုင်က ပွိုင့် ၃၇၅ မဂ္ဂနမ် ရိုင်ဖယ်၊ ကျွန်တော... ...ာ်လုံး များကို အသီးသီး ကိုင်ဆောင်ကာ လင့်စင်ထိုးထားရာ နေရာသို့ ကျားပစ်ရ... ကြသည်။

...။ သို့ကြောင့် "လင့်စောင့်တယ်ဆိုတာ တော်ရုံလူ မစောင့်နိုင်ဘူး။ ဆေးလိပ်... လက်ညှိုး ရဘူး၊ သေးမပေါက်ရဘူး၊ ခြင် အကိုက်ခံရလျှင်...ဘူဖြန်းဖြန်းနဲ့ မ မအိပ်ရဘူး၊ စကားကျယ်ကျယ်မပြောရဘူး"

စောနယ်လ်ဆင်က တဖွဖွမှာနေသည်။ ပြီးတော့ ကျားနှင့် ရင်ဆိုင်...သည် ပါက စိတ်ကို တည်ငြိမ်အောင်ထားပြီး ဘယ်နေရာကို ဘယ်လို ပစ်ရမည်... များကို ပြောပြ သင်ကြားလေသည်။ မှောင်စပျိုးလောက်တွင် ကျွန်တော်... လင့်စင်ပေါ်သို့ တက်ရောက်နေရာယူပြီးဖြစ်နေသည်။

...သည်။ ဤသို့ဖြင့် ခပ်လှမ်းလှမ်းမှ တောကြက်ဖတွန်သံကို ကြားလို... ကြောင့် လက်မှနာရီကို ကြည့်လိုက်သည်။ မှောင်နေသဖြင့် မမြင်ရချေ...ယောက် တော့ လင်းမြင့်လှိုင်က အနုမြူဂဏန်းရေးထားသည့် နာရီပတ်ထ... သူ့လက်ကိုထိုးပေး၏။ ...ကြရမှာ

"အင်း ၇း၀၀ နာရီတောင်ကျော်ပြီပဲ"

ကျွန်တော်က တိုးတိုးလေးရေရွတ်လိုက်သည်။ ဘစ်ခါတစ်ရံ ဝါ... ဘက်မှ ဝါးခုတ်သံများကြားသဖြင့် အံ့ဩမိသည်။ သို့ကြောင့် လေသံသွဲ့... မေးကြည့်လိုက်၏။

"ဗ ဗီး... ညကြီးမင်းကြီး ဝါးလာခုတ်နေကြတာသား"

သည်တော့ စောနယ်လ်ဆင်က လေသံတိုးတိုးဖြင့်–



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လို လိုက်ရမှာလဲ၊ အဲဒါ တောခြောက်တာ"

ပြမယ်" သူကရှေ့က ကျယ်လိုက်၊ တိုးလိုက်ဖြစ်နေရာမှ အရှေ့တောင်ကျော

သူပြောသမျှကို နားစိုက် နံများ အုပ်လိုက်ပြေးလွှားနေသည့် အသံများကို ကြား

"တကယ်ဝ [illegible]

နာချင်းဆိုင် တိုက်နံ တွေ ဘာအန္တရာယ်တွေ့လို့ ပြေးလွှားနေကြပြန်ပြီလဲ မသိ

မဟုတ်ဘူး။ ဟင်းငြ [illegible]

သတ္တဝါတွေကို နေ တွမှ ပြေးလွှားနေကြတာ မဟုတ်ဘူး။ တောသိပ်နက်ရင်

ရမလဲဆိုတာ သူ တတ်တယ်"

ပြော မကြုံဘူးပါ၊ ယခုမှ ကြုံရခြင်းဖြစ်သည်။ သေနတ်ကိုင်ထားသော

ထုတ်၍ ပါ သံများ ထွက်လာသည်။

"ဟီး...ဟင်း...ဟင်း...ဟီး"

တွေ့ပြီးဆိုင် ဘရက် လင့်စင် အောက်ဘက်ခပ်လှမ်းလှမ်း မှ လူမဟာ ငြီးသံလိုလို

ပြောင်က သဖြင့် ကြက်သီးမွေးညင်းများ ထသွားရသည်။

နောက် နှ်တော့ လက်လှုပ်သွားသဖြင့် သေနတ်ဒင်သည် စောနယ်လ်ဆင်ကို

ကြီး သောကြောင့် ရုတ်တရက် လန့်ဖျပ်သွားသည့် ကျွန်တော့်ကို စော

နိုက် ဆင်က–

"အဲဒါ ငှက်ငန်းအော်သံပေါ့"

"ငှက်အော်သံကလည်း ကြောက်စရာကြီးနော်"

"ဟုတ်တယ်၊ ပိုပြီး အံ့သြစရာကောင်းတာက အဲဒီလို အသံကြီးနဲ့ အော်

က သေးသေးလေးရယ်"

"ဗျာ"

ကျွန်တော်ပို၍ အံ့သြရပြန်၏။ ထိုစဉ်–

"ဖထီး... ဟင်းကောင်က လာပါ့ဦးမလား"

"ဟုတ်တယ်၊ အချိန်မနည်းတော့ဘူးဗျ"

လင်းမြင့်လှိုင် အမေးကို ကျွန်တော်က ထောက်ခံပြောလိုက်သည်။

သုံးယောက်သား ငြိမ်သက်သွားကြပြန်၏။ နံနက် ၂း၀၀ နာရီပင်ကျော်

ပြီဖြစ်သည်။

ခြင်နှင့် မှက်တို့သည် နားဝတွင်လာ၍ တဝီဝီအော်မြည်ကာ နှောင့်ယှက်

နကြပြန်သည်။ ကိုက်လိုက်သည့်ခြင် ရဲရဲကြီး မရိုက်ရဲ၊





တစ်နေ့လုံး ပင်ပန်းထား၍လားမသိ၊ အိပ်ချင်လာပြီဖြစ်၏။ တစ်ချက် တစ်ချက်ငိုက်ကျသွားသည်။ လင်းမြင့်လှိုင်ကို ကြည့်လိုက်တော့လည်း ကျွန်တော် ကဲ့သို့ပင်၊ စောနယ်လ်ဆင်သည်လည်း သွေးသားနှင့် ဖွဲ့စည်းထားသည့် လူသား တစ်ယောက်ပင် မဟုတ်ပါလား၊ ထိုင်ရင်းငိုက်နေသည်၊

"ဂစ်"

ရုတ်တရက် ညဉ့်ငှက်တစ်ကောင်၏ အသံဆိုးကြောင့် ကျွန်တော်၏ မျက်လုံးများ ပြူးကျယ်သွားရသည်။ ထိုစဉ် သစ်ရွက်ခြောက်များပေါ်နင်းလျှောက် လာသံကြားရသဖြင့် ပြောင်သေကြီးရှိရာသို့ လှမ်းကြည့်လိုက်သည်။ ဝိုးတဝါး မြင်လိုက်ရသည်။ ပီပီပြင်ပြင်တော့ မရှိလှ၊ ဟုတ်မဟုတ်ပါလေစ၊ မီးရောင်လဲ့ လဲ့ လေးမြင်ရသည်။ သို့ကြောင့် ကျွန်တော်သည် ကျိန်းစပ်နေသည့် မျက်လုံး များကို လက်ဖမိုးဖြင့် ပွတ်သပ်ကာ အသေအချာကြည့်လိုက်ပြန်သည်။

မီးရောင်လဲ့လဲ့လေးသည် လင့်စင်အောက်သို့ရောက်လာသည်။ သို့ကြောင့် စောနယ်လ်ဆင်နှင့် လင်းမြင့်လှိုင်ကို လက်တို့ကာ မီးရောင်လဲ့လဲ့ကို လက်ညှိုး ထိုးပြလိုက်သည်။

"ဆရာပိုက် မီးထိုး၊ မီးထိုး"

လေသံတိုးတိုးဖြင့် စောနယ်လ်ဆင်က သတိပေးသဖြင့် ကျွန်တော်သည် ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သည်။

"ဟင်"

မမျှော်လင့်သည့် မြင်ကွင်းကြောင့် သုံးယောက်သား အံ့သြသွားကြသည်။

"အပါး အမိုးအသည်းအသန်ဖြစ်နေလို့ ချက်ချင်းလိုက်ခဲ့ပါ"

ကြည့်စမ်း၊ စောနယ်လ်ဆင်ရဲ့သမီးလေး အချိန်အခါမဟုတ် တစ်ယောက် တည်း လိုက်လာသည်။

"ဖထီးသမီးပါလား၊ အမိုးခေါ်ခိုင်းလို့တဲ့၊ ကုပ်ဘို့ လိုက်သွားကြရမှာ ပေါ့နော်"

လင့်စင်ပေါ်တွင် ထိုင်နေရာမှ ကျွန်တော်သည် ထရပ်လိုက်ကာ စော နယ်လ်ဆင် လက်ကို ဆွဲ၍ထူလိုက်သည်။

စောနယ်လ်ဆင်ကလည်း ထလိုက်မည့်ဟန်ပြင်ပြီးမှ ဆတ်ခနဲ ကျွန်တော် ဆွဲထားသည့် လက်ကို ဖြုတ်လိုက်ကာ ကမန်းကတမ်း သင်ချက်ဂတ်ဘိုင်ယ် ကြီးကို မောင်းတင်လိုက်ပြီး သူ၏သမီးထံသို့ လှမ်းချိန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောနယ်လ်ဆင်သမီးလေးသည် မျက်လုံးလေး ကလယ်ကလယ်ဖြင့် လင့်စင်ပေါ်သို့ မော့ကြည့်နေရှာသည်။

"အို"

ကျွန်တော် ထိတ်လန့်သွားမိသည်။ စောနယ်လ်ဆင် တစ်ယောက် စိတ်ဖေါက်ပြန်သွားလေပြီလား။

"ဖထီ ဒါဘာလုပ်တာလဲ"

ကျွန်တော်သည် ပြောပြောဆိုဆို သူ့လက်ထဲမှ သေနတ်ကို လှမ်းဆွဲလိုက်သည်။ လင်းမြင့်လှိုင်က ကျွန်တော့်တို့နှစ်ယောက်ကို ကြည့်ပြီး ကြောင်နေသည်။

"ဆရာ ပိုက်ဖယ်စမ်းပါဗျာ ကျုပ်ပစ်မယ်"

စောနယ်လ်ဆင်သည် အတင်းရုန်းကန်၍ သူ့သမီးထံသို့ သေနတ်ပြောင်းကို အရအမိ လှည့်ချိန်ကာ ပစ်ရန်ကြိုးစားနေသည်။

"ဟိတ်လူ ခင်ဗျား ရူးသွားပြီလား။ အဲဒါ ခင်ဗျားသမီးဗျ၊ ခင်ဗျားသမီး"

ပြောပြောဆိုဆို ကျွန်တော်သည် သူ့ကိုတွန်းလှဲလိုက်ပြီး လင့်စင်အောက်သို့ ဆင်းရန်ပြင်လိုက်သည်တွင် ကျွန်တော့်နားထင်ဆီသို့ စောနယ်လ်ဆင်၏ လက်ဝါးကြမ်းကြီးက အရှိန်ပြင်းစွာကျလာတော့သည်။ မိုက်ခနဲ တစ်ချက်ဖြစ်သွားကာ လင့်စင်ပေါ်သို့ ပက်လက်လန်လဲသွားတော့သည်။

ထိုမှ မရေးမနှောင်းပင် စောနယ်လ်ဆင်လက်တွင်းရှိ သေနတ်မှ ပြင်းထန်သည့် ပေါက်ကွဲသံကြီးနှင့် အတူမီးများ ပွင့်ထွက်သွား၏။

သည့်နောက်တော့ ကျွန်တော်ဘာမှမသိတော့ချေ။ စိုးရိမ်ထိတ်လန့် တုန်လှုပ်ခြင်းများနှင့် အတူ အမှောင်လောက ချောက်ကမ်းပါးကြီးအတွင်းသို့ ထိုးကျသွားတော့သည်။

"ဟိတ်လူ ကိုပိုက် ကိုပိုက်"

ခေါ်သံသဲ့သဲ့ကြားလိုက်မိ၍ ကျိန်းစပ်နေသော မျက်လုံးတို့ကို အားယူဖွင့်လိုက်သည်။ လင်းရောင်ခြည် သန်းနေပြီပဲ၊ ငှက်ကလေးတို့၏ ကျလစ်ကျလစ်အော်မြည်သံကလေးများကို ကြားလိုက်ရသည်။

စောနယ်လ်ဆင်နှင့် လင်းမြင့်လှိုင်တို့က ကျွန်တော့်ကို ငုံ့ကြည့်နေကြသည်။

"ဟော ကိုပိုက် သတိရလာပြီ"





"ဟုတ်တယ် ဆရာပိုက် သတိရလာပြီ"

စောနယ်လ်ဆင်ကို မြင်လိုက်ရသည်နှင့် ညက အဖြစ်အပျက်များကို ချက်ချင်း သတိရလိုက်သောကြောင့် ကမန်းကတန်း ထလိုင်လိုက်ကာ–

"ခင်ဗျား အတော်မိုက်မဲတဲ့သူပဲ၊ ခင်ဗျား လူသတ်သမား"

ပြောပြောဆိုဆို စောနယ်လ်ဆင်ကို လက်ညှိုးထိုးငေါက်ငမ်းလိုက်သည်။

ကျွန်တော့် ဖြစ်အင်ကိုကြည့်ပြီး လင်းမြင့်လှိုင်က ရယ်မောကာ–

"ဟား ဟား ဘာလို့ ဖထီးကို လူသတ်သမားလို့ ပြောရတာတုန်း"

"ဘာ ခင်ဗျား ဘာမှမသိဘူးလား။ ညက သူ ကို လာခေါ်တဲ့ သူ့သမီးကို သူသေနတ်နဲ့ ပစ်လိုက်တယ်လေ"

"ကဲ ဒါဖြင့် ဘယ်မလဲ၊ ဖထီးသမီး"

ပြုံးစစဖြင့် ထပ်ကွန့်မေးလာသည်။ သည်တော့ လင့်စင်အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဟင်"

ကျွန်တော်မြင်တွေ့လိုက်ရသော မြင်ကွင်းကိုအံ့ဩလွန်းသဖြင့် ကျွန်တော်၏ နှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။

ကျွန်တော်သည် ကိုယ့်မျက်စိကိုပင် ကိုယ်အယုံအကြည် မရှိတော့ဘဲ မျက်လုံးကို ပွတ်သပ်ကြည့်မိသည်။ ကျွန်တော်မြင်လိုက်ရသော မြင်ကွင်းသည် အိပ်မှုန်စုံမွှား မြင်ရသောမြင်ကွင်း မဟုတ်။

ကျွန်တော်မြင်တွေ့လိုက်ရသည်က ကျားကြီးတစ်ကောင်၊ ခြောက်တောင်ခန့်ရှိသော ကျားကြီးတစ်ကောင်၊ ထိုကျားကြီးသည် ခေါင်းစိုက်ပြီး စင်းစင်းကြီးလဲသေနေသည်။

ထိုကျားကြီးသေနေသောနေရာကို တိတိကျကျပြောရလျှင် ယမန်နေ့ညက မုဆိုးကြီး စောနယ်လ်ဆင်၏ သမီးရပ်နေသောနေရာ၊ စောနယ်လ်ဆင်၏ သမီးလေးက မျက်လုံးကလေး ကလယ်ကလယ်နှင့် လင့်စင်ပေါ်ကို မော့ကြည့်ပြီး "အပါး၊ အမီး အသည်းအသန် ဖြစ်လို့ ပြန်လိုက်ခဲ့ပါ" ဟု ခေါ်နေသောနေရာ။

စောနယ်လ်ဆင်က ရက်ရက်စက်စက် ကိုယ့်သမီးကိုကိုယ်ပြန်ပြီး သေနတ်ဖြင့် ပစ်ခဲ့သောနေရာတွင် ယခုတော့ ကျားသေကြီးဖြစ်နေရာ ကျွန်တော် အံ့ဩဘူးဆိုလျှင် မည်သူတွေ အံ့ဩပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ညဟုန်းက ဖထီး ဟင်းကောင်ကို မြင်လိုက်ပြီး ဟင်းကောင်မှန်း သိလို့ ပစ်လိုက်တာလား"

စောနယ်လ်ဆင်က ခေါင်းကိုခါယမ်းလိုက်ပြီး–

"ဟင့်အင်း ကျုပ်လည်း ဟင်းကောင်လို့ မမြင်ဘူး၊ ကျုပ်သမီးလို့ပဲ ဆရာလေးတို့ မြင်သလိုမြင်တာပဲ"

"ဒါနဲ့များ ဖထီးက သေနတ်နဲ့ပစ်ရက်တယ်နော်"

စောနယ်လ်ဆင်က နှုတ်ခမ်းမွေးကို လက်ဖြင့် သပ်လိုက်ပြီး–

"တောခြောက်တာကို သိလိုက်ရတာကိုး ဆရာလေးရဲ့"

"ဘယ်လို တောခြောက်တာလဲ"

"ပြောရရင် ရှည်ပါတယ် ဆရာလေးရယ်၊ တိုတိုပြောရရင်တော့ တောကလှည့်စားတာပေ့ါ၊ ဒါကို မစဉ်းစားမိဘဲ ကျုပ်သမီးလို့ထင်ပြီး လင့်စင်အောက်ကို ဆင်းသွားလျှင်ဖြင့် ကျုပ်တို့ဟာ ဟင်းကောင်ကြီးရဲ့ အစာဖြစ်သွားပြီပေ့ါ။ တောခြောက်ခံနေရတာကိုး"

"တောခြောက်ခံနေရတာမှန်း ဖထီးဘယ်လိုလုပ်သိပြီး သမီး အဖြစ်မြင်နေရက်သားနဲ့ သေနတ်နဲ့ပစ်လိုက်ရတာလဲ"

"ကျုပ်လည်း ပထမတော့ သမီးတကယ်လိုက်လာတယ်လို့ ထင်ပြီး ဇဝေဇဝါဖြစ်သွားတယ်။ အိမ်မှာ အဘွားကြီးကလည်း မကျန်းမမာဖြစ်နေတာကိုး၊ ဆရာလေးတို့လည်း အသိပဲ မဟုတ်လား၊ နောက်မှ စဉ်းစားမိတယ်၊ ကျုပ်တို့ ဒီနေရာမှာ လင့်စင်ထိုးတာကို အိမ်မှာရှိတဲ့သမီးက ဘယ်လိုသိနိုင်မှာလဲ။ ပြီးတော့ ဒီလို တောကြီးမျက်မည်းထဲကို ညကြီးအချိန်မတော် မိန်းကလေးငယ်တစ်ယောက် မီးတုတ်နဲ့လာရဲပါ့မလားဆိုတဲ့ အချက်ကို စဉ်းစားမိတာနဲ့ ဒါတောခြောက်ခံရတာဖြစ်မှာပဲဆိုပြီး ပစ်ထည့်လိုက်ရတာ"

စောနယ်လ်ဆင်သည် မုဆိုးကောင်းပီသပေစွ။

ကျွန်တော်သည် မုဆိုးကြီးစောနယ်လ်ဆင်ကို အထင်ကြီးလေးစားစွာဖြင့် မော့၍ကြည့်လိုက်မိသည်။

ကျောင်းပညာဆိုသည်ကို အိပ်မက်မျှပင်မမက်ဖူး၊ မြို့ပြဆိုသည်ကို မရောက်ဖူးဘဲ တောတောင်ထဲတွင်သာ နေထိုင်ကြီးပြင်းခဲ့ရပြီး သားကောင်များနှင့်သာ နပန်းလုံးနေထိုင်ခဲ့သော မုဆိုးကြီးတွင်လည်း အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိပါလားဟု ကျွန်တော်တွေးလိုက်မိသည်။





အသိဉာဏ်ဟူသည် နေရာဒေသနှင့် ရာထူးဌာနနှင့် အပေါ်မတည်ဘဲ လူ့အပေါ်၌သာ တည်ပေသည်။

ထိုအချိန်တွင် စောနယ်လ်ဆင်က လေးသွဲ့သွဲ့ဖြင့် စကားတစ်ခွန်းပြောလိုက်သည်။ သူပြောလိုက်သောစကားသည် လေးသွဲ့သွဲ့နှင့် ဖြစ်သော်လည်း လေးလေးနက်နက် ရှိလှပေသည်။

"သေနတ်ကို ကိုင်ထားတဲ့သူဆိုတာ ရန်သူနဲ့မိတ်ဆွေခွဲခြား သိတတ်ရတယ်ဗျ"

[ ထဝမ်ရာဇိနလုံးသားနှင့် မုဆိုးဝတ္ထုတိုများ၊ ၁၉၉၇ ]
[ ချယ်ရီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၉၁ ]


✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# တာဆုံ





## တာဆုံ

သည်တစ်ခါတော့ဖြင့် ဖြစ်တောင့်ဖြစ်ခဲ ကျွန်တော်တစ်ယောက်တည်း လမ်းမှားခဲ့ချေပြီ။ ထိုသည်ကား ထူးဆန်းလှခြင်း(သို့တည်းမဟုတ်) ပြဿနာမဟုတ်ခြင်းဆိုငြား ကာလဒေသ အရတော့ဖြင့် သတိဆိုသည်ကို မိတ်ဆွေရင်းချာဖမာ သဘောထားယှဉ်တွဲနေရပေလိမ့်မည်။ အဘယ်ကြောင့်ဟူသည် ယခုကျွန်တော်ရောက်နေသော တောသည်ကား သွားလာနေကျမစိမ်းသော ပဲခူးရိုးမအရှေ့တောမဟုတ်၊ ရုံခါဆိုသလို ရောက်တတ်သော အလယ်ရိုးမတောလည်းမဟုတ်၊ တစ်ခါမျှ မရောက်ခဲ့ဖူးသော ယခုမှ တစ်ကြိမ်တစ်ခါရောက်ခဲ့ရသော အနောက်ရိုးမတောပင်ဖြစ်တော့၏။ သည့်ပြင်ခါတိုင်း တောမှောက်လမ်းစပျောက်ခဲ့စဉ်များက အဖော်များဖြင့် မတွဲတတွဲတွဲဖြင့် ဖြစ်ငြား ယခုမူကား တစ်ယောက်တည်းဖြစ်ချေတော့သည်။ သို့ကြောင့်

လက်နက်ပင် ကိုယ်နှင့်မကွာရှိငြား တောင်ကမ်းမြင့်သော စိမ်းသောတောပေမို့ မည်သည့် သားရဲတိရစ္ဆာန်များရှိတတ်သည်လည်း အတပ်မသိနိုင်ချေသည်ကြောင့် မျက်စိဖွင့်၊ နားစွင့်၊ သွားသတိ၊ နားသတ်ဖြင့် မပြတ်အာရုံထားနေရခြင်းကြောင့် ဒုက္ခတစ်မျိုးဝင် ဖြစ်တော့၏။ သို့ဖြစ်၍ ရုံခါဆိုသလို "ငါသားကောင်ဘဝ ရောက်သွားလေပြီလား" ရယ်လို့ပင် တွေးမိသည်။

မဆိုးကြီးလှိုင်ညွန့်၊ မဆိုးလင်းမြင့်လှိုင်တို့ဖြင့် လူခွဲကွဲခဲ့သည်မှာ ယခုချိန်အထိပါဆိုလျှင် 'နှစ်'နာရီခန့် ရှိပေတော့မည်။ 'တဂူဟူး' ယဲ့လို့ အသံပေးလူခေါ်ရှာဖွေသွားလာနေသော်ငြား တုံ့ပြန်အော်သံကား သဲ့သဲ့ပင် မကြားရသေးချေ။ ကော်ချေပြီ။

အပေါင်းအဖော်များနှင့် လမ်းစကွဲခဲ့ရပုံကား မထူဆန်းလှပေ။ 'လှိုင်ညွန့်' ပစ်လိုက်၍ ဒဏ်ရာဖြင့်ပြေးထွက်သွားသော တောဝက်နောက်သို့ လူစုခွဲဖြန့်လိုက်ကြရာမှ ပြန်မဆုံကြခြင်းဖြစ်တော့၏။ သို့ဖြစ်ရခြင်းသည် ညှိတော ညှိတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောနေရာကား အောက်ပေါင်းရှုပ်၍ ချုံနွယ်ထူထပ်သောကြောင့်ဖြစ်တော့၏။ ကိုယ့်နှင့် စိမ်းသော တော၏ ပထဝီအနေအထား တောင်ကြောအနိမ့်အမြင့်ကို သတိမထားမိသောကြောင့်ဖြစ်သည်။ တောင်ကမ်းမြင့်လျှင် တောင်စွယ်တို၏၊ တောင်ကမ်းနိမ့်လျှင် တောင်စွယ်ရှည်၏။ နတော့ကား တောင်ကမ်းမြင့်သည်ဖြစ်၍ သားကောင်နောက်လိုက်ရင်း တောင်စွယ်မြတ်တို့ တစ်ခုပြီးတစ်ခုကျော်ကာ ဖြတ်လာရာမှ မမှတ်မိနိုင်လောက်အောင် များပြားလာသည်ဖြစ်ခြင်းကြောင့် လမ်းစပျောက်ခဲ့ရခြင်း ဖြစ်တော့သည်။ မည်သို့ တတ်နိုင်ပါတော့မည်နည်း။ လင်းမြင့်လိုင်နှင့်လိုင်ညွှန့် တူတူရှိနေကြသည်လား တကွဲစီပင် ဖြစ်နေလေသည်လားမသိ။ ကျွန်တော်ကားတစ်ယောက်တည်း လူစုကွဲနေခြင်းဖြစ်သည်။ ကိစ္စမရှိချေပြီ။ လမ်းဆုံးလျှင် ရွာတွေ့ပေလိမ့်မည်။ သို့ကြောင့် နားလိုက် လျှောက်လိုက်ဖြင့် (အတတ်နိုင်ဆုံး တောင်ခြေဘက်သို့မှန်း၍ လျှောက်နေခြင်း) နံနက် ၉းဝဝ နာရီကတည်းက ထွက်လာသည်မှာ နေမွန်းတည့်ပေတော့မည်။ ဆာကလည်း ဆာနေပြီ မနက်ကသွားလာရင်း ပစ်ခတ်ရရှိထားသည့် ယုန်ကလေးတစ်ကောင်ရှိပြီး မီးခြစ်ပါမလာသည်ဖြစ်၍ မီးမရနိုင်သဖြင့် မည်သို့မျှ မတတ်နိုင်။ အစိမ်းလည်း မစားဝံ့ပါချေ။ ကျောက်ခဲနှစ်လုံးခတ်လျှင် မီးရနိုင်သည် သိသော်ငြား လွယ်လင့်တကူ မဖြစ်နိုင်ခြင်းကြောင့် ကြိုးစားမနေတော့ပါချေ။ သို့ကြောင့် မည်သည့်သားကောင်မျှ ပစ်ခတ်သတ်ဖြတ်လိုစိတ်လည်း မရှိတော့သဖြင့် ဘစ်ချိန်လုံး ခါးကြားရေဘူးမှ ရေကိုသာ သောက်နေရသည်ဖြစ်၍ ရေဘူးတွင် ရေလည်းကုန်ချေပြီ။ ရေ့ဆက် ဘယ်သို့ခရီးဆက်ရမည်မသိ။ သို့ငြား နေမွန်းလွဲလောက်တွင် တောင်ခြေအနီး၌ မျှော်လင့်မထားသော ရွာစည်းရိုးကြီးတစ်ခု တွေ့လိုက်ရသည်ကြောင့် လွန်မင်းစွာ ဝမ်းသာရတော့၏။ မည်သို့ဆိုချေ ရွာရှိလျှင်လူရှိမည်။ သို့ဆိုပါလျှင် လမ်းမှန်ရောက်ဖို့ မခက်တော့ပြီ။ သို့တည်း မဟုတ် တစ်ညတာ နားနေတည်းခိုခွင့်ရလိမ့်မည်။ စားသောက်ဖွယ်ရာလည်း ရနိုင်ပေတော့မည်။ သို့ကြောင့် ကျွန်တော်သည် ထိုရွာစည်းရိုးနားသို့ အားရဝမ်းသာ ပြေးလု မတတ် လျှောက်သွားလိုက်သည်။ ကံကောင်းလိုက်ပုံများ ရွာစည်းရိုးတံခါးကြီးဖွင့်လျက်ရှိသည်ကြောင့် လွယ်လင့်တကူပင် ရွာတွင်းသို့ ဝင်လိုက်သည်နှင့် ကျဆင်းနေသည့်စိတ်ဓာတ်တို့ ပြန်လည်မြင့်တက်လာတော့၏။

ရွာတွင်းသို့ ဝင်လိုက်သည်နှင့် လူအချို့ကိုတွေ့ရ၏။ ကျွန်တော့်အား မေးမြန်းခြင်း၊ စုံစမ်းခြင်း မရှိသော်ငြား စူးစမ်းလေ့လာနေပုံတော့ရ၏။ ကျွန်တော့်လက်





တွင်းကိုင်ဆောင်လာသည့် သေနတ်နှင့် 'ယုန်သေ'ကို သာလျှင် စူးစိုက်ကြည့်နေကြရင်း မနှစ်မြို့လေဟန်တွေ့ရ၏၊ မည်သို့မျှတော့ မပြော၊ ဘာသိ ဘာသာနေကြ၏၊ အချို့နှုတ်မှပွစိပွစိဖြင့် ဂါထာရွတ်နေကြဟန်တူ၏၊ သို့တည်းမဟုတ် ဘုရားစာရွတ်ဖတ်နေကြသည်လား မသိပါချေ

ထိုရွာသားတို့၏ ထူးခြားပုံကား ကျွန်တော့်ကို စူးစမ်းလေ့လာကြည့်နေကြသည်ဆိုငြား သူတို့လုပ်နေဆဲအလုပ်ကို တစိုက်မတ်မတ်လုပ်နေကြခြင်းဖြစ်သည် သို့ဖြစ်၍ ကျွန်တော်သည်လည်း သူတို့လုပ်ငန်းကို အနှောင့်အယှက်ပေးရာရောက်မည်ဖြစ်၍ မည်သို့မျှ မေးမြန်းစုံစမ်းခြင်း မပြုလေဘဲ တစ်ညတာတည်းခိုနေနိုင်ရန် အလို့ငှာ ဘုန်းကြီးကျောင်းကို ရှာဖွေနေမိ၏ လမ်းတစ်လျှောက်တွေ့သမျှလူတိုင်းသည် အလုပ်ကိုယ်စီဖြင့်ရှိကြသည် သို့လျှောက်ရင်း ရွာလယ်သို့ အရောက်တွင် လွန်စွာမျှ ကျယ်ပြန့်သော စိုက်ခင်းကြီးတစ်ခုကို ထူးဆန်းစွာတွေ့လိုက်သည် "ပဒေသာဥယျာဉ်" ရယ်လို့ အဝင်အဝတွင် ဆိုင်းဘုတ်ရေးထားခြင်းကြောင့် ပို၍ပင် အံ့ဩမိသည် သို့ကြောင့် တစေ့တစောင်းပင်မဟုတ် တည့်တည့်စိုက်ကြည့်စူးစမ်းလိုက်သည် ထိုပဒေသာဥယျာဉ်အတွင်း စပါးခင်းကြီး ရှိ၏ သစ်သီး ပန်းမာန်ပင်မျိုးစုံတွေ့ရ၏ အသီးအပွင့်တို့ ဝေဝေဆာဆာရှိကြ၏ ထိုဥယျာဉ်အတွင်း လူတချို့ အလုပ်လုပ်နေကြ၏ စပါးရိတ်သူ၊ ဝေါင်းရှင်းသူ၊ ရေလောင်းသူ စသည့် စသည် သူ့လုပ်ငန်းဖြင့်သူ အသီးသီး လုပ်ဆောင်နေကြ၏

ထိုပဒေသာဥယျာဉ်ကြီးကို ခေတ္တခဏမျှ ရပ်ကြည့်နေပြီး ရွာလမ်းအတိုင်း ဆက်လျှောက်လိုက်သည် ရွာဘုန်းကြီးကျောင်းကား ဘယ်ဆီတွင် ရှိနေလေသည်မသိ သို့ငြား

"မောင်ရင်လေးက ဧည့်စိမ်းထင်ပါ့"

အသက်အားဖြင့် ၇၀ ကျော်ရှိပြီဖြစ်သည့် ဘော်ဖြူစင်ကြယ်ဝတ် အဘိုးအို တစ်ဦးက မေးလာသည်ဖြစ်၍

"ဟုတ်တယ်အဘိုး ဒါနဲ့ ဒီရွာမှာ ဘုန်းကြီးကျောင်း ဘယ်ရှိတုန်း"

ကျွန်တော့်အမေးကြောင့် အဘိုးအိုသည် ပြုံး၍ အသာအယာ ခေါင်းခါပြ၏ မရှိဘူးဆိုသည့်သဘောလား၊ မသိဘူးဆိုလေခြင်းလား အနည်းငယ် စိတ်ပျက်သွားမိသည်

"ဘုန်းကြီးကျောင်းမေးပုံထောက်တော့ တစ်ညတာ တည်းခိုဖို့နဲ့ စားရေးသောက်ရေး ကိစ္စဆိုပါလျှင်ဖြင့် အဘိုးရဲ့အိမ်မှာ လာ်တည်းနိုင်ပြီပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်လေး တောထဲကနေ လမ်းမှားပြီး သည်ရောက်လာမှုရတယ်၊ ဟုတ်တယ်လားကွဲ ဒါတွေထားပါတော့လေ မောင်ရင်လေးကို ကြည့်ရတာ အတော်ပင်ပန်းနေပုံ၊ ဆာလောင်နေပုံရတယ် လာလာအဘိုးနဲ့ လိုက်ခဲ့ကွဲ"

သို့ကြောင့် ကျွန်တော်သည် ထိုအဘိုးအိုခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့တော့၏

အဘိုးအိုနောက်လိုက်ရင်း ဝဲယာတစ်ဖက်တစ်ချက်ရှိ အိမ်ကလေးများကို သတိ ထားကြည့်မိသည် အိမ်တိုင်း အိမ်တိုင်း ခြံစည်းရိုးခတ်ထားခြင်းမရှိ တံရစ္ဆာန်ဆို၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှမတွေ့ အတန်ကြာ လျှောက်ခဲ့ပြီးနောက် အဘိုးအိုနေထိုင်ရာ အိမ်ကလေးသို့ ရောက်ခဲ့သည် အိမ်ကလေးသည် သေးပင် သေးငြား သပ်သပ်ရပ်ရပ် တောင့်တောင့်တင်းတင်းရှိ၏

"ကဲ မောင်ရင်လေး စိတ်လွတ်ကိုယ်လွတ်နားပေရော့၊ အချိန်က နေမွန်းလွဲပြီဆိုတော့ မောင်ရင်လေးဆာရောပေါ့ အဘိုးကတော့ စားပြီးပြီကွဲ့ သည်တော့ မောင်ရင်လေးစားဖို့အတွက် စီစဉ်ချက်ပြုတ်ပေးမယ်" ဆိုကာ အိမ်ပြင်သို့ထွက်သွားတော့သည်

အဘိုးအိုထွက်သွားသည်နှင့် ကျွန်တော်လည်း ပခုံးထက်လွယ်ပိုးလာသည့် လက်စွဲတော်သေနတ်နှင့် ယုန်သေကို အိမ်ထောင့်တစ်နေရာတွင် အသာအယာထောင်ထားလိုက်ကာ ကြမ်းပေါ်တွင် ကျောဆန့်လှဲချလိုက်တော့သည် တစ်မနက်လုံး ခရီးကြမ်းလျှောက်ခဲ့ရသည်ကြောင့် ညောင်းညာနေပြီဖြစ်၍ ယခုလိုဗိတ်အေးလက်အေးနားလိုက်ရခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုများ ပျောက်ခဲ့ရပြီဖြစ်သည်

အတန်ကြာတွင် အဘိုးအိုပြန်ရောက်လာ၏ သူ့တွင် ဆန်၊ ဆီ၊ ဆားနှင့် ဟင်းသီးဟင်းရွက် အသီးအနှံအချို့ပါလာ၏ မဟုတ်မှလွဲရော ရွာတွင်းရှိ ဈေးဆိုင်ကလေးမှ ဝယ်လာခြင်းဖြစ်မည် သို့ကြောင့်

"အဘိုး... ဒါတွေ ဈေးဝယ်လာတာလား မသွားခင်ကပြောရောပေါ့ ဘယ်သွားမှန်း မသိလိုက်လို့ ခုလိုဈေးဝယ်မှန်းသိ ပိုက်ဆံပေးလိုက်ပါတယ် ကဲ ကဲ အဘိုးဘယ်လောက်ဖိုးကုန်ခဲ့သလဲ ရော့ရော့ ဒါပြန်ယူထား"ဆိုကာ ကျွန်တော်သည် ဘောင်းဘီအိတ်ကပ်အတွင်းမှ ငွေစအချို့ကို ပေးလိုက်သည် ထိုအခါ အဘိုးအိုသည် ပြုံး၍ကြည့်ပြီး

"ဘယ်ကမှ ဝယ်လာတာမဟုတ်ဘူး ဝယ်စရာ ဘာဈေးဆိုင်မှလဲ မရှိ





ဘူး။ ဘာငွေစမှလဲ မလိုဘူး။ မောင်ရင်လေးရွာထဲဝင်လာတုန်းက 'ပဒေသာဥယျာဉ်' ကြီးတွေ့ခဲ့တယ် မဟုတ်လား။ အဲဒီက သွားယူလာတာ မောင်ရင်လေး ခုပေးတဲ့ ငွေစဆိုတာတွေ မသုံးကြဘူး။ ဒို့အတွက် ဘာမှ အသုံးမဝင်၊ အသုံးမတည့်တာတွေ ပါကွ ဟဲ..ဟဲ..ဟဲ..ဟဲ"

အဘိုးအို စကားကြောင့် လွန်မင်းစွာအံ့သြရတော့၏။

"ပိုက်ဆံ ငွေကြေးဆိုတာ မသုံးကြဘူး သုံးစရာလည်း မလိုဘူး။ ဒို့ရွာအတွက် ပဒေသာဥယျာဉ်ကြီးက လုံလုံလောက်လောက် ဖန်တီးပေးနိုင်ပါတယ်ကွဲ လူဆိုတာ မွေးမယ်၊ နေမယ် (နေထိုင်စားသောက်မယ်ပေါ့နော)၊ သေမယ် ဒါပဲ မဟုတ်လား မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ နေကြမယ်ဆိုရင် ဘာလုပ်ကြမလဲစဉ်းစား။ မသေခင် နေထိုင်စဉ်ကာလမှာ သက်သောင့်သက်သာရှိဖို့ရာ အတွက် အစာလိုတယ် မဟုတ်လား။ သည့်ပြင် ဘာလိုသေးသလဲ မောင်ရင်လေးတို့အတွက်တော့ အသက်ရှင် နေထိုင်နေရတဲ့ကာလမှာ ငြိမ်ရှိရှိနေချင်ကြလိမ့်မယ် သည့်တွက် ရှာကြမယ်၊ ဖွေကြမယ် သည်တော့ကာ လောဘဆိုတာတွေ ရှိလာမယ်၊ ဒေါသဆိုတာတွေ ဖြစ်လာမယ်၊ မောဟတွေ ဖုံးလွှမ်းလာတော့မယ် သည်တော့ လုတာ၊ ယက်တာ၊ ခိုးတာ၊ ဝှက်တာ၊ ကိုက်တာတွေ ဖြစ်လာကြလိမ့်မယ်။ အဲဒါမှားတာပဲ။ မသေခင် တကယ်လုပ်ကြရမယ့် အလုပ်ကို လုပ်ဖို့မေ့နေကြတယ်။ လောကီစည်းစိမ်ခံစားဖို့ပဲ သိကြတော့တယ်။ ဘဝကူးကောင်းဖို့အတွက် ကြိုတင်ပြင်ဆင်ကြဖို့ သတိမရကြဘူး။ သည်တော့ အဘိုးပြောချင်တာ မသေခင်စပ်ကြား တစ်ဦးနဲ့တစ်ဦး အမုန်းပွားဖို့ မလိုဘူး။ အနိုင်ကျင့်စရာ မလိုဘူး။ တကယ်တော့ လောကီစည်းစိမ်ကို မမက်ရင် သည်လိုတွေ ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်နေသွားရင် သေခြင်းဆိုတဲ့ တံခါးပေါက်ကနေဖြတ်ပြီး ဘယ်ကို ထွက်ကြမယ်ဆိုတာ စဉ်းစားဖို့လိုတယ်။ အဲလို အမှန်ကို စဉ်းစားမိရင်လည်း ကြိုးစားဖို့လိုတယ်၊ လူ့ဘဝ နေထိုင်ရစဉ်ကာလလေးမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ ကောင်းတာ လုပ်ခြင်းအတွက် ကုသိုလ်များများလုပ်တော့ နိဗ္ဗာန်ရောက်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ခြင်းဟာ အကုသိုလ်ပဲ သည်တော့ အကုသိုလ်တွေ များများလုပ်မိရင် ငရဲကျမယ်။ ကဲပြော နိဗ္ဗာန်သွားမလား ငရဲတွင်းဆင်းမလား သည့်နှစ်လမ်းအနက် ဘယ်လမ်းသွားကြမလဲ။ အဘိုးတို့ရွာကလူတွေဟာ လောဘမရှိကြဘူး။ ဒေါသမဖြစ်ကြဘူး။ ကိုယ်ကျိုးစီးပွားစိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေရှိတယ်။ ဒါကြောင့် ကောင်းတာတွေချည်း လုပ်ကြတာကြောင့် လတ်တလော လူ့ဘဝမှာတင် ငြိမ်းငြိမ်းချမ်းချမ်းရှိကြတယ်ကွဲ့. ဒါကြောင့် 'ပဒေသာဥယျာဉ်' ကြီးဖြစ်နေတာပေါ့။ တစ်ရွာလုံး စားမကုန်၊ သောက်မကုန်တဲ့ ပဒေသာ ဥယျာဉ်ကြီးကြောင့် ဘာလို့ ပူပင်သောကတွေရှိကြတော့မှာလဲ။ သည့်ပြင်ဒါ တွေလိုအပ်ကြတော့မှာတုန်း သည်တော့ အဘိုးတို့တွေဟာ သေဆုံးခြင်းမတိုင်မီ မပူမပင် မကြောင့်မကျ နေထိုင် စားသောက်ရင်း ဘာလုပ်ကြတယ်မှတ်လဲ၊ နိဗ္ဗာန် ရောက်နိုင်မယ့်လမ်းလျှောက်နိုင်ဖို့ ကြိုးစားနေကြတယ်လေ။ တကယ်တော့ လူ့ ဘဝဆိုတာ ဘာမှမက်စရာမရှိပါဘူး။ ကိုယ့်ကိုယ်တောင် ကိုယ်မပိုင်တာ ဒုက္ခ ကြီးပါ။ ဒါကို လူအတော်များများ မသိကြဘူး။ ပျော်စရာလို့ထင်နေကြတယ်။ ဒါကြောင့် ပျော်မွေ့နေကြတယ်။ နှံမင်နေကြတယ်။ လူ့ဘဝဆိုတာ ခရီးတစ် ထောက်ပါ။ အဲဒီခရီးတစ်ထောက်မှာ အားယူရမယ်။ ဒါမှလည်း သေဆုံးခြင်း တံခါးပေါက်ကြီးကနေ ဘယ်လမ်းသွားကြမလဲ။ ဘယ်သူမှ ငရဲလမ်း လျှောက် ချင်ကြမှာ မဟုတ်ဘူး။ နိဗ္ဗာန်လမ်းကိုပဲ သွားချင်ကြမှာပေါ့။ သည့်အတွက် လူ့ဘဝမှာ ကြိုးစည်ကြိုးစားရမပေါ့။ ကဲ...ကဲ မောင်ရင်လေး စိတ်ရှုပ်သွားပလား၊ ပြောရင်းဆိုရင်း ချက်ပြုတ်ပြီးပြီ မောင်ရင်လေး ကိုယ့်ဘာသာ ခူးခပ်စားပေရော့ အဲ တစ်ခုတော့ရှိတယ်။ အသားဟင်းမပါဘူး။ တစ်ရွာလုံးက အသက်သတ် လွတ်စားကြတယ်။ သည့်ပြင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွား၊ ချေး၊ ကြောင် စတဲ့ အိမ်မွေးတိရစ္ဆာန်တွေလည်း မမွေးကြဘူး။ သူတို့ကို အသုံးလည်းမချဘူး၊ သတ်လည်းမစားကြဘူးကွဲ့။ ကဲ အဘိုးရွာထဲသွား လိုက်ဦးမယ်၊ နက်ဖြန်မနက် စောစော မောင်ရင်လေးကို အပြန်လမ်းဆီပြန်လိုက်ပို့ပေးမယ်၊ သည်တစ်ညတော့ သည်မှာပဲ နားလိုက်ပါကွယ်" ဆိုကာ ပြန်ထွက်သွားပြန်တော့၏။

အဖိုးအို ထွက်သွားသည်နှင့် ကျွန်တော်သည် ခဏတစ်ဖြုတ် အနားယူ အညောင်းဆန့်လိုက်ရခြင်းကြောင့် အနည်းငယ် လန်းဆန်းလာပြီဖြစ်၍ ယုန်သေ လေးကို ယူကာ အရေခွံစုတ်၊ တံစို့ထိုး၊ မီးကင်နေလိုက်၏။ အတန်ကြာတွင် မွှေးကြိုင်သော ယုန်ကင်ရနံ့လေးက ပျံ့လွင့်လာသည်။ စား၍တော့ မရနိုင်သေး အကျက်လိုသေး၏။ ထိုစဉ် ကျွန်တော့်အနားကို ကလေး(၄)ယောက် ရောက် လာကြ၏။ မီးကင်ယုန်သားကို တစိုက်မတ်မတ်စူးစိုက် ကြည့်နေကြ၏။ ကျွန်တော်သည် တောတောင်အနီ ရောက်ဖူး၏။ ကလေးလူကြီးအစုံ တွေ့မြင် ကြုံဖူး၏။ အတော်များများ ကလေးတို့သည် တောနေတောင်သားတွေ ဖြစ်ခြင်း





ချို့ငဲ့စွာ စားသောက်နေထိုင်ရခြင်းကြောင့် အသားရောင်မွဲခြောက်ခြောက်နှင့် ညစ်တီးညစ်ပတ်များသာဖြစ်ကြ၏။ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်ကလေး များတွေ့ရခဲ၏။ ယခုကလေးများကား ထိုကလေးများနှင့်မတူ လုံးဝကွဲပြား ခြားနားနေတော့သည်။ အသားရောင်တို့ ဝင်းဝါကြပြီး ရွှန်းလဲ့တောက်ပသည့် မျက်ဝန်းများ ရှိကြသည်။ လူရည်သန့်ကလေးများဟု ဆိုထိုက်ပေသည်။

သူတို့လေးတွေကို ကြည့်ရင်း ပြုံးပြနှုတ်ဆက် မိုက်သည်ဖြစ်၍ သူတို့က လည်း အပြုံးဖြင့် ပြန်လည်အသိအမှတ်ပြုရင်း မီးဖိုနံဘေးချထားလေသည့် ယုန် အရေခွံနှင့် ဦးခေါင်း၊ ခြေဆစ်၊ လက်ဆစ်၊ အူထုပ်အသွေး ဘို့ကို လက်ညှိုးညွှန်ပြ တောင်းခံလာသည် ဖြစ်သဖြင့် "သူ့တို့ ဘာလုပ်ဖို့ ကောင်းတာပါလိမ့်" သိချင် သည်ဖြစ်၍"ယူလေ" လို့ နှုတ်မှ ပြောလိုက်သည်နှင့် ကောင်းလေးတစ်ယောက် သည် ထိုစွန့်ပစ်ပစ္စည်းတို့ကို ငှက်ပျောရွက်ဖက်အတွင်း အသာအယာကောက် ယူထည့်ကာ လေးယောက်သား အပြင်သို့ပြေးထွက်သွားကြတော့၏။ ကျွန်တော် သည် သူတို့ဘာလုပ်ကြမည် သိလိုသဖြင့် နောက်မှ အသာလိုက်သွားကြည့် လိုက်၏။

အိမ်ရှေ့ခပ်လှမ်းလှမ်းနေရာတွင် သူတို့သည် ပေါက်ပြားဖြင့် တွင်းတူး လိုက်ကြပြီး ယုန်ငယ်လေးကို ဖျက်ရာမှထွက်လာသည့် စွန့်ပစ်ပစ္စည်းများကို မြေတွင်းထဲသို့ထည့်လိုက်ကြကာ ကျွန်တော်ထံသို့ တစ်ခေါက်ပြန်လာခဲ့ကြသည်။ ကျွန်တော့်နံဘေးတွင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြရင်း ယုန်သားကင်ကို စူးစိုက်ကြည့်နေကြပြန်၏။

"လိမ္မာလိုက်တဲ့ ကလေးတွေရယ်" လို့ စိတ်မှ မှတ်လိုက်၏။ လွန်စွာမျှ မွှေးကြိုင်လှသည့် ယုန်သားကင်ကို စားလိုကြ၍ဖြစ်မည်။ သို့ကြောင့် ကျွန်တော် သည် ကလေးတွေကစားချင်၍ မျှော်နေကြသည်ပဲ သူဘို့လေးတွေကိုသာ ကျွေး လိုက်ပေတော့မည်ဟု ဆုံးဖြတ်လိုက်ကာ ယုန်သားကင်ကျက်သည်နှင့် ထိုကလေး တွေကို ပေးလိုက်တော့၏။

"စားကြကွဲ့ မွှေးတယ်၊ ချိုတယ်...ပျော့ပျောင်းတယ်" ကျွန်တော် ကမ်း ပေးလိုက်သည့် ယုန်သားကင်ကို ရပြီးသည်နှင့် ကလေးတွေသည် ကျွန်တော် အပါးမှ ပြေးထွက်သွားကြပြန်သည်။ သူတို့လေးတွေ စားကြမည်ပေါ့ ဟုတ်ပါချေ၊ ကျွန်တော့်အထင်နှင့် အမြင်လုံးဝကြီး ကွာခြားသွားပြန်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေသည် ကျွန်တော့်ထံမှ ရရှိလိုက်သော ယုန်သားကင်ကို ယူပြီး ဝေခြမ်းစားခြင်းမရှိချေ။ အရေခွံ၊ ခေါင်း၊ ခြေ စွန့်ပစ်ပစ္စည်းများ ထည့်ထားသည့် မြေတွင်းသို့ သွားရောက်ကာ ထိုယုန်ကင်ကို အသာအယာထည့်လိုက်ပြီး လေးယောက်သား တင်ပျဉ်ခွေထိုင်လိုက်ကြသည်။ ပြီးနောက် အသက်အငယ်ဆုံး ဖြစ်မည်ဟု ထင်ရမည့် ကလေးငယ်က ဘုရားစာ ရွတ်ဆိုနေတော့၏။ သူရွတ်ဆိုသည့် ဘုရားစာကို အသေအချာနားစိုက်ထောင်ကြည့်သည့်အခါ သရဏဂုံတင်နေခြင်းကို သိလိုက်ရသဖြင့် လွန်မင်းစွာ အံ့သြမိသည်၊ သရဏဂုံ တင်ပြီးသည်နှင့် မြေကျင်းကို ဖို့လိုက်ကြသည်။

ထိုရစ္ဆာန်ငယ်လေးတစ်ကောင်၏ ရှာပနပွဲလေးတစ်ခု ပြုလုပ်လိုက်ကြခြင်းဖြစ်သည်။ ထိုကလေးငယ်တို့၏ ထူးခြားသော အပြုအမူလုပ်ရပ်သည် ကျွန်တော့်ရင်ကို လာရောက်ထိခိုက်နာကျင်စေတော့၏။ တကယ်တော့ ကျွန်တော်သည် သူတို့လေးတွေလောက် ကြင်နာသနားစိတ်၊ ကိုယ်ချင်းစာနာစိတ်မရှိသော လူကြီးတစ်ယောက် ဖြစ်နေပါကောလား။ ကြီးမားသော အမှားကြီးတစ်ခုကို ကျွန်တော်သတိထားသိလိုက်မိတော့၏။ ငေးငိုင်တွေဝေနေသော ကျွန်တော့်ကို ကလေးများ ပြုံးပြနှုတ်ဆက်ပြီး ပြေးထွက်သွားကြတော့သည်။ ကျွန်တော်သည်လည်း သူတို့ကလေးတွေ ကျွန်တော့်အမြင်မှ ပျောက်သွားသည့်အခါတွင် အဘိုးအို ချက်ထားသည့် ဟင်းနှင့် ထမင်းကို ရှူးခပ်စားလိုက်တော့၏။ ဆာနေ၍လား မသိ သီးနှံဟင်းဆိုကြား နှုတ်သုခ္ခါအလွန်လား စားကောင်းနေသေးတော့၏။

စားသောက်ပြီးသည်နှင့် တစ်ရေးတမောအိပ်မည်ကြံရွယ်နေစဉ်မှာပင် အဘိုးအို ပြန်ရောက်လာ၏။ အဘိုးအိုကား အံ့လိုက်တသိဖြင့် "ပင်ပန်းလာပြီမို့ တစ်ရေးအိပ်လိုက်ပါကွယ်" ပြောလာသည်။ "ကျေးဇူးတင်ပါတယ်" ဆိုပြီး အဘိုးအို၏ တဲကြမ်းခင်းပေါ်တွင် လှဲအိပ်ချလိုက်တော့သည်နှင့် အားလုံးကို မေ့လျော့ကာ အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ အဘိုးအို လှုပ်နှိုးမှ နိုးလေတော့၏။

"မောင်ရင်လေး အချိန်ရှိတုန်း ရေချိုးလိုက် အိမ်နောက်ဖေးမှာ စမ်းချောင်းလေးရှိတယ်၊ ဒီအချိန် ချိုးမှ အတော်ပဲ၊ နောက်ကျသွားရင် ချမ်းလာလိမ့်မယ်။ အဘိုးလည်း ညစာစားဖို့ ပအေဒေသာဥယျာဉ်ကြီးကို သွားလိုက်ဦးမယ်" ဟုပြောလာသဖြင့်





"အို အဘိုးကလည်း ညစာချက်ပြုတ်စားသောက်ဖို့အတွက် မနက်ကတည်းက တစ်ခါတည်းဘာလို့ ယူမထားတာတုန်း အခေါက်ခေါက်အခါခါ မပင်ပန်းပေဘူးလား" ပြောလိုက်သည်။

ကျွန်တော့်စကားတွင် မည်သို့ရယ်မောနိုင်ဖွယ်စကားလုံးပါသွားလေသည်မသိ အဘိုးအိုသည် ကျယ်လောင်စွာရယ်မောရင်း

"ဟား..ဟား...ဟား..ဟား မောင်ရင်လေးနှယ် လောဘရှိလိုက်တာကွယ်" ပြောလာသည်ကြောင့် ကျွန်တော်ဒေါသထွက်သွားမိသည်၊ စေတနာဖြင့် ပြောခြင်းကို စော်ကားခံလိုက်ရခြင်းဖြစ်၏။ သို့ကြောင့်–

"အဘိုးအတွက်ပြောတာ တစ်ခါစား တစ်ခါသွားယူဆိုတော့ ပင်ပန်းမှာစိုးလို့ ယူထားပါကလား တစ်ရက်စာ နှစ်ရက်စာ" ဟုပြောလိုက်သည်၊

"အဲဒါကိုက လောဘကွဲ၊ လောဘ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားရဲ့ လောဘခေါ်တယ်၊ ကိုယ်တစ်ယောက်ထဲအတွက် အပိုအလျှံ ယူထားရမယ်လို့ ကွယ် မကြံကောင်းမစည်ရာ" အဘိုးအိုက ပြောလာပြန်သဖြင့် "မဟုတ်ဘူးလေ အဘိုးရဲ့၊ အဘိုးက အသက်ကြီးပြီ မဟုတ်လား၊ အိုစာမင်းစာ ဆိုတာရှိထားသင့်တယ်၊ ယူထားသင့်တယ်လေ" ဟု ထပ်မံရှင်းပြသော်ငြား

"မောင်ရင်လေး အတွေးခေါ်တွေ မှန်မလိုနဲ့ မှားနေပြီကွဲ လူဆိုတာ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီဆိုတယ် မဟုတ်လား၊ မောင်ရင်လေးပြောသလို ယူထားတဲ့ စားစရာတွေ အလဟဿ ဖြစ်သွားမကုန်ဘူးလား၊ ငါပိုင်တာတွေပါဆိုပြီး ယူသွားလို့လည်း ရတာမဟုတ်ဘူး၊ ငါ့နောက်လည်း ပါလာမှာ မဟုတ်ဘူး။ သက်ရှိကျန်နေတဲ့သူတွေ အတွက် ရှိနေသင့်တယ် မဟုတ်လား၊ မောင်ရင်လေးကို တစ်ခုပြောပြမယ်၊ အသေအချာနားထောင်၊ တစ်ချိန်က အဘိုးလိုပဲ ဒီရွာမှာ လူကြီးတစ်ယောက်ရှိခဲ့ဖူးတယ်။ ဒွာက တင်မြှောက်ထားတာပဲ။ ဒီရွာက လူကြီးဆိုတာ ရွာသားတွေက တင်မြှောက်ထားကြတာ ရှိသင့်တဲ့ အရည်အချင်းတွေက ဗဟုသုတ ကြွယ်ဝရမယ်၊ သမာသမတ်ရှိရမယ်၊ လူမှုဆိုင်းသင်းဆက်ဆံရေး မညံ့ဖျင်းရဘူး၊ ပြီးတော့ ရွာအတွက် ကိုယ်ကျိုးစွန့်သူ ဖြစ်ရမယ် အဲဒီအင်္ဂါရပ်တွေနဲ့ညီရင် ရွာလူကြီးဖြစ်ပြီပေါ့။ သည်တော့ ရပ်ရေးရွာရေးကိုစွက်ကိုသာလျှင် ဦးစီးဦးဆောင် လုပ်ပေးရော့၊ သူတို့ ကိုယ်စားပေါ့။ တခြားအလုပ်မှ လုပ်စရာ မလိုဘူး။ ရွာသူရွာသားတွေက သာ စည်းစည်းလုံးလုံး သွင်ကြလိမ့်မယ်။ အဲဒါကို စီမံခန့်ခွဲကြပ်မတ်စောင့်ရှောက်ပေးရမယ်၊ ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုတယ်၊ ရွာစည်းရိုးကြီး ပေါက်နေသလား၊ ယိုင်လဲနေသလား၊ သည်ရွာရဲ့ အဓိက မဏ္ဍိုင်ကြီးဖြစ်တဲ့ 'ပဒေသာဥယျာဉ်' ကြီး အစွန့်ရှည်အောင် မပျက်မစီး ရလေအောင် အမြဲကြည့်ရှုလေ့လာပြီး ပြုပြင်သင့်တာတွေ ရှာဖွေပြောရမယ်၊ လုပ်နိုင်းရမယ်၊ ဒါရွာလူကြီးအလုပ်၊ သည်အတွက် ခန့်အပ်ထားတာပေါ့၊ အဲ တစ်ချိန်က အဘိုးလို ရွာသူကြီးတစ်ယောက်က သူလူကြီးဖြစ်ပြီ ဆိုပြီး ရွာကောင်းကျိုးဘာမှမလုပ်ဘဲနဲ့ သူ့အတွက် မောင်ရင်လေး စောစောက ပြောသလို တုံးလုံးစား၊ ပက်လက်စား၊ အိုးစာမင်းစာကို တိတ်တခိုးစုဆောင်းတော့တာပဲ၊ ပြီး ပဒေသာဥယျာဉ်ကြီးမှာပဲ နေ့တိုင်းပုံမှန်လာယူ စားနေပြန်တယ်။ သူ့သဘောက ပဒေသာဥယျာဉ်ကြီး ပျက်စီးသွားရင် သူ့အတွက် တစ်သက်စာ စားဖို့ရှိနေမှာပဲဆိုတဲ့ သဘောပေါ့။ ကြည့်စမ်း ပဒေသာဥယျာဉ်ကြီးကို မပျက်စီး မယိုယွင်းအောင် ထိန်းသိမ်း စောင့်ရှောက်မယ် မစဉ်းစားဘူး၊ ဒါပေမဲ့ သူထင်သလို ပဒေသာဥယျာဉ်ကြီးက မပျက်စီးပါဘူး၊ ဘယ်တော့မှလဲ ပျက်စီးလိမ့်မယ် မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ သူတစ်ယောက်ကလွဲပြီး အားလုံးဟာ စည်းကမ်းရှိကြတာကိုး၊ လောဘ၊ ဒေါသတွေ ကင်းကြတာပဲ၊ စည်းစည်းလုံးလုံးရှိကြတာပဲလေ။ သူထင်သလို ဖြစ်မလာတဲ့အပြင် သူစုဆောင်းထားတဲ့ ရိက္ခာတွေကသာ ပျက်စီးယိုယွင်းလာတော့တယ်၊ ဆိုးဝါးတဲ့ အနံ့အသက်တွေ ပြုထွက်လာတော့တယ် သည်တော့ သူ့အိမ်က အပုပ်နံ့ လှိုင်ထွက်လာတော့ကာ သူ့မယ် လောဘစိတ်ရှိနေတာ တစ်ကိုယ် ကောင်းဆန်တဲ့စိတ်ရှိတာ သိသွားကြတော့ ဘယ်သူမှ သူ့ကို ဆေးဖော်ကြောဖက် မလုပ်ကြတော့ဘူး၊ ဘာမှတော့ ကောင်းတယ် ဆိုးတယ်မပြောကြပါဘူး။ အစွာမပယ်နိုင်တဲ့သူကို ဥပေက္ခာပြုလိုက်ကြတယ်။ ဘာလို့လဲဆိုတော့ သူ့စိတ် ဓာတ်မျိုး ရွာထဲမှာ ကူးဆက်မှာ စိုးရိမ်လို့ပေါ့။ ကြာလာတော့ အဲဒီလူဟာ တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုတော့ကာ အထီးကျန်ဆန်သွားတော့တယ်။ သည်ရွာနဲ့ သူနဲ့ မအပ်စပ်တော့ဘူးဆိုတာ သိသွားတော့ သူ့သဘောနဲ့သူ ရွာကနေ အပြီးအပိုင် ထွက်သွားတော့တယ်။ အဲဒီနောက် အဘိုးကို ရွာကလူကြီးခန့်လိုက်ကြတော့တာပဲကွယ်"

အဘိုးအိုစကားကြောင့် ကျွန်တော် လွန်မင်းစွာ ရှက်သွားရသည်။ ထို့အပြင် အမှားကြီးတစ်ခုကို ပြုလိုက်မိသည်ဖြစ်၍လည်း အဘိုးအိုအား ဝန်ချတောင်းပန်လိုက်ရပြန်သည်။





"အဘိုး ကျွန်တော့်ကို ခွင့်လွှတ်ပါ။ အဘိုးတို့ရွာက ကလေးတွေလောက် အတွေးအခေါ်မရှိခဲ့ပါဘူး။ အသိဉာဏ်မဲ့ခဲ့ပါတယ်။ ခွင့်လွှတ်ပါ အဘိုးရယ်" ဆိုတော့ အဘိုးအိုက ပြုံး၍ကြည့်ရင်း

"ခွင့်မလွှတ်တတ်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုး အဘိုးတို့မှာ မရှိပါဘူးကွယ် အရေးကြီးတာ တောင်းပန်စကားဆိုနေမဲ့အစား ကိုယ့်ကိုကိုယ်ပြန်သုံးသပ်ပါ။ ရှုပါ၊ ဘာတွေလိုနေလဲလို့ပေါ့၊ ဟုတ်လား၊ ကောင်းတာလုပ်မိဖို့ပဲ စဉ်းစားပါ။ သည့်ပြင် လောဘ၊ ဒေါသမီးငြိမ်းအောင်လုပ်ပါ။ အတ္တဆိုတဲ့ အကောင်ကြီးကို သေအောင်သတ်၊ တဏှာဆိုတဲ့ ဇွဲလန်းခြင်းကို ဖျောက်၊ ဒါဆိုရင် မောင်ရင်လေး လူ့ဘဝ တစ်ခုအနေရ ကျိုးနပ်ပါလိမ့်မယ်။ ဒါမှလည်း သေဆုံးခြင်းဆိုတဲ့ တံခါးပေါက်ကြီးကနေ နိဗ္ဗာန်လမ်းကို တွေ့အောင်ရှာ ခရီးဆက်နိုင်မှာပေါ့ သည်သံသရာ ခရီးသည်ကလေးရယ် ကဲ...ကဲ မနက် ခရီးထွက်ရမယ် စောစောအိပ်၊ အဘိုးလည်း အိပ်တော့မယ်" ဟုဆိုကာ ကျွန်ကော့်အပါးမှထကာ အတွင်းသို့ ဝင်သွားလေတော့သည်။ တစ်ညလုံး အိပ်မပျော်ပါတော့ချေ။ နေ့လယ်ခင်းက ကလေးငယ်တို့၏ လုပ်ရပ်၊ အဘိုးအို၏ ပြောစကားများက ကျွန်တော့်ကို ခြောက်လှန့်နေပါသည်။ ဘုန်းကြီးနှင့် ဖုတ်၊ ပြိတ္တာ၊ သရဲတစ္ဆေတို့ ထိပ်တိုက်ဆုံလိုက်ရသည့်နှယ် ခံစားလိုက်ရသည်။ မိုးလင်းလုမှ မှေးခနဲ တစ်ချက်အိပ်ပျော်သွားတော့၏။

နောက်တစ်နေ့နံနက်တွင် အဘိုးအိုသည် ကျွန်တော့်ကို အပြန်လမ်း တစ်နေရာသို့ လိုက်ပို့လေ၏။ ကျွန်တော်နှင့် လမ်းခွဲကာနီး အဘိုးအိုအား ကျွန်တော်က

"အဘိုးတို့ရွာကလေးကို သိပ်သဘောကျတယ်ဗျာ။ ကျွန်တော်လာနေချင်တာ လက်ခံနိုင်ပါ့မလား" ဆိုလိုက်တော့

"မောင်ရင်လေးမှ မဟုတ်ပါဘူး၊ ဘယ်သူမဆို အဘိုးတို့ရွာမှာ လာနေချင်သပဆိုလျှင်ဖြင့် သံယောဇဉ်ဆိုတဲ့ တဏှာကြီးကို ဖြတ်ခဲ့ကြပါ။ လောဘမီး၊ ဒေါသမီးတွေကို လုံးဝကင်းစင်အောင်ငြိမ်းခဲ့ကြပါ။ အတ္တဒိဋ္ဌိကို ဖယ်ရှားခဲ့ကြပါ။ ဒါဆိုရင် အဘိုးတို့ကမခေါ်လည်း ကိုယ့်သဘောနဲ့ ကိုယ်လာနေလို့ ဖြစ်ပါတယ်။ ပဒေသာဥယျာဉ်ကြီးကရှိနေပြီပဲကွယ်" ဟုပြောလေတော့၏။ အဘိုးအိုစကားကို ကောင်းကောင်းကြီး သဘောပေါက်ချေပြီဖြစ်သည်။

"ကဲ မောင်ရင်လေး သည်လမ်းတည့်တည့်သာ လျှောက်သွားမြို့ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလိမ့်မယ့် ဆင်လမ်းကဖြူးနေတာပဲ လမ်းမှားစရာ အကြောင်းမရှိတော့ပါဘူး"

သို့ လျှောက်ခဲ့ကြရင်း လမ်းခွဲတစ်နေရာသို့ ရောက်လာသည့်အခါတွင် အဘိုးအိုက ဖြူးနေသော ဆင်လမ်းကို ညွှန်ပြကာပြောလာတော့၏။ ပြီးနောက် ချာခနဲလှည့်ကာ သူ့လာလမ်းအတိုင်းပြန်သွားလေတော့သည်။

"ကျေးဇူးတင်ပါတယ် အဘိုးရယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်တော် အဘိုးတို့ ရွာမှာ လာနေနိုင်အောင် ကြိုးစားပါ့မယ်"

ကျောခိုင်းထွက်သွားသော အဘိုးအိုကို ကြည့်၍ လှမ်းပြောလိုက်ပြီး ကျွန်တော်သည်လည်း အဘိုးအိုညွှန်ပြလိုက်သည့် ဆင်လမ်းအတိုင်း မြို့ကြီးကို ဦးတည်ခရီးဆက်လိုက်တော့သည်။

အတော်လှမ်းလှမ်းရောက်သည့်နေရာလောက်မှ ကျွန်တော်၏ လက်စွဲတော်သေနတ်ကို သတိရလိုက်သည်။ အဘိုးအိုတဲတွင် ကျန်ခဲ့လေပြီ။ သို့ကြောင့် စောစောလေးကတင်ထွက်သွားသည့် အဘိုးအိုနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားသည်။ မိနိုင်သေးသည်။ အဘိုးအိုနှင့် လမ်းခွဲခဲ့တာ မည်သို့မျှကြာသေးသည်မဟုတ်လေဘဲ။ ပြီးတော့ အဘိုးအိုတစ်ယောက်၏ လမ်းလျှောက်နိုင်နှုန်းနှင့် ကျွန်တော်၏ ပြေးလွှားလိုက်နေနှုန်းသည် အဘိုးအိုအား လိုက်မမီစရာအကြောင်း မရှိနိုင်ချေ။ ထိုသည်ကား ကျွန်တော်အတွေးအမြင် သို့ဖြစ်ငြား အတန်ကြာကြာ ပြေးလွှားလိုက်သည့်တိုင် အဘိုးအို၏ အရိပ်အရောင်ပင် မမြင်တွေ့ရပါချေ။ ဘယ်လိုဖြစ်တာပါလိမ့်၊ လမ်းမှားစရာ အကြောင်းလဲလုံးဝမရှိချေ၊ ပြေးလိုက်သူသည် မောပန်းနွမ်းနယ်ချေပြီဖြစ်ငြား ဆက်၍ပြေးလိုက်နေရဆဲပင်၊ ယော ရှေ့ခပ်လှမ်းလှမ်းတွင် အဘိုးအိုအား ရိပ်ခနဲတွေ့လိုက်သည်။ သို့ကြောင့်

"အဘိုး... အဘိုး" ရယ်လို့ အော်ဟစ်ခေါ်ရင်း အပြေးနှုန်းကိုထပ်တင်လိုက်သည်။ တောစပ်တစ်နေရာမှာပင် အဘိုးအိုပျောက်သွားသည်။ ဘယ်လိုပါလိမ့်၊ အဘိုးအိုကို လှမ်းတွေ့လိုက်သောနေရာသို့ ကျွန်တော်ရောက်သွားသည်နှင့် ထူးဆန်း အံ့သြဖွယ်မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။ ကျွန်တော် မမှားနိုင်၊ လုံးဝမမှားနိုင်၊ ထိုတောစပ်နေရာသည် ကျွန်တော် မနေ့က လမ်းမှားပြီး ရွာစည်းရိုးကြီးကို မြင်လိုက်ရသည့်နေရာပင်ဖြစ်နေသည်။ ဘယ်တူက် သေချာပြောနိုင်ပါသနည်းဆိုပါလျှင် မနေ့က ကျွန်တော်တောင်ပေါ်မှ တောင်ခြေစပ်ရောက်သည်နှင့် အလေ့အကျင့်တစ်ခုလို ဖြစ်နေသည့် သစ်ပင်တစ်ပင်၌ပြုလုပ်ခဲ့သော ဓါး ထစ်ရာ





အမှတ်အသားတစ်ခုသည် ထင်းထင်းကြီးရှိနေသောကြောင့်ဖြစ်သည်။ထိုစဉ်က ထိုနေရာမှနေ၍ ရွာစည်းရိုးကြီး မြင်ရပေငြား ယခုမြင်ရသည်ကား ချုံနွယ် ထူထပ်နေသည့် ဖုန်းဆိုးမြေတလင်း ဖြစ်နေခြင်းပင်။ အံ့ဖွယ်အတိ ဖြစ်တော့သည်။ ထိုမြင်ကွင်းကို ကျွန်တော်မကျေနပ်နိုင်သဖြင့် ထိုမြင်ကွင်းသို့ သွားလိုက်၏။ မနေ့ကမြင်ခဲ့သော စည်းရိုးဂိတ်တံခါးဝနေရာတွင် ချုံနွယ်သစ်ပင်တို့ အုပ်မိုးခြင်းခံထားရသော စေတီပျက်ကြီးတစ်ခုကို တွေ့ရ၏။ ၎င်းစေတီပျက် နံဘေးမှ လူသွားလမ်းဟောင်းကလေးရှိနေသည်ဖြစ်၍ ထိုလမ်းအတိုင်း လိုက်လျှောက်မိသည်။ အတန်ကြာလျှောက်လာသည့်အခါ အင်းပျက်ကြီးတစ်ခုကို တွေ့ရ၏။ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ထိုအင်းပျက်ကြီးနေရာသည် မနေ့က ကျွန်တော် မြင်တွေ့ခဲ့ရသော ပဒေသာဥယျာဉ်ကြီးရှိရာနေရာပင် ဖြစ်သည်။ သို့ထင်လိုက်မိသည့်ကြောင့်လည်း ရှေ့သို့ဆက်၍ လျှောက်လာလိုက်ပြန်သည်တွင် မျှော်လင့်မထားသော ကျွန်တော်၏လက်စွဲတော်သေနတ်ကို ချုံနွယ်ပင်ကြီးတစ်ခုနားတွင် ထောင်လျက်သားတွေ့ရ၏။ သို့ကြောင့် သေနတ်ကို ကမန်းကတန်းကောက်ယူလိုက်ကာ အသေအချာစစ်ဆေးလိုက်သည်။ ကျည်အပြည့်နှင့် အကောင်းပကတိရှိနေ၏။ သည်တော့ ကျွန်တော်စဉ်းစားလိုက်သည်။ တစ်ခုခုကို သတိရလိုက်သည်ဖြစ်၍ ထိုချုံနွယ်ပင်ကြီးရှေ့ ၁၅ ကိုက်သာသာ လျှောက်ကြည့်လိုက်သည်။ ဟုတ်ပြီ တစ်ခုခုမြှုပ်နှံထားသည့် မြေပုံလတ်လတ် ဆတ်ဆတ်မို့မို့လေးတစ်ခုကို ထင်ထားသလိုတွေ့လိုက်သည်ဖြစ်၍ ကမန်းကတန်း လက်ဖြင့်ယက်ကာ ဟူးဖော်ကြည့်လိုက်သည်။ လွန်စွာမှ အံ့သြဖွယ်ရာ ကောင်းနေပြန်သည်။ ထိုမြေပုံမို့မို့လေးအတွင်းမှ တူးဖော်ရရှိလိုက်သည်ကား ယုန်ကင်ကလေးနှင့် အပိုစွန့်ပစ်ပစ္စည်းများပင် ဖြစ်နေကြတော့၏။

ကျွန်တော်အဖြေတစ်ခုကို ကောင်းကောင်းကြီး သိလိုက်ပေပြီဖြစ်တော့သည်။

သို့ကြောင့် ကျွန်တော်သည် ထိုနေရာမှ လာလမ်းအတိုင်း ဖြည်းလေးသောခြေလှမ်းဖြင့် လှမ်းထွက်ခဲ့တော့သည်။

မနေ့က ကျွန်တော်ရောက်ခဲ့ တစ်ညတာတည်းခိုခဲ့လေသော ထိုနေရာမှ ထူးဆန်းသော ရွာကလေး ယခုဘယ်ရောက်သွားချေပြီလဲ

မည်သို့ပင်ဖြစ်စေ ထိုနေရာတွင် ထိုရွာကလေးအမှန်တကယ်ရှိနေပါသိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထူးဆန်းသော ထိုရွာသိမ် ရွာငယ်ကလေးသို့ လောဘမီး၊ ဒေါသမီးငြိမ်းသူ၊ အတ္တကင်းသူ တဏှာကြိုးပြတ်သူ မည်သူမဆို တစ်နေ့နေ့ တစ်ချိန်ချိန်မှုချ ရောက်သွားကြပါလိမ့်မည်။


ထိုရွာသိမ်ရွာငယ်ကလေးသို့ ရောက်သွားပါလျှင် သေဆုံးခြင်းဆိုသည့် တံခါးပေါက်မှ ဖြတ်ထွက်ရလေသည့်အခါ နိဗ္ဗာန်လမ်းကလေးကို လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်ကြပါလိမ့်မည်။

[မှုဆိုးရဲ့အနာဂတ်တစ္ဆေ–ဝတ္ထုတိုပေါင်းချုပ် ၁၉၉၉]
[လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၁]

✦✧✦✧✦✧

တွတ်ပီစာအုပ်တိုက်

# မရေမရာရွာလေးတစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com

# မရေမရာ ရွာလေးတစ်ရွာ

"ကင်းမတီး" ကျေးရွာသို့ ကျွန်တော်တို့ ရောက်ခဲ့ကြသည့်တွင် "တောအုပ်ကြီး မြင့်သိန်းနှင့် ချိန်းဆိုထားသော်လည်း တစ်ယောက်စောင့် တစ်ယောက်စောင့်နှင့် ချိန်းထားသည့်နေ့ထက် သုံးရက်လောက်နောက်ကျပြီးမှ ရောက်သွားသောကြောင့် တောအုပ်ကြီး မြင့်သိန်းသည် လုပ်ငန်းတာဝန်များဆောင်ရွက်ရန်ရှိသဖြင့် ရောက်မလာနိုင်တော့ပြီဟု မှတ်ကာ "စမ်းရွာ" သို့ပြန်သွားကြောင်း ရွာလူကြီး ဦးဖိုးစိန်ပြော၍ သိရသည်။

"ကဲ....ကျွန်တော်တို့ ဘာဆက်လုပ်မလဲ စမ်းရွာကို လိုက်သွားမလား၊ သည်ကနေ လှည့်ပြန်ကြမလား"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် စဉ်းစားဟန်ပြုလိုက်ပြီး ရွာလူကြီးဦးဖိုးစိန်ဘက် လှည့်ကြည့်ကာ....

"သည်ကနေ စမ်းရွာသွားလျှင်ဖြင့် လမ်းသာလား၊ ဘယ်လောက်ဝေးသလဲ"ဟု မေးလိုက်သည်။

"ဘာဝေးမှတ်လို့ ဆရာလေးရယ်၊ ရှစ်မိုင်လောက်ပဲရှိတာ လမ်းကျိုးဖြူနေတာပဲ၊ လိုက်ပို့ပေးရမလား"

"နေပါစေ ဦးဖိုးစိန် ခင်ဗျားလည်း ရပ်ရေးရွာရေးကိစ္စတွေနဲ့ လုံးနေတာမဟုတ်လား၊ ကျွန်တော်တို့ဘာသာ သွားပါမယ်။ ကဲဘယ်လိုလည်း ကိုပိုက်သည်ရောက်တော့မှ မထူးဘူး၊ စမ်းရွာကို လိုက်သွားကြမယ်ဗျာ"

"ဟုတ်တယ်.....၊ ကျွန်တော်လည်း မျောက်ပစ်ချင်လွန်းလို့ ရုံးကနေ ခွင့်ယူပြီး လာခဲ့ရတာ၊ မထူးပါဘူး၊ သွားကြမယ်ဗျာ"

မောင်မောင်စိုးကပါ ပြောလာ၍ ကျွန်တော်တို့သုံးယောက်သည် နောက်တစ်နေ့ နံနက်တွင် စားသောက်ပြီး ရွာမှ အေးအေးလူလူ ထွက်ခဲ့ကြသည်။ ရှစ်မိုင်ဆိုသည့် ခရီးက ဘာမျှဝေးသည်မဟုတ်။





တကယ်တော့ ဤလမ်းခရီးကို သုံးယောက်စလုံး မည်သူမျှ မရောက်ဖူးကြ၊ ဖိုးမြင့်သိန်း၏ ဖိတ်ခေါ်ချက်အရသာ ဤခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။

ဖိုးမြင့်သိန်းသည် သစ်တောဌာနမှ နယ်စီးသစ်တောအုပ်ကြီး ဖြစ်သည်။ လွန်ခဲ့သောတစ်လခန့်က ရိုးမတောထဲတွင် သစ်"ပင်ထောင်"လုပ်ငန်းလုပ်ကိုင်ရန် ရောက်နေသူဖြစ်၏။ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းအင်းများကို ဗိုင်းရုံးသို့ လာပို့ရင်း ကျွန်တော်တို့နှင့် "ကာစင်" ဆိုင်တွင် ဆုံကြသည်။ ရိုးမတောအတွင်း မျောက်မြီးရှည် အလွန်ပေါကြောင်း၊ ပစ်လိုက သူနှင့် တစ်ပါတည်းလိုက်ပါရန် ခေါ်လေသည်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မုဆိုးများဖြစ်သည့်အလျောက် အချိန်မရွေး ထလိုက်သွားနိုင်သော်လည်း မောင်မောင်စိုးသည်ရုံးဝန်ထမ်းတစ်ဦးဖြစ်သောကြောင့် သူ့ကို စောင့်ခေါ်ရမည်ဖြစ်၍ နောက်မှလိုက်လာမည်ဟု ဖိုးမြင့်သိန်းကို ပြောဆိုချိန်းလိုက်၏။

မောင်မောင်စိုးသည် ရုံးလုပ်ငန်းများ မပြီးပြတ်သေးသောကြောင့် ခရီးထွက်ရန် သတ်မှတ်ထားသည့် နေ့ထက်နောက်ကျမှ ခွင့်ရသဖြင့် ယနေ့ကဲ့သို့ ဖိုးမြင့်သိန်းနှင့် လွဲသွားရခြင်းဖြစ်သည်။ ရွာလူကြီး ဦးဖိုးစိန် ပြောပြချက်အရ စမ်းရွာတွင် အလုပ်အမား ရာ[illegible]စုဆောင်းရမည် ဖြစ်၍ ဖိုးမြင့်သိန်းသည် စမ်းရွာ၌ နှစ်ရက်သုံးရက် ရှိနိုင်သေးသည်။ တောထဲမဝင်နိုင်သေးဟုဆိုသဖြင့် ကျွန်တော်တို့သည် ဖိုးမြင့်သိန်းနောက် အမီလိုက်ခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ သုံးယောက်သည် ဤလမ်းခရီးနှင့် စိမ်းနေသူများဖြစ်သည်။ သို့ရာတွင် ဦးဖိုးစိန်ပြောသလို ဖြူးနေသော လူသွားလမ်းအတိုင်း စကားတပြောပြောနှင့် လျှောက်ခဲ့ကြသည်။ မည်သည့် အခက်အခဲမျှ မရှိချေ။ သို့သော်လည်း နှစ်နာရီလောက်လျှောက်ခဲ့ကြပြီးနောက် ရှေ့တွင်မမျှော်လင့်ထားသော လမ်းခွဲကြီးနှင့် ပက်ပင်းတိုးလိုက်ကြသည်။ အဲဒါမှ ဒုက္ခ။ ဦးဖိုးစိန် ညွှန်လိုက်စဉ်က လမ်းခွဲရှိသည်ဟု မပါ။ ယခု-ခက်ချေပြီ။

"ကဲ....ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော့်အမေးကို မည်သူမျှ မဖြေနိုင်၊ ငေးငိုင်လို့သာ ခေါင်းကိုကုတ်နေကြ၏။ အတန်ကြာမှ မောင်မောင်စိုးက-

"သစ်ခုတ်၊ ဝါးခုတ် လူတစ်ယောက် တွေ့ရင် မေးကြည့်တာပေါ့....."ဟု ဆို၏။

မောင်မောင်စိုး ပြောတာလည်းမဖြစ်နိုင် အဘယ်ကြောင့်ဆိုသော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တိုး”ကျေးရွာမှ ထွက်လာကတည်းက သည်နေရာရောက်သည့်တိုင် လူသားဆို၍ ကျွန်တော်တို့ သုံးယောက်မှလွဲပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရိပ်အရောင် မမြင်ခဲ့ရချေ။ သို့သော်လည်း အမောဖြေအနားယူရင်း အေးအေးလူလူ ဆေးလိပ်လည်း သောက်လိုသည်ကြောင့် မောင်မောင်စိုးပြောသလို ဖြတ်သွားဖြတ်လာ တစ်ဦးတစ်ယောက်အား တွေ့လိုတွေ့ငြား အနားယူရင်း စောင့်နေမိကြသည်။ အချိန်သာကုန်သွား၏။ မည်သူမျှ ရောက်မလာ။ သို့ကြောင့်–

“ကဲဗျာ သည်အတိုင်းနေလို့ကတော့ မဖြစ်ဘူး။ ထင်ရာလမ်းတစ်လမ်း ရွေးပြီး သွားကြတာပေါ့”

လင်းမြင့်လှိုင်စကားကို ကျွန်တော်နှင့် မောင်မောင်စိုးက သဘောတူလိုက်သည်။ သုံးယောက် သဘောတူချက်အရလည်း လက်ျာဘက်လမ်းကို ရွေးလိုက်ကြသည်။

ကျွန်တော်တို့ ဆုံးဖြတ်ချက် မှန်ကန်သွားသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် နာရီဝက်ကျော်ကျော် လျှောက်ခဲ့ရပြီးနောက် လူနေအိမ်စုကလေးကို လှမ်းမြင်လိုက်ရ၍ ဖြစ်၏။ ထိုရွာစုလေးသည် စမ်းရွာပင်ဖြစ်ပေလိမ့်မည်။ အားတက်သွားကြသည်။ ခြေလှမ်းတွေ သွက်လ[illegible]ကြသည်။

ရွာစပ်ရှိ ထုံးဖြူဖြူ စေတီလေးနံဘေးတွ[illegible]အသက် ၇၀ ခန့်ရှိမည့် အဘိုးအို တစ်ယောက်ကို တွေ့လိုက်ကြသည်။ ထိုအဘိုးအိုအား ကျွန်တော်က မေးလိုက်သည်။

“အဘ....ဒီရွာဟာ စမ်းရွာလား”

ထိုအဘိုးအိုက ညင်သာစွာ ခေါင်းယမ်းပြလေသည်။

“ဒါဖြင့်.....စမ်းရွာက ဘယ်လောက်ဝေးသေးလဲ” မောင်မောင်စိုးက ပျာပျာသလဲဝင် မေးလိုက်သည်။

“မသိဘူးလေ”

အဘိုးအို၏ အဖြေစကားကြောင့် ကျွန်တော်တို့သုံးယောက် စိတ်ဓာတ်များကျဆင်းသွားရ၏။ ဒုက္ခတော့ ရောက်လေပြီဖြစ်သည်။ ကျွန်တော်တို့ တွက်ကိန်းမှားလေပြီ၊ လက်ဝဲဘက်လမ်းခွဲသည် စမ်းရွာသွားသော လမ်းမှန်ဖြစ်ပေလိမ့်မည်။ ထိုလမ်းခွဲသို့ ပြန်သွားပြီး ခရီးဆက်လျှင်လည်း အချိန်လင့်နေချေပြီ။ သို့ကြောင့် သုံးယောက်သား တိုင်ပင်၍ ထိုရွာတွင် တည်းခိုပြီး ခရီးဆက်ရန် ဆုံးဖြတ်လိုက်ကြသည်။ သို့ကြောင့် ကျွန်တော်က အဘိုးအိုအား–





“ဒါဖြင့် အဘရယ် ကျွန်တော်တို့ကို သည်ရွာမှာ တစ်ညတည်းခိုခွင့်ပြုပါနော် အချိန်လည်း မရှိတော့လို့ အဘအိမ်မှာပဲ တည်းပါရစေ” ဟု ခွင့်တောင်းလိုက်သည်။

“ကဲ....လာလိုက်ခဲ့ကြ” ဟု ဆိုကာ အဘိုးအိုသည် စားကျက်ချထားသော နွားနှစ်ကောင်ကို ဆွဲ၍ ရွာလမ်းအတိုင်း ရှေ့မှ ဦးဆောင်ဝင်သွားလေသည်။ ကျွန်တော်တို့သည်လည်း လေးပင်သော ခြေလှမ်းများဖြင့် ထက်ကြပ်မကွာ လိုက်သွားကြတော့၏။

ရွာလေးသည် ရွာတန်းရှည်လေးဖြစ်သည်။ အိမ်ခြေသုံးဆယ်လောက်သာ ရှိမည်ဟု ခန့်မှန်းမိသည်။ ဝင်းခြံများနှင့် သပ်သပ်ရပ်ရပ် ရှိသည်။ အများအားဖြင့် ခြေတံရှည်အိမ်များ ဖြစ်သည်။ လူစိမ်းများဖြစ်သည့် ကျွန်တော်တို့ကို အိမ်တိုင်းလိုလိုက စပါးပုတ်နောက်မှသော်လည်းကောင်း၊ အိမ်ပဏ္ဏားကွယ်မှလည်းကောင်း၊ သစ်ပင်နောက်ကွယ်မှ လည်းကောင်း၊ ခေါင်းပြူထွက်ကြည့်အကဲခတ်နေကြ၏။ ထူးခြားမှု တစ်ခုသည်ကား ထိုရွာသူရွာသား မိသားစုတို့သည် တောသူတောင်သားများ ဖြစ်ကြသော်လည်း ကြီးကြီးငယ်ငယ်၊ ပျိုပျိုအိုအို၊ သူတို့၏ မျက်လုံးများသည် ဝိုင်းစက်[illegible]ကျယ်ကာ တောက်ပနေကြသည်၊ အံ့ဖွယ်ပါတကား။

ကျွန်တော်တို့သည် ရွာလမ်းအတိုင်း လျှောက်ခဲ့ကြပြီးနောက် အတန်ကြာ အချိန်တွင် ထိုအဘိုးအို အိမ်သို့ရောက်လာ၏။

ထိုအဘိုးအိုအိမ်ကလည်း ခြေတံ ရှည်ရှည်အိမ်ပ[illegible]။ အိမ်အောက်ထပ်တွင် သူ၏ နွားနှစ်ကောင်ကို ချည်နှောင်ရင်း ကျွန်တော်တို့က[illegible] အိမ်ပေါ်သို့ တက်ခိုင်းလေသည်။ ခရီးပန်းလာသောကြောင့် ကျွန်တော်တို့သည် ကြမ်းပြင်ဘွင် ခြေပစ် လက်ပစ်လှဲချကာ အ[illegible]ဖြေလိုက်ကြ၏။

အတန်ကြာတွင် အဘိုးအိုသည် အိမ်ပေါ်ထပ်[illegible] တက်လာကာ–

“လွှတ်လွှတ်လပ်လပ်နေကြကွာ၊ ပြီးမှ ထမင်းစားကြတာပေါ့ ဟုတ်လား” ဟု ဆိုပြီး မီးဖိုခန်းအတွင်းသို့ ဝင်သွားလေ၏။ နာရီဝက်လောက်အကြာတွင် အဘိုးအိုက ကျွန်တော်တို့ကို ထမင်းကျွေးသည်။ လယ်ကြွက်သားဟင်းနှင့် ထမင်းကျွေးသည်။ လယ်ကြွက်သားဟင်းနှင့် ငပိ၊ တို့ဇရာ ဖြစ်၏။ ဆာဆာနှင့် အားလိုက်ကြပြီး ကြမ်းပြင်အိပ်ရာထက်တွင် မှိန်းနေလိုက်ကြစဉ် အဘိုးအိုသည် အောက်ထပ်သို့ ဆင်းသွားပြန်သည်။ ဘာတွေ အလုပ်ရှုပ်နေသည်မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



မှောင်စပျိုးလောက်မှ အိမ်ပေါ်သို့ ပြန်တက်လာ၏။

"ကဲ– အိပ်ချင် အိပ်ကြတော့လေ" ဟု ပြောကာ သူသည်လည်း အတွင်းအခန်းသို့ ဝင်သွားတော့၏။ အိပ်ရာဝင်သွားခြင်းသာဖြစ်လိမ့်မည်။

ကျွန်တော်တို့သည်လည်း တစ်ညတာလေမို့ ဖြစ်သလိုပင်အိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ အိပ်ပျော်လုလုလောက်တွင် အိမ်အောက်ရှိနွားများ တရုန်းရုန်းဖြစ်နေသောကြောင့် သူခိုးကပ်သည်ဟုထင်ကာ သုံးယောက်သား လဲလျောင်းနေရာမှ ဆင်းကြည့်လိုက်ကြ၏။ အဘိုးအိုသည်လည်း ကျွန်တော်တို့နှင့်အတူဆင်းလိုက်လာ၏။

မည်သည့်သူခိုးမျှမရှိ၊ နွားနှစ်ကောင်သည် ကြောက်ရွံ့နေပုံရ၏။ သို့ကြောင့် အဘိုးအိုသည် ထိုနွားနှစ်ကောင်နား သွားရပ်လိုက်ကာ "နွားစာခွက်" အတွင်း ငုံ့ကြည့်လိုက်ပြီး–

"အော်...ငါသားကြီးက သည်ထဲမှာ လာအိပ်နေတာကိုး၊ ဒါကြောင့် နွားတွေက သားကြီးကို ကြောက်နေကြတာ၊ လာ...လာ" ဟု ဆိုကာ နွားစာခွက်အတွင်း လက်နှိုက်ပြီး ပြန်အထုတ်တွင် အရှည်ခြောက်ပေသာသာခန့်ရှိမည့် ငန်းမြွေကြီးတစ်ကောင်ပါလာ၏။

ကျွန်တော်တို့ သုံးယောက်သား ပါးစပ်[illegible]ဟောင်းသားဖြင့် အံ့အားသင့်မိကြသည်။

အဘိုးအိုသည် ထိုမြွေကို ပွေ့ပိုက်၍ အိမ်တိုင်ထောင့်တစ်နေရာရှိ တောင်းတစ်လုံးထဲသို့ ညင်သာစွာထည့်လိုက်ပြီး–

"သည်မှာပဲအိပ်ပါ သားကြီးရာ၊ မင်းကို ငါ့နွားတွေက ကြောက်တယ်ကွ" ဟုပြော၏။

ကျွန်တော်တို့သည်လည်း အိမ်ပေါ်သို့ ပြန်တက်လာပြီး အိပ်စက်လိုက်ကြသည်။

လင်းမြင့်လှိုင်နှင့် မောင်မောင်စိုးသည် အိပ်ပျော်နေပြီလားမသိ။ ကျွန်တော်ကတော့ မြွေကြောက်တတ်သူမို့ စောစောကမြွေကြီးကို မျက်စိတွင် မြင်ယောင်ရင်း ကြောက်လန့်တကြားဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ ထိုမြွေကြီး အိမ်အပေါ်သို့ တက်လာမှာကို တွေးပူကြောက်ရပြန်၏။ ထိုစဉ် ရွာထိပ်မှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးသံများကြောင့် ကြက်သီးထမိပြန်၏။ ပြေးလွှားရင်း အူနေကြသော ခွေးသံများကြောင့် ထူးခြားသည်ဟု ထင်သဖြင့် အိမ်ကဲလားလေးကို





သာမကြည့်လိုက်သည်။ ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် နှ[illegible]သွားရပ်မတတ် ခံစားလိုက်ရ၏။ ဘုရား...ဘုရား။

ထဘီရင်ရှား၊ ဆံပင် ဖိုးရိုးဖားရား ချထားသော မိန်းမကြီး တစ်ယောက်သည် ခေါင်းတလားကြီးကို ရွက်ကာ ရွာလမ်းမအတွင်း ဖြည်းလေးစွာ ဖြတ်သွား[illegible]သည်ကို တွေ့ရ၏။ သူမ၏ နောက်မှာတော့ ခွေးနက်ကြီးတစ်ကောင်ပါလာလသည်။ ထိုခွေးနက်ကြီးနှင့် မိန်းမကြီးအား ခွေးဝဲစားတို့သည် ဘေးမှပြေးလိုက်င်း အူနေကြတော့၏။ ခွေးနက်ကြီးက မိန်းမကြီးနောက်လိုက်ရင်း သူတို့နောက်န်းရုံလိုက်ပါအူနေသည့် ခွေးဝဲစားများကို လှည့်ပတ်မာန်ဖီ ဟောင်နေ၏။ သည်ြင်ကွင်းသည် သဘောရိုး မဖြစ်နိုင်၊ ကျွန်တော့တွင် ကြောက်ရွံ့စိတ်ရှိနေသော်သည်၊ ထိုမိန်းမကြီးနောက် လိုက်ကြည့် လိုသည့်ဆန္ဒအား ထိန်းမနိုင်သိမ်းမနိုင်ဖြစ်လာ၏။ သို့ဖြင့် လက်စွဲတော်သေနတ်ကိုယူ၍ ထိုမိန်းမကြီးနောက် လိုက်သွားမိတော့သည်။

သူဘယ်သွားမလဲ ဘယ်အိမ်မှာ လူသေသလဲ၊ ညဉ့်နက် သန်းခေါင်အချိန်ကြီးမှာဆိုတော့ တစ်ခုခုထူးခြားလေပြီ၊ ဟောဗျာ၊ ရွာလမ်းတောင် ဆုံး၍ရွာအိပ်သို့ပင် ထွက်သွားလေပြီကော။ ရွာဦးစေတီနားအရောက်တွင် ခေါင်းတလားကြီးကို ရွက်လျက်သားနှင့် ရပ်နေပြန်၍ ကျွန်တော်သည် အရေးရှိက အချိန်မရွေးခံခတ်နိုင်ရန် သေနတ်မောင်းကို တင်လိုက်၏။ ထိုမိန်းမကြီးကို ချိန်ရွယ်ထားရင်းအနားကပ်လိုက်၏။ သူမ၏ ခွေးနက်ကြီးနှင့် ခွေးဝဲစားတို့က ကျွန်တော့်ကို မြင်ပုံမပေါ်ချေ။ ထိုမိန်းမကြီးသည် ကျွန်တော် သူမအနားကပ်လာသည်ကို [illegible]လိုက်ပုံရ၏။ သို့ကြောင့်ထင့် ကျွန်တော့်ဘက် ရုတ်တရက်လှည့်လိုက်ကာ[illegible]ထားသော ခေါင်းတလားကြီးဖြင့် ပေါက်ထည့်လိုက်၏။ မြန်လိုက်သည့်ဖြစ်ခြင်း၊ မျှော်လင့်မထားသော ရုတ်တရက် တိုက်ခိုက်ခြင်းကြောင့် လန့်၍အော်[illegible]က်မိသည်။

"အား"

ထိုမိန်းမကြီးပေါက်လိုက်သော ခေါင်းတလားကြီးသည်လည်း ကျွန်တော့်[illegible] ထိခိုက်ခြင်းမရှိ။ ထိုမိန်းမကြီးသည်သာ အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့[illegible]။ ထိုမြင်ကွင်းကြောင့် ကျွန်တော်သည်လည်း မှင်တက်မိသွားရတော့သည်။

"ဟိတ်လူ....ကိုပိုက်...ကိုပိုက်"

ဧေးကြောင်၍ မှင်တက်မိနေသော ကျွန်တော့်လက်မောင်းကို လှုပ်ယမ်း



www.burmeseclassic.com

www.burmeseclassic.com



နေသည့်ကြောင့် သတိပြန်ဝင်လာကာ လှည့်ကြည့်လိုက်သည်။ လင်းမြင့်လှိုင် နှင့် မောင်မောင်စိုး ဖြစ်သည်။

"ခင်ဗျားတို့ နှစ်ယောက် မြင်လိုက်ကြရတယ် မဟုတ်လား" အဲဒါကြောင့် လိုက်လာကြတာ မဟုတ်လား"

ကျွန်တော့်အမေးစကားကြောင့် သူတို့နှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားကြကာ–

"ဘာမြင်ရမှာတုန်း"

"ခေါင်းတလားကြီးရွက်ထားတဲ့ မိန်းမကြီးလေး...ဘယ်ရောက်သွားလဲ"

"ကြီးကြီးဖန့်ဖန့် ကိုပိုက်ရယ်၊ ကျွန်တော် အလေးအခင်းသွားချင်လို့ အိပ်ရာ ကနိုးလာတော့ ရွာလမ်းအတိုင်း စိတ်ညို့ခံထားရတဲ့ လူတစ်ယောက်လို ခင်ဗျား တစ်ယောက်တည်း လျှောက်သွားနေတာမြင်လိုက်လို့ 'ကိုလင်း' ကိုနှိုးပြီး ခင်ဗျား နောက် ပြေးလိုက်ခဲ့ကြတာ၊ ကံသီပေလို့သာဗျို့။ သည်စေတီလေးနားကျတော့ ခင်ဗျားက ဆက်မသွားဘဲ ကြောင်ပြီး ရပ်နေတယ်။ ကျွန်တော်တို့ နှစ်ယောက် ရောက်လာတော့ ခင်ဗျားရှေ့မှာ ပါးပျဉ်းခွက်ပြီး တဖူးဖူးနဲ့ ဒေါသတကြီး နှာမှုတ်နေတဲ့ မြွေကြီးကို တွေ့လိုက်လို့ သေနတ်ဒင်နဲ့ ရိုက်သတ်လိုက်ရတယ်လေ ကံကောင်းတယ်ဗျာ၊ ကျွန်တော်သာ အိပ်ရာက နိုးမလာရင် ခင်ဗျားမြွေပေါက် ရလို့သေပြီ..."

မောင်မောင်စိုး စကားကြောင့် ကျွန်တော် လွန်စွာမှ အံ့သြရလေသည်။ ဘုရား...ဘုရား...အာတွေ ဖြစ်နေပါလိမ့်။ ကျွန်တော် အိပ်မက်နေတာလည်း မဟုတ်။ ခေါင်းတလားရွက်လာတဲ့ မိန်းမကြီးကို ဘာလို့ ကျွန်တော်တစ်ယောက် တည်း မြင်တွေ့နေရတာလဲ၊ သူတို့ နှစ်ယောက်က မမြင်ဘူးဆိုပါလား၊ အံ့ဩ ထူးဆန်းဖွယ်ရာပင် ဖြစ်တော့၏။ သည်တော့ အဖြစ်အပျက်အမြင်ကို ပြော လိုက်သည်။ သူတို့ အံ့ဩနေကြတော့၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့သည် ခပ်စောစောပင် ပြန် မည်ဆိုသော်လည်း အိမ်ရှင်အဘိုးအိုက ရေနွေးကြမ်းနှင့် ကြွက်ကြော်စားသွား ဟု လောကွက်ပြုနေသဖြင့် တစ်ညတာ အိပ်စက်ခွင့်ပြုခဲ့သည့် ကျေးဇူးရှိသ ကြောင့် သူကျွေးမွေးခြင်းကို လက်ခံလိုက်ကာ ခေတ္တထိုင်၍ စကားစမြည် ရင်း စားသောက်နေကြသည်။ ထိုစဉ် အိမ်အောက်မှနေ၍ မြွေတစ်ကောင် ဖြ သွားသည်ကို တွေ့လိုက်၏။ သိပ်မကြာလိုက်အချိန်တွင် တစ်ကောင်၊ အခေ





ကြာလေးဖွင့် တစ်ကောင်၊ ပြီးနောက် တစ်ကောင် ၊ နောက်တစ်ကောင်၊ မြွေဆွေး ပါသည်။ မြွေဟောက်ပါသည်။ ရေမြွေပါသည်။ ပြီးတော့ ငန်းမြွေ၊ မြွေစိမ်းမြီး ခြောက်၊ အမျိုးအမည်မသိသော မြွေများ၊ အမြင်ထူးပ ဖြစ်သည် ၊ သို့ကြောင့် ထူးခြားနေသလိုထင်သည်၍ နံဘေးမှ ထိုင်နေသော အဘိုးအိုအား မေးလိုက် သည်။

"မြွေတွေ များလှချည်းလား အဘ၊ ဘယ်သွားနေကြတာလဲ၊ ထူးခြားလှ ချည်လား"

ကျွန်တော့်စကားကြောင့် အဘိုးအိုသည် မျက်စိမျက်နှာပျက်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း–

"အိမ်ကသားကြီးတောင် သွားပလားမသိဘူး" ဟု ပြော၏။ အဘိုးအို စကားကြောင့် အတော်ကလေး စိတ်ဝင်စားမိသည်။

"ဘယ်ကို သွားကြတာလဲ အဘ"

မောင်မောင်စိုးက မေးလိုက်သည်။

အဘိုးအိုသည် နှုတ်ခမ်းလေးကို လှုပ်ရုံတင်ရွှဲ ပြုံးလိုက်ကာ...

"မြွေ အသုဘ သွားချကြတာပေါ့"

"ဗျာ"

အဘိုးအိုနှုတ်မှ ပေါ်ထွက်လာသည့် ထူးခြားဆန်းကြယ် စကားကြောင့် ကျွန်တော်တို့ သုံးယောက်စလုံးကိုယ့်နားပင် ကိုယ်မယုံဖြစ်ကြရ၏။ အဘိုးအို အားလည်း စိတ်မှ မှန်သေးရဲ့လားဟု စိတ်မှမှတ်ရင်း အကဲခတ်လိုက်သည်။ အဘိုးအို၏ မျက်နှာသည် ဆွေးရိပ်သန်းနေသည်။ ထိုစဉ် အဘိုးအို၏ သားကြီး ဆိုသော ငန်းမြွေကြီးသည် လူးလူးလိမ့်လိမ့်ဖြင့် ရွာလမ်းအတိုင်းထွက်သွားလေ သည်။ သည်တော့ ကျွန်တော်တို့ အဘိုးအိုစကားကို ယုံရမလို ဖြစ်နေသော ကြောင့်–

"အဘရယ်...မြွေအသုဘ သွားချကြရတယ်လို့ တစ်ခါမှ မကြားဖူးဘူး၊ ရှင်းပြပါဦး" ဟု မေးလိုက်သည်။ ကျွန်တော့် အမေးစကားကြောင့် အဘိုးအိုသည် လွမ်းဆွေးကြေကွဲသံဖြင့်–

"ရန်သူသတ်လို့ မြွေတစ်ကောင် သေနေပြီ။ အဲဒီ မြွေသေဆီကို သွားကြ တာပေါ့" ဟု ပြောသဖြင့် ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြသည်။ ယုံရခက်ခက် မယုံရခက် ခက်၊



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ကျွန်တော်တို့ သုံးယောက်မျက်နှာကို စေ့စေ့ကြည့်ရင်း သူ့စကားကို ဆက်ပြန်၏။

"ဒီရွာမှာ လူတွေကို မြွေကိုက်ရင်ဘယ်လောက် အဆိပ်ပြင်းတဲ့မြွေ ကိုက်ကိုက် သေကျေပျက်စီးတာ မရှိဘူး။ မြွေကိုက်ခံရတဲ့ နေရာကို ကိုယ့်ပါးစပ်က ထွက်တဲ့ တံတွေးသာ တွေးထည့်လိုက်၊ ရောင်တောင်မရောင်ဘူး။ အဲ ခုလို မြွေ အသုဘချတဲ့ အချိန်မှာတော့ ရေမြွေကိုက်ရင်တောင်မှ တုံးခနဲသေသွား နိုင်တယ်။ ဘာလို့လည်းဆိုတော့ ဒီအချိန်မှာ မြွေတွေအားလုံးဟာ ဒေါသထွက်နေကြတယ်လေ။ အဲဒီမြွေသေနားမှာ လူသားတစ်ယောက်သာ မဟုတ်ဘူး။ ဘယ်သက်ရှိရှိ တိရစ္ဆာန်တစ်ကောင်ကိုတွေ့တွေ့ ဒေါသတကြီးနဲ့ ကိုက်သတ်ကြမှာပဲ။ သေသွားတဲ့ မြွေအတွက် ကလဲ့စားချေကြတာပေါ့"

အဘိုးအို စကားကြောင့် ကျွန်တော်သည် ညက အဖြစ်ကိုလည်း ပြန်သတိရလိုက်သဖြင့် ကြက်သီးမွေးညင်းပင်ထမိသည်။ ပြီးနောက် ညက မြွေကိုရိုက်သတ်ခဲ့သော မောင်မောင်စိုး မျက်နှာကို လှမ်းကြည့်အကဲခတ်လိုက်သည်။ ချွေးစို့နေသည့် သူ၏မျက်နှာပြင်တွင် ကြောက်ရွံ့စိတ်များ ဖုံးလွှမ်းနေပေသည်။ တစ်ခဏအကြာတွင် အဘိုးအိုသည်

"ကဲ....ခဏနေကြဦး အဘပြန်လာမှ သွားကြပေါ့ကွယ်... အဘ သွားကြည့်လျှင်ဖြင့် လက်သည်တရားခံကို သိနိုင်ပါလိမ့်မယ်... အဘခုပဲ ပြန်လာမှာပါ" ဟု ပြောရင်း အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

အဘိုးအိုထွက်သွားသည်နှင့် ကျွန်တော်သည် လင်းမြင့်လှိုင်နှင့် မောင်မောင်စိုးအား–

"သည်မှာ ကျွန်တော်တို့နေဖို့ မသင့်တော့ဘူးထင်တယ်။ ပြီးတော့ အဘိုးကြီးကိုလည်း မသင်္ကာဘူး။ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ကဲ..ကဲ ပစ္စည်းတွေယူ၊ အဘိုးကြီးနောက် လိုက်ကြည့်ရင်း အခြေအနေပေါ်မူတည်ပြီး လစ်စို့ဗျာ" ဟု ပြောလိုက်သည်နှင့် သူတို့နှစ်ယောက်သည်လည်း ကျွန်တော်ကဲ့သို့တွက်ဆထားသူတွေမို့ ထိုအိမ်မှ ကမန်းကတန်းဆင်းကာ အဘိုးအိုနောက် ချောင်းမြောင်းလိုက်သွားကြ၏။

ရွာဦးစေတီနား အရောက်တွင် ထိုအဘိုးအိုသည် ခြေအစုံရပ်လိုက်ပြီး တစ်စုံတစ်ရာကို စူးစိုက်ငုံ့ကြည့်နေတော့၏။ ကျွန်တော်တို့ သိလိုက်ပါသည်။ ညက မောင်မောင်စိုး ရိုက်သတ်လိုက်သော မြွေသေကို ကြည့်နေခြင်းပင်ဖြစ်သည်။





ထူးခြားသည်ကား မြွေဟောက်ကြီးတစ်ကောင်နှင့် အဘိုးကြီး၏ ငန်းခြွေတို့သည်လည်း ပါးပျဉ်းခွက်ကာ ယိမ်းထိုးနေကြပြီးနောက် ထိုမြွေသေကို ငုံ့နမ်းလိုက်ကာ လှည့်ထွက်သွားကြခြင်းပင်။

အဘိုးအိုကို ကျွန်တော်တို့ နားမလည်ဖြစ်ကြရသည်။ သူပြောတော့ သည်အချိန်တွင် မြွေသေနား၌ လူရှိနေပါက မြွေအသုဘချလာသည့် မြွေတစ်ကောင်နှင့် ဆုံမိလျှင် ဒေါသတကြီး ကိုက်ခံရမည်ဟူ၏။ ယခု သူ့အား မြွေဟောက်ကြီးသည် ကိုက်ခဲခြင်း အန္တရာယ်ပေးခြင်းမရှိဘဲ အဘယ်ကြောင့် လှည့်ထွက်သွားရပါသနည်း။ ထိုအဘိုးအိုကို ကျွန်တော်တို့ ကြောက်လာမိသည်။ လူစင်စစ်မှ ဟုတ်ပါလေစ။ မဖြစ်တော့ပြီ။

သို့ကြောင့် ကျွန်တော်တို့သည် အဘိုးအို မမြင်နိုင်သောနေရာ၌ ပုန်းလျှိုးကွယ်လျှိုးဖြင့် ထွက်ခဲ့ကြတော့၏။ ကြောက်လန့်တကြား သုတ်ခြေတင်ခဲ့ကြသောကြောင့်လား မသိ။ မနေ့က ဘယ်လမ်းလိုက်ရမည် မသိသော လမ်းခွဲလမ်းဆုံသို့ တစ်ခဏအချိန်ကလေးအတွင်းမှာပင် ရောက်လာခဲ့ကြ၏။

လမ်းခွဲလမ်းဆုံသို့ ရောက်သည့်အခါတွင် ကျွန်တော်သည် ဝါးတစ်လုံးခုတ်ကာ လမ်းညွှန် အမှတ်အသားပြုခဲ့၏။ သို့မှသာ နောက်လူတွေ "စမ်းရွာ" လမ်းကြောင်းအမှန်ကို သွားနိုင်ရန်ဖြစ်သည်။

ကျွန်တော်တို့သည်လည်း လက်ဝဲဘက်လမ်းသို့ ဆက်လျှောက်ခဲ့ရာတွင် တစ်နာရီသာသာခန့် လမ်းလျှောက်ရသည့် စမ်းရွာသို့ ရောက်ခဲ့ပေတော့၏။ စမ်းရွာသို့ရောက်သည့်အခါတွင် တောအုပ်ကြီး မနေ့ကပင် "တော" တက်သွားသည် ဟု သိရသဖြင့် သုံးယောက်သား ခြေပစ်လက်ပစ် ဖြစ်သွားရတော့၏။

စမ်းရွာသူကြီးက လူကြုံနှင့်ထည့်ပေးမည်၊ လိုက်သွားလိုလျှင် သူ စီစဉ်ပေးမည်ဟု ပြောပါသေးသည်။ သုံးယောက်စလုံး စိတ်ဓာတ်ကျသွားသောကြောင့် စမ်းရွာတွင် တစ်ညအနားယူအိပ်ပြီး နောက်တစ်နေ့ ပြန်ကြမည်ဟု ပြောလိုက်သည်တွင် သူလည်း မြို့သို့သွားရန် အကြောင်းကိစ္စရှိသဖြင့် ကျွန်တော်တို့နှင့် လိုက်ခဲ့မည်ဟု ပြောလေ၏။

ညဘက်တွင် ကျွန်တော်တို့သည် လမ်းတွင်တွေ့ကြုံခဲ့ရသည့် ရွာကလေးအကြောင်းနှင့် ထူးဆန်းသော အဘိုးအိုအကြောင်း ပြောပြလိုက်သည်တွင် စမ်းရွာသူကြီးသည် ပါးစပ်အဟောင်းသား ဖြစ်သွားကာ–



www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြုံဖန်ဖန်ဗျာ.. ကင်းမတီးနဲ့ စမ်းရွာကြားမှာ ဘာလမ်းခွဲမှလဲ မရှိပါဘူး" ဟု ပြောသဖြင့် စဉ်းစားမရအောင် ဖြစ်ရပြန်သည်။ မနေ့က သုံးယောက်စလုံး ကြုံခဲ့ကြရတာပဲ။ သည်နယ်တစ်ဝိုက်ကလူတွေ စိတ်မှမှန်ကြရဲ့လား မသိဟု စိတ်တွင် တေးမှတ်လိုက်မိ၏။

နောက်တစ်နေ့တွင် စမ်းရွာသူကြီးနှင့် အတူကင်းမတီးသို့ ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခုကို ထင်ထင်ရှားရှားကြီး သိမြင်လိုက်ကြရတော့သည်။ လာတုန်းက ကျွန်တော်တို့ သေသေချာချာမှတ်သားခဲ့သော လမ်းညွှန်မှတ်တိုင်လေးနားတွင် ခုည်သည့်လမ်းခွဲမှ မရှိပါကလား။

[ မြရိပ်ညိုမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၉၆]

[ ထဝမ်ရာဇီနလုံးသားနှင့် မုဆိုးဝတ္ထုတိုများ]

✦✧✦✧✦✧



# လူကျား



www.burmeseclassic.com

www.burmeseclassic.com

# လူကျား

သုတ်ခြေတင် လျှောက်လှမ်းလာသော ကျွန်တော်တို့ခြေထောက်များ သည် ကြာလာတော့အာ ပျော့ခွေယိုင်လဲမကျရုံ တစ်မယ်သာ ရှိတော့သည်။ တစ်နေ့လုံး မနားမနေ လျှောက်ခဲ့ကြရသည်ကိုး။ ခက်ချေပြီ။ အချိန်လည်း လင့် ချေပြီ။

သေချာသည်။ ကျွန်တော်တို့ တောထဲတွင် လမ်းပျောက်နေကြချေပြီ။

တောသည် အောက်ပေါင်းရှုပ်သော တောစို ဖြစ်သောကြောင့် ပို၍ပင် ဒုက္ခရောက်ရသေးတော့၏။

ဆောင်းကာလ အစဦးဖြစ်သည်ကြောင့် လျှိုမြောင်နှင့် ချောင်းရိုးတို့တွင် ရေများရှိနေသေးသည်ဖြစ်၍ သွားရလာရ လွန်စွာမှ ဒုက္ခရောက်ရသေးတော့၏။ သို့ကြား လျှိုမြောင်အိုင်အတွင်းမှ လွယ်လင့်တကူ ဖမ်းယူရရှိနိုင်သည့် ငါးများရှိနေခြင်းကြောင့် တော်သေးတော့၏။ နို့မဟုတ်ပါက ဝါးမျှစ်တို့ဖြင့်သာ နှစ်ပါးသွားကြရပေလိမ့်မည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် အမဲပစ်သွားရင်း ကိုယ်နှင့်စိမ်းသော တောများတွင် အများအားဖြင့် မျက်စိလည်လမ်းမှားတတ်ကြသည်ဖြစ်ခြင်း ကြောင့် မထူးဆန်းတော့ပါဟု ပြောနိုင်ပေသော်လည်း ယခုလောက် ဒုက္ခမရောက်ကြရသည်ကိုတော့ဖြင့် ဝန်ခံရပါလိမ့်မည်။

ဒေသခံမုဆိုးကြီး ကိုကြိုင်သည်လည်း သူ၏ညံ့ဖျင်းမှုကြောင့် ကျွန်တော်တို့မျက်နှာကိုပင် စေ့စေ့မကြည့်ရဲဖြစ်နေ၏။

ထို မုဆိုးကိုကြိုင်ကို အားကိုးတကြီးခေါ်လာသော တောအုပ်ကြီး ဦးစံအုန်းသည် သူ၏အရင်းအနှီးဆုံးဖြစ်သော မိတ်ဆွေများဖြစ်သည့် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို လွန်စွာမှ အားနာနေသဖြင့် ခြေမကိုင်မိ လက်မကိုင်မိကြားမှ မုဆိုးကိုကြိုင်အား မဲ၍သာ ဆူပူကြိမ်းမောင်းနေလေတော့၏။ သို့ကြောင့်—





"ဦးစံအုန်းတလည်းဗျာ၊ ကိုကြိုင့်ကို ဒီလောက်ကြီးလည်း ဆူမနေပါနဲ့။ ဒါ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ကျွန်တော်တို့တွေ သွေးပူပြင်း စိတ်လောနေလို့ မှားပြီးရင်း မှားရင်းဖြစ်နေတာပါ။ ရှေ့နည်းနည်းလောက် လျှောက်ကြည့်ပြီးရင် ခဏ အနား ယူလိုက်ကြတာပေါ့ဗျာ"

သို့နှယ် ကျွန်တော်ကပြောလိုက်တော့မှ ငြိမ်သွားတော့၏။ မနေ့က တစ်နေ့လုံးနှင့် ယနေ့တစ်မနက်လုံး မျက်စိလည်နေခဲ့ကြရသည်ကြောင့် အိပ်ကောင်းခြင်း၊ စားကောင်းခြင်း၊ နားကောင်းခြင်း မရှိသည်ဖြစ်၍ အားလုံးပန်းကြလေပြီ။ လမ်းပင်မလျှောက်ချင်တော့လောက်အောင် စိတ်ဓာတ်ကျဆင်းနေပြီဖြစ်သည်။ အာဟာရလည်း ပြတ်လုပြတ်ခင် မဟုတ်ပါကလား။ သို့ကြောင့် တစ်မနက်လုံး မနားမနေ တက်သုတ်ရိုက်လျှောက်ခဲ့ကြရာမှ ညောင်းညာပန်းနေကြလေပြီဖြစ်၍ တောင်ကြောပြောင်ပြောင် ခြောက်ခြောက်သွေ့သွေ့ နေရာကလေးတစ်ခုတွင် ထိုင်လိုက်ကြရင်း မနေ့ကရထားသော ငါးကင်ကို အဆာပြေစားကာ နားနေကြစဉ် ခပ်လှမ်းလှမ်း တောင့်စွယ်အဖျားမှ ရေသောက်ဆင်းနေဟန်တူသော ဂျီ(ချေ)တစ်ကောင်ကို လှမ်းမြင်လိုက်ကြရသဖြင့်—

"ကိုလင်း၊ သားကောင်တစ်ကောင်တော့တွေ့ပြီ။ ခင်ဗျား ပစ်ချေဗျာ"

ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် ခေါင်းကိုခါယမ်းရင်း—

"မပစ်ချင်တော့ပါဘူးဗျာ။ ရှိပါစေတော့" ဟု စိတ်ဓာတ်ကျစွာဖြင့် ပြောလေသည်။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ။ ကျွန်တော်တို့တွေ ရိက္ခာမရှိလို့ မဖြစ်ဘူးလေ။ ရှေ့ဘယ်နှစ်ရက်လောက် မျက်စိလည် လမ်းမှားနေကြဦးမှာလဲမှ မသိတာ။ အခွင့်အရေးရတုန်း၊ သားကောင် တွေ့ထားတုန်း ပစ်ထားချေမှပေါ့ဗျာ။ ကဲပါလေ ကျွန်တော်ပဲ သွားပစ်လိုက်ပါ့မယ်"

ကျွန်တော်သည် နံဘေးမှချထားသည့် သေနတ်ကို ကောက်ကိုင်၍ သားကောင်ကို အပိုင်ပစ်ချနိုင်ရန်အလို့ငှာ အထိုင်နေရာရွေးရန် နေရာမှအထလိုက်တွင် ဒေသခံမုဆိုးကိုကြိုင်သည်—

"ကိုပိုက်၊ နေ—နေ— ကျွန်တော်ပဲ ပစ်လိုက်ပါ့မယ်"

ဆိုကာ ရှေ့တောင်ကြောစွယ်လေးထိ တိုးဆင်းသွားကာ နေရာယူလိုက်ပြီး တစ်ဖက်တောင်ကြောတွင် ရှိနေသည့် သားကောင်ကို လှမ်း၍ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

ကျယ်လောင်သော ယမ်းအားပေါက်ကွဲသံနှင့် အတူ သားကောင်သည် ဘေးသို့ တစ်ချက်ယိုင်လဲသွားပြီး ကမန်းကတန်းပြန်ထကာ အားယူပြေးသွားလေတော့သည်။

"မှန်တော့မှန်သွားတယ်ဗျို့။ နို့ပေမင့် ဝေးလွန်းလို့ချက်ကောင်းမထိဘူးထင်တယ်။ ဒဏ်ရာနဲ့ ပြေးသွားလေရဲ့။ လာဗျာ အဲဒီကောင်နောက် လိုက်ကြမယ်"

သားကောင်ကို လက်လွတ်ဆုံးရှုံးခံရမည်စိုးသဖြင့် ကျွန်တော်သည် ထိုင်ရာမှ ထကာ ပြောပြောဆိုဆို ပြေးထွက်လိုက်သည်တွင် လင်းမြင့်လှိုင်၊ ဦးစံအုန်းနှင့် ကိုကြိုင်တို့သည် နောက်မှ ထက်ကြပ်မကွာလိုက်ပါလာကြတော့၏။

သားကောင်ယိုင်လဲသွားသောနေရာတွင် သွေးကွက်များ အိုင်ထွန်းနေသည်ကို ကြည့်ခြင်းအားဖြင့် ချက်ကောင်းကိုမထိသော်ငြား သားကောင်ရသွားသောဒဏ်ရာကား မသေးလှသည်ဖြစ်၍ သွေးရူးသွေးတန်း ပြေးလွှားသွားခြင်းဖြစ်သည်ကြောင့်မဝေးသောနေရာတွင်လဲကျသေဆုံးနိုင်ဖွယ် ဖြစ်သဖြင့်သားကောင်ပြေးသွားရာနောက်သို့ သွေးစက်များ ခြေရာခံ၍ လိုက်ခဲ့ကြသည်။

တောင်ကြောစွယ်လေး၏ လျှိုဘက်ပြေးသွားပုံရသဖြင့် ဆက်လိုက်သွားကြပြန်သည်။ ကြိမ်ခါးပင်နှင့် ရင်းပြားပင်များ ရှုပ်ထွေးနေသည့်လျှိုအတွင်းမှ ရှန်းရင်းဆန်ခတ် လှုပ်ရှားနေသည်ကြောင့် သေနတ်မောင်းခလုတ်ကို တင်လိုက်ကာ အသေအချာ စူးစိုက်ကြည့်နေကြစဉ် လျှိုအတွင်းမှနေ၍ သန်မာထွားကျိုင်းသော လူတစ်ယောက်သည် အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ဂျီ(ချေ) သေတစ်ကောင်ကို ထမ်း၍ထွက်လာသည့်ကြောင့် မစ်ခတ်ရန်ရွယ်ထားသော သေနတ်ကို အသာအောက်စိုက်ချကာ ထိုသူထမ်းပိုးလာသည့် ဂျီ(ချေ)ကို အသေအချာ စိုက်ကြည့်လိုက်သည်။

သေချာသည်။ ကိုကြိုင်ပစ်လိုက်သော ဂျီ(ချေ)ဖြစ်ပေသည်။ ဂျီ(ချေ)သေ၏ ခါးရိုးပေါ်မှ သေနတ်ကျည် ထိမှန်ထားသည့် ဒဏ်ရာကို ကြည့်၍ပြော ခြင်းဖြစ်သည်။

သို့ရာတွင် ထိုဂျီသည် ကိုကြိုင်ပစ်လိုက်သော ဒဏ်ရာကြောင့် လဲကျသေဆုံးဟန် မတူချေ။ ဂျီကောင်၏ ခန္ဓာကိုယ်အနှံ့မှ မည်သို့မည်ပုံ ရရှိထားသည်မသိသော ပြတ်ရှ၊ ပွန်းပဲ့ဒဏ်ရာများကြောင့်သာ သေဆုံးသွားဟန် တူပေသည်။





ထိုသေစေလောက်သော ဒဏ်ရာများရရှိထားခြင်းသည် ထိုသန်မာထွားကျိုင်းသောလူကြောင့်ပင် ဖြစ်ပေမည်။

မုဆိုးကိုကြိုင်သည် ထိုလူထံသို့ ချဉ်းကပ်သွားကာ–

"ဟိတ်လူ၊ အဲဒီဂျီ(ချေ)ဟာ ကျုပ်တို့ပစ်လိုက်လို့ ရသွားတဲ့ ဒဏ်ရာနဲ့ ပြေးသွားတဲ့ကောင်ဗျ။ ကျုပ်တို့ကို ပေးပါ" ဟုပြောလိုက်သည်တွင် ထိုလူသည် ကိုကြိုင့်ကို မည်သို့မျှ ပြန်လှန်ခွန်းတုံ့မပြန်ဘဲ စိမ်းစိမ်းကြီး ဝိုက်ကြည့်နေလေသည်။ သို့ကြောင့်–

ထိုလူ့ကို ကျွန်တော် အသေအချာ ကြည့်မိသည်၊ သန်မာထွားကြိုင်းသူတစ်ယောက်ဖြစ်သည်။ ခန္ဓာကိုယ်အနှံ့ရှိ ကြွက်သားခင်တို့ ဖုထစ်ကြွတက်နေခြင်းကိုကြည့်၍ မည်မျှသန်မာသူတစ်ယောက်ဖြစ်ကြောင်း၊ သူ၏ တစ်ကိုယ်လုံးတွင်လည်း သွေးတို့အနှံ့အပြား စွန်းပေနေသည်ကို ကြည့်ခြင်းအားဖြင့် ဂျီ(ချေ)ကောင်ကို ဝင်ရောက် နပန်းလုံးသတ်ဖြတ်ထားဟန်ရှိကြောင်း ရိပ်မိလိုက်သည်။ ဂျီကို စွန့်စွန့်စားစား ဖမ်းမိထားဟန်ဖြစ်သည်ကြောင့် သူသာပိုင်ဆိုင်သင့်သည်ဟု ထင်ထားလေသည်လားမသိ။ ဂျီကောင်ကို ကျွန်တော်တို့အား ပေးလိုစိတ် သူ့တွင်ပေါ်လွင်မနေပါချေ။ ထိုသည်လည်း သဘာဝကျပေသည်။ သို့ကြောင့်ပင် မဟုတ်။ ကျွန်တော်တစ်ခု စဉ်းစားမိသည်မှာ ကျွန်တော်တို့တောတွင်း မျက်စိလည်လမ်းမှားနေကြသည် မဟုတ်လား။ ယခု ဤအရပ်ဒေသမှ လူသားတစ်ယောက်ကို မမျှော်လင့်ဘဲ လာတွေ့ရခြင်းသည် ကျွန်တော်တို့အတွက် ကံကောင်းခြင်းပင် ဖြစ်ပေသည်။ ထိုလူအား အကူအညီတောင်းပါက လမ်းမှန်ပြန်ရောက်နိုင်မည်ဖြစ်၏။ ထိုလူ့ထံမှ ဂျီ(ချေ)ကို ပြန်တောင်းနေမည့်အစား ပြေလည်အောင် စည်းရုံးဆက်ဆံ၍ အကူအညီတောင်းလျှင် ရနိုင်မည်ဟု တွက်ဆိုက်မိသဖြင့်–

"ကိုကြိုင်၊ နေပါစေဗျာ။ ဒါ သူဖမ်းထားတာဖြစ်ပါလိမ့်မယ်။ ကိုကြိုင်ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာကြောင့် ဒီဂျီ(ချေ) သေသွားတာမှ မဟုတ်တာ။ သူ့ရဲ့စွမ်းရည်ကြောင့် သေသွားတာပါ။ ဟုတ်တယ်မဟုတ်လား မိတ်ဆွေ။ ဒီဂျီ(ချေ)ကို ခင်ဗျားပိုင်ပါတယ်"

ကျွန်တော့်စကားကြောင့် ထိုလူ၏ အလျှံငြီးငြီး တောက်ပနေသည့် မျက်ဝန်းသည် ကိုကြိုင့်ထံမှ လွှဲဖယ်လိုက်ကာ ကျွန်တော့်ဘက်သို့ လှည့်ကြည့်လာတော့၏။ ဒီတစ်ခါ သူ၏အကြည့်မျက်ဝန်းသည် စိတ်ပြေသွားဟန်ဖြစ်သောကြောင့်လားမသိ။ အားပျော့အရောင်မှိန်ညှိုးကျသွားတော့၏။ ပြီးနောက် ဘာ

www.burmeseclassic.com



အားမျှ မပြောခဲ တစ်ဖက်သို့လှည့်၍ ထွက်သွားလေသည်ကြောင့် ကျွန်တော်တ ကခန်းကတန်း သူ့နောက်သို့လိုက်သွားကာ–

"နေပါဦး မိတ်ဆွေ၊ ကျွန်တော်တို့ မျက်စိလည် လမ်းမှားနေလို့ ဒီတော အနီးဆုံးရွာတစ်ရွာကို ရောက်နိုင်မယ့် သွားလမ်းကို ပြပေးခဲ့စမ်းပါဦးဗျာ" ရယ် အကူအညီတောင်းစကားဆိုလိုက်သည်တွင် ထိုလူသည် ကျွန်တော့်ကို တစ်ချက် ငုံ့စောင်းကြည့်ပြီး–

"ဒီတောနဲ့ အနီးဆုံးရွာကတော့ 'စမ်းကြီး' ရွာပဲ။ လမ်းပြလိုက်ရုံနဲ့ ပြော လိုက်ရုံနဲ့ ခင်ဗျားတို့ သွားတတ်မှာ မဟုတ်ဘူး။ ဒါကြောင့် ပန်းပုတ်ကြီးစခန်း ကျုံလိုက်ပြပေးမယ်။ အဲဒီကနေ တစ်ဆင့် စမ်းကြီးရွာသွားတဲ့ ဆင်လမ်း ကျိုးနေတာပဲ။ ဟုတ်ပလား"

သူ့စကားကြောင့် ကျွန်တော်တို့ တအားတက်ခဲ့ကြသည်။ စမ်းကြီးရွာ သည် တောအုပ်ကြီး ဦးစံအုန်းတို့ စခန်းချသည့် ကံတလူရွာနှင့် နှစ်မိုင်ကျော် သာဝေးတော့သည့်ရွာဖြစ်သည်။ သို့ကြောင့်–

"ဒါဖြင့် ခုပဲ လမ်းလိုက်ပြပါကလား။ ခင်ဗျားကို ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမယ်ဗျာ" ဟု အားရဝမ်းသာ ပြောလိုက်သည့် စကားကြောင့် ထိုလူ သည် ခေါင်းတစ်ချက်ခါယမ်းရင်း–

"ခုတော့ လိုက်ပို့လို့မဖြစ်ဘူး။ လိုက်ပို့ဖို့လည်း ရမှာမဟုတ်ဘူး။ ဒီကနေ ပန်းပုတ်ကြီးစခန်းက အတော်ဝေးသေးတယ်။ ဒီတော့ ကျုပ်တို့စခန်းမှာ တစ်ည အိပ်ပြီး နောက်တစ်နေ့ မနက်စောစော ထွက်ကြမယ်ဆိုရင် ပန်းပုတ်ကြီးစခန်းကို နေ့လယ်ခင်းလောက် ရောက်သွားနိုင်တယ်" ဟု ပြောပြီးသည်နှင့် ကျွန်တော်တို့ အပါးမှ ခပ်သုတ်သုတ် ထွက်သွားလေပြီဖြစ်၍ ကျွန်တော်တို့သည် ထိုလူ့နောက်သို့ လိုက်သွားခဲ့ကြလေတော့၏။

တောဆင်းကြောတက် တစ်မိုင်ခွဲခန့် လျှောက်ခဲ့ပြီးနောက် ကြောပြန် လေးတစ်ခုတွင် တဲစုတစ်စုကို တွေ့လိုက်ရ၏။ တဲစုတစ်စုဟု ဆိုလိုက်ရသော်ငြား တဲတစ်တဲနှင့် တစ်တဲအတော်လှမ်း၏။

တဲတို့၏ ပတ်ဝန်းကျင်တွင် သားကောင်အမျိုးမျိုးတို့၏ ဦးခေါင်းများ သားရေများကို နေပြလှန်းထားသည်ကို တွေ့ရ၏။ ခြောက်ပြီးသားရေ၊ မခြောက် တခြောက်သားရေ၊ စိုထိုင်းထိုင်းသားရေတို့မှ ထွက်လာသည့် ပုပ်အက်အက်၊ ညှီစို့စို့ အနံ့တို့သည် နှာခေါင်းဝသို့ စူးရှစွာ ဝင်ရောက်လာသည်ကြောင့် ပျို့အန်ချင်စိတ်





များပေါ်လာရ၏။ ရှေ့မှ ဦးဆောင်သွားနေသော ထိုလူ့နောက်သို့ ကျွန်တော် တို့သည် ကိုယ်စီနှာခေါင်းပိတ်၍ လိုက်သွားကြ၏။

ထိုတဲတို့အနီးမှ ဖြတ်သွားလေတိုင်း နေလှန်းထားသော သားရေထည် အစိုများတွင် အုံ့ဖွဲ့နေကြသည့် ယင်မည်းကြီးများသည် မည်းခနဲမည်းခနဲ လန့်ဖျပ် ပျံတက်သွားကြ၏။ ကျွန်တော်တို့အဝေးရောက်သွားလေမှ ထိုသားရေစိုတို့အပေါ် ပြန်၍ အုံကျင်းဖွဲ့နေကြပြန်လေတော့၏။

တစ်ခုသတိထားမိသည်မှာ တဲစုများအတွင်းမှ ယောကျ်ားသားချို့သည် ကျွန်တော်တို့အား စူးစမ်းလေ့လာ ချောင်းမြောင်းကြည့်နေကြ၏။ သူတို့၏ အကြည့်များသည် စူးစူးရဲရဲရှိသလိုနှင့် အားငယ်ဖျော့ဖျော့လျော့နေသော အသွင် သဏ္ဍာန်ပေါ်လွင်နေ၏။ တစ်စုံတစ်ခုကို လျှို့ဝှက်ဖုံးကွယ်ထားနေကြဟန် ဖြစ်၏။

ထိုသူတို့အားလုံးတွင် တူညီသော အချက်တစ်ခုမှာကား တဲတိုင်းတွင် သားကောင်သားရေများရှိခြင်း၊ သားကောင်အရိုးစုနှင့် ခေါင်းများပြန့်ကျဲနေကြ ခြင်းပင်ဖြစ်သည်။ ပြီးတော့ ကျွန်တော်တို့ရောက်လာခြင်းကို သဘောကျနှစ် သက်ဟန် မရှိကြခြင်းပင်ဖြစ်သည်။

တဲစုလေးငါးစုခန့် ဖြတ်သန်းလာခဲ့ကြပြီးနောက် ထိုလူသည် ကြီးမားသော ပျဉ်းမပင်ကြီးခြေရင်းတွင်ရှိ တဲတစ်လုံးရှေ့တွင် သူသိမ်းပိုးလာသည့် ဂျီ(ချေ) သေကောင်ကို ပစ်ချလိုက်ကာ–

"ကဲ–ဒါ ကျုပ်နေတဲ့တဲ။ ခဏထိုင်ကြဦး။ နားနားနေနေပေါ့။ ကျုပ် ခြေ လက်ဆန့်စင်ဖို့ သွားလိုက်ဦးမယ်။ ခင်ဗျားတို့လည်း လန်းဆန်းသွားအောင် ခြေ လက်သန့်ချင်၊ ရေမိုးချိုးချင်လိုက်ခဲ့ကြဗျာ" ဟုဆိုကာ တဲနောက်ဘက်သို့ ထွက်သွားလေသည်။ သူထွက်သွားပြီးလေသည်နှင့် ကျွန်တော်တို့သည် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ– "ဘယ်လိုလုပ်ကြမလဲ" ဟု အဓိပ္ပါယ် ပေါက်သည့် သင်္ကေတဖြင့် မေးဆတ်လိုက်ကြသည်။ လင်းဖြိုးလိုက်ကလည်း–

"ဒီက လူတွေကြည့်ရတာ တစ်မျိုးပဲ။ စိတ်ထဲမှာ ဘဝင်မကျဘူးဗျ" ဟု ပြောလာသည်ကြောင့်–

"ကဲဟေ့၊ ဘာဖြစ်ဖြစ်ကွာ။ ငါတော့ အတော်ပန်းနေပြီ။ နပ်တော့မယ်" ဟုဆိုကာ တောအုပ်ကြီး ဦးစံအုန်းသည် တဲဝါးကြမ်းခင်းပေါ်တွင် လှဲချလိုက် တော့သည်။

မည်သို့ပင်ဖြစ်စေ သေနတ်နှင့် ကင်းကွာမနေကြဖို့ အရေးကြီးသည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းမှ သေနတ်ကို ယခုတိုင် မချကြသေးချေ။ ထိုသည်ကို—

"မင်းတို့ကလည်းကွာ၊ ဘာဖြစ်မှာမို့လဲ။ သေနတ်ကြီးတွေချထားပြီး ငါ့လို အေးအေးလူလူ နားကြစမ်းပါ။ ဒို့ကို အန္တရာယ်ပေးမယ့် သားရဲကောင်တွေလည်း ဒီကို ရောက်လာကြမှာ မဟုတ်ဘူး။ ပြီးတော့ ဒို့ကို ဒီနေရာခေါ်လာတဲ့ သူကလည်း လူသားတစ်ယောက်ပဲမဟုတ်လား။ ဘာအန္တရာယ်ပေးလာနိုင်မှာမို့လဲ။ အန္တရာယ် ပေးလာမယ်လို့ ထင်ရင်လည်း ဘာကြောက်စရာလိုသလဲကွာ။ ဒို့မှာ လက်နက်တွေ ရှိနေတာပဲဟာကို။ ကဲပါလေ အေးအေးလူလူအနားယူရင်း ရှေ့ဆက် ဘာလုပ် သင့်တယ်ဆိုတာ ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့"

*သေနတ်ကိုယ်စီ တကားကားဖြင့် ကျွန်တော်တို့ကို ကြည့်မရတော့သည်* ဖြစ်၍ တောအုပ်ကြီးဦးစံအုန်းက ပြောလာလေတော့မှ ခရီးလည်း ပန်းနေကြပြီဖြစ်၍ ဦးစံအုန်းကဲ့သို့ပင် တဲဝါးကြမ်းခင်းပေါ်သို့ လှဲချလိုက်ကြတော့၏။ မည်သို့ပင်ဖြစ်စေ သေနတ်ကိုတော့ဖြင့် လွယ်လင့်တကူ လှမ်းယူနိုင်သည့်အနားမှာပင် အသာချထား လိုက်ကြသည်။

ကျွန်တော်တို့သည် မကြာသောအချိန်ကာလက သေနတ်ကို သားကောင် များအား တစ်ဖက်သတ် ပစ်ခတ်သတ်ဖြတ်ရန် အသုံးပြုဖို့အတွက် ကိုယ်နှင့်မကွာ ဆောင်ထားရပြန်သေး၏။

မုဆိုးတို့သည် သားကောင်ဖြစ်သွားမည်ကို လွန်စွာမှကြောက်ကြပါ သည်။

မုဆိုးတို့အကြောင်းကို မုဆိုးတို့သာ အသိဆုံးဖြစ်၏။ မုဆိုးတို့တွင် တရားမျှတခြင်းဆိုသည်မရှိ။ တစ်ဖက်သတ် အနိုင်ယူတတ်ကြ၏။ ကောက်ကျစ် စဉ်းလဲကြ၏။ ခိုးကြောင်ခိုးဝှက်လုပ်တတ်ကြ၏။ ကိုယ်ချင်းစာနာစိတ်၊ သနား ကြင်နာစိတ်မရှိ။ မေတ္တာတရားဆိုတာမရှိ။ သတ်ကွင်းထဲမှ သားကောင်များဟူ၍ သာ မြင်တတ်ကြ၏။

ယခုသော်ကား ကျွန်တော်တို့သည် ဖြစ်လာနိုင်မည့်၊ မဖြစ်နိုင်သည့် အန္တရာယ်ကို ကျရောက်လာမည်စိုးရိမ်နေမိကြသည်။ ထိုသည်ကား မိမိမကျွမ်း ကျင်သော အရပ်ဒေသ၊ မိမိတို့မဆက်စပ်ဖူးသော ဒေသတစ်ခုနှင့် တစ်နေ့တာ ကုန်ဆုံးသွားသည့် အချိန်ကာလကြောင့်ပင်ဖြစ်၏။

ဆိုးသည်ကား လေကောင်း လေသန့်ကလည်းမရ။ သားကောင်တို့၏ အပုပ်နံ့၊ သွေးတို့၏ ညှီနံ့များက တစ်ခါတစ်ရံ လေနှင့်အတူ အော်ဂလီဆန်စွာ





ရောက်လာသေး၏။ သို့ကြောင့် အညောင်းအညာပြေရန် ကျောဆန့်ရုံလောက် သာပြုနိုင်ကြ၏။

"ဟိတ်လူတွေ သွားကြချေဗျာ။ တဲနောက်ဘက်မယ် ချောင်းရှိတယ်။ လန်းဆန်းသွားအောင် ရေသွားချိုးကြချေ။ ကျုပ်တော့ ပြီးခဲ့ပြီ။ ခင်ဗျားတို့အတွက် ဂျို(ချေ)သားချက်ပေးမယ်။ သွားကြ သွားကြ။ သိပ်မှောင်သွားရင် မကောင်းဘူး"

ထိုလူက ကျွန်တော်တို့အနား ရုတ်တရက်ရောက်လာပြီး ပြောလေသဖြင့် အားလုံး ငြိမ်သက်နေရာမှ လူးရှားလာကြတော့၏။

"ကဲ— ကိုပိုက်၊ ရေသွားချိုးကြတာပေါ့ဗျာ" ဆိုပြီး လင်းမြင့်လှိုင်က လဲလျောင်းနေရာမှ ရုတ်ခြည်းထကာ ကိုယ်တွင် ဝတ်ဆင်ထားသည့် ညစ်ပတ်ပေ ရေနေပြီဖြစ်သော အဝတ်အစားတို့ကို ချွတ်ရင်း ရှေ့မှဦးဆောင်၍ သေနတ်ကို ဆွဲယူကာ ချောင်းရှိရာဘက် ဆင်းသွားလေ၏။ ကိုကြိုင်၊ ကျွန်တော်နှင့် တော အုပ်ကြီး ဦးစံအုန်းတို့သည် လင်းမြင့်လှိုင်နောက်သို့ တစ်ပြိုင်နက်လို လိုက်သွား ကြတော့သည်။

တဲနှင့်ချောင်းသည် ဘာမျှဝေးလှခြင်းမရှိ။ ရေကြည်သော ချောင်းလေးဖြစ်သည်။ အေးလှသည်ဖြစ်သော်လည်း လန်းဆန်းသွားရန် ကြိတ်မှိတ်ရေစိမ်လိုက်ကြသည်။ သည်တော့ ငြီးစီစီစိတ်များ လွင့်ပြယ်သွားကြသည်။ သည်ကြောင့် စိုးရိမ်ကြောင့်ကြ စိတ်တို့သည်လည်း လွင့်စင်ပျောက်ပြယ်သွားလေတော့သည်။ ပြီး နောက်တဲသို့ ပြန်တက်ခဲ့ကြသည်။ တဲရှေ့တွင် ထိုလူသည် ဂျို(ချေ)ကိုဖုတ်ပြီး သည့်အပြင် ကျွန်တော်တို့အတွက် ချက်ပြုတ်၍ပင် နေသေးတော့၏။

တစ်နာရီခန့်အကြာတွင် ကျွန်တော်တို့ရှေ့ ထမင်းဝိုင်းရောက်လာသည်။ ထိုထမင်းပွဲကို ဆာလွန်း၍သာ ကြိတ်မှိတ်စားလိုက်ရခြင်းဖြစ်သည်။ ဂျို(ချေ)သား သည် အင်မတန် နူးညံ့ပျော့ပျောင်းသည့် စားကောင်းသောအသားဖြစ်သော်ငြား ထိုလူချက်ထားသည်မှာ ဖြစ်ကတတ်ဆန်းပေပဲလား။ ထိုသို့ပင် ချက်ပြုတ်တတ် ခြင်းကြောင့်ပေပဲလားတော့ မသိ၊ အစိမ်းလိုက်အတိုင်းပင် ဖြစ်နေတော့၏။ သွေးစ သွေးနပင် မကင်းချင်သေးပေ။ မည်သို့ပင်ဖြစ်စေ ထမင်းစားရသည်မှာ နှစ်ရက် ခန့်ရှိပြီဖြစ်သည်ကြောင့် ယခုစားရသော ထမင်းသည် ကောင်းမှန်းသိသော်လည်း စားဝင်သွားသေး၏။

ကျွန်တော်တို့စားသောက်နေကြစဉ် တဲအနီးတစ်ဝိုက်တွင် ကျွန်တော်တို့ ကို လာရောက် အကဲခတ်ကြည့်နေကြသည့် လူအချို့ကို သတိထားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ရောက်လာသည်ကို နှစ်မြို့လိုလားဟန်မတူချေ။ လူများစု ဖြစ်သော သူတို့သည် ကျွန်တော်တို့လူစိမ်းလေးယောက်ထက် သေနတ်လေးလက် ကို ကြောက်ကြ၍ မပြောသာ၊ မပြောရဲ၊ မပြောဝံ့သည်သာ ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့အား အန္တရာယ်တစ်စုံတစ်ရာ ပေးလာကြ သည်မဟုတ်။ သို့ကြောင့် မသိကျိုးကျွန်သာ နေလိုက်၏။ စားသောက်ပြီးကြ သည်နှင့် ထိုလူသည်–

"ကဲ –ခင်ဗျားတို့ မောပန်းနေပြီ။ အိပ်ချင်သပဆို အိပ်ကြ။ ကျုပ်ဆီမှာ တော့ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးမရှိဘူး။ ဘာမှ မရှိဘူး။ အိပ်တတ်သလို သာအိပ်လိုက်ကြဗျာ" ဟု ပြောပြီး အခြားတဲများရှိရာဘက် ထွက်သွားလေတော့ ၏။ ထိုလူပုံပန်းသဏ္ဌာန်ကြည့်ရသည်မှာ လူရိုင်းတစ်ယောက်ဟု ထင်ရသော် ငြား လူမှုရေးတော့ဖြင့် ကျေပွန်လေ၏။

ထိုလူထွက်သွားသည်နှင့် ကျွန်တော်တို့သည် ထင်းမီးဖိုလိုက်ကြပြီး စကား စမြည်ပြောနေကြ၏။ အိပ်ချင်စိတ်လည်း မရှိကြသည်ကိုး။ တဒင်္ဂအကြာတွင်–

"ဝေါင်း"

ကျယ်လောင်စွာ ဟိန်းထွက်လာသည့် ကျားဟိန်းသံကြီးကို ကြားလိုက် ကြသည်ကြောင့် ကြက်သီးမွေးညင်းများပင် ထမိကြ၏။ ကျားဟိန်းသံသည် ဝေးဝေးလံလံမှ မဟုတ်။ ဒီတဲစုများပတ်ဝန်းကျင်မှ ထွက်လာခြင်းဖြစ်သည်။

ကျားဟိန်းသံကြီးသည် ထိုတစ်ကြိမ်နှင့်ပင်မပြီး။ ကျွန်တော်တို့ ရှိနေသည့် တဲမှ လွဲ၍ တခြားတဲများနံဘေးမှ တဝေါင်းဝေါင်းဖြင့် ကျားဟိန်းသံများ ဆူညံစွာ ကြားလိုက်ကြရခြင်းကြောင့် လွန်စွာပင် ကြောက်ရွံ့လာမိသည်ဖြစ်၍ သေနတ် ကိုယ်စီဆွဲယူကာ အရံသင့်ပစ်ခတ်နိုင်ရန် မောင်းတင်ထားလိုက်ကြ၏။ တစ်ဆက် တည်းမှာပင် စောစောက ထွက်သွားသော လူအတွက် စိုးရိမ်မိကြသေးသည်။

သို့ရာတွင် ထိုကျားဟိန်းသံများကြားမှပင် ထိုလူသည် ကြောက်ရွံ့ခြင်း အလျဉ်းမရှိဟန်ဖြင့် အေးအေးလူလူ လျှောက်ပြန်လာသည်ကို အံ့သြဖွယ်တွေ့ရ၏။

ထို့ထက် ပိုအံ့သြဖွယ်ကောင်းသည်မှာ ကျွန်တော်တို့ရှိနေသည့်တဲနှင့် အတော်လှမ်းလှမ်းတဲနံဘေးတွင် လူနှစ်ယောက်နပန်းလုံးသတ်ပုတ် ဆော့ကစား နေသည်ကို လှမ်းမြင်လိုက်ရခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့ပဲ အမြင်လွဲ၊ အကြားမှားနေသည်လားမသိ။ ထိုသူနှစ် ယောက် နပန်းလုံးသတ်ပုတ် ဆော့ကစားနေရင်း အော်ဟစ်သံမှာ ကျားဟိန်းသံ





များနှင့် ရောနေ၍ပေလားမသိ။ နားကြားလွဲနေသည်ကြောင့်လားမသိ သူတို့ အသံသည် ကျားဟိန်းသံများနှင့် ဆင်သည်ဟု ထင်မိ၏၊ သို့ကြောင့် ကျွန်တော်တို့ လေးယောက်သည် ထိုနှစ်ယောက်ကို လှမ်းကြည့်အကဲခတ် နားစွင့်နေမိကြစဉ်–

"ခင်ဗျားတို့ မအိပ်သေးဘဲကိုး။ လာကြဗျာ တဲထဲ ဝင်ထိုင်ကြလေဗျာ"

မျက်စိမျက်နှာပျက်နေသည့် ထိုလူသည် ကျွန်တော်တို့ အကြည့်ကို အာရုံ လွှဲလိုဟန်ဖြင့် တဲထဲ ဝင်ထိုင်နေကြရန် ခေါ်နေသည်ကြောင့် ကျွန်တော်တို့သည် လည်း အိမ်ရှင်စကား မပယ်ရှားလိုသည်ကြောင့် ခပ်လှမ်းလှမ်းမှ နပန်းလုံး ဆော့ ကစားနေကြသည့် လူနှစ်ယောက်ကို ကဲကြည့်လိုက်သည်။ မမြင်ရတော့ချေ။ ဘယ်ရောက်သွားလေသည်မသိ။ ကျွန်တော်တို့သည် စကားစမြည်ပြောနေကြစဉ် ထိုလူသည် တဲတွင်းထောင့်တစ်နေရာတွင် ဝပ်၍ ငြိမ်သက်စွာ အိပ်နေသည်ကို ကြည့်ရင်း ကျွန်တော်တို့သည် ရယ်မိကြမလိုပင် ဖြစ်ကြသေး၏။ တကာယ်ဆိုလျှင် လူသားတို့ အိပ်ကြပြီဆိုလျှင် ပက်လက်အိပ်ချင်အိပ်မည်၊ ဘယ်ဘက်သော် လည်းကောင်း၊ ညာဘက်သော်လည်းကောင်း တစောင်းလှဲအိပ်ချင်အိပ်မည်။ သို့မဟုတ် တစောင်းကွေး၍ အိပ်ချင်အိပ်မည်။ သို့မဟုတ် အဆုံးစွန်မှောက်၍ အိပ်ချင်အိပ်မည်။ ယခု ထိုသူကား ထိုသို့မဟုတ်။ ခြေလက်အစုံကွေး၍ ဝပ်ကာ အိပ်နေသည်မှာ ဆန်းလှပေတော့၏။ ရယ်စရာလည်းကောင်း၏။ အံ့သြဖွယ် လည်းဖြစ်တော့၏။

ကျွန်တော်တို့သည်လည်း စိုးရိမ်ပူပန်မှုကြောင့် ထိုတစ်ညလုံး ကောင်း ကောင်းမအိပ်ကြရ။ ကြက်အိပ်ကြက်နိုးနှင့်ပင် မိုးလင်းခဲ့ကြရ၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘူးဆိုသော်လည်း ဘိုလူမည်သည့်အချိန်က ဘယ်လိုထွက်သွားလေသည်မသိ။ ကျွန်တော်တို့ အိပ်ရာနိုးပြီး ချောင်းတွင်း ဆင်း၍ မျက်နှာသစ်ပြီး ပြန်တက်အလာတွင် ထိုလူ ပြန်ရောက်နှင့်ပြီးဖြစ်နေသည်ကို တွေ့ရ၏။

ကျွန်တော်တို့စားရန်အလို့ငှာ ကျီ(ချေ)သားမီးကင် လုပ်ထားပြီးဖြစ်နေ၏။ ထုံးစံအတိုင်း မကျက်တကျက်ပင်ဖြစ်တော့၏။ ထိုလူ့ကို အားနာလှသည်ကြောင့် ဘာမျှမပြောဘဲ ကြိတ်မှိတ်စားလိုက်ကြ၏။ မနေ့က စားရသည်မှာ ဆာလောင် နေခြင်းကြောင့် စားဝင်သွားသော်လည်း ယခု ထိုအသားမီးကင်သည် ညှီစို့စို့ဖြစ် နေခြင်း၊ သွေးစသွေးနတို့ ရှိနေခြင်းကြောင့် ပျို့အန်ချင်စိတ်ကို မနည်းကြီး ထိန်း ချုပ်ထားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည်ကား အနံ့အရသာ ထူးကဲလှစွာသော နတ်သုဒ္ဓါကို စားနေသည့်ပမာ အားပါးတရ စားနေသည်ကို တွေ့ရ၏။ ထူးဆန်းဝါပေ့ ကိုလူသား ရယ်။

ထိုလူသည် ထိုသို့ အားပါးတရစားနေရင်း ကျွန်တော်တို့ကို ပြုံးပြကာ–

"ကဲ–စားပြီးကြရင် သွားကြမယ်။ စမ်းကြီးရွာသွားတဲ့ လမ်းဆုံ ပန်းပုတ်ကြီးစခန်းကို လိုက်ပို့ပေးမယ်။ အဲဒီကနေ ဖြူးနေတဲ့ ဆင်လမ်းအတိုင်းသာ လိုက်လျှောက်သွား။ စမ်းကြီးရွာကိုရောက်မယ်" ဟု ပြောလေသည်။

ဒေသခံမုဆိုးကြီး ကိုကြိုင်က "ရတယ်၊ ရတယ်၊ အဲဒီလောက်ဆိုရင် ကျွန်တော်တို့ စမ်းကြီးရွာကို သွားတတ်ပြီ" ဟု ဝင်ပြော၏။

"ဒါဖြင့် သွားကြမယ်ဗျာ" ဟု ဆိုကာ ထိုလူသည် ရုတ်တရက် ထသွားလေသည်ကြောင့် ကျွန်တော်တို့သည်လည်း စိတ်မြန်ကိုယ်မြန်ရှိသော ထိုလူ့နောက်သို့ ကမန်းကတန်း လိုက်သွားကြရတော့၏။

ခပ်လှမ်းလှမ်းနေရာသို့ရောက်သည်တွင် ဘာစိတ်ကူးပေါက်သည်မသိ ခြေလှမ်းများကို ရုတ်တရက် ရပ်လိုက်ကာ ကျွန်တော်တို့ဘက်လှည့်ပြီး–

"အရေးကြီးတာ တစ်ခုမှာထားဦးမယ်။ သွားရင်းလာရင်း ကျားဟိန်းသံတွေ ကြားရင် ဘာမှ မတုန်လှုပ်နဲ့။ ဘာမှ အန္တရာယ်မရှိနိုင်ဘူး။ စိတ်ချ။ ကိုယ့်လမ်း ကိုယ်သွားကြပါနော်။ ကျုပ်နောက်ကသာလိုက်။ အဲဒီကောင်တွေကိုလည်း အန္တရာယ်ပေးဖို့လဲ မကြိုးစားပါနဲ့။ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွားပေါ့ဗျာ" ဟု မှာလေ၏။ ထိုသူ့စကားကြောင့် အံ့သြရပြန်သေး၏။ ဘယ်လိုလူပါလိမ့်ထားပါလေ။ အရေးကြီးတာ ကျွန်တော်တို့ စမ်းကြီးရွာကို ယနေ့ရောက်ဖို့ပင် မဟုတ်ပါကလား။ သို့ကြောင့် ထိုလူစကားကို မည်သူကမျှ မည်သို့မျှ စောဒကတက်။ ခွန်းတုံ့ပြန်မနေကြတော့ပါ။

တောင်ကြောလေးတစ်ခုဖြတ်ပြီး တစ်ဖက်တောင်ကြောအဖြတ်တွင် အနီးရှိ တဲအတွင်းမှ ကျားဟိန်းသံ ရုတ်တရက်ကြားလိုက်ရသည်ကြောင့် ခြေလှမ်းများ တုံ့ခနဲဖြစ်ပြီး ရင်ထိတ်သွားသည်။ ကမန်းကတန်း တဲဝသို့လှည့်၍ သေနတ် ပြောင်းချိန်လိုက်သည်။ လင်းမြင့်လှိုင်နှင့် ကိုကြိုင်သည်လည်း ကျွန်တော့်ကဲ့သို့ပင် အရှိန်သင့် ကာကွယ်ပစ်ခတ်ရန် ချိန်ရွယ်ထားပြီးဖြစ်နေသည်ကို မြင်လိုက်သော ထိုလူသည် ထိတ်လန့်တကြားဖြစ်သွားကာ– "မလုပ်နဲ့ မလုပ်နဲ့။ လာကြ လာကြ" ဟု ပြောရင်းဆိုရင်း အတင်းခေါ်နေလေတော့၏။ ထိုလူ အတင်းအဓမ္မ ခေါ်နေသည်





ကြားမှပင် တဲအတွင်းရှိ လုံးထွေးသတ်ပုတ်နေသံများ ဆူညံစွာကြားရသည်ကြောင့် ထိုတဲအတွင်းရှိနေမည့် လူသားအတွက် စိုးရိမ်မိသွားသဖြင့်–

"တဲထဲကလူကို ကျားဝင်ဆွဲနေပြီထင်တယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

"ဟုတ်တယ်ကိုပိုက်။ ကျုပ်တို့ သည်အတိုင်းကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ" ဆိုကာ လင်းမြင့်လှိုင်သည် ထိုတဲအဝသို့ တိုးကပ်သွားသည်ကြောင့် ကျွန်တော်နှင့် ကိုကြိုင်သည်လည်း လင်းမြင့်လှိုင်နှင့် အတူ ယှဉ်တွဲ၍ တဲဝသို့ ကပ်သွားလိုက်၏။

"ဟိတ်လူတွေ၊ အဲဒီကိုမသွားနဲ့၊ မသွားနဲ့" ရယ်လို့ မျက်စိမျက်နှာပျက်စွာဖြင့် အတန်တန် အော်ဟစ်တားနေရင်း ထိုလူသည် ကျွန်တော်တို့နောက်ပါးမှ ကပ်ပါလာလေ၏။ သို့ကြောင့်–

"အိုဗျာ၊ ခင်ဗျားဟာအတော်အတ္တဆန်တဲ့လူ။ ဒီဟဲ့ထဲရှိနေတဲ့လူဟာလည်း ခင်ဗျားတို့လူပဲမဟုတ်လား။ သူ့ကို ကျားဝင်ဆွဲနေတာကို ကျုပ်တို့က လက်နက်တွေ ရှိနေလျက်နဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလားဗျ" ဟု ကျွန်တော်က ထိုလူ့ကို ငေါက်ငမ်း၍ ပြောလိုက်၏။ ပြီးနောက် တစ်ဆက်တည်း ဆိုသလိုပင် တဲခေါင်မိုးစွန်းသို့ သေနတ်ကို မ,တင်၍ ခြောက်ပစ် ပစ်လိုက်သည်။

"ဒိုန်း"

တကယ်တော့ တဲအတွင်းရှိ အန္တရာယ်ကောင်ကျားကို ခြောက်လှန့်ထုတ်လိုက်ခြင်းဖြစ်သည်။ ရမ်းသန်း၍ တဲအတွင်း ထိုးပစ်လိုက်မည်ဆိုပါက လူသားကို ထိမှန်သွားလျှင် မခက်ပြီလော။ ခြောက်လှန့်သေနတ်သံကြောင့် တဲအတွင်းရှိ ကျားသည် ထွက်ပြေးသွားနိုင်သည် မဟုတ်ပါကလား။

"ဒိုန်း"

"ဒိုန်း"

လင်းမြင့်လှိုင်နှင့် ကိုကြိုင်တို့လက်တွင်း သေနတ်ကျည်များသည်လည်း ပြင်းထန်စွာ ပေါက်ကွဲထွက်သွားကြပြန်၏။ ထိုသေနတ်သံများ ထွက်လာပြီးသည်နှင့် တဲအတွင်းမှ သန်မာထွားကျိုင်းသော လူနှစ်ယောက်သည် တဲဆောင်ပေါက်က ထွက်လာပြီး တဲအောက်ခုန်ချကာ တောထဲသို့ ဆင်းပြေးသွားကြ၏။ အင်မတန်မှ အံ့သြဖွယ်ကောင်းလှပေသည်။ ထိုသို့ ခုန်ချထွက်ပြေးရင်း သူတို့သည် "ဝေါင်း ဝေါင်း" နှင့် ကျားဟိန်းသံကဲ့သို့ အသံပြု၍ သွားကြခြင်းပင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပါလိမ့်။ ကျွန်တော်တို့ထင်ထားသလို မဟုတ်ဘဲ လုံးဝလွဲချော်နေပြီပဲ။ တဲအတွင်း ဘာကျားမှမရှိ။ ဘာကျားကမှ လူသားကို ဝင်ရောက်ကိုက်ဖဲ့ကုတ်သတ်နေခြင်းမဟုတ်။ ကျားဟိန်းသံကိုယ်စီဖြင့် တဲပေါ်မှ ခုန်ချထွက်ပြေးသွားသော လူနှစ်ယောက်ကြောင့် အံ့ဩမှင်တက်သွားကြ၏။ ပြီးမှ တစ်ပြိုင်နက်အဖြေမှန် တစ်ခုကို ရှင်းရှင်းကြီးသိလိုက်ရပြီဖြစ်၍ ကျွန်တော်တို့၏ လမ်းပြဆိုသူကိုပြိုင်တူလှည့်ကြည့်လိုက်ရင်း လက်တွင်းမှ သေနတ်ကိုယ်စီဖြင့် ထိုးချိန်လိုက်သည်။ ထိုသူသည် မျက်နှာချွေးစီးများပျံကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကျွန်တော်တို့အားအသနားခံ ငေးကြည့်နေရှာ၏။ သို့ကြောင့်–

"ကဲ–မှန်မှန်ပြောစမ်း။ ခင်ဗျားတို့က ဘာတွေလဲ၊ ဘယ်လိုတွေလဲ"

ကျွန်တော်သည် ခပ်မာမာ ခပ်ဆတ်ဆတ် မေးလိုက်၏။

"ကျုပ် အမှန်အတိုင်းပြောပါ့မယ်။ ကျုပ်ကို မသတ်ကြနဲ့ဗျာ။ ခင်ဗျားတို့ကိုလည်း ဘာအန္တရာယ်မှ ပေးကြမှာ မဟုတ်ပါဘူး" ရယ်လို့ တောင်းတောင်းပန်ပန်ဖြင့်ပြောနေလေ၏။ သူကြည့်ရသည်မှာလည်း ကျွန်တော်တို့ကိုဘယ်လိုမှအန္တရာယ်ပေးမည့်သူ၊ ပေးနိုင်မည့်သူ မဟုတ်မှန်း ကောင်းစွာသိနေခြင်းနှင့် စမ်းကြီးရွာကိုလိုက်ပို့ပေးမည့်သူ ဖြစ်နေသည်ကြောင့်–

"ခင်ဗျားကို မသတ်ပါဘူးဗျာ။ ကျုပ်တို့ကို စမ်းကြီးရွာ သွားလမ်းကိုသာလိုက်ပြပေးစမ်းပါ။ ပြီးတော့ သွားရင်းလာရင်း ခင်ဗျားတို့အကြောင်း ပြောပြစမ်းပါ" ရယ်လို့ ကျွန်တော်ကပြောလိုက်တော့မှ ထိုလူသည် အကြောက်ပြယ်သွားကာ ရှေ့မှ ဦးဆောင်သွားရင်း သူတို့အကြောင်းကို ပြောပြလေတော့၏။

ထိုသူတို့က လူသားစစ်စစ်များဖြစ်ကြ၏။ မျိုးရိုးစဉ်ဆက်အရ သမန်းကျားဟု ခေါ်သော လူသားမျိုးနွယ်စု ဖြစ်ကြ၏။ လူစင်စစ်က ကျားစိတ်ဝင်ပြီးကျားကဲ့သို့ ခွန်အားတွေပြည့်၊ သန်မာလာကြပြီး စိတ်ပြောင်းလဲသွားကာ သားကောင်တို့ကို မဖမ်းရမနေနိုင်စိတ်များ ဖြစ်ပေါ်လာတတ်ကြသည်ဟု သူ့အပြောအရ သိရသည်။ ထိုသို့ စိတ်ရိုင်းများဝင်လာပါက သူတို့သည် သာမန်လူသားများနှင့် နီးနီးမနေကြတော့ဘဲ ယခုကဲ့သို့ တောတောင်ထဲတွင် အစုလိုက် လာရောက်နေထိုင်ကြခြင်း ဖြစ်သည်ဟု ပြောပြသည်။ ထိုလူအပြောကို ကျွန်တော်တို့ကအခြားတစ်ယောက်ကို ပြန်ပြောပြလျှင် ယုံချင်မှ ယုံကြပေလိမ့်မည်။ ကျွန်တော်တို့တောင်မှ မျက်မြင်ကိုယ်တွေ့မို့ လက်ခံယုံကြည်ရခြင်းဖြစ်သည်။

ကျွန်တော်တို့ ငယ်ငယ်ကကြားဖူးသော သမန်းကျားဆိုသည်မှာ ထိုလူတို့ကို ပြောခြင်းများပေပဲလား။





ကျွန်တော်တို့ကြားဖူးသည်နှင့် ကွဲလွဲသည်ကား ထိုသူတို့သည် သမန်းကျားများလို လူစင်စစ်ကနေ ကျမ်းတစ်ပတ်ထိုးလိုက်သည်နှင့် ကျားကောင်ကြီးကဲ့သို့ ရုပ်ခန္ဓာ ပြောင်းလဲသွားခြင်းတော့ မရှိသော်လည်း စရိုက်လက္ခဏာနှင့်တ်သည်သာ ကျားတစ်ကောင်ကဲ့သို့ ဖြစ်သွားကြောင်း ကျွန်တော်တို့ အသိဆုံးင်ဖြစ်၏။

ထိုသူတို့ဘဝကား သနားစရာပင် ကောင်းသေးတော့၏။ သူတို့အကြောင်းပြောရင်း သွားရင်း ပန်းပုတ်ကြီးစခန်းသို့ ရောက်လာခဲ့ကြသည်။ မနက်စတည်းက ထွက်လာသည်မှာ နေမွန်းတည့်ကျော်မှပင် ရောက်လာကြရခြင်းစ်သည်။ ပန်းပုတ်ကြီးစခန်းမှ စမ်းကြီးရွာသွားဆင်လမ်းသည် ထိုလူပြောသလို၍နေ၏။ သို့ကြောင့် နောက်ထပ်လမ်းမှားစရာအကြောင်း မရှိနိုင်တော့ချေ။

ထိုလူသည် ကျွန်တော်တို့နှင့် လမ်းခွဲခါနီးတွင် ကျွန်တော်တို့ကို လိုက်သည့်အတွက် ငွေတစ်ထောင် ထုတ်ပေးသော်လည်း သူက မယူဘဲ လုံးဝငြင်းန်ရင်း သူ့အား ကျေးဇူးဆပ်လိုပါက လူလောကကြီးအတွင်း သူတို့လို လူကျားး ရှိနေခြင်း၊ ဘယ်အရပ်ဒေသတွင် ရှိနေသည်ကို လူအများအချင်းချင်း စာနားလည်စွာဖြင့်လည်းကောင်း သူတို့ဘဝရှေ့ရေးကို ငဲ့ညှာသောအားဖြင့်ည်းကောင်း မည်သူ့ကိုမျှ ပြန်မပြောပါရန် ကတိတောင်းခံလာသည်ကြောင့်စ်နှစ်လျှင် ယခုလို ဆောင်းဦးပေါက်မှ နွေဦးအစရာသီအထိသာ ဖြစ်ပေါ်လာတ်သည့် သူတို့၏ မူမမှန်စိတ်ကို နားလည်စွာဖြင့် သူတို့ဘဝရှေ့ရေး ငဲ့ကွက်ရယ်ဖြစ်သည်ကြောင့် သူတောင်းခံလာသည့် ကတိကို ပေးခဲ့ကြတော့၏။

သို့ကြောင့်လည်း ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်မှာ ဘာလူတွေရယ်လို့ စာထဲတွင် ထည့်မရေးခဲ့ခြင်းသာ ဖြစ်ပေတော့သတည်း။

[ စစ်ပြန်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၉၇ ]

[ မုဆိုး၏ မုဆိုးများဝတ္ထုတိုပေါင်းချုပ် ၁၉၉၈ ]



www.burmeseclassic.com

www.burmeseclassic.com

# အစွဲ



## အစွဲ

မိုးကုန်စ၊ ဆောင်းကာလအစဖြစ်သည်ကြောင့် ဥက္ကံချောင်းသည့် ရေများ ရှိနေသေး၏။

သည်လမ်းခရီးကို အချိန်ကာလမှန်းဆ၍ လာခဲ့ကြခြင်းဖြစ်သည်။ မိုးမ ပြတ်သေး၍လည်း မဖြစ်။ သွားရေးလာရေး ဒုက္ခရောက်မည်ကိုလည်း စိုးရိမ်သေး ၏။ ကျန်းမာရေးကအစ တွက်ရသေး၏။ သို့ပေမင့်လည်း ချောင်းအိုင်အတွင်း ရေရှိနေဦးမှ ဖြစ်သည်ကြောင့် မိုးပါးပြီး ယခုလို မိုးကုန်စ ဆောင်းအကူး ကာလ လေးတွင် ခရီးထွက်ခဲ့ကြခြင်းဖြစ်၏။

နှစ်ရက် ခရီးခန့် ကြာသည့်အခါတွင် စဥ့်အိုး၊ ကျောက်ခုတင်သို့ပင် ရောက် လုနီးပေပြီ၊ ထိုနေရာတွင် တစ်ရက်စခန်းချနားပြီး နောက်တစ်နေ့မနက် စောစော ခရီးထွက်ကြမည်ဆိုပါလျှင် နေမွန်းလွဲလောက် "မိကျောင်း" ချောင်းသို့ ရောက် ကြပေမည်။

"တကယ်ပြောတာ ကိုဘသောင်းရဲ့။ ကျုပ်တို့လေးတွေ ဝါးခုတ်တကျက်ရင်း မျက်စိနဲ့ တပ်အပ်မြင်ခဲ့ကြတာဗျ"

သွားရင်းလာရင်း လမ်းပြကြီး စောအောင်ဝင်းက ကွမ်းတမြုံ့မြုံ့၊ ကွမ်းတံ တွေး တပြစ်ပြစ်ထွေးရင်းပြော၏။

"ကျုပ်တော့ လိုက်သာလာခဲ့ရတယ်၊ ဖြစ်နိုင်လိမ့်မယ် မထင်ပါဘူးဗျာ"

"ဖြစ်နိုင်ချေလည်း ရှိပါတယ်၊ မြစ်ရေတက်ရင် ချောင်းရေတက်လာပေါ့။ ဒီရေတက်နဲ့မျက်စိလည်လမ်းမှား ရောက်လာနိုင်တာမဖြစ်ပေဘူးလား။ ခင်ဗျား လည်း ကြားဖူးမှာပေါ့။ တစ်ရံတစ်ခါ ဆေလင်ါးကြီးတွေတောင် လမ်းမှားပြီး ကမ်းခြေ တွေနား ရောက်လာတတ်ကြသေးတာပဲ၊ ဟဲ..ဟဲ..ဟဲ ဒီတော့ မြစ်နဲ့ ဘာမှ မဆော် ဥက္ကံချောင်းကြီးထဲ "မိကျောင်း" တွေ့တယ်ဆိုတာ ဖြစ်နိုင်တာပေါ့ ဗျာ" ဟုယ်သို့ ရိုးပန်း၍ စိတ်ပျက်အားလျော့နေသည့် ဦးမင်းသူအား စောအောင်ဝင်းက ပြော၏။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ၊ ဖွတ်မှရ စားမဆုံးကိန်းတော့ မရှိပါဘူး။ "မိကျောင်း"မရ မျောက်ပစ်ပြန်ရတာမေ့။ မိကျောင်းချောင်းဖျားမှာ မျောက်တအားပေါတယ်လို့ သူကြီးဦးဖိုးစိန်က ပြောတာပဲ"

ဦးမင်းသူက ပြောလိုက်သည့်တွင် စောအောင်ဝင်းက ကွမ်းတံတွေးကို ပြစ်ခနဲထွေးလိုက်ပြီး

"တောမုဆိုးဆိုတာ သားကောင်မရဘဲ ရွာပြန်ရိုးထုံးစံမရှိဘူး အနည်းလေး ဖွတ်၊ ဒါမှမဟုတ် တောကြက်ကလေး၊ ရစ်ကလေးတော့ ရွာအပြန်အပါရှာခဲ့ကြရတာပဲ၊ ဟုတ်တယ်မဟုတ်လား ဦးဘသောင်း ဟဲ...ဟဲ"

ရယ်သွမ်းသွေး၍ ဦးဘသောင်းကို မသိမသာလေး မြှောက်ပင့်၍ ပြောလိုက်သည်။

သို့ဖြင့် စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာ နေ့လယ်ခင်းလောက်တွင် စဉ့်အိုးသို့ရောက်ခဲ့ကြတော့၏။ စဉ့်အိုးစခန်းတွင် ခေတ္တနားနေ၊ ဆေးလိပ်သောက်၊ ကွမ်းဝါးရင်း အပန်းဖြေလိုက်သည်။ ကွမ်းတစ်ယာ ညက်လောက်တွင် ထိုနေရာမှ ဘာမျှမဝေးတော့သည့် ကျောက်ခုတင်စခန်းသို့ ခရီးဆက်ခဲ့ကြပြန် သည်။

ထိုမှ တစ်ဖန် ကျောက်ခုတင် စခန်းသို့ ရောက်ခဲ့ကြသည့်တွင် တစ်ညတာ နားနေစခန်းအလို့ငှာ အရံသင့် ရှိနေသည့် ဝါးခုတ်ထဲဟောင်းတစ်ခုကို ပြုပြင်မွမ်းမံလိုက်ကြ၏။ ဆောင်းကာလ စောပိုင်းဖြစ်သော်ငြား မိုးတွင်းလိုပင် စိုစိုစွတ်စွတ်ဖြစ်နေသေး၏။ သို့ကြောင့် မခြောက်တခြောက် ထင်းများကောက်၍ ခက်ခက်ခဲခဲ မီးဖိုလိုက်ကြသည်။

ညစာအလို့ငှာ သွားရင်းလာရင်း ပစ်ခတ်ရရှိထားသည့် တောကြက်တစ်ကောင်နှင့် ဖွတ်သေးသေးလေးတစ်ကောင်ကို မီးကင်လိုက်ပြီး ကင်းမတီးကျေးရွာသူကြီး ဦးဖိုးစိန်ပေးလိုက်သည့် ထန်းလျက်အရက်ဖြင့် စကားစမြည်ပြောရင်း မြည်းစားနေလိုက်ကြတော့သည်။

ဤလမ်းခရီးကို ရောက်လာခဲ့ကြခြင်းသည် လမ်းမြကြီး စောအောင်ဝင်းကြောင့်ဖြစ်တော့၏။ သူ၏တူကလေးနှစ်ယောက် ဝါးခုတ်သွားရင်း မိကျောင်းချောင်းတွင် "မိကျောင်း" တွေ့ခဲ့သည်ပြော၍ မုဆိုးဦးဘသောင်းကို ပြောပြလေသည်။ သည်တော့ဦးအသောင်းကလည်း သူ့မိတ်ဆွေ ဦးမင်းသူကိုခေါ်၍ မိကျောင်းပစ်ရန် ခရီးထွက်လာခဲ့ခြင်းဖြစ်ပေတော့သည်။





တောင်ပေါ်မိကျောင်းတက်သည်ကို တစ်ခါမျှ မကြားဖူးသည်ဘဲ၊ အံ့သြစရာပေါ့။ အသေအချာ ပြောပြနေပြန်သဖြင့် စူးစမ်းလိုခြင်း၊ တောတိရစ္ဆာန်များသာ ပစ်ခတ်နေရသည်ဖြစ်၍ ရေဘုရင်ဟု ခေါ်နိုင်လောက်သည့် မိကျောင်းကိုလည်း ဘာရယ်မဟုတ် ပစ်ခတ်လိုစိတ်များ သူတို့တွင်ဖြစ်ကြသည်ကိုး။ သို့ကြောင့် ယခုကဲ့သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ခရီးပန်းလာကြသည်ဖြစ်၍ပေလား၊ ဖွတ်သားကြောင့်ပင်လား။ သို့မဟုတ် သူကြီးဦးဖိုးစိန်ရဲ့ ထန်းလျက်အရက်ကပဲ အစွမ်းသတ္တိပြလေသည်လား မသိ၊ အားလုံးကြမ်းခင်းပေါ် ကျောချလိုက်သည်နှင့် အိပ်ပျော်သွားကြတော့သည်။

မည်မျှ သတိလက်လွတ်အိပ်ပျော်သွားသည်မသိ၊ ဆူဆူညံညံ ဈီးကွက်သံကြောင့် အားလုံးနိုးလာကြတော့၏။

"မင်္ဂလာရှိလိုက်တာဗျာ။ မင်္ဂလာပါ ရွှေဈီးကွက်ရယ်" ဟု တဲခေါင်းရင်းရှိ ထိန်ပင်ပေါ်မှ မင်္ဂလာသံပေးနေသည့် ဈီးကွက်ကို မော့ကြည့်ရင်း ဦးမင်းသူက ပြောလိုက်၏။

ချောင်းရေဖြင့် မျက်နှာသစ်ခြင်း အမှုကို ပြုကြပြီးနောက် ညက မကုန်ဘဲ ကျန်နေသည့် တောကြက်သားကင် အနည်းငယ်ကို ဘောက်ယူ ဝါးလိုက်ကြပြီး ခရီးထွက်ခဲ့ကြပြန်သည်။

မြောင်လေးတွေကို ဖြတ်ရင်းတောင်ကြောလေးတွေကို ကျော်ဖြတ်ရင်း မိကျောင်းချောင်းသို့ ရောက်ခဲ့ကြတော့သည်။ ထိုမှ တစ်ဖန် မိကျောင်းချောင်းကမ်းပါး တောင်စွယ်တောင်ကြောအတိုင်း အထက်သို့ တောတိုးခဲ့ကြသည်။

သို့ဖြင့်–

မိကျောင်းချောင်းဖျားသို့ ရောက်လာကြသည့်အခါတွင် လွန်စွာမှုသာယာ၍ ကြည်နူးစဖွယ်ဖြစ်သော အိုင်ကြီးတစ်ခုကို တွေ့လိုက်ကြသည်။

အိုင်ပတ်မတ်လည်ရှိ ချုံနွယ်ပင်၊ ဝါးပင်၊ ငှက်ပျောပင်၊ မြက်ရိုင်းပင်ရှည်တို့၏ နောက်ကွယ်ရှိ သစ်တောအုပ်အစပ်မှ ပျံ့လွင့်ထွက်လာသည့် ကျေးငှက်တို့၏ အသံ၊ ကျီ(ချေ)တောက်သံတို့ကြောင့် လွမ်းဆွတ်ကြေကွဲဖွယ်ခံစားလိုက်ကြရသည်။

အိုင်စပ်ရှိ မြက်ရိုင်းပင်များအဖျား နားနေသည့် လိပ်ပြာလေးများ၊ ပုဇွန်းကောင်များသည် လူသံတို့ကြောင့် ရုတ်တရက် ထပျံခိုက်၊ ပြန်နားနေလိုက်နှင့်ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေအိုင်မျက်နှာပြင်သည် ငြိမ်သက်ကာ စိမ်းလဲ့နေ၏။ ဦးဘသောင်းတို့သုံးဦးသည် အိုင်ကိုကြည့်ရင်း လွမ်းဆွတ်ကြည်နူးခံစားနေကြရာမှ မြွန်းခနဲ အိုင်အတွင်းမှ ကြားလိုက်ရသည့် ရေပွက်သံကြောင့် သေနတ်ကိုယ်စီ မောင်းတင်ပြီးဖြစ်သွားကြသည်။ အားလုံးက အမဲလိုက် မုဆိုးတွေ။ ဘာများလဲလို့ ရှူးစမ်းကြည့်လိုက်ရာမှ ဖျံကောင်ဖြစ်နေသည်ကြောင့်—

"ဒိန်း"

ဦးမင်းသူက လက်သွက်သည်။ သူ့လက်တွင်းမှ သေနတ်ကျည်ထွက်သွား၏။ မြန်၍ သွက်လက်ပေငြား ပစ်မှတ်လွဲချော်သွား၏။

"တောက်" တစ်ချက်ပြင်းပြင်းခေါက်ကာ ထပ်မံပစ်ရန် ကြိုးစားလိုက်သော်လည်း ဖျံကောင်ကား ဘယ်ဆီရောက်သွားလေသလဲမသိ၊ အိုင်ပတ်ပတ်လည်ကျောက်ဆောင်၊ ကျောက်ကမ်းပါးယံများကြား ပျောက်ကွယ်သွားတော့၏။

အတန်ကြာသည့်တိုင် တိတ်ဆိတ်ငြိမ်သက်နေသည်ဖြစ်၍ အားလုံးသည် ဗိုက်လျှော့လိုက်ကြကာ ရေအိုင်အနီးရှိ ကွက်လပ်ပြောင်ပြောင်တစ်ခုတွင် ထိုင်ချလိုက်ကြပြီး အနားယူ အပန်းဖြေ ခြေလက်ဆန့်လိုက်ကြတော့သည်။

"ကဲ–မိကျောင်းချောင်းကို ရောက်လာကြပြီပဲ၊ ဘာမှ မထူးခြားပါလား။ မိကျောင်းကော တကယ်ရှိပါ့မလားဗျာ"

ဦးဘသောင်းက ညည်းညည်းညူညူပြောလေသည်။

"ကျုပ်တို့တွေ သူတို့ မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပါဗျာ၊ ဦးလေးဘစ်ယောက်လုံးကို တူတွေက ညာမပြောဝံ့ပါဘူး"

စောအောင်ဝင်းက မျှော်လင့်ချက်အပြည့်ဖြင့် ရဲရဲအာမခံပြောနေပြန် သဖြင့် ထိုနေ့ ညနေစောင်းထိတိုင် အိုင်နားတွင် နေလိုက်ကြသည်။

အချိန်တွေ တဖြည်းဖြည်းကုန်သော်ငြား မိကျောင်းနှင့်တူသည့် ထင်းတုံးကိုပင် မတွေ့ကြသည့်ကြောင့် ထိုအိုင်အနီးရှိ ကွင်းပြောင်ပြောင်နေရာလေးတွင် ဝါးဖြင့် တဲထိုးကာ စခန်းချအိပ်လိုက်ကြသည်။

နောက်တစ်နေ့နံနက် ဝေလီဝေလင်းတွင် အားလုံး အိပ်ရာမှ နိုးလာသည်နှင့် ဖားတလက်သံနှင့် ပုစဉ်းရင်ကွဲအသံများကြားမှ ငြိမ်သက်မြဲ ငြိမ်သက်နေသည့် အိုင်ရေပြင်ကို ရှုစမ်းကြည့်နေလိုက်ကြပြန်သည်။ ထိုစဉ် ရေအိုင်စပ် ဝါးတောလေးအတွင်းမှ လျှောနေသတ္တဝါတစ်ကောင် ရေအိုင်တွင်း တစ်ရှိန်ထိုးဆင်းသွားသည်ကို အားလုံးမြင်တွေ့လိုက်ကြသည်တွင်





"ဟာင်"

"ဟာ"

"မိကျောင်း၊ မိကျောင်း"

မျှော်လင့်မထားဘဲ တွေ့လိုက်ကြရသည့် မိကျောင်းတစ်ကောင်ကြောင့် အားလုံးမှင်တက်သွားကြသည်ဆိုသော်လည်း မုဆိုးသက် ဝါရင့်ပြီး အတွေ့အကြုံရင့်ကျက်နေသည့် မုဆိုးဦးဘသောင်းသည် တဲပေါ်ကျန်ရစ်သည့် သေနတ်ကိုလျှပ်တစ်ပြက် ပြေးဆွဲယူကာ ထိုမိကျောင်းထံသို့ ထိုးချိန်ပစ်လိုက်တော့သည်။

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ဆူညံနေသည့် ပုစဉ်းရင်ကွဲသံနှင့် ဖားတလက်အော်မြည်သံများ တိတ်ဆိတ်သွားတော့၏။

တစ်ဖက်အိုင်မှ ငါးနှိုက်နေကြသည့် ဗျိုင်းအောက်များ လန့်ဖျပ်ပျံတက်သွားကြ၏။ ဝပ်ပုန်းနေသည့် မြေဝပ်ငှက်များ တောင်ပံတဖျပ်ဖျပ်ခတ်ကာ ပြေးထွက်ပျံတက်သွားကြ၏။

ဦးဘသောင်း ပစ်လိုက်သော ကျည်သည် မိကျောင်းကို ထိမှန်သွားပုံရသည်။

အိုင်ရေပြင်တွင် သွေးများ ရဲခနဲဖြစ်သွား၏။ မိကျောင်းသည် ရေအောက်သို့ ငုပ်လျှိုးသွားကာ ရေအိုင်နှင့် ဆက်နေသည့် ချောင်းမှ ဘစ်ဆင့် အောက်ဘက်သို့ စုန်ဆင်းသွား၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

ဦးဘသောင်းတို့အားလုံးသည် သေနတ်ကိုယ်စီဖြင့် ချောင်းရိုးအတိုင်းပြေးလိုက်သွားကြသေး၏။ မမီ။

သို့ကြောင့် လက်လျှော့လိုက်ကြကာ ချောင်းဓါးနံဘေးတွင် အနားယူအပန်းဖြေကြပြီး ချောင်းရိုးစပ်မှ ရေစုန်အတိုင်း လျှောက်လာခဲ့ကြရာမှ ကျွန်းဖောင်တစ်ခုကိုမမျှော်လင့်ဘဲ တွေ့လိုက်ကြသည်ကြောင့် ဦးဘသောင်းတို့သည် ချောင်းစပ်ယောမနေပင်နှင့် တွဲချည်ထားသည့် ကျွန်းဖောင်ကို ရေစုန်အတိုင်း မျှောချကာ စီးလိုက်ပါလာကြတော့၏။

"မိကျောင်း" ချောင်းအတိုင်း စုန်ဆင်းခဲ့စဉ်တော့ မည်သည့်ပြဿနာမှ မရှိသေး။

ချောင်းကမ်းစပ်တွင် တွေ့ရသည့် မျောက်တံငါများကိုပင် ပစ်ခတ်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျောက်သုံးကောင်ရသည်။

မိကျောင်းချောင်းမှသည် ကျောက်ချောင်းသို့ ရောက်လာသည်တွင် ရေစီးသည် ကြမ်းလာ၏။ ဖြစ်ချင်တော့မည်သူမျှ ဖောင်စီးဖူးခြင်းမရှိကြ၊ တက်မရှိ ရွက်မရှိ သစ်ဖောင်သည် ရေစီးအတိုင်း ပရမ်းပတာ မျောလာ၏။ ရေစီးငြိမ်စဉ်က မည်သူမျှ စိုးရိမ်ရမှန်းမသိကြပေပြီး ရေစီးကြမ်းသည့် ကျောက်ချောင်းတွင်မတော့ ဦးဘသောင်းတို့တစ်တွေ ကြောက်ရွံ့ထိတ်လန့်ကြကုန်တော့၏။

ရေစီးအတိုင်း ပရမ်းပတာ မျောချင်တိုင်းမျောနေသည့် သစ်ဖောင်ကို မည်သူမျှ ထိန်းကွပ်မထားနိုင်။ ဟိုကမ်းပါးယံ ဝင်တိုက်၊ ဒီကမ်းပါးယံ ဝင်တိုက်နှင့် ကျောက်ချောင်းရေကျ ဥက္ကံချောင်းမကြီးအဝရောက်လုတွင် သစ်ဖောင်သည် ကျောက်ကမ်းပါးယံတစ်ခုကို အရှိန်ပြင်းပြင်းဝင်တိုက်မိသည်ကြောင့် ဖောင်တွဲကြိုးများ ပြတ်တောက်ထွက်ကုန်ပြီး သစ်လုံးတစ်လုံးစီ ပြန့်ကျဲထွက်သွားလေတော့၏။

"ဟာ"

"ဟာ"

"ဟင်"

"သစ်လုံးကို ဖက်တွယ်ထားကြတော့ဟေ့၊ သည်ချောင်းကနက်တယ် ရေစီးလည်းကြမ်းတယ်"

ဥက္ကံရွာသားဖြစ်သည့် စောအောင်ဝင်းက သတိပေးလိုက်၏။ စောအောင်ဝင်း သတိပေးသံကြောင့် ဦးမင်းသူနှင့် ဦးဘသောင်းတို့သည် သစ်လုံးကိုယ်စီ ဖက်တွယ်ထားနိုင်ခဲ့ကြ၏။

ဦးဘသောင်းမှ လွဲ၍ ကျန်လူနှစ်ယောက်က ရေကူးတတ်ကြသည်ဆိုသော်ငြား ရေစီးကြမ်းသော ဥက္ကံချောင်းထဲဝင်လာသည်နှင့် တွယ်မိတွယ်ရာ သစ်လုံးကို ဖက်တွယ်မိန်း၍ အလိုက်သင့် လိုက်ခဲ့ကြရတော့သည်။

ဦးဘသောင်းက ရေမကူးတတ် သူမိတွယ်ရာ သစ်လုံးကို သူ့လက်တွင်းမှ လွတ်ထွက်မသွားစေရန် အတင်းဖက်တွယ်ထားတော့၏။ ဥက္ကံချောင်းသည် ဝါးတစ်ပြန်နီးပါးနက်သည်ကို စောအောင်ဝင်းပြောပြ၍ သိရသည်ကြောင့် ပို၍ပင်စိုးရိမ်ထိတ်လန့်မိသည်ဖြစ်၍ သစ်လုံးပေါ်ခွထိုင်ရန် ကြိုးစားလေတိုင်း သစ်လုံးသည် လည်၍လည်၍သွားသည်ကြောင့် ဦးဘသောင်းတစ်ယောက် ဗုံလုံးတစ်လှည့်၊ ငါးပျံတစ်လှည့်ဆိုသလို ဖြစ်နေလေတော့သည်။





ဦးမင်းသူနှင့် စောအောင်ဝင်းတို့နှစ်ယောက်သည် ရေကူးတတ်သူတွေဖြစ်သည်ကြောင့် သစ်လုံးတွင် မှီတွယ်ရင်းကမ်းစပ်သို့ တဖြည်းဖြည်း ချဉ်းကပ်ကာတက်သွားကြတော့၏။

ဦးဘသောင်းကား ချောင်းလယ်တွင် မျောနေရာမှ ရေစီးလမ်းကြောင်းပြောင်းတစ်ခုကြောင့် စောက်နက်နက်ချောင်းကမ်းနံဘေး ရောက်သွားကာ သစ်လုံးသည် နံရံကို အရှိန်ပြင်းပြင်းတိုက်သွားသည်ဖြစ်၍ ဦးဘသောင်းသည် သစ်လုံးနှင့် ကင်းကွာသွားခဲ့ရတော့၏။ ဘုရား။ အဲဒါမှ ဒုက္ခ၊ ဦးဘသောင်းတစ် ယောက် အလွန်အမင်းကြောက်ရွံ့သွားသည်။

သစ်လုံးကြီးသည် သူ့အားထားရစ်ခဲ့လေပြီ။ ကေန် မုချ သူသေရတော့မည်။ ရေမှ လုံးလုံးမကူးတတ်သူကိုး၊ သို့ငြား ခြေလက်အစုံကို လှုပ်ခတ်ကာ ဇောဖြင့် ကူးခပ်ကြည့်မိ၏။ မြုပ်လိုက်ပေါ်လိုက် မွန်းကြပ်လိုက်၊ မူးနောက်နောက်ဖြစ်သွားလိုက်၊ ထိုစဉ် ကုသိုလ်ကံလေးက သူ့အား မျက်နှာသာပေးလေသည်လားမသိ၊ ဝါးတိုးဝါးတား သူ့အမြင်တွင် မီးလောင်ထားသည့် သစ်တုံးကြီးတစ်ခု သူ့အနားရောက်လာ၏။ သို့ကြောင့် ကမန်းကတန်း ဖက်တွယ်ထားလိုက်သည်။

"ဟင်"

အလွန်အမင်း ထိတ်လန့်သွားသည်။ သူဖက်တွယ်ထားမိသည်ကား ထင်းတုံးမဟုတ်၊ ကြောက်လန့်တကြား ဖက်တွယ်ထားလိုက်စဉ်က ဘာရယ်မှန်းမသိသော်ငြား ယခုသေသေချာချာကြည့်လိုက်ပါလေမှ မိကျောင်းတစ်ကောင်ဖြစ်နေမှန်း သိလိုက်သည်တွင် လွန်စွာကြောက်ရွံ့ထိတ်ပျာသွားသော်လည်း မိကျောင်းကြီးကား သူ့ကို မည်သို့မျှ ရန်ပြုခြင်းမရှိဘဲ အသေကောင်ကြီးပမာ ငြိမ်သက်နေသည်ကြောင့် အနည်းငယ် စိတ်သက်သာရာ ရလိုက်သည်ဖြစ်၍ မိကျောင်း၏ ကျောကုန်းပေါ်သို့ပင် တွက်ဖက်တက်ခွထိုင်လိုက်လေတော့၏။

မိကျောင်းကြီးက သူ့ကျောကုန်းပေါ်မှာ လူသားတစ်ယောက်ရှိနေသော်ငြား မည်သို့မျှ ထူးခြားပုံမပြဘဲ ကမ်းစပ်သို့ တဖြည်းဖြည်း ချဉ်းကပ်သွားနေလေ၏။

ဦးဘသောင်းသည် ထူးထူးခြားခြား ငြိမ်သက်နေသည့် မိကျောင်းကို အသေအချာ စူးစမ်းကြည့်လိုက်သည်။

"ဟာ"

မိကျောင်းချောင်းဖျားရှိ ရေအိုင်ကြီးအတွင်းမှ မိကျောင်းကြီးပင်ဖြစ်တော့၏။ သူပစ်လိုက်သော ကျည်သည် မိကျောင်းကြီး၏ ရှေ့လက်သို့ ထိမှန်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ၊ မိကျောင်းကြီး၏ ရှေ့ဘယ်လက်ချောင်းကလေးများ ပြတ်ထွက်ကာ အသားစများ ဖွာလန်ကြဲနေလေသည်။

မိကျောင်းကြီးကား သူ့ကျောပေါ်မှလူသားကို သူ့ရန်သူရယ်လို့ မသိ၍ပေဘဲလား၊ သိလျက်ပေပဲလားမသိ၊ ချောင်းကမ်းစပ်သို့ပင် ကူးခပ်ကာ အမြီးဖြင့် ပုတ်ခတ်၍ ကမ်းပေါ်တင်ပေးခဲ့ပြီး ချောင်းရိုးအတိုင်း လျင်မြန်သော အရှိန်နှုန်းဖြင့် စုန်ဆင်းသွားလေတော့၏။

လွန်စွာမှ အံ့ဩစရာပင်ဖြစ်တော့၏။ မိကျောင်းကြီးသည် သူ့အားကယ်တင်သွားခြင်းဖြစ်၏။

ကမ်းစပ်မှနေ၍ မိကျောင်းကြီးသွားရာသို့ ငေးမောကြည့်ရင်း ရင်တွင်းလှိုက်ဖိုသွားရသည့်ကြောင့် ဦးဘသောင်းတစ်ယောက် မျက်ရည်များကျရအောင်ပင် အတော်ကလေးခံစားလိုက်ရပေတော့သည်။

ထိုသည်နောက်ပိုင်း ဦးဘသောင်းတစ်ယောက် သေနတ်ကိုင်ကာ သတ္တဝါတွေကို လိုက်လံသတ်ဖြတ်သည့် အလုပ်ကို မလုပ်တော့ဘဲ သူ့ကိုယ်သူ ဒဏ်ခတ်သည့်အနေဖြင့်လည်းကောင်း ဝဋ်ကြွေးကို စောစီးစွာ ဆပ်လိုက်သည့် နယ်ပမာသေဝ်လည်းကောင်း သူ့လက်ချောင်းလေးများကို သူကိုယ်တိုင်ဓါးမဖြင့် ခုတ်ဖြတ်ကာ အကြွေးပေးဆပ်လိုက်တော့၏။

ထိုသည်ကား ကျွန်တော်တို့အား ဦးဘသောင်းဆိုသော လူကြီးကပြန်ပြောသည့် သူ့အကြောင်းပင် ဖြစ်တော့၏။

ဦးဘသောင်းနှင့် ကျွန်တော်တို့သည် မိကျောင်းချောင်းဖျားရှိ ရေအိုင်ကြီးအနီးတွင် ဆုံခဲ့ရခြင်းဖြစ်၏။

ကျွန်တော်တို့ မိကျောင်းချောင်းသို့ ရောက်ခဲ့ခြင်းသည်ကား "ကိုပိုက်၊ ဒီတစ်ခါ ကျွန်တော်တို့ အမဲလိုက်လျှင်ဖြင့် မိကျောင်းချောင်းဖျားထိတက်ကြမယ် များ၊ အဲ့ဒီချောင်းဖျားမယ် မိကျောင်းရုပ်ကြီးရှိတယ်ပြောတယ်၊ ဥက္ကံရွာသားတွေပြောတာပဲ၊ မိုးတွင်းကာလမှာ မြစ်ထဲက မိကျောင်းကြီးတစ်ကောင် အဲ့ဒီချောင်းဖျားအထိ တက်တက်လာတယ်လို့ ပြောတယ်ဗျ" ရယ်လို့ လင်းမြင့်လှိုင်က ပြောသည်ဖြစ်၍ ကျွန်တော်သည်လည်း စိတ်ဝင်စားလာကာ စမ်းရွာမှမုဆိုးစောလူးကိုပါ ခေါ်၍ အမဲပစ်ထွက်ရင်း အရောက်လာခဲ့ခြင်းဖြစ်၏။

ချောင်းဖျားသို့ရောက်ခဲ့ကြသည်တွင် ကြီးမားသော ရေအိုင်ကြီးတစ်ခုကို တွေ့ကြရ၏။





ထိုအိုင်ကြီး၏ တစ်ဖက်ကျောက်ကမ်းပါးယံတွင် မိကျောင်းပုံသဏ္ဍာန်ယူဆရသည့် ကျောက်စိုင်ခဲကြီးကို တအံ့တဩကြည့်နေမိရာမှ ထို ဦးဘသောင်းဆိုသော လူကြီးသည် ကျွန်တော်တို့အနား ရောက်လာပြီး–

"လူလေးတို့ အမဲလိုက်မုဆိုးတွေလား၊ ဒီအိုင်ကြီးမှာ မှီခိုနေကြတဲ့ သတ္တဝါတွေကိုတော့ မပစ်ကြပါနဲ့လို့ ဦးကြီးတောင်းပန်ပါရစေကွယ်" ရယ်လို့ တောင်းပန်ပြောလာသည်မှစ၍ ထိုလူကြီးနှင့် စကားစမြည်ပြောဖြစ်ရင်း မိကျောင်းချောင်းများသို့ မိကျောင်းအမှန်တကယ် တက်လာခြင်းရှိမရှိ မေးစမ်းကြည့်လိုက်ရာတွင် ထိုလူကြီးက အထက်ပါအတိုင်း ကျွန်တော်တို့ကို ပြောပြခဲ့ခြင်းဖြစ်တော့၏။

သူ့ဘဝအကြောင်းသိလိုက်ရသောကြောင့် အံ့ဩခြင်း၊ ကရုဏာသက်မိခြင်းဖြစ်သွားကြရ၏။ တကယ်လည်း သူ၏ ဘယ်လက်လက်ချောင်းများ ပြတ်နေ၏။

ထိုလူကြီး၏ မေတ္တာရပ်ခံချက်အရ ထိုအနီးတစ်ဝိုက်ရှိ သတ္တဝါများကို ပစ်ခတ်ခြင်းမပြုဘဲ ထိုချောင်းဖျားမှ ပြန်ခဲ့ကြတော့၏။

အပြန်ခရီးတွင် ကျွန်တော်တို့သည် မီးလှောင်ကုန်းကျေးရွာသို့ ဝင်ခဲ့ကြ၏။ မတွေ့တာကြာပြီဖြစ်သည့် ရွာလူကြီး ဦးဇာမဏိနှင့် တွေ့လို၍ဖြစ်သည်။

ဦးဇာမဏိအိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်တွင် စောစောထွက်လျှင် ဥက္ကံမြို့သို့ နေမွန်းမတည့်မီရောက်နိုင်ပြီး ဥက္ကံ ဆါက်ကုန်းနေ တောခေါင်းကြီး ကိုမြင့်မောင်အိမ်တွင် အပ်နှံထားခဲ့သည့် လင်းမြင့်လှိုင်၏ကားဖြင့် ရန်ကုန်သို့ နေချင်းပြန်ကြမည့် အစီအစဉ်ကို ဆွဲလိုက်ကြသည်။

ဦးဇာမဏိနှင့် ညဘက်တွင် စကားစမြည်ပြောဖြစ်ကြရာမှ မိကျောင်းချောင်းဖျားတွင် ဆုံခဲ့ရသည့် ဦးဘသောင်းဆိုသော လူကြီးအကြောင်းကို ပြောပြလိုက်မိသည်တွင်–

"ဘာကွ သူ့နာမည်က ဘသောင်း၊ ဘယ်လက်ချောင်းကလေးတွေ ပြတ်နေတယ်ဟုတ်လား" ရယ်လို့ တအံ့တဩမေးလာသည့်ကြောင့်–

"ဟုတ်တယ် ဖထီး၊ သူ့နာမည် ဦးဘသောင်းတဲ့၊ ဘယ်လက်ချောင်းကလေးတွေ အကုန်ပြတ်နေလေရဲ့၊ အဲ အရုပ်က ခပ်ရှည်ရှည်၊ အသက်က ငါးဆယ်ဝန်းကျင်လောက်ရှိမယ်ထင်တယ်"

"ဟုတ်မှလည်း ပြောပါကွာ။ မင်းတို့ခုနပြောနေတာ တကယ်ပဲလား"

ကျွန်တော်တို့ပြောစကားကို မယုံသကဲ့သို့ဖြင့် ဦးဇာမဏိက မေးလာပြန်၏။

"တကယ်ပြောတာပါဗျာ။ ယုံချင်ယုံ မယုံချင်နေ" ရယ်လို့ လင်းမြင့်လှိုင်က

www.burmeseclassic.com



စိတ်တိုစွာဖြင့် ပြောလိုက်လေတော့မှ ဦးဇာမဏီသည် ခေါင်းကို ခါယမ်းရင်း "တစ်ခုခုတော့မှားနေပြီထင်ပါတယ်ကွယ်" ရယ်လို့ ညည်းညည်းညူညူပြောလာသဖြင့်–

"ဘာလဲဗျ၊ ဘာမှားနေရမှာလဲ"

မုဆိုးစောလူးက ဝင်မေးလိုက်သည်။

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"ဘာကိုမဖြစ်နိုင်ရမှာလဲ။ ကျွန်တော်တို့ပြောတာကို လုပ်ကြံပြောတယ်ထင်လို့လား"

"မင်းတို့ပြောတာ မယုံလို့မဟုတ်ဘူး၊ မင်းတို့တွေ့ခဲ့တယ်ဆိုတဲ့ လူကဘသောင်းမဖြစ်နိုင်ဘူးလို့ပြောတာ"

"အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး၊ သူပြောတာပဲ ဘသောင်းတဲ့"

ကျွန်တော်စကားကြောင့် ဦးဇာမဏီသည် ကျွန်တော့်ကို သေသေချာချာကြည့်ပြီး ခပ်ဆတ်ဆတ်လေသံဖြင့်–

"အဲဒါကို ငါပြောချင်တာကွ၊ ဘသောင်းဆိုတာ 'လဟာမငယ်' ကျေးရွာက မုဆိုးဘသောင်းပဲကွ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဆုံးသွားပြီပဲ"

"ဘာ ဘယ်လို၊ သူ ဘာရောဂါနဲ့ ဆုံးတာလဲ"

ကျွန်တော်တို့သည် ဦးဇာမဏီပြောသည့် မုဆိုးဘသောင်းကို စိတ်ဝင်စားသွားသဖြင့် ကမန်းကတန်း မေးလိုက်ကြသည်။

"သူ အမဲလိုက်ရင်း တောထဲကပြန်လာတော့ သူ့ဘယ်ဘက်လက်ချောင်းလေးတွေ ပြတ်လာတယ်။ ဘယ်လိုဖြစ်တာလဲမေးကြတော့ မုဆိုးအလုပ်ကို ရှန်လွှတ်လိုက်ပြီလို့ပဲပြောတယ်။ တခြားဘာမှ မပြောဘူး၊ အဲဒီလက်ကဒဏ်ရာကြောင့်ပဲ မေးခိုင်ရောဂါပိုးဝင်ပြီး မကြာခင်မှာဘဲ ဆုံးသွားတယ်လေ"

"ဗျာ"

ဦးဇာမဏီစကားကြောင့် ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မှင်တက်သွားမိကြတော့၏။


[ ရွှေပြည်စိုးမဂ္ဂဇင်း၊ အမှတ် ၂၊ ၁၉၉၈ ခုနှစ် ]

[ မုဆိုးရဲ့ အနာဂတ်တစ္ဆေဝတ္ထုတိုပေါင်းချုပ် ၁၉၉၉ ]

✦✧✦✧✦✧

တွတ်ပီတာဆုပ်တိုက်

# အိမ်သည်ညှေ့စင်း



www.burmeseclassic.com

# အိမ်သည်ညှော်စိမ်း

ပြေးနိုင်လေမှ အန္တရာယ်ကလွတ်မည်မှန်းသိနေခြင်းကြောင့် 'သူ'သည် အားသွန်ခွန်စိုက် ပြေးနေခြင်းဖြစ်၏။ လွန်စွာကြောက်ရွံ့ထိတ်လန့်နေမို၍လားမသိ ပြေးလေနှေးလေထင်၏။ မည်မျှကြာကြာပြေးလွှားနေမိသည်ရယ် 'သူ'ကိုယ်၌ ကပင်မသိတော့၊ ပြေးလမ်းသည် ဖြူးနေခြင်းမဟုတ်သောကြောင့် တော်သေး၏ဟု သူတွက်မိသဖြင့် တအားတော့တက်မိသည်။

"ဆင်တယိုင် မြင်းတပြေး" တဲ့ ဆင်လိုက်ခံရသည့် မြင်းတောင်ပြေး မလွတ်နိုင်တာ၊ သူကောလွတ်နိုင်ပါ့မလား၊ သို့ငြား ဖြူးနေသောလမ်းမဟုတ်၊ လဟာပြင်ကြီးမဟုတ်ခြင်းကြောင့် လွတ်လမ်းမျှော်လင့်ချက်ရှိငြားပြေးအားကို လျှော့၍တော့မဖြစ်မှန်း'သူ' သိနေသဖြင့် မျက်စိစုံမှိတ်ကာ တိုးဇွတ်ပြေးနေခြင်းဖြစ်၏။

သို့ပြေးလွှားရင်း ချောက်ကမ်းပါးကြီးတစ်ခုအတွင်းသို့ ထိုးကျသွားသည်။ ဘုရား..ဘုရား.. လွန်စွာမှ နက်ရှိုင်းသော ချောက်ကမ်းပါးဖြစ်ခြင်းကြောင့် 'သူ' သည် ကျသွားခြင်းမဟုတ်ဘဲ မြေကြီးသည် 'သူ' ထံသို့ လျှင်မြန်သော အရှိန်နှုန်းဖြင့် ပြေးကပ်လာသည်ဟု ပြောရပေမည်။ 'သူ'၏ခန္ဓာကိုယ်ကြီးနှင့် မဟာပထဝီ မြေကြီးဆုံမိသွားသည်နှင့် 'သူ'၏ စိတ်အလျင်သည် ပေါ့ပါးလွင့်ပျံ့သွားတော့၏။

'သူ' ကိုယ်၌ပင် အံ့ဩမိသည်။ သူထင်ထားသလို နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ မူးနောက်ခြင်း အလျှင်းမရှိနတ္ထိပါကလား။ သည်တော့'သူ' ခြေလွတ်လက် လွတ်ကျလာသည့် အမြင့်နေရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ အာပါး...မြင့် လှချည်ကလား၊ ဟုတ်သေးပါဘူး၊ သည်လောက်အမြင့်ကြီးကကျတာ ဘာမှ မဖြစ်တာ အံ့ဩစရာပါကလားရယ်လို့ 'သူ'တွေးမိနေသည်။ သို့ကြောင့် သူ့ကိုယ်သူ ပြန်ဆန်းစစ်ကြည့်သည်။ ခြေလက်တို့ကို လှုပ်ခါကြည့်သည်။ ပို၍ပေါ့ပါးနေသလို။ အင်း... 'သူ'တွင် ကြောင်ဆေးလျှည်း ထိုးထားခြင်းမရှိ။ ဘယ့်တွက်ကြောင့်များ ပါလိမ့်။ ဟုတ်ပြီ... လူတိုင်းမှာ ကံတရားရှိသည်။ ထိုကံတရားကြောင့်များလေလား





လို့ 'သူ'တွေးလိုက်မိပြန်သည်။ အို... ဖြစ်ချင်တာဖြစ်... လတ်တလော 'သူ့'စိတ် တွင်းရှိနေသည်မှာ မိန်းမနှင့်ကလေးကို တွေ့ချင်စိတ် ပြင်းပြနေခြင်းပင်။ သို့ကြောင့် 'သူ' ပြုတ်ကျရာအမြင့်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး ကုပ်တွယ်တက် လိုက်၏။ အလိုလို... တယ်ဟုတ်ပါကလား၊ ခက်ခက်ခဲခဲတက်ရ မည်ထင်ထားတာ ခုတော့ လွယ်လိုက်တာ။ 'သူ' ချောက်ကမ်းပါးအောက်ကို ပြုတ်ကျတုန်းကတောင်မှ လေးလေးပင်ပင်၊ ခု... ကမ်းပါးမှကုပ်တွယ်တက်လေတော့ ပေါ့ပါးလိုက်တာ။ မောပန်းခြင်းမရှိ၊ လေးလံခြင်းမဖြစ် တစ်ခဏအတွင်း ချောက်ကမ်းပါးထိပ်သို့'သူ' ရောက်လာ၏။ မှန်း..ဘယ်မတုန်း'သူ့'အဖေါ်တွေ၊ ဝါးခုတ်ဖေါ်ခုတ်ဖက်တွေ၊ တောင်ကြည့်မြောက်ကြည့်..ဆောဘီကြည့်၊ ဘာမျှမရှိ၊ ဘယ်သူမှမတွေ့၊ သည်တော့ 'သူ' ပြုတ်ကျရာ ချောက်ကမ်းပါးအောက်ငုံ့ကြည့်လိုက်သည်။ အမယ်... အမယ် သူ့အချစ်ဆုံးသူငယ်ချင်း ဖိုးခွေး ကုန်းကုန်းကွကွနဲ့ ဘာတွေ ငုံ့ကြည့်နေပါလိမ့်။ ဖိုးခွေးကော 'သူ့'လို ပြုတ်ကျခဲ့တာလား၊ ဒါမှမဟုတ် 'သူ့'ကို ရှာနေတာလား၊ သို့ထင်လိုက်သည်ကြောင့် အပေါ်မှနေ၍ လှမ်းအော်လိုက်သည်။

"ဟေး..

ဟေး..ဖိုးခွေး

ဟေး..ဟေး"

ဘယ်လိုပင် အော်..ခေါ်ခေါ်... 'ဖိုးခွေး' မကြားပါကလား။ ရှိစေတော့၊ ဖိုးခွေးက သူ့ထက် သည်တောကို ကျွမ်းတာကိစ္စမရှိဘူး...သူ့ဘာသာပြန်လိမ့်မယ်၊ လက်တလော သူအိမ်ပြန်ချင်ပေပြီ။ သို့ကြောင့် ဖိုးခွေးကိုထားခဲ့ကာ သူပြေး လွှားခဲ့ရာ လာလမ်းသို့ ပြန်လျှောက်ခဲ့တော့၏။ သို့လျှောက်ခဲ့ရာတွင် သူ့အတွက် ကံကောင်းသည်ဟု ပြောရမလိုပင်။ သူ့နောက်လိုက်နေသည့် ဆင်ကြီးဘယ်ဆီ ရောက်သွားလေပြီ မသိ။ သို့ဖြစ်ငြားသည်သို့လျှောက်လှမ်းနေ၍ တော်တော်နှင့် သူအိမ်ပြန်မရောက်နိုင်မှန်းသိသည်ကြောင့် ပြေးလွှားလိုက်ပြန်သည်။ မြန်လိုက် သည်ဖြစ်ခြင်း...ပေါ့ပါးသည်ဖြစ်ခြင်း။

"ဝုန်း"

သို့... 'သူ' ပြေးလွှားနေသခိုက် ရှေ့မှ လက်မည်းကြီးနှင့် စီးရိုက်ခြင်းကို ခံလိုက်ရသည်။ သို့ရိုက်ချက်ပြင်းကြောင့် ပက်လက်လန်သွားရသည်။ တော်တော် ရက်စက်သူ၊ မိုက်ရိုင်းသူပါကလား၊ အရှိန်နှင့် ပြေးလာသူကို မညာမတာကိုယ် ချင်းမစာ ဆီးရိုက်ရတယ်လို့၊ ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ရသည်ဖြစ်၍ 'သူ' သည် ထိုသူ့အားကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်'

'သူ' သူထင်ထားသလို လူတစ်ဦးမဟုတ်၊ ဝက်ဝံတစ်ကောင်လည်းမဟုတ်၊ 'သူ'ကို ပြုံးဖြီးဖြီးနှင့် ကြည့်နေ၏။ အမွေးအမှင်ရှည်မည်းမည်း၊ မျက်ဝန်းတို့နီရဲရဲ၊ လူနဲ့တော့ အတော်ကလေးဆင်သား၊ သို့ဖြစ်သည်ကြောင့် ...

"မင်းဘယ်သူလဲ...ဘာလို့ ငါ့ကိုရိုက်ရတာလဲ"

ဤသို့'သူ'က မေးလိုက်သည်ကြောင့် ထိုသတ္တဝါကောင်သည်'သူ့'အနားသို့ ခြေတစ်လှမ်းတိုးလာခါ...

"မင်း..ဘယ်သွားမလို့လဲ...ဘာလို့ ငါ့နယ်မြေကို ဖြတ်လာရတာလဲ"

ဟာ...ဟ..ရယ်စရာတော့ကောင်းသေးတော့၊ နိုင်ငံတော်ပိုင် သစ်တောကြီးထဲမှာ လာဆုံရသူအချင်းချင်း သူ့ပိုက်နက် နယ်မြေတဲ့..သည်လမ်းကို ဖြတ်ခွင့် သူ့ဆီမှာ တောင်းရမဲ့ပုံပါကလား..သို့ကြောင့် 'သူ'က...

"အောင်မယ်...မင်းကကြီးကျယ်လို့ မင်းဘယ်သူလဲ..ဘာကောင်လဲ...လူလား...စကားပြောတတ်တဲ့ တိရစ္ဆာန်လား" ဆိုလိုက်တော့...

"အောင်မယ်..မင်းကများ ငါ့ကို မေးရတယ်ရှိသေး၊ ငါဘယ်သူလည်းသိချင် ရင် ပြောရတာပေါ့ကွာ..သည်မယ်ဟိတ်ကောင်၊ ငါဟာသည့်တောကိုအပိုင်စားရတဲ့ တောစောင့် 'တာတေ' ပဲကွ၊ မှတ်ထား ငါ့တောထဲမှာ နေချင်ရင် ငါ့စကား နားထောင်၊ ငါ့တောက ဖြတ်သန်းသွားချင်ရင် ငါ့မှာခွင့်တောင်း၊ ခုလိုသွားချင်တိုင်းသွား၊ လာချင်တိုင်းလာလို့ မရဘူးမှတ်"

"ဟား...ဟား...ဟား..မင်းပိုင်နက် နယ်မြေလို့ဆိုတာလား၊ ကောင်းပြီသည်နယ်မြေကို မင်းယူစေလို့ ဘယ်သူကပေးထားတာလဲ၊ ကဲ...ထားပါလေမင်းနယ်မြေမှာ ငါမနေနိုင်ပါဘူး၊ ခခယယ တောင်းပန်ပြီးနေပါဆိုလည်း မနေနိုင်ဘူးကွ သိလား၊ ရှေ့ကဖယ်ပါ။ ငါ့လမ်းငါ သွားမယ်၊ ငါ့အိမ်ငါပြန်မယ်၊ ငါ့မှာအိမ်ရှိတယ်၊ မိန်းမရှိတယ်၊ ကလေးရှိတယ်.. ပြီးတော့..."

'သူ့'စကားမဆုံးမီမှာပင် တောစောင့်တာတေက ဟက်ဟက်ပက်ပက်ရယ်လိုက်ကာ...

"ဟား..ဟား...ဟား...လာ..လာသေးတော့၊ အဲဒါတွေ မင်းနဲ့မဆိုင်တော့ဘူးကွ၊ ပြန်ပါဗျာ...ပြန်ပါ၊ ငါသဘောပေါက်ပြီ၊ မင်းဟာ 'Fresher' လေးပဲမင်းအတွက်ကောင်းသော စကားလေးတစ်ခွန်း ငါမှာလိုက်ပါရစေ၊ ငါပြောတဲ့အတိုင်းသာ တစ်လမ်းလုံး အတားအဆီးတွေကို ပြောသွား၊ မင့်အိမ်ကို ချောချော





ချောမောပြန်ရောက်သွားလိမ့်မယ်။ ဒါပေမယ့်..မင်း...အိမ်မှာ ခဏပဲ နေခွင့်ရမှာ..ပြီး.. ငါ့နေရာကို ပြန်လာရမှာပါကွာ...ကဲ..ကဲ သွားပါ...သွားပါ။ မင်းပြန် လာမှကောင်းကောင်း ဆုံးမတော့မယ်"

"တောက်..လူပါးဝလို့၊ မှတ်ထား၊ ဘယ်တော့မှ ငါပြန်မလာတော့ဘူး၊ ဆုံးမချင်ရင် ခုဆုံးမလို့ရတယ်၊ ငြိမ်ခံနေမယ်များ မှတ်လား၊ စောစောကတောင်မှ မင်းကငါ့ကို ချုံခိုပြီး အမှတ်တမဲ့တိုက်ခိုက်လို့ ငါခံလိုက်ရတာ၊ လာလာ...လာလေ၊ တစ်ပွဲတစ်လမ်း စမ်းကြည့်တာပေါ့.."

လွန်မင်းစွာ ဒေါသထွက်နေသည့် 'သူ့'ကို တောစောင့်တာတေက ပြုံးထေ့ထေ့ကြည့်ရင်း...

"ကဲပါကွာ..သွားမှာသွားစမ်းပါ၊ မပူပါနဲ့ နောင် မလွဲမသွေပြန်ကြုံရမယ့်သူတွေပဲ၊ ခုနေခါ အချိန်ကလေးရှိတုန်း ခပ်မြန်မြန် သွားလိုက်စမ်းပါ၊ မင်းအတွက်ကြွန့်တိုင်း မိနစ်တိုင်းဟာ တန်ဖိုးရှိနေတယ်ဆိုတာ နောက်တော့ မင်းသိရလိမ့်မယ်၊ သည်တော့မှ မင်း ငါ့ကိုကျေးဇူးတင်ရမှန်းသိမှာ၊ ကဲ..သွား..သွား..ဟား..ဟား"လို့ ပြောရင်း ရယ်မောကာ သူ့အပါးမှ ထွက်သွားတော့၏။

'တောက်'

တောစောင့် တာတေ၏ လုပ်ရပ်ကို ခံပြင်းမိသည်ကြောင့် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ကာ'သူ' သွားလိုရာလမ်းသို့ ဆက်သွားလိုက်တော့သည်။

အံ့ဖွယ်အတိကား...တာတေပြောသလို အနှောင့်အယှက် အတားအဆီးကြုံခဲ့ချေ။ သို့နှယ်..ပြေးလိုက် လျှောက်လိုက်၊ ရွာစပ်သို့ပင်ရောက်ခဲ့ချေပြီ။ ရွာဆိုသည်မှာ ပဲခူးရိုးမအစပ်ရှိ ရွာသိမ်ရွာငယ်ကလေးတစ်ခုဖြစ်သည့် မီးလောင်ခုန်းကျေးရွာလေးဖြစ်၏။ 'သူ'နှင့် လုပ်ဖော်ကိုင်ဖက် ဖိုးခွေးနေထိုင်ရာ ရွာဖြစ်သည်။ 'သူ' ဝါးခုတ်လာလေတိုင်း ဖိုးခွေးအား ဝင်ခေါ်ရင်း ဘစ်ညတာ ဘည်းခိုရာဖြစ်သည်။ အင်း...ဖိုးခွေးမိန်းမကို ဝင်နှုတ်ဆက်ရကောင်းနိုး..ဖိုးခွေး တောထဲကျန်ခဲ့တာ ဝင်ပြောရကောင်းနိုး...'သူ' စဉ်းစားမိသေး၏။ သို့ပြား..ထိုအတွေးကို သူဖျက်လိုက်၏။ ရွာထဲသို့ပင်မဝင် ရွာစပ်ပတ်လမ်းမှ ဖြတ်လျှောက်ရင်း 'ဖိုးခွေး' အိမ်ထရံသို့ ခဲတစ်လုံး ပေါက်ခဲ့သေးသည်။ ခရီးသွားရင်း နှုတ်ဆက်ခြင်းသာဖြစ်၏။ သူပစ်ပေါက်လိုက်သည့် ခဲသံကြောင့် ဖိုးခွေးမိန်းမ ထွက်ကြည့်လာ၏။ သို့ဖြစ်၍ 'သူ'ကလက်လှမ်းပြရင်း "မဝင်တော့ဘူးဗျို့၊ အရေးတကြီး ကိစ္စရှိသေးလို့" ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သော်လည်း 'သူ့'အား ဖိုးခွေးမိန်းမက မြင်ဟန်မတူ၊ ငေးကြောင်လို့နေ၏။ သူနှင့် ဘာမှ ဝေးကွာကြသည်မဟုတ်၊ သည်မိန်းမ ဘယ်လိုဖြစ်နေပါလိမ့်။ ရှိစေတော့၊ အချိန်ရှိတုန်း 'သူ' သွားရဦးမည်မဟုတ်လား။ 'သူ'သည် မီးလောင်ကုန်းကျေးရွာမှသည် ဥက္ကံသို့နေ့ချင်းပေါက်အောင် သွားရပေဦးမည်။ 'သူ'သည် ဥက္ကံသားဖြစ်၏။ သာယာဝတီသူနှင့် အိမ်ထောင်ကျပြီး ဥက္ကံဆီးပင်ဆိပ်ရွာတွင် နေထိုင်သူဖြစ်၏။

လမ်းတွင်တွေ့သမျှ မိတ်ဆွေအားလုံးကို စကားမပြောနိုင်၊ ပြုံးပြရုံသာ နှုတ်ဆက်ရ၏။ သူက ပြုံးပြနှုတ်ဆက်လေငြား မည်သူကမျှ ပြန်လည်တုံ့ပြန် နှုတ်ဆက်ပေါ်မရ။ ဘယ်လိုဖြစ်ကြတာပါလိမ့်ရယ်လို့ 'သူ' တွေးရင်း လျှောက်နေမိသည်။ သို့ဖြင့် သံပရာခုံရွာသို့ ရောက်ခဲ့၏။

ထိုစဉ် သူ၏ နောက်ကျောမှနေ၍ ပခုံးလှမ်းပုတ်ရင်း လက်ဆွဲတားလာသူတစ်ယောက်ကြောင့် ရုတ်တရက် လှည့်ကြည့်လိုက်သည်။

အင်း...စီးပွားရေးအင်မတန် သောင်းကျန်းသူ၊ ဘာရောင်းတဲ့သူလဲ၊ လျှော်ဆားလား၊ ဆီးတော်ဖီလား၊ ဝတ်ထားတဲ့အဝတ်အစားကတော့ နတ်ဝတ်နတ်စားသဲ့ချေးသည်၊ ဒါမှမဟုတ် ဇာတ်အဖွဲ့ထဲက 'သူ့'ကို သိနေသည့် အသိမိတ်ဆွေတစ်ယောက်များလေလား၊ ဝေခွဲမရဖြစ်နေစဉ်...

"မင်း သည်ရွာထဲကို ဝင်ခွင့်မရှိဘူး"

ဟား...ဟား လူဝင်မှုကြီးကြပ်ရေးက သေလို့ နတ်ဖြစ်လာတဲ့သူ ထင့်ပါရဲ့ ဟားဟား ဒါမှမဟုတ် ရူးသွပ်နေတဲ့သူများလား၊ သို့တွေးထင်မိသည်ကြောင့် 'သူ'သည် အချိန်ကုန်ခံ ညှော်တောက်စကား မပြောလိုသဖြင့် ဦးတည်ရာလမ်းဆက်လျှောက်လိုက်စဉ်မှာ...

"ဖုန်း"

သူ့ကျောပြင်အား လက်ဝါးပြင်ကြမ်းကြီးဖြင့် အားကုန်လွှဲရိုက်လာခြင်းကြောင့် ဟပ်ထိုးလဲသွားရသည်။

"တောက်"

သူ့အား ကိုယ်ထိလက်ရောက် စော်ကားလာသည်ဖြစ်၍ ပြန်လည်တုံ့ပြန် တိုက်ခိုက်ရန် ကုန်း၍ထလိုက်သည်။ မရ။ လေးလံသော အရာဝတ္ထုတစ်ခုက ဖိထားသကဲ့သို့ ဖြစ်နေ၏။

"ဘာလုပ်တာလဲ... ဘာလုပ်တာလဲ"





အော်ဟစ်ရုန်းကန်... ဇောချွေးပြန်ရင်း ပက်လက်လှန်ခံလိုက်ရသည်။

ထိုနတ်ဝတ်နတ်စားနှင့် ပုဂ္ဂိုလ်က ပက်လက်လန် ယက်ကန်ယက်ကန်ဖြစ်နေသော သူ့အား သေချာကြည့်ပြီး..

"အော်..မင်းကို၊ ဟုတ်ပြီ...ဟုတ်ပြီ...ပြီးခဲ့တဲ့တစ်လလောက်က သည်နေရာကနေ မင်းတို့ဖြတ်သွားကတည်းက မင်းဟာ ရိုးမတောကြီးထဲမှာ နေခဲ့မဲ့သူဆိုတာ ငါသိလိုက်ရတယ်။ ငါလူမှားသွားလို့ပါကွာ၊ သွား...သွား.. မင်းလမ်း မင်းသွားချေ။ မင်းက,အင်မတန်သံယောဇဉ်ကြီးတဲ့သူပဲ။ အေးလေ..မင်းမသေ အခွင့်အရေးရှိသေးတာပဲ၊ သွားနှုတ်ဆက်ချေ။ မင်းက သံယောဇဉ်မဖြတ်နိုင်ရင် မင်းအိမ်သားတွေက မင်းကို ဖြတ်လိုက်ကြလိမ့်မယ်၊ သူတို့က မဖြတ်နိုင်ကြရင် ဘုန်းတော်ကြီးတွေက ဖြတ်ပေးလိမ့်မယ်။ ကဲ... သွား... သွား... အချိန်လေးရှိတုန်း သွားလိုက်ပေ့"

ဆိုကာ ထိုနတ်ဝတ်နတ်စားနှင့် ပုဂ္ဂိုလ်သည် သံပရာခုံရွာအဝင် ညောင်ဆိုပင်ကြီးအထက်ဖျားသို့ လွှားခနဲ ခုန်တက်သွား၏။ ဘယ်လိုတွေလဲ... ဘာတွေလဲ... 'သူ' နားမလည်နိုင်လောက်အောင်ပါပဲလား။ ထိုမှဉ် T.E ကားစိမ်းကြီးတစ်စီးသည် သူ့ရှေ့နားလောက်တွင် ထိုးရပ်သွား၏။ ရှေ့ရှိ ခရီးသည်တစ်စုက လှမ်းတား၍ဖြစ်သည်။

"ရန်ကုန်ထိသွားမှာ"

"ဒါဖြင့် လိုက်မယ်...လိုက်မယ်..."

T.E ကားစိမ်းကြီးပေါ်သို့ ခရီးသည်တွေ စုပြုံတိုးပေ့တက်လိုက်ကြသည်။ သို့ကြောင့် သူသည်လည်း ထိုကားဖြင့် ခရီးကြုံလိုက်ရလျှင်မြင့် အဆင်သင့်လေခြင်းဟု စဉ်းစားနေဆဲမှာပင်...

"ဟိတ်ကောင်..လာလေ မင်း ဒီကားနဲ့ လိုက်ရင် အိမ်မြန်မြန်ရောက်တာပေါ့..." ဆိုသည့် ကြားဖူးနေကျအသံကြောင့် ကားပေါ်သို့ လှမ်းကြည့်လိုက်သည်။ ဘယ်သူများလဲလို့...

လှမြင့်ပါကလား။ လှမြင့်...တောခေါင်းလှမြင့်၊ သို့ကြောင့်–

"အေးဗျ....ကျုပ်ပြန်မလို့..ခင်ဗျားကဘယ်တုန်း" ပြောပြောခိုဆို ကမ်းပေးလာသည့်လက်ကို သူကလှမ်းဆွဲ၍ ကားပေါ်လှမ်းတက်လိုက်သည်။

"ငါ...တိုက်ကြီးပြန်မလို့"

"အော်...အင်း" ဒါပဲပြောဖြစ်သည်။ သူ့အတွေးနှင့်သူ ကိုယ့်အတွေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်၊ သို့ဖြင့်...ဆီးဖင်ဆိပ်ရွာအဝင်တွင် တောခေါင်းလှမြင့်က သူ့အား ကားပေါ်မှ တွန်းချရင်း...

"ဆင်းတော့...ရွာထဲထိ မင်းကားစီးဝင်လို့မရဘူး" ဟု အော်ပြောရင်း လက်မြှောက်ကာ ကားနှင့်ပါသွားလေတော့၏။

အတော်ဆိုးဝါးတဲ့ တောခေါင်းပါကလား။ သူ့ညာဉ်က အဲဒီအတိုင်းပဲ၊ မူးရင်ပိုဆိုးသေး။ တောထဲမှာဆိုရင်လည်း ဝါးခုတ်တဲ့တွေဆီလာ၊ သောက်စားမူး ကျိုက်တဲ့ကောင်။ အင်း..ဒါပေမယ့် စိတ်ရင်းကလေးတော့ ကောင်းသားကလား ရယ်လို့ 'သူ'အားတွန်းချခဲ့သူကို စိတ်မဆိုးသည့်ပြင် ခွင့်လွှတ်ကျေနပ်စွာဖြင့် လက်ပြ၍ပင် နှုတ်ဆက်လိုက်သေး၏။ ကားစိမ်းကြီးအတော်ဝေးဝေးရောက်၍ 'သူ'အမြင်မှ တောခေါင်းလှမြင့် ပျောက်သွားသည်မှပင် "အား...နေပါဦး...ဟုတ်ပြီ..ဟုတ်ပြီ..၊ တောခေါင်းလှမြင့် ထူးဆန်းလိုက်တာ၊ ဒီကောင်သေတာကြာပြီပဲ၊ ဘယ်လိုဖြစ်ရတာတုန်း၊ မဟုတ်သေးပါဘူး...တစ်ခုခုတော့ လွဲချော်နေပြီထင်တယ်၊ သေသွားတဲ့သူတစ်ယောက်နဲ့ ဘာလို့များ မျက်ဝါးထင်ထင် လာတွေ့နေရပါ လိမ့်၊ အင်းလေ..သေသွားပြီဆိုတာ အကြားပဲ၊ ကိုယ်နဲ့က သူ့အသုဘ လိုက်ပို့ခဲ့ရတာမှ မဟုတ်တာ၊ သူမသေလို့ တွေ့ကြတာဖြစ်မှာပေါ့" ရယ်လို့ တွေးလိုက်ပြီး ရွာထဲသို့ ဝင်လိုက်သည်။ ရွာထဲဝင်လိုက်သည်နှင့် သူ့တစ်ကိုယ်လုံး ရှိန်းတိန်း ဖိန်းတိန်း ဖြစ်သွားသည်။ ဘာ့ကြောင့်များပါလိမ့်။ ငှက်များတက်ချင်လို့များလား၊

"အဟွန်း"

အသံကြားရာ ကုက္ကိုပင်အိုကြီးသို့ လှမ်းကြည့်လိုက်သည်။ ဘာမှ မမြင်ရ၊ မည်သူ့ကိုမျှ မတွေ့သော်ငြား...

"အင်း...မင်းအိမ်ပြန်လာပြီလား...မင်း ခဏပြန်လာမယ်ဆိုတာ ငါသိနေပါတယ်။ ကဲ... ကဲ... သွား... သွား... ညကျရင် မင်းငါ့ဆီမှာ ခဏလာနားခိုလို့ရပါတယ်ကွာ" ရယ်လို့ ထူးခြားသော အသံကြားလိုက်ရသဖြင့် ဒေါသထွက်သွား၏၊ အံ့သြမှုလည်း ဖြစ်သွား၏။ သို့ပေမင့် 'သူ'သည် သူ့အိမ်သို့သာ ခြေလှမ်းလိုက်သည်။

'သူ'အိမ်ခြံဝသို့ရောက်လာသည်၊ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်သည်၊ သူတွေ့ချင်သော မိန်းမနှင့်ကလေးကို တွေ့လိုက်ရသည်ကြောင့် အားရဝမ်းသာ လှမ်းအော် နှုတ်ဆက်လိုက်သည်။ သူ့အသံကို ကြားပုံမရ၊ သူ့ကို မြင်ပုံမရ။ သားအမိနှစ်ယောက် ပြုံးရွှင်ရယ်မောကာ ပျော်နေကြ၏။ ရှိစေတော့။ သူတို့ ပျော်နေ





ကြလို့ဖြစ်မှာပါဆိုပြီး ခြံတွင်းလှမ်းဝင်လိုက်သည်တွင် မမြင်နိုင်သော စွမ်းအားတစ်ခုက သူ့အား တွန်းကန်ထုတ်လိုက်ခြင်းကြောင့် အဝေးသို့ သူ့လွင့်စင်ကျသွားသည်။ သူလဲနေရာမှ လူးလဲပြန်ထလိုက်သည်။ ဘယ်နှယ့်...ဘယ်နှယ့် ခြံဝမှာ ရပ်နေတာ ဘယ်သူ့များပါလိမ့်၊ သူ့အိမ်သားလည်း မဟုတ်၊ ဘယ်ကလဲ၊ သို့ဖြစ်၍ သူက...

"အောင်မာ..မင်းကများ ငါ သည်အိမ်ရှင်ကွ၊ မင်းကို ဘယ်တုန်းက ခြံစောင့်ခန့်ထားတာလဲ၊ ရာရာစစ၊ အေးပေါ့လေ၊ ငါသည်ကနေ ထွက်သွားတာ တစ်လရှိပြီပဲ၊ သည်အိမ်မှာ မင်းက ခြံစောင့်ဖြစ်နေပြီပေါ့၊ ဖယ်ဖယ်..ဟိုမှာ ငါ့မိန်းမနဲ့ ကလေး... ငါ သွားလိုက်ဦးမယ်၊ မင်းဟာ တာဝန်သိပြီး သစ္စာရှိကြောင်း ပြောပြပါမယ်ကွာ... နောင်ဆိုရင် မင်း ငါ့စကားပါ တစ်သဝေမတိမ်း နားထောင်ရမယ် နော်"

'သူ'သည် ထိုသို့ပြောလိုက်ရင်း ခြံတွင်းဝင်ရန် ကြိုးစားလိုက်ပြန်သည်တွင် ဆာစောကကောင်သည် သူ့အား တွန်းထိုးလွှတ်ပြန်သည်။

"ဟိတ်ကောင်"

သည်တစ်ခါတော့ သူ့အား ခြံစောင့်ကောင်က ခပ်ထန်ထန် ခေါ်လိုက်ခြင်း ဖြစ်သည်။

"ဘာကွ"

'သူ' တော်တော် ဒေါသထွက်သွားသည်။

"မင်းအိမ် မင်းအိမ်နဲ့ ငါသိတယ်ကွ၊ ဒါပေမယ့် မင်းကို ဝင်ခွင့်မပေးနိုင်ဘူး၊ ဒါစည်းကမ်းပဲ..."

ဘယ်လိုပါလိမ့်။

"ဟာ..ငါ့အိမ်...ငါ့မိန်းမ..ငါ့ကလေး၊ ဟိုမယ် မင်းမတွေ့ဘူးလား၊ ငကန်းရဲ့၊ ဟေး..ဟေး မိန်းမရေ..မိန်းမရေ သားကြီးရေ..."

ထိုကောင်အားပြောရင်း မိန်းမနှင့်ကလေးအား လှမ်းခေါ်လိုက်ငြား သူ့အသံကို မကြားကြပါလေ။

"ဟုတ်သေးပါဘူး...ကျုပ် သူ့ယောက်ျား၊ သူ့အဖေ ဘာလို့များ ကျုပ်ခေါ်တာ မကြားကြပါလိမ့်၊ မမြင်ကြပါလိမ့်၊ နားများ ပင်းနေကြပြီလား ကန်းဝဲနေကြပြီလား၊ ခုကွာပါပဲဗျာ"

"သိတယ်... သိတယ်"

www.burmeseclassic.com



"သိရင်ဖယ်"

"မရဘူး... မင်း ဝင်လို့မရဘူး"

"ဘာလို့လဲ"

"မင်းနဲ့ မင်းမိသားစုက ဘဝချင်း မတူကြတော့ဘူးလေ"

"ဘာ"

ထိုခြံစောင့်ကောင်စကားကြောင့် 'သူ' တအံ့တသြဖြစ်သွားသည်။ ထို စကားကြောင့် သူ့ကိုယ်သူ ပြန်ကြည့်မိသည်။ 'သူ' ဖြတ်သန်းခဲ့သည့် လမ်း ပြန်ဆန်းစစ်ကြည့်လိုက်သည်။ ထူးတော့ထူးသလိုပဲ 'တောစောင့်တာတေ' နှင့် တွေ့စဉ်က..

"သွားမှာသွားစမ်းပါ..မပူနဲ့ နောင်မလွဲမသွေ ပြန်ကြုံရမယ့်သူတွေပဲ" တဲ့ ပြီးတော့ သေသွားပြီဖြစ်တဲ့ တောခေါင်းလုမြင့်နဲ့ T.E ကားကြုံစီးရင်း ကြုံခဲ့ ေသးသည်။ ပြီးတော့ ယခုပြောသည့် ဘဝချင်းမတူတော့ဘူး ဆိုသည့် စကား လက်ခံရမလိုဖြစ်သည်။ ဟုတ်ပြီ၊ သူ...ဆန်းစစ်မိချေပြီ၊ သူကျခဲ့သော ချောက် ကမ်းပါးသည် နိမ့်နိမ့်လေးမှ မဟုတ်တာ၊ သေလောက်သည့်အမြင့်ပဲ။ သူတကယ် သေခဲ့ပြီလား၊ သို့ကြောင့်လည်း မိန်းမနဲ့ကလေးက နီးနီးလေးရှိကြားမမြင် မကြားကြပါကလား၊ ဘုရား...ဘုရား..အင်းလေခုမှ ဘုရားတလို့ အလကားပေါ့

"ဒါဖြင့်ရင်လည်း ခဏတော့ဖြင့် ဝင်ပါရစေ"

တိုးလျှိုးတောင်းပန်ကြည့်သည်။ ခြံစောင့်က ခေါင်းခါမြဲ၊ သည်တော့ သည် မိန်းမနှင့်ကလေးကို ကြည့်ကာ ငေးနေမိသည်။ ဘယ်လိုဝင်ရပ့်၊ ခြံစောင့် ကောင်ကလည်း သူ့ကို လုံးဝဝင်ခွင့်မပြု။ သို့ဖြင့် တဖြည်းဖြည်းမှောင်စသန်းလာ ချေပြီ။ သို့ဖြစ်၍ ထိုတညအဖို့ "ညကျရင် မင်းငါ့ဆီမှာ ခဏလာနားလို့ရပါတယ် ကွာ" လို့မှာလိုက်သည့် အသံကြားရာ ရွာထိပ်က ကုက္ကိုပင်ကြီးသို့ သွားလိုက် တော့၏။ သူ့အတွက် တစ်ညတာ နီးနားစရာပေးလေသည့် ကုက္ကိုပင်အိုကြီး ပုဂ္ဂိုလ်ကြီးကိုပဲ ကျေးဇူးတင်ရမလို ဖြစ်တော့၏။ တစ်ညလုံး အိပ်လို့မပျော်သည့် ကြောင့် ရွာလမ်းအတိုင်း အိမ်ဆီသို့ သွားလိုက်..လာလိုက် လုပ်နေမိသည်။ ရွာထဲက ခွေးတို့သည် သူ့ကိုကြည့်ကာ 'အူ' နေကြ၏။ ထိုရွာကလေးရှိ ခွေးအား 'အူ' နေခြင်းကြောင့် ဆိတ်ငြိမ်သောရွာကလေး၏ ထိုညသည် အရုပ်ဆိုး အကျည်းတန် ခဲ့ရတော့၏။

နောက်နေ့ ဝေလီဝေလင်းအချိန်တွင် သူသည် အိမ်ဘက်ဆီသို့ သွားလိုက်





ပြန်၏။ သူအိမ်ရှေ့ရောက်ခဲ့သည့်အခါတွင် စိတ်နှလုံးချမ်းမြေ့ဖွယ် မြင်ကွင်းနှင့် ကြုံတွေ့လိုက်ရတော့၏။

စောစောစီးစီး မျက်ရည်စက်လက်နှင့် ငိုကြီးချက်မ ငိုထားကြဟန်တူသည့် မိန်းမနှင့်ကလေးကို အိမ်ပေါက်ဝတွင် တွေ့လိုက်ရ၏။ ရွာထဲမှလူများ အိမ်တွင်း ဝင်ထွက် ရှုပ်ယှက်ခတ်နေကြတော့၏။ ထိုစဉ်...

"ဟိတ်ကောင်...လာ..မင်း အိမ်ထဲဝင်လို့ရပြီ ဒါပေမယ့် တစ်သက်လုံးနေ လို့ မရဘူးနော်။ (၇)ရက် တစ်ပတ်ပဲ နေခွင့်ရမယ်"

အံ့သြစရာကောင်းလိုက်တာ၊ ညကတော့ အတင်းမောင်းထုတ်၊ ခုတော့ လည်း သဘောကောင်းနေလိုက်တာ။ ကြည့်စမ်း သူ့လက်ထဲမှာလဲ သိုက်တွင်း နှာ်အုန်း ကိုင်ထားလို့ပါကလား။ သူ ခရီးမသွားခင်က အသစ်လဲခဲ့တဲ့ နတ်နန်းပဲ။ သူ့ကိုတော့ မကျေနပ်။ နို့ပေမင့် အရေးကြီးတာ မိန်းမနဲ့ ကလေး အရင်တွေ့ဖို့ မဟုတ်လား။ သို့ကြောင့် အားရဝမ်းသာ အိမ်တွင်းသို့ပြေးဝင်လိုက်သည်။ မိန်းမ နှင့်ကလေးနား ပြေးကပ်လိုက်သည်။

"အာလာ...လား"

မမြင်နိုင်သော အားတစ်ခုက ကြားမှခံနေသလိုဖြစ်၏။ မိန်းမ ငိုသည်၊ ကလေး ငိုသည်၊ အမေအိုကြီး ငိုသည်။ ဆွေမျိုးတစ်သိုက်က ချော့မော့ဖျောင်းဖျ ကြသည်။ 'သူ' သည် မိန်းမနှင့် ကလေးနားကပ်မရသည်ဖြစ်၍ အိမ်ဦးခန်းသို့ ငေးမှိုင်ကြည့်လိုက်သည်။ သူ၏ ခန့်ငြားသော ဓာတ်ပုံကြီးထောင်ထားလို့ပါ ကလား။ ရှေ့မှာ သူ့အင်္ကျီ၊ သူ့ပုဆိုး လွှားထားသည်။ နံဘေး၌ သူကြိုက်တတ် သော ဒူးယားစီးကရက်တစ်လိပ်ကို မီးညှိကာ ပန်းကန်ပြားတစ်ချပ်ပေါ်တွင်တင် ထား၏။ ထမင်းတစ်ပွဲ..၊ ဟင်းတို့ပုံထည့်ထား၏။ 'သူ' ကြိုက်သော ပဲဟင်းပါ ၏။ ကွမ်းတစ်ယာလည်းပါသေး၏။ သူ့အတွက် အကျအနလုပ်ထားပါကလား။ မည်သို့ပင်ဖြစ်စေ 'သူ' သည် ထိုနေရာကလေးမှာပင် လှဲချနားနေလိုက်တော့၏။ 'သူ' ဘဝမှန်ကို 'သူ' သိသွားပြီကိုး။ 'သူ' ကသာ မြင်နေ ကြားနေ၊ 'သူ' ကိုတော့ မမြင်ကြ၊ 'သူ' ပြောတာမကြားကြ၊ သည်တော့ နေသာသလို 'သူ' နေလိုက်ခြင်း ဖြစ်သည်။ နေမြင့်လာသည်နှင့်အမျှ ဧည့်သည်တွေ ရောက်လာကြသည်။ ဝင် ကြထွက်ကြ၊ သွားကြလာကြ၊ ညဘက်တွင် ဖိုးခွေးရောက်လာ၏။ မိန်းမနှင့် ကလေးကို စကားတွေ အများကြီးပြောနေ၏။

"ကျွန်တော်တို့နှစ်ယောက် တောဆင် အလိုက်ခံကြရတယ်၊ လူကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူလွတ်ရာလွတ်ကြောင်းပြေးရင်း ချောက်ကမ်းပါးအောက် ပြုတ်ကျသွားတာဖြစ်မယ်"

'သူ' တောင်ပေါ်ကကျသည့် အကြောင်းမှလွဲ၍ တခြားအကြောင်းများ မဟုတ်ခြင်းကြောင့် 'သူ' နေရာမှာပင် လှဲနေမြဲနေလိုက်၏။

ထိုနေ့မှစ၍ နောက်နေ့တိုင် နေသာသလိုပင် နေလိုက်ရ၏။ မိန်းမနှင့်ကလေးကို တွေ့နေရလျှင်ပင် သူ ကျေနပ်နေပြီ။ တတိယနေ့တွင်မတော့ လူတွေ စုဝေးရောက်လာကြပြန်သည်။ နေ့လယ်ခင်းလောက်တွင် တစ်ရပ်တစ်ကျေးမှ ဆွေမျိုးများလည်း ရောက်လာသည်။ နောင်ဝေဝေရယ်လို့ ကြေးစည်သံကြားလိုက်သည်နှင့် 'သူ့'ကျောထဲ စိမ့်သွားသလို အနီးပတ်ဝန်းကျင်မှ မိတ်ဆွေများသည်လည်း အပြေးအလွှားရောက်လာကြသည်။ မိန်းမနှင့်ကလေးကိုလည်း ဆွေမျိုးသားချင်းများက နှစ်သိမ့်ရင်း အိမ်ပေါ်မှတွဲခေါ်လာကြ၏။ သို့ဖြစ်၍ 'သူ' သည်လည်း မိန်းမနှင့်ကလေးနောက်မှ ကပ်လိုက်ခဲ့တော့၏။ သူ့သာန်တစ်စပြင် တစ်ခုကို သွားနေကြခြင်းဖြစ်၏။ ထိုသုသာန်တစပြင်၏ 'ဇရပ်' ဟု ခေါ်ဆိုသည့် ခန်းမကျယ်ကြီးတစ်ခုတွင် ညှိုးငယ်သော မျက်နှာများဖြင့် လူတစ်စုထိုင်နေကြ၏။ မိုးကိုးမတ်တတ်ရပ်နေကြသူ အချို့လည်းရှိ၏။ ဟိုလျှောက်သည့်လျှောက်နေကြသူ တစ်ဦးစ နှစ်ဦးစလည်းတွေ့ရ၏။ ဇရပ်ပေါ်တွင် ရုပ်ကလာပ်တစ်ခုကို အကျအနပြင်ထား၏။ ထိုဇရပ်အနားရောက်သည်နှင့် မိန်းမနှင့်ကလေးသည် ထိုရုပ်ကလာပ်ကို ပြေးဖက်ဘွယ်၍ အားပါးတရ ရှိုက်ကြီးတငင် ငိုနေကြတော့၏။ 'သူ'သည်လည်း သားအမိနှစ်ယောက်အနား မယောင်မလည်သွားကြည့်လိုက်သည်။ အောင်မယ်...အောင်မယ်...'သူ့' ခန္ဓာကိုယ်ကြီးပါလား၊ အင်း...'သူ' လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဖိုးခွေးယူလာတာဖြစ်မယ်။ မိန်းမနှင့်ကလေးကို သူ မည်သို့ နှစ်သိမ့်ရပါလိမ့်မည်နည်း။ မည်သို့မျှ သူစဉ်းစားမရသည်ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် လျှောက်၍ကြည့်လိုက်သည်။

'သူ့'အား သတိတရဖြစ်မိကြကြောင်း၊ နှမြောတသဖြစ်ကြောင်း ပြောကြသူတွေရှိသလို၊ 'ဒီကောင်သေတာ ကောင်းတယ်' ရယ်လို့ ဆိုသူတို့ကိုလည်း 'သူ' တွေ့ရ၏။ 'သူ့'အတွက် တရားရစရာပေပဲပေါ့။ မကြာမီအချိန်ကလေးတွင် သူ့ရုပ်ကလာပ်အား ဇရပ်ပေါ်မှသယ်ချကာ မြေတွင်းတိမ်တိမ်တစ်ခုတွင် ထည့်မြှုပ်လိုက်ကြတော့သည်။ မိန်းမနှင့်ကလေးသည် ငိုလိုက်သည့်ဖြစ်ခြင်း။ သူသည် လွန်စွာ စိတ်ထိခိုက်သွား၏။ သူ့မိန်းမနှင့်ကလေး ရှေ့လျှောက်ဘယ်သို့ စခန်း





သွားကြပါလိမ့်မည်နည်း။ သူ့မိန်းမသည် တစ်ကောင်ကြွက်၊ သူ့ကလေးသည် ဥတလုံး။ ကဲ..ဘယ်လို စိတ်ချလက်ချ ထား၍ရပါလိမ့်မည်နည်း၊ 'သူ' သည် ကျစ်ရစ်သူအတွက် ရှေ့ရေးတွေးပြီး ရင်လေးနေပြန်သည်။ သို့ဖြစ်ခြင်းကြောင့် 'သူ'သည် ဘယ်လိုပဲဖြစ်စေ၊ ဘယ်လို ဒုက္ခမျိုးဖြင့်လည်း ကြုံပါစေ၊ သူတို့သားအမိ နားတွင်နေပြီး ကူညီနိုင်မည့်နည်းလမ်းကို မဖြစ်မနေရှာကြံမည်ဟု စဉ်းစားဆုံးဖြတ်လိုက်သော်ငြား...။ ခုနစ်ရက်ပြည့်မြောက် ရက်လည်နေ့တွင် သူချစ်သော၊ သူခင်တွယ်ရသော၊ သူသနားနေရသော၊ သူကထားခဲ့ရသည်ကို စိတ်မချရသော မိန်းမနှင့်ကလေးကား သူ့အား ရည်စူးရေစက်ချ အမျှဝေပေးပြီး သူ့အိမ်၊ သူ့ခြံ၊ သူ့ရွာမှ နှင်ထုတ်ခဲ့လေတော့သည်။ သို့ဖြစ်ခြင်းကြောင့် 'သူ'သည် မိန်းမနှင့်ကလေးအနား နေခွင့်မရလေတော့ဘဲ လာလမ်းအတိုင်း ပြန်ခဲ့ရလေတော့သည်။ နောက်ဆုံးမတော့ ပဲခူးရိုးမတော အတွင်းက တောစောင့်တာတေထဲတွင် ခေတ္တသွားရောက်ခိုလှုံ နေရဦးမှာပါလား...။

✦



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုနဲ့ ဒီကောင်လေးဟာ ကျန်ရစ်ခဲ့တဲ့ မိန်းမနဲ့ကလေးကို သံယောဇဉ် မပြတ်နိုင်ဖြစ်လို့ မကျွတ်ဘဲ ရှိနေတော့တာပေါ့ ဆရာလေးရယ်..သည့်တောမှာ သူ့ဝါးခုတ်နေကျမဟုတ်လား။ ဒါကြောင့်ဆရာလေးတို့ နှကြားနေရတဲ့ ဝါးခုတ်သံတွေဟာ ဘယ်သူဟုတ်ရိုးလဲ...သူပဲပေါ့ ဆရာလေးရယ်....သနားစရာပါ"

မုဆိုးဘေလူးပြောပြလာသည့် ရင်နင့်ဖွယ်ဇာတ်လမ်း နားထောင်ရင်း ကျွန်တော်နှင့် 'လင်းမြင့်လှိုင်'သည် စိတ်မကောင်းဖြစ်ကြရ၏။

တောနက်အတွင်း ကျွန်တော်တို့သည် တောခြောက်ခြင်း၊ တောမှောက်ခြင်း၊ မကြာခဏဆိုသလို ကြုံရ၏။ ကြောက်လန့်ခြင်းအလျှင်းမဖြစ်ခဲ့ဘူးချေ။ ရံခါဒေါသအလျောက် ထိုတောခြောက်ရာဆီသို့ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်ခတ်ခဲ့ရသည်များ ရှိခြားယ်ခုအခါတွင်မတော့ ကျွန်တော်တို့အား အိပ်မရလေအောင် နှောင့်ယှက်နေသည့် ဝါးခုတ်သံ ဆူဆူညံညံများကို နားစွင့်ရင်း၊ သူ့မိသားစုအတွက် ဝိညာဉ်အဝနှင့်ပင် ဝါးခုတ်လျက်ရှိနေသေးသော ဝါးခုတ်သမားလေးကို သနားဂရုဏာ သက်မိလေကြသေးတော့သည်။

[ မုဆိုးသံသရာဝတ္ထုတိုရေပါင်းချုပ် ၂၀၀၀]


[ ၃၁-၅-၁၉၉၉]

[ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလထုတ်၊ မုဆိုးသံသရာဝတ္ထုတိုပေါင်းချုပ်မှ]

✦✧✦✧✦✧



# ဝိညာဉ်ကလဲ့စားလေလား



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ကလေ့စားလေလား

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က ကျွန်တော်သည် တောတောင်နှင့်မကင်းသော ဝန်ထမ်းတဦးဖြစ်သည်ကြောင့်၊ ဝန်ထမ်းတစ်ပိုင်း မုဆိုးတစ်ပိုင်းဖြစ်ခဲ့သည်။ ထိုသည်ကြောင့် တောတောင်နှင့် ပတ်သက်၍ အံ့ဖွယ်ထူးဆန်းအသွယ်သွယ်ကို ကိုယ်တိုင်ကြုံခဲ့၊ မြင်တွေ့ခဲ့ရသည်။ ရံခါဆိုသလို တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ်ထက်မယုံနိုင်လောက်ဖွယ် ဆန်းကြယ်နေတတ်ပါသည်။ ထိုသည်များမှ လက်ခံယုံကြည်နိုင်လောက်ဖွယ်များကိုသာ ဝတ္ထုသဘောဆင်၍ အတော်များများ ရေးသားခဲ့ပြီးဖြစ်သည်။ သို့ငြား အရှေ့ရိုးမ တစ်နေရာရှိ ပန်းပုတ်ကြီးစခန်းတွင် ဒေသခံမုဆိုးကြီးစောလူး မိတ်ဆွေကြီးလင်းမြင့်လှိုင်တို့နှင့် အမဲပစ်ထွက်ခဲ့စဉ်က ကျွန်တော်ကိုယ်တိုင်ကြုံခဲ့၊ ဖြစ်ပျက်ခဲ့ရသော အကြောင်းအရာတွေ အများကြီးမှ အကြောင်းအရာလေးတစ်ခုသည် လွန်စွာမှ မယုံနိုင်လောက်အောင် အံ့ဩဖွယ်ဖြစ်သည်ကို ယနေ့တိုင် မမေ့နိုင်သေးချေ။ ထိုသည်အကြောင်းလေးကို တင်ပြလိုသည့် စိတ်ဆန္ဒပြင်းပြလျက်ရှိသည်မှာ ကြာပြီဖြစ်သော်လည်း လက်တွန့်နေမိသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုင် ကျွန်တော်ကိုယ်တိုင် ထိုပဟေဠိဆန်ဆန်ကိစ္စလေးကို အဖြေမထုတ်နိုင်ခဲ့ပါသဖြင့် စာဖတ်ပရိသတ်မှ စဉ်းစားဆုံးဖြတ် အဖြေထုတ်ပေးနိုင်ရန်အလို့ငှာ တင်ပြလိုက်ပါသည်။ ထိုသည်ကြောင့်လည်း…

လွန်စွာမှ အမဲပစ်၍ကောင်းသော ဆောင်းကာလနှောင်းပိုင်းလေးတွင် လင်းမြင့်လှိုင် ကျွန်တော်နှင့် ဒေသခံမုဆိုးကြီးစောလူးတို့သည် အရှေ့ရိုးမတောတွင်းသို့ဝင်ခဲ့ကြသည်။ အဓိက ရည်ရွယ်ချက်ပစ်မှတ်သားကောင်ရယ်လို့ သတ်သတ်မှတ်မှတ်မရှိ၊ အမဲပစ်မထွက်သည်မှာ ကြာပြီဖြစ်ခြင်း၊ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အလုပ်အားနေကြသည်လည်းဖြစ်၍တစ်ကြောင်း ဒေသခံမုဆိုး





ကြီးစောလူးနှင့်လည်း မတွေ့တာကြာပြီဖြစ်သဖြင့် ဆုံတွေ့လိုခြင်းကြောင့် အမဲလိုက်ထွက်ခဲ့ခြင်းဖြစ်တော့၏။

မုဆိုးကြီးစောလူးနေထိုင်ရာ ကင်းမတီးကျေးရွာမှ နံနက် ၈:၀၀ နာရီလောက်တွင် ထွက်ခဲ့ကြသည်။ တောတွင်းသို့ လှည့်လည်သွားလာကြရင်း ပန်းပုတ်ကြီးစခန်းသို့ ရောက်ခဲ့သော်ငြား မည်သည့်သားကောင်မျှ မပစ်ခတ်ရသေးချေ။ သို့ကြောင့်…ဝါးခုတ်တဲပေါင်းတစ်ခုတွင် နားနေကြရင်း အဆာပြေအလို့ငှာ မုဆိုးကြီးစောလူး ယူလာသည့် ဆတ်သားခြောက်နှင့် လင်းမြင့်လှိုင်ထံမှ အမြဲကိုယ်နှင့်မကွာပါလာတတ်သည့် "ဘလက်လေဘယ်" ပုလင်းအတွင်းမှ အရံသင့်ဆော်ဒါဖြင့် ရောစပ်ခဲ့ပြီးဖြစ်သည့် အရက်ကို မော့ရင်းသောက်ကြရင်း စကားမြည်ပြောနေကြတော့၏။ ထိုစဉ် ကျွန်တော်တို့ ရှေ့ခပ်လှမ်းလှမ်းတောင်စွယ်လေးပေါ်မှ သတ္တဝါတစ်ကောင်ပြေးလွှားနေသံကြားရသည်ဖြစ်၍ ထိုနေရာသို့ သုံးယောက်သား ချောင်းမြောင်းတိုးကပ်သွားလိုက်သည်။ ကျွန်တော်တို့ရှာဖွေနေသော သားကောင်တွေ့ပေပြီ။

ဒရယ်လေးတစ်ကောင်သည် ယောက်ယက်ခတ်စွာ ပြိုသည့် ပြေးလွှားနေသည်။ ထိုသို့ပြေးလွှားရင်း အော်ဟစ်နေပြန်၏။ မိခင် ဒရယ်မကြီးကို တမ်းတခေါ်နေသည်လား၊ သို့တည်းမဟုတ် တစ်စုံတစ်ဦးအား အကူအညီတောင်းခံနေသည်လားဆိုသည်ကိုတော့ဖြင့် ကျွန်တော်သည် တိရစ္ဆာန်တို့၏ ဘာသာဗေဒကားကို နားမလည်ပေငြား သဏ္ဌာန်နှင့်ဟန်ကြောင့် ဒုက္ခရောက်နေ၍ အော်ဟစ်ပြေးလွှားနေခြင်းကိုတော့ဖြင့် သိလိုက်ပေသည်။

ကျွန်တော်သည် အမဲပစ်မုဆိုးတစ်ယောက်ဖြစ်သော်လည်း ဒုက္ခရောက်နေသည့်သတ္တဝါ၊ တိရစ္ဆာန်များကိုမူ ပစ်ခတ်သတ်ဖြတ်လေ့မရှိပါ။ သို့ကြောင့် ထိုဒရယ်လေးမည်သည့် အန္တရာယ်နှင့် ကြုံနေရသည်၊ မည်သို့ ကူညီရမည်သိလို၍ ရှေ့ခပ်လှမ်းလှမ်းတွေ့မြင်နေရသည့် ဒရယ်လေးနှင့် နီးနိုင်သမျှနီးအောင် ချောင်းမြောင်းတိုးကပ်သွားလိုက်၏။ သည်တော့ ဒရယ်လေးကား ညှတ်ကွင်းမိနေခြင်းသည်းမဟုတ်၊ ဆူးကြောင့်ဒုက္ခပေးခံရခြင်းလည်း မဟုတ်ကြောင်းသိ၏။ ထိုနေရာတစ်ဝိုက်မှာပင် ဝေးဝေးသို့ ပြေးလွှားခြင်းမရှိလေဘဲ ယောက်ယက်ခတ်လှည့်ပတ်ပြေးနေသဖြင့် ထူးဆန်းလှချည်ရဲ့ဆိုပြီး ထိုပတ်ဝန်းကျင်တစ်ဝိုက် ဒုးစမ်းအကဲခတ်ကြည့်မိသည်။

မည်သည့်အတွက်ကြောင့် ဒရယ်လေးသည် အန္တရာယ်နှင့်ငင်ဆိုင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သော်ကြား ဓေးဝေးပြေးမသွားလေသနည်းဆိုသော် ထိုနေရာမှ ဝေးရာသို့ပြေးလွှား ထွက်သွားလို့ကြား....ပြေးလွှားထွက်သွား၍ မရခြင်းကြောင့်ပင်ဖြစ်တော့၏။ ထို သို့ပြေးလွှားထွက်မသွားနိုင်ရန်အလို့ငှာ လုပ်ဆောင်ထားသူကား ညို့အားကောင်း သည့် စပါးကြီးမြွေတစ်ကောင်ကြောင့်ပင်ဖြစ်တော့၏။ ထိုဒရယ်လေး၏ခဲ့ဖ်လှမ်း လှမ်းနေရာတွင် စပါးကြီးမြွေတစ်ကောင်ရှိနေ၏။ စိုစွတ်လျက်ရှိသော မြေသလင်း ပေါ်မှ ထင်ရစ်နေသည့် ဒရယ်လေး၏ လတ်လတ်ဆတ်ဆတ်ခြေရာကွက်လေး ကို မြွေကြီးသည် လျှာလေးပြူတစ်၊ ပြူတစ်လုပ်ရင်း စူးရှသောမျက်ဝန်းများဖြင့် စူးစိုက်ကြည့်နေ၏။ ရံခါဆိုသလို "တဖူးဖူး"ဖြင့် နှာမှုတ်နေသေးပြန်၏။

ထိုမြင်ကွင်းကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်နှင့် ဒေသခံ မုဆိုးကြီး စောလှူးတို့နှစ်ယောက်အား အသာအယာလက်ကာပြကာ စပါးကြီးမြွေသည် သူ ၏သားကောင်ဒရယ်လေးကို မည်သို့ဖမ်းယူလေမည်ကို စောင့်ကြည့်ကြရန် အချက်ပြလိုက်သည်နှင့် သူတို့နှစ်ယောက်သည် အလိုက်တသိဖြင့် ကျွန်တော်အ နားမှာပင် တိုးတိတ်ညင်သာစွာ စိတ်ဝင်တစားကြည့်နေကြတော့၏။

ဒရယ်လေးသည် အော်ဟစ်ပြေးလွှားနေရာမှ မောပန်းသွားလေ၍လား သို့တည်းမဟုတ် စပါးကြီးမြွေ၏ ညို့အားကြောင့်ပေလား မသိ၊ အသံတိတ်ဆိတ် ငြိမ်သက်သွားသလို ညို့နှမ်းနွေယိုင်သွားလေတော့၏။ ထိုအခါ စပါးကြီးမြွေသည် "ဖူး"ခနဲ တစ်ချက် နှာမှုတ်ထုတ်လိုက်သည်နှင့် ဒရယ်လေးသည် သူ့အနားသို့ ဒယီးဒယိုင်ဖြင့် တန်းတန်းမတ်မတ် တိုးကပ်သွားလေတော့၏။ ထိုသည့်တွင် စပါးကြီးမြွေသည် ကိုယ်ကို ဆတ်ခနဲတစ်ချက်လှုပ်လိုက်ကာ ခေါင်းထောင်လာ တော့၏။ ထိုစပါးကြီးမြွေ၏ လှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့် ရှေ့ဆက်မည်သို့ ပြုလုပ်တော့မည်ကို ကြိုတင်သိလိုက်ရပြီဖြစ်၍ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကို ကမန်းကတန်း မောင်းတင်လိုက်ကာ၊ ထိုစပါးကြီးမြွေကို ပစ်ခတ် လိုက်တော့သည်။

"ဒိန်း"

ပြင်းထန်သော "ယမ်း"အားပေါက်ကွဲသံကြောင့် ဒရယ်လေးသည် ထိတ် လန့်တုန်လှုပ်သွားကာ အသိစိတ်ပြန်ဝင်သွားပြီး ထိုနေရာမှ ဝေးရာသို့ အော်ဟစ် ပြေးလွှားသွားတော့သည်။

စပါးကြီးမြွေကား သူထင်မှတ်မထားသော ရန်သူက သူ့အားချုံခိုတိုက် ခိုက်ခြင်းခံလိုက်ရသည်ကို သိချင်မှသိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကိုက်





၁၀၀ ပတ်လည်အတွင်းရှိ မည်သည့်ပစ်မှတ်မဆို မလွဲအောင် ပစ်ခတ်နိုင် စွမ်းရှိသည့် ကျွန်တော်၏ "သေမင်းတမန်" သေနတ်ပြောင်းဝမှ ဝရန်းသုန်းကား ထွက်လာ သော ခဲကျည်ဖူးသည် သူ့အား မြွေလောကမှ အပြီးတိုင်ဆွဲထုတ်သွားသော ကြောင့်ပင်ဖြစ်သည်။

ရုတ်တရက် လှုပ်ရှားလိုက်သည့် ကျွန်တော့်အပြုအမူကြောင့် မုဆိုးကြီး စောလှူးနှင့်လင်းမြင့်လှိုင်သည် အံ့သြတကြီးဖြစ်သွားကာ

"ကိုပိုက်ရာ ဘာလို့ပစ်လိုက်ရတာလဲ...မြွေကြီးက ဒရယ်လေးကို ဘယ်လို ဖမ်းပြီးမျိုမလဲဆိုတာ ကြုံတောင့်ကြုံခဲမြင်ရမှာဗျာ၊ ခုတော့ ခင်ဗျားကြောင့် ဒရယ် လေးလည်း ပြေးပြီ မြွေကြီးလည်း သေပြီ"

"ခင်ဗျားတို့အတွက် ကြုံတောင့်ကြုံခဲ အတွေ့အကြုံလေးကို ကျွန်တော် က ဖျက်လိုက်သလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်အနေ နဲ့ စပါးကြီးမြွေက ဒရယ်လေးကို တဖြည်းဖြည်းမျိုနေမှုကို မကြည့်ရက်လို့ ခုလို လုပ်လိုက်တာပါ။ ဒီလိုဗျာ ဒရယ်လေးသူ့နားရောက်လာရင် သူ့ကိုယ်လုံးနဲ့ ဒရယ် လေးကို ရစ်ပတ်ပြီး အရိုးအဆစ်တွေပြုတ်ထွက်သွားအောင် ဆွဲဆန့်လိုက်လိမ့်မယ်၊ အဲဒီအခါ ဒရယ်လေးဟာ အရှင်လတ်လတ်ငရဲခံရတော့မယ်၊ မြွေကြီးက အဲလိုလုပ် လိုက်တော့ ဒရယ်လေးဟာ အရိုးအဆစ်တွေ ပြုတ်ထွက်သွားမယ်၊ ကျိုးကြေမယ်၊ သည်တော့မှ မြွေကြီးဟာ ဒရယ်လေးနဲ့ ဦးခေါင်းကနေစပြီး တဖြည်းဖြည်း မျိုတော့မှာပေါ့ဗျာ.....အဲသည်မြင်ကွင်းကို ကျွန်တော်မမြင်ရက်ဘူး၊ ဒါကြောင့် ခုလိုလုပ်လိုက်ရတာပါ။ ကဲ...ကဲ လာဗျာ စပါးကြီးမြွေသားကလည်း အင်မတန်စား ကောင်းသဗျ" ရယ်လို့ လင်းမြင့်လှိုင်ကို ရှင်းပြလိုက်ပြီး သူတို့နှစ်ယောက်အား ဦးဆောင်၍ ထိုစပါးကြီးမြွေနားသို့သွားလိုက်သည်။ ပြီးနောက် အသက်ဝိညာဉ် ချုပ်ငြိမ်းလေပြီဖြစ်သော မြွေကြီးအား လင်းမြင့်လှိုင်၊ မုဆိုးကြီးစောလှူးတို့၏ အကူအညီဖြင့် စခန်းချမည့်နေရာသို့ သယ်မယူလာလိုက်သည်။

"သဘာဝအရ သူ့အစာအလို့ငှာ ဖမ်းယူစားသောက်တတ်တဲ့ အကျင့် စရိုက်ကြောင့် မြွေကြီးဟာ ဒရယ်လေးအပေါ်မှာ မတရားလုပ်တယ်လို့ ကျွန်တော် မမြင်ဘူးဗျာ၊ ကိုပိုက်က ခုလို မြွေကြီးကို သတ်ပစ်လိုက်တော့ မုဆိုးချင်းစည်း ပေါက်ရာ ကျမနေဘူးလား"

မြွေကြီးကိုတွဲလောင်းဆွဲ အရေခွာ အသားဖျက်နေသည့် ကျွန်တော့်အား "လင်းမြင့်လှိုင်"က စခန်းတဲပေါ်မှ လှမ်းပြောလိုက်သဖြင့် အတော်လေးတုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားမိသည်။ (ဟုတ်ပါရဲ့) မြွေကြီးသည် သူ့ဝမ်းရေးအတွက် သူရှာစားတာထဲ တကယ်တမ်း မတရားသည်က ကျွန်တော်ရယ်လို့ သတိပြုလိုက်မိသည်။ ဖြစ်ပြီး လေမှတော့ မည်သို့တတ်နိုင်တော့ပါမည်နည်း။

"အသားတစ်"တုံးများဖြစ်သွားသည့် မြွေကြီးသားကို ကျွန်တော်သည် မီးကင်တန်သည် မီးကင်၊ ကြော်တန်သည်ကြော်၊ ချက်တန်သည်ချက်လိုက် သည်။

ထိုနေ့ညနေခင်းကို မြွေသားနှင့် မြိန်ရှက်စွာ စားလိုက်ကြတော့သည်။

"အာပါး.....မြွေသားတယ်ကောင်းတယ်ဗျ"

ခုမှတစ်ကြိမ်တစ်ခါ မြွေသားစားဖူးသော လင်းမြင့်လှိုင်ကပြော၏။

"ဟုတ်တယ်ကိုလင်း.....အစက ကျွန်တော် လင်းမြွေသားပဲ စားဖူးတာ အဲဒီတုန်းက လင်းမြွေသား ကောင်းလှချည်လို့ ထင်ခဲ့တယ်၊ ခုစပါးကြီးမြွေသား က ပိုကောင်းနေပါကလားဗျ"

မုဆိုးကြီး စောလူးကပြောလာပြန်သဖြင့် ကျွန်တော်သည် သူတို့ နှစ်ယောက်အား ကြည့်၍ ပြုံးနေလိုက်သည်။ ပြီးမှ–

"စပါးကြီးမြွေသားထက်ကောင်းတဲ့ မြွေသားရှိသေးသဗျ"ဆိုလိုက်တော့ "ဘာမြွေရှိသေးတုန်း" ရယ်လို့ နှစ်ယောက်သားပြိုင်တူမေးလာကြသည်။

"တောကြီးမြွေဟောက်"

ကျွန်တော့်အဖြေကြောင့် နှစ်ယောက်သား မျက်လုံးမျက်ဆန်ပြူးသွားကြ ကာ အံ့သြတကြီး ဖြစ်သွားကြတော့၏။

"သည်လောက်အဆိပ်ပြင်းတဲ့မြွေ စားလို့ရသလားဗျ" လင်းမြင့်လှိုင်က မယုံရဲရဲမေးလာသဖြင့်–

"ရပါကောဗျာ....အဆိပ်ပြင်းလေ သူ့အသားက ပိုချိုလေပေါ့ဗျာ" ဆို လိုက်တော့ "အဲလောက်အဆိပ်ပြင်းတဲ့မြွေကို စားတာ အန္တရာယ်မဖြစ်နိုင်ဘူးလား" မေးလာပြန်သည်။

"လွယ်ပါတယ်...ဘယ်လိုအမျိုးအစားမြွေဖြစ်ဖြစ်... လည်တိုင်နဲ့ ခေါင်း ကိုသာ ဖြတ်ပစ်လိုက် အဆိပ်အိတ်က ခေါင်းထဲမှာပါသွားတယ်။ ပြီးတော့ ကျောရိုးမှာရှိတဲ့ သွေးကြောလေးကို ဖြတ်ပစ်လိုက်၊ ချက်တဲ့အခါမှာလည်း အိုးအဖုံးဖွင့်ချက်ဗျာ ဘာမှမဖြစ်ပါဘူး၊ အဆိပ်သင့်နိုင်တဲ့ အကောင်ချင်းအတူတူ ငါးပုတင်းစားမလား၊ မြွေသားစားမလားဆိုရင်တောင်မှ ကျွန်တော်က မြွေသား စားမှာဗျာ... မြွေသားဟင်းချက်စားတာ ငါးပုတင်းဟင်းချက်စားတာထက်





အန္တရာယ်ပိုကင်းသဗျ၊ အဲ အဆိပ်ပြင်းတဲ့ မြွေသားစားရင် နည်းနည်းတော့သတိ ပေါ့ဗျာ.... မဆိုစလောက်ကလေးပါ။ ကဲ... ကိုလင်းရေ... သည်မြွေသား အစိုချက်ဟင်းထက် မြွေသားကျပ်တိုက်ကိုချက်တဲ့ ဟင်းက ပိုစားကောင်းတယ် ဆိုတာ နောင်မှခင်ဗျား သိလာဦးမှာပါ သည်ကပြန်ရင် မြွေသားကျပ်တိုက်တွေယူ သွားချေဗျာ..."

"ကောင်းတာပေါ့ဗျာ" ဆိုကာ လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်း သွား တက်ကလေးများပေါ်အောင် ရယ်လိုက်ပြီး စပါးကြီးမြွေသားဟင်းကို အားပါးတ ရ နှိုက်ယူစားလေတော့သည်။ သူအမှန်တကယ်ကြိုက်၍ အားပါးတရစားနေခြင်း လား "ခေး" ကပဲစားနေလေသည်လား မသိ၊ မနက်က "ဂျော်နီဝါကား" ဖုလင်း သည် အခွံသာဖြစ်နေတော့၏။

စားသောက်ပြီးကြသည်နှင့် ကျွန်တော်တို့သည် ထင်းမီးဖိုထားလိုက် သည်။ ယနေ့ည ဤပန်းပုတ်ကြီးစခန်းတွင် နားကြမည်ဖြစ်သည်။ နောက်တစ်နေ့မှ အထက်ပိုင်းရှိ စဥ့်အိုးဘက်သို့ အမဲကြီးပစ်သွားရင်း "ကျောက်ခုတင်" ဘက် ဖြတ်ကာ မုဆိုးကြီးစောလူးတို့ရွာ ပြန်ကြမည်ဖြစ်သည်။

တစ်နေကုန်လျှောက်ခဲ့ကြသည်ကြောင့် ပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ စခန်း တဲပေါ်တွင် အသီးသီးကျောဆန့် လဲလျောင်းလိုက်ကြသည်။ မကြာမီ အိပ်ပျော် သွားကြသည်။

"ရှူး.....ရှူး.....ရှူး"

မြွေတွန်သံဖြစ်သည်။ ခပ်ဝေးဝေးမှ လာသောအသံများ ဖြစ်သည်။ ရံခါ ဆိုသာလျှင် ညဥ့်ငှက်အော်သံနှင့် ဂျီ(ချေ)ဟောက်သံကြားရခြင်းဖြစ်၏။ တစ်ချိန် လုံးကြားနေရသည်ကား မြွေမျိုးစုံ၏ တွန်သံများပင်ဖြစ်တော့၏။ လူးဆန်းလိုက် ခြင်းရယ်လို့ စိတ်မှာမှတ်ရင်း...နားစွင့်နေမိသည်။

"ရှူး.....ရှူး.....ရှူး"

ထိုကျယ်လောင်သော မြွေတွန်သံရှည်ကြီးသည် တဲစခန်းနားမှ ဖြစ်သည် ကြောင့် ကမန်းကတန်းထထိုင်လိုက်သည်။ ပြီးနောက် ထိုအသံလာရာသို့ မမှိတ် မသုန် စူးစိုက်ကြည့်လိုက်သည်။ ထင်းမီးဖိုသည် မီးတောက်မီးလျှံတို့ဖြင့် ရဲရဲတောက် နီလျက် ရှိနေသေးခြင်းကြောင့် တဲစခန်းပတ်ဝန်းကျင်တစ်ပိုက် အလင်းရောင်ရှိနေ သော်ငြား ထိုတွန်သံရှင် မြွေကို မတွေ့ရပါချေ။ မည်သည့်နေရာလောက်မှ ဖြစ်ခြည် ကို နားစွင့်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိုး…ရှိုး…ရှိုး"

အလင်းရောင်မရောက်သည့် နေရာလောက်ဆီမှ ထွက်ပေါ်လာသံကြောင့် မျက်မှောင်ကုတ်ကြည့်လိုက်သည် တွေ့ရပြီ။ မြေပြင် နားကပ်လျက် ဘယ်ညာ ယိမ်းလှုပ်ရှားနေသည့် မျက်ဝန်းတစ်စုံပိုင်ရှင်ကား "မြွေ"ပင်ဖြစ်မည်။ သို့ကြောင့် ပိုသေချာအောင် လက်နှိပ်ဓါတ်မီးဖြင့် ဖမ်းထိုးထားလိုက်သည်။ ဘာမျှ မဟုတ်၊ ဘာကောင်မျှမတွေ့၊ သို့ကြောင့် ဓါတ်မီးကိုပြန်ပိတ်လိုက်သည်။ ထိုနေရာမှာပင် တောက်ပစူးရဲသော မျက်ဝန်းတစ်စုံ ပြန်မြင်ရပြန်သည်။ သို့ကြောင့် ဓါတ်မီးပြန်ထိုးလိုက်ပြန်သည်။

ဘာကောင်မျှမတွေ့ပြန်၊ မဖြစ်နိုင်၊ မဖြစ်နိုင်၊ ကွယ်ပျောက်နေရန်ထိုနေရာတွင် မည်သည့်အမှိုက်သရိုက်နှင့် ချုံပုတ်ငယ် သစ်ပင်ငယ်မျှမရှိ၊ မြေသလင်းပြောင်ပြောင်လေးဖြစ်နေသည်။ သို့ကြောင့် ဓါတ်မီးကို တစ်ဖန်ပြန်ပိတ်လိုက်ပြန်သည်နှင့် တောက်ပစူးရဲသော မျက်ဝန်းတစ်စုံသည် ဘယ်ညာယိမ်းလျက်ပေါ်လာပြန်သည်။ စဉ်းစားဝေခွဲမရဖြစ်ရသည်။

"ရှိုး…ရှိုး…ရှိုး"

"ဖူး"

ထိုနေရာမှ မြွေတွန်သံအပြင် နှာမှုတ်သံပင် နီးနီးကပ်ကပ်ကြားရပြန်သည်။ သို့ကြောင့် ကျွန်တော်သည် နံဘေးမှ သေနတ်ကို ကောက်ယူပြီး ဓါတ်မီးထိုး၍ ထိုနေရာသို့ သွားလိုက်သည်။ စခန်းတဲနှင့် မည်မျှ ဝေးကွာခြင်းမရှိသောကြောင့် သွားဝံ့ခြင်းဖြစ်သည်။

မြင်တွေ့နေရသော မျက်ဝန်းတစ်စုံအကွာအဝေးသို့ ရောက်သည့်တိုင် ဓါတ်မီးထိုးကာ သွားလိုက်သည်။ ဘာမျှမရှိ၊ ဘာကောင်မျှမတွေ့၊ သို့ကြောင့် တဲဆီပြန်လာလိုက်သည်။ တဲနားရောက်လုတွင် ထိုနေရာသို့ ပြန်သွားကြည့်လိုစိတ်ပေါ်လာသဖြင့် ပြန်လှည့်သွားလိုက်ပြန်၏။ ထိုကဲ့သို့ အကြိမ်ကြိမ်အခါခါ ဖြစ်နေသည်။ ကြာလာတော့ကာ ယိုင်လဲလုမတတ် ခွေယိုင်သွားသည်။ ပြီးနောက် ခေါင်းတွေလေးလာပြန်သည်။ ကြာလာတော့ နုံးချိလာပြီး ဟပ်ထိုးခွေယိုင်လဲကျသွားတော့သည်နှင့် ကျွန်တော့်အား ချောက်လှန့်နေသည့် မျက်ဝန်းတစ်စုံရှိနေသည့်နေရာလောက်တွင် "ဖူး"ခနဲ နှာမှုတ်သံကြားလိုက်ရပြီး ကျွန်တော်မြင်လိုတွေ့လိုသော စူးရဲတောက်ပသည့် မျက်ဝန်းတစ်စုံကို ထိပ်တိုက်တွေ့လိုက်ရသည်ကြောင့် လွန်စွာမျှ ထိတ်လန့်သွားရသည်။ လျှာတစ်လစ် တစ်လစ်ဖြင့် မြွေကြီး





ဖြစ်နေတော့၏။ သို့ကြောင့် ကျွန်တော်သည် တဲစခန်းသို့ ပြန်ပြေးရန် ကြိုးစားအားယူထလိုက်နိုင်ပြီး ခန္ဓာကိုယ်တစ်ဖက်လည့် ညာခြေတစ်ဘက်လှမ်းလိုက်နိုင်ပေမင့် ဘယ်ခြေတစ်ဘက်ခြေချင်းဝတ်ကို မြွေကြီးကလှမ်း၍ ခဲလိုက်တော့သည်။

"အား"

နာကျင်လွန်း၍ အသံကုန် ဟစ်အော်လိုက်မိသည်။

"ဟိတ်လူ ကိုဝိုက် ဘာဖြစ်တာလဲ…ဘာဖြစ်တာလဲ"

"ဗျာ"

မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ လင်းမြင့်လှိုင်က ကျွန်တော်ကို လှုပ်နှိုးရင်း စိုးရိမ်စိတ်ဖြင့် မေးနေသည်ကြောင့် တပြန်တလဲ ကျွန်တော်က အံ့ဩရပြန်သည်။ ထို့ကြောင့်-

"ကျွန်တော့်ကို မြွေကိုက်လို့"

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် ပြုံး၍ကြည့်ရင်း "ခင်ဗျား အိပ်မက်ဆိုးတွေ မက်နေတာဖြစ်ပါလိမ့်မယ်၊ ကျွန်တော်နဲ့ ဖထီး ခင်ဗျားခြေရင်းမှာ ထိုင်ရင်းစကားစမြည်ပြောနေကြတာ မိုးလင်းပြီလေ ဒါ ဘယ်နှယ့် ခင်ဗျားကို မြွေကိုက်ရမှာတုန်း…ကျွန်တော်တို့ ခင်ဗျားအနားရှိနေတာပဲဗျာ…"

သည်တော့မှ ကျွန်တော် အသိဝင်လာသည်။ အိပ်မက်ဆိုးမက်နေတာများလား။ ကျွန်တော်သည် တဲပေါ်မှာပင်ရှိနေ၏။ သို့ပြား ခြေတစ်ဖက်က နာကျင်ကာ တင်းကျပ်ကျပ်ခံစားနေရသည်ဖြစ်၍ အိပ်နေရာမှ ကမန်းကတန်းထကာ "ခြင်" ရန်မှ ကင်းဝေးရန် ခြုံထားသည့် လွှာချင်းစောင်ကလေးကို ဖယ်၍ ဘယ်ခြေ ထောက်ကို မယူကြည့်လိုက်သည်။

"ဟာ"

ရုတ်တရက်မို့ ထိတ်လန့်သွားမိသည်။ ကျွန်တော့် ဘယ်ခြေသလုံးသားတွင် ညနေက ဖျက်နွာထားသော စပါးကြီးမြွေ အရေခွံ ကြီးက ပတ်လျက်ရှိနေ၏။ ထူးခြားလိုက်တာ မီးဖိုနံဘေး ဝါးတန်းပေါ်တွင် လှမ်းထားသည့် မြွေရေခွံသည် ဘယ့်တွက်ကြောင့် ကျွန်တော့်ခြေသလုံးသားတွင် လာရောက်ရစ်ပတ်နေပါလိမ့် လင်းမြင့်လှိုင်နှင့် မုဆိုးကြီးစောလူးတို့နောက် ပြောင်ကျီစယ်လုပ်ထားလေသလားရယ်လို့ သူတို့နှစ်ယောက်ကို အမိပ္ပါယ်ပါပါ ကြည့်လိုက်ပြား သူတို့နှစ်ယောက်သည် ကျွန်တော် မေးလိုသည်ကို သိနေကြသည့်အလား သူတို့နောက်ပြောင်ကျီစယ်ထားခြင်းမဟုတ်ပါရယ်လို့ ခေါင်းခါပြရင်း ကျွန်တော့်အားသို့ပင်



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြနေကြပြန်သည်။ ထို့ကြောင့် ကျွန်တော်သည် ထိုမြွေအရေခွံကို ဖြုတ်၍ စခန်းတဲအောက်သို့ ပစ်ချလိုက်ပြီး နာကျင်နေသည့် ခြေကျင်းဝတ်နေရာကို ကြည့်လိုက်ပြန်သည်။

"ဟင်"

သွေးစို့နေသည့် အပေါက်နှစ်ပေါက်၊ ဒါ...မြွေကိုက်ခံရသည့် ဒဏ်ရာလေများလား။ သို့ကြောင့် ကျွန်တော်သည် ကြောက်လန့်တကြား ဖြစ်မိကာ ဆရာရသေ့ "မမ္မပါလ" စွန့်ကြဲပေးခဲ့ဖူးသော မနောမယကျောက်သွားကို အကျီအိတ်ကပ်အတွင်းမှ ထုတ်ယူပြီး အမဲလိုက်ဓါးမြှောင်ပြားပေါ် တင်၍သွေးကာ ထိုအဲစက်ရာနှစ်ခုပေါ်သို့ လိမ်းကျံလိုက်သည်။ အတန်ကြာတွင် နာကျင်နေသည့် ဝေဒနာပျောက်ကင်းသွားတော့သည်။ သို့မှ ကျွန်တော်သည် အိမ်မက်လိုလို တကယ်လိုလိုဖြစ်ခဲ့ရသည့် အဖြစ်အပျက်ကို လင်းမြင့်လှိုင်နှင့် မုဆိုးကြီးစောလူးကို ပြန်ပြောလိုက်၏။ ထိုအခါ သူတို့သည် လွန်စွာအံ့သြထိတ်လန့်သွားကြသည်။

"အေးဗျာ... ကျွန်တော်တို့လည်း မြွေတွန်သံတွေ တစ်ညလုံးကြားနေရတယ်" လို့ ပြောလာသည်။

မိုးလင်းချေပြီဖြစ်၍ ဆက်မအိပ်တော့တဲ သုံးယောက်သား ခေါင်းချင်း ဆိုင်အဖြေညှိနေကြတော့သည်။ အဖြေမှန်ကို ရှာမတွေ့ကြ။ သို့ကြောင့် သိမ်းဆည်းစရာရှိသည်တို့ကို သိမ်းဆည်း၍ စခန်းမှ ထွက်ခဲ့ကြတော့သည်။

ညက ကျွန်တော်အိမ်မက်ဆိုးအတွင်းမြင်ခဲ့ရသော ထူးခြားသည့် မျက်ဝန်းအစုံရှိရာသို့ သွားကြည့်လိုက်ကြသည်။ ထိုနေရာတွင် ထူးဆန်းအံ့ဖွယ်ရာလူခြေရာများကို တွေ့ရ၏။ ကျွန်တော်ညက အိပ်မက်ဆိုးအတွင်း အခေါက်ခေါက်အခါခါ လျှောက်လှမ်းနေခဲ့သော နေရာဖြစ်၍ ကျွန်တော့်ခြေရာများဟုပင် သတ်မှတ်ရမလို ဖြစ်နေသည်။ ပို၍ပင် အံ့ဖွယ်ရာတစ်ခုကား အိပ်မက်ဆိုးအတွင်း တွေ့ရသည့် မျက်ဝန်းတစ်စုံတွေ့သည့်နေရာတွင် ထူးခြားစွာ မြွေဦးခေါင်းပြတ်တစ်လုံးကို တွေ့ရခြင်းပင်ဖြစ်သည်။ ထိုမြွေဦးခေါင်းကား ကျွန်တော် မနေ့က ခေါင်းပြတ်တံစို့ထိုး မီးကင်ထားသည့် စပါးကြီးမြွေခေါင်းပင်ဖြစ်၏။ ဘယ့်တွက်ကြောင့် ဤနေရာသို့ ရောက်နေပါသနည်း။ စဉ်းစားမရဖြစ်ရပြန်သည်။ တောကြောင်တစ်ကောင်လာ ဆွဲသွားသည်လည်း မဖြစ်နိုင်။ ထိုဦးခေါင်းပြတ်နဘေးချိုင့်ခွက်လေးတစ်ခုရှိနေ၏။ ထိုချိုင့်ခွက်လေးတွင် အမှိုက်သရိုက်များ ဖုံးလွှမ်းနေသည်ကြောင့် သက်ာမကင်းဖြစ်မိ၏။ ထိုအမှိုက်သရိုက်များကို ဖယ်ရှားပင်





လိုက်သည့်အခါတွင် ကြီးမားသော မြွေဥကြီးသုံးလုံးကို အံ့သြဖွယ်တွေ့ရလေတော့၏။ သို့ကြောင့် ကျွန်တော်သည် ရှင်းလင်းပြတ်သားသော အဖြေတစ်ခုကို ထုတ်လိုက်နိုင်တော့၏။ ထိုမြွေဥကြီးသုံးလုံးကား မနေ့က ကျွန်တော် ပစ်သတ်လိုက်သော စပါးကြီးမြွေမ၏ဥများ မုချကေန်မလွဲ ဖြစ်နေလိမ့်မည်။ သို့ဖြစ်၍ လွန်စွာမှ စိတ်မကောင်း ကြေကွဲလိုက်ရသည်ကြောင့် ကျွန်တော်သည် နောင်ဘယ်သောအခါမှ မြွေသားမစားတော့ရန် ဆုံးဖြတ်လိုက်သည်။ ရိက္ခာ အလို့ငှာ မီးကျပ်တိုက်ထားသည့် မြွေသားခြောက်များနှင့် မြွေကြီးအရေခွံ၊ မြွေဦးခေါင်းပြတ်တို့ကို ထိုနေရာမှာပင် တစုတဝေးတည်း မြေကျင်းတူးထည့်လိုက်ကာ သရဏဂုံတင်၊ မေတ္တာပို့အမျှဝေလိုက်ပြီး မြှုပ်နှံလိုက်တော့သည်။ ပြီးနောက် ထိုနေရာမှ စိတ်မကောင်းခြင်းများစွာ ပြည်းလေးသော ခြေလှမ်းများနှင့် ထွက်ခဲ့တော့၏။

ထိုနေရာနှင့် ဘာမျှမဝေးသော နေရာလေးသို့ ရောက်လာသည့်အခါ ပို၍ပင် ထူးခြားအံ့သြဖွယ်နှင့် ကြုံလိုက်ကြရပြန်တော့သည်။ အဘယ်ကြောင့် ဆိုသော် မနေ့က ကျွန်တော်မြွေကြီးကို ပစ်ခတ်ခဲ့သော နေရာသို့ ပြန်ရောက်ခဲ့ ခြင်းကြောင့် ဖြစ်လေသည်။ မနေ့က ထိုနေရာမှ ညကစခန်းချခဲ့သော နေရာသို့ ကျွန်တော်တို့ ၂ နာရီခန့် လျှောက်ခဲ့ကြရသော်ငြား ယခုမူ ၅ မိနစ်ခန့်သာ လျှောက်ရသောကြောင့်ပင်ဖြစ်သည်။ သို့ဆိုပါလျှင် ကျွန်တော်တို့ ထိုနေ့က တောမှောက်ခဲ့ကြရသည်ကြောင့်လား သို့တည်းမဟုတ် သေဆုံးသွားသော မြွေမကြီးက ညို့ထား၍လေလား ဆိုသည်ကိုတော့ဖြင့် ယနေ့တိုင် စဉ်းစားအဖြေထုတ် မရခဲ့ပါလေ။ သို့ကြောင့် ပြောမယုံ ကြုံဖူးလေမှသာလျှင် သိကြပေလိမ့်မည်ဟု ဆိုချင်ပါတော့သည်။

| ၂၄-၉-၁၉၉၈ |

| ၁၉၉၉၊ ဩဂုတ်လထုတ် မုဆိုးရဲ့အနာဂတ်တစ္ဆေ

ဝတ္ထုတိုဝေါင်းချုပ် ၁၉၉၉ |

◆◇◆◇◆◇

www.burmeseclassic.com

# သံမဏိနှလုံးသားပိုင်ရှင်



# သံမဏိနှလုံးသားပိုင်ရှင်

"ဒီမယ် ဦးဘကြူး ခင်ဗျားစိတ်ကို လျှော့လိုက်ပါဗျာ၊ ကောင်လေးက ခင်ဗျားလက်သပ်မွေးထားတဲ့ တပည့်ပေပဲမဟုတ်လား၊ မသိနားမလည်တဲ့ကလေး ဆိုတော့လဲ သူများစကားနားယောင်၊ သူများ မြှောက်ပင့်ပြောတိုင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်စမြဲမဟုတ်လားဗျာ"

ကျွန်တော်က ဦးဘကြူးတစ်ယောက် သူ့စိတ်ကို ထိန်းချုပ်ထားရန် ဖျောင်းဖျလိုက်သည်။ ဒေါသအလျောက် စိတ်လိုက်မာန်ပါ လုပ်လိုက်လေလျှင် နစ်နာဆုံးရှုံးမှုတွေနှင့် ကြုံရမည့်သူမှာ မောင်စိုးပိုင် ဖြစ်ချေတော့၏။

"ဒါတော့ဒါပေါ့ ကိုပိုက်ရာ ခုဟာက တပည့်ရင်းချာကိုယ်တိုင်က နင်ပဲ ဆေပြန်ခဲ့ပြောလာလို့ ဒေါသထွက်သွားရတာပါ၊ အရင်ကစိတ်မျိုးနဲ့သာဆိုရင် ကျည်ဖူးဟာ ဒီကောင့်နဖူးတည့်တည့်ဖေါက်ဝင်သွားလောက်ပြီ"

မေးကြောကြီးထောင်ကာ အံကြိတ်ပြောလာသည့် သူ့စကားကြောင့် ကြက်သီးမွေးညင်းထလောက်ပေ၏။

"ကဲ..ဦးဘကြူး ဒီကိစ္စနဲ့ပတ်သက်လို့..."

လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်က ဦးဘကြူးမည်သို့ ခွန်းတုန့်ပြန်လာမည်ကို နားစွင့်လို့သာနေလိုက်၏။

"ကျုပ် ခွင့်မလွှတ်နိုင်ဘူး"

"ဗျာ"

"ဟင်"

ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိတ်လန့်သွားမိ၏။ သို့ဖြစ်၍..

မဖြစ်နိုင်သော ဦးဘကြူးရယ်၊ သူ့ဟာသူ ပြောချင်တာပြောပါစေ ကိုယ်က လူကြီးတစ်ယောက်ပဲ ခွင့်လွှတ်လိုက်ပါဗျာ၊ ကိုယ်လုပ်ရင်သူ့ကျွေးရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့။ အဲဒီအခါ ပတ်ဝန်းကျင်က ဦးဘကြူးကိုပဲ အပြစ်ပြောလာကြမှာပေါ့၊ လူကြီးဖြစ်ပြီး ကလေးကို အနိုင်ကျင့်တယ်လို့ပေါ့နော်"

သို့နှယ် ဖျောင်းဖျနားချသော်ငြား ကျွန်တော့်စကားအောင်လိမ့်မည်ဟု မထင်ပါချေ။ ဘယ့်တွက်မူ ဦးဘကြူးစိတ်ဓါတ်ကို ကျွန်တော့်အသိဆုံးပေမို့ဝင်။

ဦးဘကြူးသည် သံပရာခုံရွာသား မုဆိုးကျော်ကြီးဖြစ်သည်။ သူ့စိတ်ဓာတ်ကား ခြင်္သေ့ပမာပင်ဖြစ်ချေ၏။ သားကောင် ကြီးသည်၊ ငယ်သည် မခွဲခြား ဖမ်းဆီးသတ်ဖြတ်ရာတွင် တစ်ပြေးညီခွန်အားစိုက်ထုတ်တတ်၏။ ပုရွက်ဆိတ်တစ်ကောင်ကိုပင် ခွန်အားစိုက်ထုတ်ကာ ဖိသတ်သူဖြစ်၏။ သို့ကြောင့်–

"သားကောင်ငယ်လေးအတွက် အဲဒီလောက်ခွန်အားတွေ စိုက်ထုတ်ဖို့ မလိုအပ်ပါဘူးဗျာ" ဆိုလာသူရှိပါက

"ဘယ်နှယ့်မလိုရမှာတုန်းဗျ သားကောင်ကိုရဖို့ အဓိကလေ၊ လိုအပ်တာထက် ခွန်အားနှစ်ဆသုံးဆ၊ အဆနှစ်ဆယ်သုံးရပါစေဗျာ၊ အရေးကြီးဆုံးက ကျုပ်လက်ကလွတ်ရိုးထုံးစံမရှိစေရဘူး"

"ကိုဘကြူးရယ် မိန်းမသားတစ်ယောက်ကို အဲဒီလောက် ဂရုစိုက်စရာမလိုပါဘူး၊ အဲဒီလောက်ကြီးလည်း ရက်ရက်စက်စက် မလုပ်သင့်၊ အငြိုးအတေးမထားသင့်ပါဘူးဗျာ" ပြောလာကြပြန်လျှင်လည်း–

"အဲဒါတွေခက်တာပေါ့ဗျာ 'မ' ဖျက်ရင် 'ပြည်' ပျက်နိုင်သဗျ ပြိုင်ဘက်ယောကျ်ားသားတစ်ယောက်ကို ဂရုတစိုက် လေ့လာအကဲခတ်သုံးသပ်နေသင့်တယ်၊ 'မိန်းမမာယာ သဲကိုးဖြာ' တဲ့လေ၊ ဒါကြောင့် ကျုပ်တော့ ယောကျ်ားပြိုင်ဘက်တစ်ယောက်လိုပဲ သဘောထားတယ်"

ဦးဘကြူးကား ထိုသို့သော လူစားဖြစ်သည်။ သို့ပေမင့် သူ့ဘက်ကမှားနေလျှင်မူ ခယတိုးလျှိုးတောင်းပန်ဝန်ခံရမည်ကို ရှက်ရွံ့ကြောက်တတ်သူမဟုတ်ချေ။

ယခုမူ ဦးဘကြူးတစ်ယောက် အသက်(၇၀)နီးချေပြီ။ အမဲလိုက်တုန်းဖြစ်၏။ လင်းမြင့်လှိုင်၊ ကျွန်တော်နှင့်အတူ ဦးဘကြူးသည် သူ၏တပည့်ကျော်မောင်စိုးကို ခေါ်၍အမဲပစ်ထွက်ခဲ့ကြခြင်းဖြစ်၏။

မောင်စိုးသည် ဦးဘကြူး၏ တပည့်ကောင်းပီသလှပေ၏။ ကျွန်တော်တို့ တွေ့ဖူးကြုံဖူးသည့် လူငယ်မုဆိုးများတွင် အတော်ဆုံးဟူ၍ ပြောရလောက်အောင် စွမ်းရည်ပြည့်ရှိသူဖြစ်သည်။





သို့ပေငြား ချီးမွမ်းခံရလွန်းလေတော့၊ သူ့ကိုယ်သူ အထင်ကြီး အောက်မေ့လွတ်ဘဝင်လေမာပ်သွားလေတော့၏။ ဒီကောင်လေး သည့်နှယ်ဖြစ်သွားရသည်မှာလည်း သူ့ဆရာ ဦးဘကြူးကြောင့်ပင်ဖြစ်ချေ၏။

ပတ်ဝန်းကျင်မှ ချီးမွမ်းသံသည် သာမန်ကာလျှံကာ၊ သူ့ဆရာ ဦးဘကြူးကား 'ဗိုလ်တစ်လှူ သူ့မှသူ' ရယ်လို့ ချီးမွမ်းနေသည်က များများဆိုလေတော့ မောင်စိုးတစ်ယောက် သူ့ကိုယ်သူ လွန်မင်းစွာ တော်ချည်ရဲ့ဟု အမှတ်စွဲသွားလေတော့၏။ ဦးဘကြူးတစ်ယောက် သူ့တပည့်ကို သူဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ ခုညမှုထိ ပျက်ဆီးသွားပါသနည်း ဆိုပါလျှင် မိဘသဖွယ် သွန်သင်ဆုံးမရှာဖွေ ကျွေးမွေးခဲ့သည့် ဆရာရင်းကိုပင် ပြိုင်ဘက်တစ်ယောက်နှယ် စိန်ခေါ်လာချေပြီဖြစ်တော့၏။ ထိုသို့ဖြစ်လာရခြင်းဇာတ်လမ်းအစကား ဤသို့နှယ် ဖြစ်သည်။

ဦးဘကြူးတစ်ယောက် အသက်ကလေးကလည်း ထောက်လာ၊ သူ့တို့ဝတ်ဝန်းကျင်တောတစ်ခွင်မှလည်း သားကောင်က ရှားပါးလာလေတော့ စားကျက်သစ်ရှာ တောပြောင်းကြရပေတော့မည်။

"ဦးဘကြူး ကျုပ်တို့စားကျက်တောထဲကို ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်လာပစ်ကြပါကလား၊ သားကောင်တွေပေါ့သဗျာ၊ ခင်ဗျားနဲ့ ကျုပ်ရတဲ့သားကောင်ဆတူခွဲဝေယူကြတာပေါ့ဗျာ" ရယ်လို့ အထက်တောတွင် ကျက်စားနေသည့် မုဆိုးကြီး ဦးဖြူရှမ်းက ကမ်းလင့်လာချေ၏။ ဤတွင် ဦးဘကြူးက လူငယ်လေးမောင်စိုး၏ ရေ့ရေးကို တွေးဆကာလက်ခံလိုက်၏။ သားကောင်ရှားသည့်နေရာတွင် ဘာလို့ စားကျက်ချနေတော့မည်နည်း။ သို့ကြောင့် မုဆိုးဦးဖြူရှမ်းနှင့် တွဲဖက်၍ စားကျက်ချကြလေတော့၏။ ဦးဖြူရှမ်းကား အမဲလိုက်တော်သော မောင်စိုးကို အင်မတန်သဘောကျသွား၏။

ဦးဘကြူးကား အသက်အရွယ်လည်းရလေပြီမို့ နားနားနေနေနေလိုက်၏။ တပည့်ကျော်မောင်စိုးကိုလည်း ယုံကြည်အားထားရချေပြီကိုး။ ဤတွင် ဦးဖြူရှမ်းတစ်ယောက် စည်းဖောက်လာချေတော့၏။ မောင်စိုးအား ပင့်လုံးမြှောက်လုံးများပေးကာ တစ်နေ့ကုန် တစ်နေ့ခန်း အမဲပစ်နိုင်းတော့၏။ မောင်စိုးကား ဦးဖြူရှမ်း၏ ပင့်လုံးမြှောက်လုံးများကြားတွင်မျှောပါသွား၏။

"မင်းလောက်တော်တဲ့ မုဆိုး ငါမကြုံဖူးဘူးကွာ"

"မင်းဆရာထက် မင်းသာလိမ့်မယ်ထင်တယ်" ဆိုသည့်စကားကိုတော့ နေတိုင်းပြောလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်းအမဲပစ်ထွက်ရင် ပင်ပန်းပါတယ်ကွာ၊ တစ်ပတ်သုံးရက်လောက် ဆိုတော်ပါပြီ" ဆိုပေမင့် ထိုသုံးရက်အတွင်း သားကောင်များပစ်ပေးရသော မောင်စိုး တစ်ယောက် နားရက်နှင့်မမျှပင်ပန်းလှချေ၏။ ဦးဘကြူးကမူ 'မောင်စိုး အမဲပစ် လျှင်ဖြင့် မှဆိုးစည်းမဖောက်နဲ့နော်၊ ဆောင်ရန်၊ ရှောင်ရန်ကို အမြဲနှလုံးသွင်း ထားချေ။ လောဘမကြီးနဲ့ စားလောက်ရုံ ဖူလုံလျှင်ဖြင့်တော်ပြီပေါ့။ ကိုယ်လည်း သက်သာတယ်၊ ကြားလား" ဆိုတော့ "ဟုတ်ကဲ့"ပေါ့။ ပြီးတော့ ဦးဖြူရှမ်းမြှောက် ပင့်ခိုင်းတာမှန်သမျှ ဖြစ်အောင်လုပ်ပေးချေတော့၏။ ဖိုးရှိသော သားကောင်ကိုပစ် ခတ်သတ်ဖြတ်၏။ ဘေးမဲ့တောထဲဝင်ကာ အမဲလိုက်၏။

ဤသတင်းကို ဦးဘကြူးပြန်ကြားသဖြင့် မေးမြန်းပြောဆိုလေသည့်အခါ "စိတ်ချပါဆရာရယ်၊ ကျွန်တော့်ကို မတရားခိုင်းရင် ဆရာ့ကိုပြန်ပြောမှာပေါ့" ရယ်လို့ပြောခဲ့ပြီး၊ နောက်ကွယ်တွင် ဦးဖြူရှမ်းစေခိုင်းလေသည့်အတိုင်း တသဝေ မတိမ်း လုပ်ဆောင်ပေးနေချေတော့၏။

တစ်နေ့သူတို့နှစ်ယောက် အမဲပစ်ထွက်ရာနောက်သို့ ဦးဘကြူးတစ် ယောက် ခြေရာခံလိုက်သွားတော့၏။ သူ မသင်္ကာသည့် အတိုင်းပင် ဦးဖြူရှမ်း က မောင်စိုးကို ဖိုးရှိသော ဒရယ်မကြီးတစ်ကောင်ကို ပစ်ခိုင်းလေသည်ကြောင့်–

"ဟိတ်ကောင် မောင်စိုး မပစ်နဲ့" ဟူ၍ အချိန်မီဟန့်တားလိုက်တော့၏။

ရုတ်တရက် သူတို့အနားရောက်လာသည့် ဦးဘကြူးကို မောင်စိုးကော ဦးဖြူရှမ်းပါ အံ့သြတကြီး လှည့်ကြည့်လိုက်ကြ၏။

"ဒီမယ် ဦးဖြူရှမ်း၊ ခင်ဗျား ကျွန်တော့်တပည့်လေးကို မဖျက်ဆီးပါနဲ့ဗျာ ဒီကောင်လေးကို မြှောက်ပင့်ပြီး မဟုတ်မဟပ်တွေ မလုပ်ခိုင်းပါနဲ့"

သူတို့လှမ်းသွားသည်ကြောင့် ဦးဖြူရှမ်းတစ်ယောက် ရှက်သွားကာ–

"အိုဗျာ ကျုပ်ဘာတွေ မဟုတ်မဟပ်လုပ်ခိုင်းလို့တုန်း" ဟူ၍ ပြန်ပြောခဲ့ သေးသည်။...ဦးဘကြူးက–

"ခင်ဗျားအကြောင်း ခင်ဗျားအသိဆုံးမို့ တယ်မပြောတော့ဘူး၊ အဲမောင် စိုး မင်း ငါနဲ့ပြန်လိုက်ခဲ့ချေ" ဆိုလိုက်တော့ မောင်စိုးတစ်ယောက်–

"ဘာဗျ ကျွန်တော့်ကို အမိန့်ပေးနေတာလား" ရယ်လို့တောင် ပြန်ပြော လာသဖြင့် ဦးဘကြူးတစ်ယောက် ဒေါသထွက်သွားကာ "အောင်မယ် မင်းက ငါ့ကိုတောင် ပြန်အော်လာနိုင်တဲ့ အဆင့်ရှိနေပြီပေါ့ ဟုတ်လား" ရယ်လို့ ပြော ပြီး ဦးဖြူရှမ်းဘက်လှည့်လိုက်ကာ "ခင်ဗျား ကျုပ်ကောင်လေးကို စည်းရုံးသိမ်း





သွင်းနိုင်တာ ချီးကျူးပါတယ်၊ နို့ပေမယ့် ကျုပ် ခင်ဗျားဆီမှာ ဒီကောင်လေးကို မထားခဲ့နိုင်ဘူး၊ ခင်ဗျား စီးပွားရေးတစ်ခုတည်းအတွက် ဒီကလေးကို မဖျက်ဆီး စေရဘူး၊ ဒီတော့ ကျုပ်တို့လမ်းခွဲကြမယ်၊ ကဲ မောင်စိုး မင်းဘာမှလုပ်မနေနဲ့တော့ ခုငါနဲ့ပြန်လိုက်ခဲ့၊ ဒါပဲ၊ ဒါငါ့အမိန့်" ခပ်မာမာ ခပ်ထန်ထန်ပြောလိုက် လေတော့မှ မောင်စိုးတစ်ယောက်နှုတ်မှ "ဒါသက်သက် ကျွန်တော့်ကို အနိုင်ကျင့်တာ" ဆိုပြီး ဦးဘကြူးနောက်မှယို့ယို့လေး လိုက်ခဲ့ပေပြီး မကျေနပ်သော မျက်နှာပေးဖြင့် ရှုပုပ်နေလေတော့၏။

ဦးဘကြူးကမူ မသိယောင်ဆောင်နေလိုက်၏

သည့်နောက်ပိုင်း ဦးဘကြူးနှင့် မောင်စိုးတို့သည် သူတို့၏မူရင်းတော ဩပင် စားကျက်ပြန်ချလိုက်ကြတော့၏။ နှစ်စမ်းနှစ်ခါးတော့ဖြင့် ဖူလုံပေ၏။

တကယ်တော့ ဦးဖြူရှမ်းနှင့်သွားရောက်ပူးပေါင်းခြင်းသည် မောင်စိုး၏ ရှေ့ရေးအတွက်ဖြစ်ချေ၏။ ယခုမူ မောင်စိုးတစ်ယောက် အကျင့်ပျက်ခဲ့ရပေ၏။ အချိန်မီတားနိုင်သဖြင့် တော်သေး၏ဟု တွက်လိုက်ပြီး မောင်စိုးကသူ့အပေါ် အမြင်ကြည်လင်ပုံမရ။ ဟက်ဟက်ပက်ပက်မရှိလေတော့ ပြောသမျှ ခေါင်းညိတ် ခိုင်းတာလုပ်ရုံသာဖြစ်၏။ သည့်တွက် ဦးဘကြူးစိတ်မကောင်းဖြစ်ရသည်။ သူ့စေတနာကို နားမလည်သေး၍ ဟူ၍သာ မှတ်လိုက်ပြီး သားတပည့်ရယ်လို့ သတ်မှတ်ထားဆဲဖြစ်လေ၏။ သို့ပြား မောင်စိုးကား အခွင့်အရေးကို ချောင်းကာ ရမယ်ရှာနေ၏။

မနေ့က ကျွန်တော်တို့ အမဲလိုက်ထွက်ခဲ့ကြသည်။ ဤတောတွင် အမဲ ရှားလေသည့်ကြောင့် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း အမဲရှာရင်း အထက်တောနား ရောက်လာ၏။ သည်တွင် ဦးဘကြူးက "ကဲ ကိုပိုက် အမဲမရလည်း နေချေတော့ ဗျာ၊ ကျုပ်တို့ပြန်ကြစို့" ပြောလာသဖြင့် "ကောင်းပြီလေ" ဟု ကျွန်တော်က သဘောတူချက်ပေးကာ ထိုနေရာမှ ပြန်အလှည့်တွင်–

"နေပါဦး ဆရာရဲ့ ဟိုမယ်ဝက်ဝံတစ်ကောင် ပုအုံနှိုက်နေလို့" ဆိုပြီး မောင်စိုးက ပြောလာသဖြင့် ကျွန်တော်တို့သည် နောက်ကြောင်းပြန်လှည့်ကြည့် လိုက်၏။

"မောင်စိုး မပစ်နဲ့လာခဲ့"

ဦးဘကြူးက မောင်စိုးကို မြင်လိုက်သည်နှင့် လှမ်းခေါ်လိုက်၏

"ဘာလို့တုန်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးက မကျေနပ်သံဖြင့် ပြန်မေးသည်တွင်–

"ဘာဖြစ်ရမှာတုန်း မင်းအခုရောက်နေတဲ့နေရာက အထက်တော ဘက်အခြမ်း၊ မင်းပစ်မယ့်ဝက်ဝံက အထက်တောထဲမှာရှိနေတဲ့သားကောင်၊ ဒါကြောင့် မပစ်နိုင်းတာကွ၊ ငါ ဦးဖြူရှမ်းနဲ့စကားမများချင်ဘူး"

"ဘာဆိုင်တုန်းဗျာ ဦးဖြူရှမ်းက အဲဒီလောက် သဘောထားမသေးပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ပြောမှာမဟုတ်ပါဘူး၊ ကဲထားဗျာ ကျွန်တော်ပစ်တာပါဆိုလျှင်ဖြင့် ဘာမှပြောမှာမဟုတ်ပါဘူး" ဆိုကာ သူ၏သေနတ်ပြောင်းကို ဝက်ဝံထံသို့ ထိုးချိန်လိုက်တော့၏။

"ဟိတ်ကောင် ငါပြောတာမကြားဘူးလား၊ မပစ်နဲ့ဆို မပစ်နဲ့ကွာ"

ဦးဘကြူး ဒေါသတကြီးဖြင့် လှမ်းအော်လိုက်သံဆုံးသည်နှင့် "ကောင်လေး ပစ်ချေကွာ၊ ငါက မင်းဆရာ ထင်သလို သဘောပုပ်တဲ့ကောင် မဟုတ်ပါဘူးကွာ၊ ကဲ ကဲ ပစ်ချေ ငါခွင့်ပြုတယ်" ရယ်လို့ အေးဆေးတည်ငြိမ်သည့် အသံက ကျွန်တော်တို့နောက်ကွယ်မှ ပေါ်ထွက်လာသံဖြင့် လှည့်ကြည့်လိုက်သည်။

အမ် ၂၂ ရိုင်ဖယ်ကို ပခုံးထက်ထမ်းလျက် တစ်လှမ်းချင်းလျှောက်လာသည့် ဦးဖြူရှမ်းကို တွေ့လိုက်ရ၏။

"ဒိန်း"

ထိုစဉ်မှာပင် မောင်စိုးက ဝက်ဝံကို ပစ်သတ်လိုက်၏။

"တောက်...လူပါးဝတဲ့ကောင် ငါ့ကို အာခံတယ်" ဆိုကာ ဦးဘကြူးက သူ့လက်တွင်းမှ သေနတ်ဖြင့် မောင်စိုးထံသို့ လှမ်းချိန်လိုက်သည်ဖြစ်၍ "ကိုဘကြူး မလုပ်နဲ့ မလုပ်နဲ့ ဒေါသကို ထိန်းပါဗျာ ပြဿနာမလုပ်ပါနဲ့" ဆိုကာ ကျွန်တော်က သူ့သေနတ်ပြောင်းဝထိပ်ပြေးကာ ရပ်လိုက်၏။

လင်းမြင့်လှိုင်လည်း လုစ်ခနဲဆိုသလို ဦးဘကြူးနားရောက်သွားပြီး သူ့လက်တွင်းမှ သေနတ်ကို ချော့မော့ပြောဆိုဆွဲယူထားလိုက်တော့၏။ ဦးဖြူရှမ်းကား ရိပ်ပြုံး ပြုံးလျက်–

"ခင်ဗျား ချာတိတ်က သိပ်တော်တယ်ဗျာ၊ ချီးကျူးပါတယ်၊ ဘာလို့များ ဒီကလေး လက်ပျက်အောင် ဦးဘကြူးက လုပ်ချင်ရတာတုန်း" ဆိုလာသည်ကြောင့်–

"ခင်ဗျားဘာကို ဆိုလိုချင်တာလဲ" ရယ်လို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင်–





"ဒီလောက် သေနတ်ပစ်ကျွမ်းကျင်လက်ဖြောင့်တဲ့ ကလေးက အရွယ်လေးရှိတုန်း သားကောင်များများပစ်ပြီး စီးပွားရှာပါစေလားဗျာ၊ သူ့ရဲ့ စီးပွားတက်လမ်းဘာလို့ ပိတ်ပင်ထားချင်ရတာတုန်း၊ သားကောင်ရှားတဲ့ တောမှာခေါ်ထားတော့ သားကောင်များများ မပစ်ရတော့ဘူးပေါ့၊ သားကောင်များများ မပစ်ရတော့ အလေ့အကျင့်ကပြတ်ပြီး လက်ပျက်မသွားနိုင်ဘူးလား၊ ဘာလဲ ဒီကလေးမရှိရင် ခင်ဗျားငတ်မှာစိုးလို့လား၊ မပူပါနဲ့ ကလေးကို ကျုပ်ဆီမှာထား ခင်ဗျားအတွက် သားကောင်တစ်ကောင် မှန်မှန်ပို့ပေးမယ်လေဗျာ၊ ဘဲ..ဟဲ ကျေနပ်နိုင်မလား"

"တောက်"

ဦးဘကြူး ဒေါသထွက်သွား၏။ ကျွန်တော်ပင် ဦးဖြူရှမ်းကို နှုတ်မှုန်းသွားမိ၏။ စော်ကားရဲလေခြင်း။

"ကဲ...လာပါဗျာ ပြန်ကြစို့" စကားနည်း ရန်စဲဖြန်စေရန် ကျွန်တော်က ဦးဘကြူးကို ချော့မော့ခေါ်လိုက်၏။

"ဟဲ မောင်စိုး မင်းလည်း လိုက်ခဲ့တော့"

မောင်စိုးကိုပါ ခေါ်လိုက်၏။

"ကျွန်တော်မလိုက်တော့ဘူး၊ ဦးဖြူရှမ်းနဲ့ပဲနေပဲ တော့မယ်"

"ဘာကွ"

မောင်စိုးစကားကြောင့် ဦးဘကြူးတစ်ယောက် ယမ်းပုံမီးကျဖြစ်သွားပြန်၏။

"ကျွန်တော်မလိုက်တော့ဘူး၊ ဦးဖြူရှမ်းပြောသလို ကျွန်တော်အခွင့်အခါသင့်တုန်း အမဲတွေများများပစ်မယ်၊ အမဲများများပစ်ဖို့တွက် အမဲရှိတဲ့တောမှာ ပဲနေသင့်တာပေါ့၊ သားကောင်မရှိတဲ့ တောထဲနေနေလို့ကတော့ ကျွန်တော် စီးပွားဖြစ်မှာ မဟုတ်ဘူး၊ အလေ့အကျင့်ပြတ်ခဲ့လျှင်လည်း လက်ပျက်သွားနိုင်တယ်၊ ဒါကြောင့်"

"အေး တောင်ပို့ကို ဘုရားမှတ်ပြီး မင်းကကို ကူးယ်ချင်နေသကိုး"

"ထင်ချင်ရာထင် ကျွန်တော့်ဆုံးဖြတ်ချက် မပြင်တော့ဘူး"

ဆရာတပည့်နှစ်ယောက် ပဋိပက္ခဖြစ်နေသည်ကို ဦးဖြူရှမ်းတစ်ယောက် တစ်ခွန်းမျှပင်မပြောသော်ငြား သူ့ရင်တွင်းခံစားချက်ကား သူ့မျက်နှာ၌ ဝင်းလက်စွာ ထင်ဟပ်နေလေတော့၏။

www.burmeseclassic.com



"မင်းဘဝရှေ့ရေးတွက် ငါရင်လေးသကွာ"

ဦးဘကြူးတစ်ယောက် ဒေါသတွေပျောက်သွားပြီး၊ နာကျည်းချက်ဖြစ်ပေါ်လာသည့်ကြောင့် သို့နှယ်ပြောလိုက်သည်တွင်–

"ရင်လေးမနေပါနဲ့ သေနတ်ကို ကျွမ်းကျင်လိမ္မာကိုင်တွယ် အသုံးချတတ်နေပြီပဲ ပူမနေပါနဲ့"

"အေး အဲဒီပညာ ငါသင်ပေးထားတာ မဟုတ်လား"

"ဟုတ်တယ် သင်ယူလို့တတ်တယ်၊ ကျွမ်းကျင်ဖို့ကတော့ ကိုယ်နှိုက်ကကြိုးစားမှ ဖြစ်တာပါ"

"အော် မင်းက ငါသင်ပေးတဲ့ ပညာတွေ အကုန်ရသွားပြီဆိုတော့ အာခံပြီပေါ့"

"ဟား...ဟား..ဟား.. ဆရာက အတော်ရယ်ရတာပဲ၊ ဆရာသင်ပေးတဲ့ ပညာအကုန်လောက်ပဲ ကျွန်တော့်မှာရှိတယ်ထင်ရင် မှားသွားမပေါ့"

သို့ပြောရင်း မောင်စိုးက ကျွန်တော်တို့အနား ကပ်လာပြီး တိုးတိုးလေသံဖြင့်–

"ဆရာသင်ပေးတဲ့ ပညာအကုန်အပြင် ရှိသေးတယ်ဆိုတာ သိချင်လျှင်ဖြင့် ပညာပြိုင်ကြတာပေါ့၊ ဒါမှ ဆရာ့ပညာကုန်အပြင် ကျွန်တော့်မှာ ဘာရှိသေးလဲ သိရမှာလေ ဟဲ...ဟဲ"

"ဘာကွ မင်းဘာကို ဆိုလိုတာလည်း ပွင့်ပွင့်လင်းလင်းပြောကွာ"

လင်းမြင့်လှိုင်က ခပ်ဆတ်ဆတ်မေးလိုက်၏။

"ဒီလိုလေ ဦးလင်းရဲ့ ဆရာက ကျွန်တော့်ကို ပညာအကုန်ပေးလျှင်ဖြင့် ပြိုင်ကြတဲ့အခါ သရေဖြစ်မှာပေါ့ ဟုတ်လား၊ အကယ်၍ ကျွန်တော်ရှုံးခဲ့ရင် ဆရာက ကျွန်တော့်ကို ပညာကုန်မပေးလို့ဘဲ၊ ဆရာစားချန်လို့ပေါ့ အကယ်၍ ကျွန်တော်နိုင်ခဲ့ရင် ဆရာတတ်ထားတဲ့ ပညာထက် ပိုသာတဲ့ပညာ ကျွန်တော့်မှာ ရှိထားလို့ရယ် တွက်လို့ရမပေါ့နော် ဟဲ...ဟဲ...ဟဲ"

သို့ပြောရင်း မောင်စိုးသည် ဦးဖြူရှမ်းထံသို့ လျှောက်သွား၏။

"ဒီပွဲဖြစ်အောင် စီစဉ်ပေးပေါ့ဗျာ" ဟုပြောလိုက်သည်။

"ဟိတ်ကောင် မောင်စိုး ကိုယ့်ဆရာကို ကိုယ် အဲဒီလိုမပြောရဘူးကွ ဟင်း....ဟင်း.....ဟင်း...အေးလေ ဆရာထက် ဘယ်လောက် လက်စောင်းထက်သလဲဆိုတာ ငါလည်းကြုံဖူးချင်သကွာ" ရယ်လို့ ဦးဘကြူးကို ရိသလို ကလိသလို





စောင်းမြောင်းပြောလေ၏။

"ကဲ...လာပါ ဦးဘကြူးရာ ဒီကောင်လေး သူ့ထိုက်နဲ့ သူ့ကံ နေပလေ့စေ" ဆိုကာ ကျွန်တော်နှင့် လင်းမြင့်လှိုင်က ထိုနေရာမှ နေ၍ ဦးဘကြူးကို အတင်းဆွဲခေါ်လာခဲ့ကြတော့၏။

"ပြိုင်ချင်စိတ်ရှိရင် နက်ဖြန်ဒီလာခဲ့ဗျာ၊ မွန်းတည့် ၁၂ နာရီ မထိုးမီလာခဲ့၊ ၁၂ နာရီ တိတိကနေစပြီး ကျွန်တော်တို့နှစ်ယောက်တည်း ပြိုင်ပွဲစကြမယ်၊ ကိုယ့်ကို အန္တရာယ်ပေးလာနိုင်တဲ့ သားကောင်တစ်ကောင်ကို ဦးဆုံးပစ်ခတ်နိုင်သူက အနိုင်သမား၊ ဟုတ်ပြီလား။ ဆရာမလာရင်လည်း ရတယ်နော် ဟဲ...ဟဲ..ဟဲ"

"ဟား...ဟား...ဟား..ဟား.."

မောင်စိုးနှင့် ဦးဖြူရှမ်းတို့၏ ရယ်မောသံကား ကျွန်တော်အတွက် နားခါးလှပေတော့၏။

"ကိုပိုက် မောင်စိုး ဘာကို ဆိုလိုတာတုန်း ကိုယ့်ကို အန္တရာယ်ပေးလာနိုင်တဲ့ သားကောင်တစ်ကောင်ဆိုတာ ကျွန်တော် မရှင်းဘူးဗျာ၊ သူသေကိုယ်သေ သေနတ်ချင်းယှဉ်ပစ်မယ်လို့ ပြောတာလား"

လင်းမြင့်လှိုင်က စိုးရိမ်တကြီးမေးလာ၏။

"အင်း အဲဒီလိုလည်း ဖြစ်နိုင်တယ်၊ နို့မဟုတ် အခဲလိုက်ကြတဲ့အခါ သမင်၊ ဂျီ၊ ဆတ်၊ ဒရယ်လို အကောင်မျိုးမဟုတ်ဘဲ တောဝက်၊ ဝက်ဝံ၊ ဆင်၊ ဒါမှမဟုတ် ဟင်းကောင်(ကျား)လို သတ္တဝါမျိုးတွေကို ရှာပစ်ကြဖို့လည်း ဖြစ်ပေလိမ့်မဗျ"

"ဦးဘကြူးကော ဘယ်လိုထင်လဲ"

ကျွန်တော့်အမေးကို ဦးဘကြူးတစ်ယောက် ခည်သို့ခွန်းဘုန်ပြန်မဖြေ တွေးငေးလို့သာနေ၏။

သို့ကြောင့် ကျွန်တော်တို့သည် သူ့အား ဘာမှမမေးတော့ဘဲ စခန်းသို့ပြန်လာခဲ့ကြတော့၏။

ဦးဘကြူးနှင့် မောင်စိုး၏ ဖာတ်လမ်းကား ဤသို့ပင်ဖြစ်ချေ၏၊ ကျွန်တော်တို့ကတော့ ထိုစိန်ခေါ်ပွဲကို မသွားစေချင်။ ဘယ့်တွက်မှ သေသေကိုယ်သေ ပြိုင်ကြမည့်ပွဲ ဖြစ်နေပါက မည်သို့လုပ်ရမည်နည်း တကယ်တမ်းပြိုင်လျှင် ဦးဘကြူး သာမည် မသာမည် ဆုံးဖြတ်ခက်ချေပြီ။

ဦးဘကြူးကား ကျလှူ၊ မောင်စိုးကား တက်ဂေ့၊ အရွယ်နှင့် အတွေ့အကြုံက စကားပြောပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘကြူး စဥ်းစားပါ"

တစ်ညလုံးနားချခြား မရ။

"ဦးဖြူရှမ်းကို ပညာပေးရမယ်" လို့သာပြောနေ၏။

ဦးဘကြူးစကားကြောင့် ကျွန်တော်အတော်ကလေး ထိတ်လန့်သွား၏။ မောင်စိုးကို ပညာပေးရမယ်မပြောဘဲ ဦးဖြူရှမ်းကို ပညာပေးရမယ်ဆိုတော့ ဘုရား...ဘုရား ကိုယ့်တပည့်ကိုတောင် ကိုယ်မညှာတော့ပေဘူးလား။ စိတ်ဆုံးဖြတ်လိုက်ပြီလား၊ ကျွန်တော် ခေါင်းကို ခါယမ်းပြီး "မဟုတ်သေးဘူးထင်တယ်နော်၊ ဦးဘကြူး စဥ်းစားပါဦးဗျာ"

"ကျုပ် ဆုံးဖြတ်ပြီးပြီ ဒီဆုံးဖြတ်ချက်ကို မပြင်တော့ဘူး၊ ကျုပ်ရဲ့ ကိုယ်ကျင့်တရား ကျုပ်ရဲ့ဂုဏ်သိက္ခာ ကျုပ်ရဲ့မာနအတွက် ဒီပြိုင်ပွဲမှာ ကျုပ်အနိုင် ရမှ ဖြစ်လိမ့်မယ်"

"ကဲဗျာ ဒါဖြင့်လည်း အားရှိသွားအောင် အိပ်ရေးတော့၊ မနက် ကျွန်တော်တို့ပါလိုက်ခဲ့မယ်"

သည့်နောက် ကျွန်တော်တို့ သုံးယောက် စခန်းတဲပေါ်တွင် ခြေပစ်လက်ပစ်လှဲချလိုက်ကြသည်။ ကျွန်တော်ကား အတော်နှင့် အိပ်၍ မပျော်ပါချေ။ မနက်လင်းလုမှ မှေးခနဲ အိပ်ပျော်သွား၏။

"ကိုပိုက် ထတော့လေဗျာ" ရယ်လို့ လင်းမြင့်လှိုင်က လှုပ်နှိုးလာသည့်အချိန်မှာတော့ နံနက် ၁၀ နာရီထိုးလုပေပြီ။ သို့ကြောင့် ကျွန်တော်တို့သည် ရှိတာလေးဖြင့် စားသောက်ကြပြီး၊ မနေ့က ချိန်းဆိုထားသည့် နေရာသို့ ထွက်ခဲ့ကြ၏။

ထိုနေရာသို့ နံနက် ၁၁ နာရီခွဲလောက်တွင် ရောက်လာခဲ့ကြ၏။ မောင်စိုးနှင့် ဦးဖြူရှမ်းက ကြိုတင်ရောက်နှင့်နေကြပြီး ရယ်မောပျော်ရွှင်နေကြ၏။ ကျွန်တော်တို့သူတို့ အနားရောက်သည်နှင့် ဦးဖြူရှမ်းက

"ကဲ ဦးဘကြူး ခင်ဗျားနဲ့မောင်စိုး ပေအစိတ်လောက်မှာ မျက်နှာချင်းဆိုင်ရပ်နေကြပါ"

ဦးဖြူရှမ်းစကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် မျက်လုံးမျက်ဆန်ပြူးသွားကြသည်။ လုပ်ရက်လိုက်ခြင်းဟု သတ်မှတ်လိုက်၏။

သူ့သေကိုယ်သေပစ် နိုင်းတော့မှာလားရယ်လို့တော့ဖြင့် မမေးလေတော့ပါ။ သို့ပြား ဦးဖြူရှမ်းက ကျွန်တော်တို့ဖြစ်အင်ကို ကြည့်ပြီး သဘောကျစွာ





တစ်ချက်ရယ်လိုက်လျက်–

"ဟား...ဟား...ဟား...သူ့သေကိုယ်သေ ပစ်နိုင်းမှာ မဟုတ်ပါဘူးဗျ။ ဒီလောက်လည်း တုန်လှုပ်မနေကြပါနဲ့ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်နေကြပြီး ၂ နာရီထိုးတာနဲ့ ကျွန်တော်က ဟောဒီလက်ထဲရှိတဲ့ တုတ်ရှောင်းကို ပစ်လိုက်မယ်။ ဒီအခါ သူတို့နှစ်ယောက်က ရပ်နေရာကသွားချင်တဲ့ အရပ်ကိုသွားပြီး အသက်ရှင်ရာယ်ပြန်ပြုလာနိုင်တဲ့ သားကောင်တစ်ကောင်ကို ပစ်ခတ်လာခဲ့ရမယ်၊ ဦးဆုံးပစ်ခတ်ရယူလာနိုင်တဲ့သူက နိုင်သူပေါ့ ဟဲ...ဟဲ...ဟဲ၊ ကဲ ဦးဘကြူး ခင်ဗျား ဘာပြောချင်သေးလဲ"

ဦးဘကြူးက ဦးဖြူရှမ်းကို စိမ်းစိမ်းကြည့်လိုက်ခါ ခေါင်းခါယမ်းပြလိုက်၏။ ပြီးနောက် မောင်စိုးကို တစ်ချက်ကြည့်လိုက်၏။ သည်တော့ မောင်စိုးက သူ့ရှေ့ရှိ ကျွန်းပင်အနားတွင် ကပ်ရပ်လိုက်၏။ ဦးဘကြူးကလည်း မောင်စိုးနှင့် မျက်နှာချင်းဆိုင် ပေအစိတ်အကွာတွင် သွားရပ်လိုက်သည်။

ဦးဖြူရှမ်းက သူ့လက်မှ နာရီကို ကြည့်လိုက်သလို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း လက်မှနာရီကို ကြည့်လိုက်ကြ၏။ ၁၂ နာရီထိုးရန် ၁၀ မိနစ်လိုသေး၏။

ဦးဘကြူးက မောင်စိုးကို စူးစူးစိုက်စိုက်ကြည့်နေရာမှ မျက်မှောင်ကြုတ်လိုက်၏။ မောင်စိုးကား ဦးဘကြူး၏ အကြည့်ဒဏ်ကို မခံရဲ၍ ထင်၏။ မျက်လွှာ ချထားရင်းမှ ချွေးချွေးများပြန်နေ၏။ ဦးဘကြူးက မောင်စိုးကိုသာ စူးစိုက်ကြည့် နေ၏။ သို့ကြည့်ရင်းမှ သူ့ပင် ချွေးချွေးများပြန်လာချေ၏။ စိတ်လှုပ်ရှားနေပုံရ၏။ တစ်ခုခုကို စိုးရိမ်နေပုံဖြစ်၏။ နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေ၏။ ချွေးချွေးမြန်ရုံပင်မက ချွေးသီးချွေးပေါက်များပင် ကျလာချေတော့၏။ သူ့ကို ကြည့်၍ ကျွန်တော် မောင်စိုးအတွက် စိုးရိမ်သွားမိ၏။

ဦးဘကြူးတစ်ယောက် နာကြည်းဒေါသဖြင့် မဟုတ်မဟပ်တွေ လုပ်လာသည်ကို စိုးရိမ်သွားမိသည်။ ဘုရား...ဘုရား မဖြစ်ပါစေနဲ့ရယ်လို့ ဆုတောင်းမိ၏။ ကျွန်တော် နာရီကိုကြည့်လိုက်သည်။

တစ်မိနစ်သာ လိုတော့၏။ ဦးဘကြူးကား မောင်စိုးကိုသာ စူးစိုက်ကြည့်နေ၏။ သားကောင်ကို သေချာကြည့်၍ ပိုင်လျှင် ပစ်ခတ်လာတော့မည့် မုဆိုးကြီးနှင့် ပြန်ဖြစ်နေ၏။ မောင်စိုးကား ဦးဘကြူးကို စေ့စေ့မကြည့်ရဲ။ သူ့လက်များ တုန်ယင်နေတော့၏။ တစ်ခုခုကို တွေး၍ကြောက်နေပုံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကြူး၏ သဏ္ဌာန်ကို ကြည့်၍ ကျွန်တော် သက်သမကင်းသည် တစ်ခုခုသတိပေးထိန်းချုပ်စကား လှမ်းပြောရန် ပါးစပ်ပြင်လိုက်စဉ်မှာပင်

'ဘုတ်'

ဦးဖြူရှမ်း၏ လက်တွင်မှ တုန်ချောင်းသည် သူတို့နှစ်ယောက်ကြား ကျလာသည့်နှင့် တစ်ပြိုင်နက်–

'ဒိန်း'

ဆိုသည့် သေနတ်သံတစ်ချက် ရုတ်ခြည်းပေါ်ထွက်လာတော့၏။ ဦးဘကြူးက သူ့ရှေ့တည့်တည့်ရှိ မောင်စိုးထံသို့ လှမ်းပစ်လိုက်ခြင်းဖြစ်၏။ ကျွန်တော့်မျက်လုံးများ ပြာသွားသည်။ ဦးဘကြူးတစ်ယောက် နာကြည်းဒေါသကြောင့် စည်းဖောက်ချေပြီလား။

'ဒိန်း'

မောင်စိုးထံမှ ကျည်တစ်တောင့်သည်လည်း ဦးဘကြူးရပ်နေရာမြေ သို့ စိုက်ကျလာ၏။ ထိုကျည်ထက် ဦးဘကြူးကပို၍မြန်ဆန်ချေ၏။ တစ်ဘ သို့ လှိမ့်ရှောင်လိုက်ရင်း မောင်စိုးအနားသို့ လှစ်ခနဲ ပြေးသွားကာ သေနတ်ပြော ကို ရင်ဝသို့ထိုးချိန်လိုက်ပြီး–

"မင်းလက်ထဲက သေနတ်ကိုချလိုက်ပါ"

မောင်စိုး လွန်မင်းစွာထိတ်လန့်သွား၏။ သူ့လက်တွင်းမှ သေနတ် လွှတ်ချရင်း.....

"ကျွန်တော့်ကို သတ်လိုက်ပါ၊ ကျွန်တော် သေရဲတယ်၊ ဒါပေမင့် မသေ တစ်ခွန်းပြောခဲ့မယ် ဆရာစည်းဖောက်တယ်၊ ကျွန်တော်တို့ပြိုင်ပွဲက ဒီလို မဟုတ် လေဗျာ" ဟုပြောလာသည်။

"ဦးဘကြူးက သတ်မှတ်ထားတဲ့ ပြိုင်ပွဲကို မပြိုင်ရဲလို့ လက်ဦးမှု ကောင်လေးကို အနိုင်လိုချင်တာလား၊ ဒါဟာ မရိုးသားဘူးဗျ" ရယ်လို့ ဦးဖြူ က ခနဲ့စကားပြောလာပြန်၏။

ဦးဘကြူး၏ လုပ်ရပ်ကို ကျွန်တော်နှင့် လင်းမြင့်လှိုင်ကလည်း မေ နပ်နိုင်ပါချေ။ သို့ဖြစ်၍–

"ဟုတ်တယ် ဦးဘကြူး ခင်ဗျားဟာ လူကြီးတစ်ယောက်လုပ်ပြီး သ မှတ်ထားတဲ့ ပြိုင်ပွဲကို မပြိုင်ဘဲ ခင်ဗျားတစ်ယောက်တည်း ဆုံးဖြတ်ချက်နဲ့ ကော လေးကို အသေပစ်သတ်ပြီး အနိုင်ယူလိုတဲ့ ကိစ္စကို ကျွန်တော်ကန့်ကွက် တယ်





"ဟုတ်တယ် ကျွန်တော်လည်း ကန့်ကွက်တယ်" လင်းမြင့်လှိုင်က ပြောလာပြန်၏။

သည်တွင် ဦးဘကြူးက–

"ကျုပ် ဒီကလေးကို သေစေချင်မှဖြင့် ကျုပ် ပစ်သဘ်ခရာတောင်မလိုဘူး၊ ကျုပ်လက်မိုက်ကြည့်နေရုံပဲ"

"ဘာဗျ၊ ဘယ်လိုကြောင့်တုန်း"

ကျွန်တော်က သူ့စကား အံ့ဩလွန်း၍ မေးလိုက်သည်တွင် ဦးဘကြူး သည် သူ့သေနတ်ပြောင်းကို မောင်စိုးကပ်ရပ်နေသည့် ကျွန်းပင်၏က လိုင်ခေါင်း အတွင်း ထိုးထည့်ကာ ပြန်ဆွဲနှုတ်ယူလိုက်သည်။

'ဟာ'

'ဟင်'

'အလို'

'ဟာ'

သူပြန်ဆွဲထုတ်လိုက်သည့် သေနတ်ပြောင်းဝတွင် မြွေသေကြီး တစ်ကောင် ပါလာ၏။ ဦးခေါင်းကား မရှိတော့ချေ။ သေနတ်ကျည်မှုးထိ မှန်ထားလေ သည်ကြောင့် ကြေမွဖွာထွက်နေတော့၏။

'ကဲ ဦးဖြူရှမ်း ဒီလောက်ဆိုလျှင်ဖြင့် ခင်ဗျားသဘောပေါက်လောက်ပြီ ဟုတ်ပလား"

ဦးဖြူရှမ်းတစ်ယောက်ထံမှ မည်သည့် စကားသံမှ ထွက်ပေါ်မလာတော့ ချေ။ မျက်လုံးအဝိုင်းသားနှင့် ငေးငိုင်နေ၏။

တကယ်တော့ မှန်ကန်သောပြိုင်ပွဲကို ပြိုင်ရင်း သူ့တပည့်လေး၏ အသက် ကို ကယ်လိုက်ခြင်းဖြစ်ချေတော့၏။

ကျွန်းပင်သစ်ခေါင်းပေါက်မှ တောကြီးမြွေဟောက်သည် သူ့ကလိုင်ရှေ့ တွင် ဝိတ်ရပ်နေသည့် မောင်စိုးကို ပေါက်သတ်ထွက်ရန် ပါးပျဉ်းထောင် အခွင့် ကောင်းစောင့်နေဆဲမှာပင် ဦးဘကြူးကမြင်လိုက်သည်ဖြစ်၍ တင်ချက်မှတ်နှင့် ချက်ပြတ်ဆိုသလို ပွဲသိမ်းအနိုင်ယူလိုက်ခြင်းဖြစ်ချေ၏။ သူ့အစချေး ဒ္ဒန်နေခြင်းမှာ အချိန်မကျမီ မြွေကြီးကမောင်စိုးကို လှမ်းပေါက်လိုက်မည်ကို စိုးရိမ်စိတ်ကြောင့် ဖြစ်ပေ၏ဟု သူပြန်ပြော၍ သိရပေသည်။ ဤသို့ ဤပုံ၊ ဦးဘကြူး၏ ရေးညေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့အပေါ်ထားလေသည့် မေတ္တာကို မောင်စိုးတစ်ယောက်ရှင်းလင်းတိ...
နားလည်သွားချေပြီဖြစ်၏။ ကျွန်တော်တို့ စခန်းပြန်လာကြသည်တွင် မောင်စိုး
တစ်ယောက် နောက်မှနေ၍ အပြေးကလေးလိုက်ပါခဲ့ချေတော့သည်။

ဤတော့မှ ဦးဘကြူးသည်လည်း ပြုံးရွှင်လာချေတော့၏။

[ ၂၀၀၁ မှဆိုးများ ဝတ္ထုတိုပေါင်းချုပ် ၂၀၀၂
[ မှခင်းရှထောင့်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၁

✦✧✦✧✦✧



# တွယ်မိတွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com

# တွယ်မိတွယ်ရာ

သူလျှောက်ခဲ့သော ခရီးသည် မိန်းမသားတစ်ယောက်အနေဖြင့် လွန်စွာမှ ရှည်လျားခဲ့သည်ဟု ပြောရ၍ရကြောင်း သူဆက်လျှောက်ရပေဦးမည်။ ဘယ့်အတွက်မှ အချိန်ကလေးရှိတုန်း လူစုကွဲနေသူများနှင့် ပြန်တွေ့လိုတွေကြောင်း ဖြစ်ချေ၏။

သူ့အတွက် မောဟိုက်နွမ်းနယ်ခြင်းမှ လွဲ၍ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းကြောင့်ကြခြင်းတော့ မရှိချေ။ သူ့ကိုယ်သူ ယုံကြည်သည်။ မိန်းမသားတစ်ယောက်ဖြစ်သော်လည်း ယောကျ်ားသားတစ်ယောက်လို ခွန်အားမရှိ နိုင်ပေမင့် သူနှင့်အမြဲမကွာရှိသည့် ဝင်ချက်စတော ရိုင်ဖယ်သေနတ်သည် ယောကျ်ားသားအဖော်တစ်ယောက်ထက် သစ္စာရှိသော၊ အားကိုးလောက်သော သူ၏လုံခြုံမှုကို ကာကွယ်ပေးနိုင်သော မိတ်ဆွေကောင်း ဟူ၍သူစွဲစွဲမြဲမြဲ ယုံကြည်ထားခြင်းကြောင့်ဖြစ်၏။ ထိုမိတ်ဆွေကောင်းကို သူလိမ္မာပါးနပ်စွာ အသုံးချတတ်၏။ ကျွမ်းကျင်ပိုင်နိုင် စွာကိုင်တွယ်တတ်၏။

မည်သို့ပင် ဖြစ်စေ သူနှင့် မိတ်ကောင်း(ဆိုပါစို့)ရှိသည်။ ပွပင်စရာမသိဟု ဆိုကြား တိုင်ပင်ဖော်တိုင်ပင်ဖက် လူသားတစ်ယောက်ရှိနေသည့်လောက်တော့ဖြင့် မကောင်းနိုင်သည့် အတွေးသည် တစ်ရံတစ်ခါ သူ့တွင် ဝင်ရောက်လာတတ်ဆ၏။ သို့ဖြစ်ခြင်းကြောင့် တစ်ကိုယ်တည်း စမ်းတဝါးဝါးလျှောက်နေရင်း အတူလာ လူစုကွဲ အဖော်တို့အား ပြန်လည်ဆုံဆည်းရန်အလို့ငှာ မျှော်လင့်ရင်း ရှာဖွေနေခြင်းပင်။

သူတစ်ယောက်တည်း လူစုကွဲထွက်လာရခြင်းသည် သူ၏တစ်ယူသန်အတ္တစိတ်ကြောင့်ပင်ဖြစ်သည်။

သူသည် လွန်စွာမှ အတ္တကြီးသူဖြစ်သည်။ တစ်ယူသန်စိတ်ထားတတ်သူဖြစ်သည်။ သူ့ကိုယ်သူလည်း အထင်ကြီးတတ်သူဖြစ်သည်။





မိန်းမသားတစ်ယောက်နေဖြင့် တောဝက်ကို ရင်ဆိုင်ပစ်ခတ်ခြင်းသည် တော်ရုံသတ္တိဖြင့် မဖြစ်နိုင်။

"ဖြစ်ပါ့မလား ကလေးမ" ရယ်လို့ ဒေသခံ မုဆိုးကြီးတာပလူးက စိုးရိမ်စိတ်ဖြင့် မေးမိသေး၏။

"အို... ဖထီးရယ် ဘာလို့ မဖြစ်ရမှာတုန်း...သမီးက ဖေဖေနဲ့အတူ အမဲပစ်လာတာကြာပြီ။ သမီးအိမ်လည်း ဖထီး ရောက်ဖူးတာပဲ၊ တွေ့တယ်ဟုတ်။ ဧည့်ခန်းမှာ အလှချိန်ထားတဲ့ ကျွဲခေါင်း၊ ဒရယ်ခေါင်းတွေဟာ သမီးပစ်လို့ ရခဲ့တာတွေပေါ့" သည်တော့–

"ဒါတော့... ဒါပေါ့... ကလေးမရယ်..ခုဟာက တောဝက်လေ... အန္တရာယ်များပါဘိနယ်....တော်ရုံယောကျ်ားသားမုဆိုးတောင်မှ သတိထား ပစ်ရတာကွယ့်" ဆိုလိုက်ပြန်တော့လည်း

"သိတယ်...ဖထီး... မုဆိုးဝတ္ထုတွေ တော်တော်များများဖတ်ဖူးတယ်။ မုဆိုးကျော်ကြီးတွေနဲ့လည်း ဆုံခဲ့ဖူးတယ်။ သမီး တောဝက်ကို ဘယ်လိုပစ်ရမလဲ နားလည်တယ်...။ခု ဖထီးတို့ ရှိနေတာပဲ။ သမီး လက်တွေ့စမ်းကြည့်ချင်တယ်" ဟူ၍ သူက မေတ္တာရပ်ခံသလိုလိုပြောခြင်းကြောင့် တောဝက်ကို ပစ်ခွင့်ပေးလိုက်ကြ၏။ သို့ကြား သူ့ချည်းသည်အတိုင်း လွှတ်ထား၍ မဖြစ်။ နံဘေးမှာပန်း၍ ကာကွယ်ရန်အလို့ငှာ အရန်သင့် ရှိနေကြတော့၏။

မည်သို့ပင်ဖြစ်စေ သူ့အား တောဝက်ပစ်ခွင့် ပေးလိုက်ကြကြား ထိပ်တိုက်ပစ်ခွင့်ကိုတော့ဖြင့် ခွင့်မပြုကြချေ။ နံဘေးမှ ချောင်းမြောင်းပစ်ခြင်းကိုသာ ခွင့်ပြုလိုက်ကြ၏။ အခန့်သင့်ပင် တောဝက်တစ်စုံ(အထီးအမ ဖြစ်သည်) ရေသောက်နေသည်နှင့် ပက်ပင်းတိုးသည်ကြောင့် သူ့အား ပစ်ခွင့်ပေးလိုက်ကြ ခြင်းဖြစ်သည်။

သူ၏သေနတ်ကိုင်တွယ်ပုံ၊ ပစ်မှတ်ချိန်ကွယ်ပုံ [illegible]သည် စနစ်ကျပေသည်။

တောဝက်ဖိုသည် [illegible] ငြိမ်းသက်စွာ ရေသောက်နေသည့် အမကောင်အား [illegible] ကာသပ်ကာ လုပ်နေ၏။ အေးအေး ရေမသောက်ရ။ သည်တော့ သူ၏ ပင်မှ [illegible] သည်လည်း မငြိမ်။ သို့ကြား သူသည် ပစ်ခွင့်ကြုံလာသည်နှင့် အသျှင်အမြန် [illegible] သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့သည်။

"ဒိန်း..."

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် [illegible] ညည်းကောင်း [illegible] မှန်ခံရခြင်းကြောင့်လည်းကောင်း၊ အဖိုကောင်သည် [illegible] တကြော်ဖြစ်ကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တူရှူသို့ ပြေးထွက်သွားသကဲ့သို့ အမကောင်သည်လည်း အဖိုကောင်နောက်သို့ အော်မြည်ရင်း ပြေးလိုက်သွားတော့၏။

တောဝက်နှစ်ကောင် တစ်ရှူးထိုးပြေးထွက်သွားခြင်းကြောင့် ပစ်မှတ်ကို ထိမိစွာ မှန်သွားပုံမရဟု တွက်ရပြီး အဖိုကောင် ရရှိသည့် ဒဏ်ရာကြောင့် ကျန်ရစ်နေသည့် အိုင်ထွန်းနေသော သွေးကွက်ကို ကြည့်ခြင်းအားဖြင့် ထိုဒဏ်ရာဖြင့် သေနိုင်လောက်သည်ကို သိလိုက်၏။ ယခုကား သွေးရှူးသွေးတန်းဖြင့် ကမူးရှူးထိုးထွက်ပြေးသွားခြင်းသာ ဖြစ်တော့၏။ ထိုသည်ကို သူလည်းသိပါသည်။ သို့ကြောင့် ထိုအဖိုကောင်နောက် ခြေရာခံလိုက်သွားရန် 'သူ' ဆုံးဖြတ်လိုက်၏။ သို့ဖြစ်ခြင်းကြောင့် ဒေသခံမုဆိုး တာပလူးက "ကလေးမ... လိုက်မသွားပါနဲ့တော့" ရယ်လို့ အလွယ်ပြောလိုက်၏။ ဘယ့်အတွက်မူ ထိုသားကောင်သည် သေနိုင်လောက်သည့် ပြင်းထန်သော ဒဏ်ရာရသွားပါက အကြောင်းမဟုတ်။ သို့မဟုတ်မူ သူ့အတွက် အန္တရာယ်ရှိနိုင်ပေသည်ကြောင့် သူ့အစီအစဉ်ကို ပျက်ရန် အလွယ်ပြောလိုက်ခြင်းကို သူကောင်းကောင်းသိခြင်းကြောင့် ဖွတ်ထိုးထွက်ခဲ့ခြင်း ဖြစ်၏။

သူ့နောက် လိုက်ခဲ့ကြပါလေ၏။ သို့ပြား သူက အလောတကြီး ဖောတိုးလိုက်နေခြင်းကြောင့် သူနှင့် လူစုကွဲခဲ့ရခြင်း ဖြစ်သည်။ စဦးတော့ သွေးစက်တို့နောက် ခြေရာခံလိုက်ရခဲ့ပြား ရေကျချောင်း အစပ်နေရာတွင် ထိုတောဝက်ကောင်၏ ခြေရာပျောက်သွားခဲ့ရတော့၏။

ရေထဲ ဆင်းစုန်ကူးသွားပေသည်လား တစ်ဖက်ကမ်း ထွက်ပြေးသွားသေးသည်လား သူ မသိတော့ချေ။ ဤတွင် သူ၏ တောဝက်ခြေရာခံခြင်းကိစ္စပြီးသွားခဲ့ပြား သူနှင့် အဖော်တစ်စု လူကွဲခဲ့ခြင်းသာလျှင် အဖတ်တင်ကျန်တော့၏။

သူ့အပြစ်ကို သူ သိသည်ကြောင့် နောင်တဆိုသည်ကို သူအဖြစ်မခံတော့ဘဲ ကိုယ်တည်း သတ္တိမွေး၊ လမ်းစရှာနေရခြင်း ဖြစ်တော့၏။ အမှန်တော့မူ မိန်းမသည် မိန်းမပင် ဖြစ်တော့၏။

လမ်းစလည်းပျောက် အဖော်များနှင့်လည်းကွဲ၊ နေလုံးသည်လည်း အိပ်တန်းဝင်စပြုနေချေပြီကြောင့် သူ့တွင် စိုးရိမ်ထိတ်လန့်စိတ် ဝင်လာချေပြီ။ တစ်စတစ်စ ကြောက်စိတ်ဝင်လာခဲ့တော့၏။ သို့ဖြစ်၍ ရဲဆေးတင်သည့်အနေဖြင့် လက်တွင်းမှ သေနတ်ဖြင့် ဦးတည်ရာမဲ့ ပစ်ခတ်နေတော့သည်။

သေနတ်သံကြားလျှင် ကွဲနေသော အဖော်များနှင့် တွေ့လိုတွေ့ငြား ပြီး





တော့ သူ့ပတ်ဝန်းကျင်တစ်ဝိုက် ဒုက္ခပေးလာနိုင်သော ချောင်းမြောင်းနေမည့် သားရဲကောင်တို့အား ခြောက်လှန့်သည့် သဘောလည်း ရောက်ရန်ဖြစ်သည်။

"ဒိန်း....."

"ဒိန်း....."

"ဒိန်း....."

အနည်းငယ်တော့ဖြင့် ရဲစိတ်ကလေးပြန်ဝင်လာ၏။

ဆက်လျှောက်၊ တောင်ကြောတစ်ဖြတ်လောက် တွင်...

"ဂူး..."

လူအော်သံလား မသဲမကွဲ၊ သူ့အားလိုက်ရှာနေသော လူပဲဖြစ်ချိမ့်မည်။ သို့ကြောင့်

"အူး..."

အသံကျယ်ကျယ်ဖြင့် ရှည်ရှည်ပြန်၍ အသံပေးလိုက်၏။

"ဂူး..."

ဟော ကြားရပြန်ချေပြီ။

"အူး....."

အော်သံနှစ်ခု မျက်နှာချင်းဆိုင် နီးကပ်လာချေပြီဖြစ်သည်။

သူ တစ်ခုတော့ စဉ်းစားလိုက်မိ၏။ သူကြားရသော 'အူ' သံသည် တစ်ဦးတစ်ယောက်၏ အူသံသာလျှင် ဖြစ်တော့၏။ လူများစု၏အသံ၊ လူအများ၏ အလည့်ကျ 'အူ' သံမဟုတ်ခြင်းကြောင့် သူ စဉ်းစားတော့၏၊ မကြာမီ 'အူ' သံနှစ်ခု နီးကပ်ပေါင်းစပ်လျှင် အသံရှင်တို့ တစ်ဦးနှင့်တစ်ဦး ထိပ်တိုက်တွေ့ကြပေတော့မည်။ ထိုအခါ သူ့အုပ်စုမှ မဟုတ်လေဘဲ အခြားတစ်စုံတစ်ဦး ဖြစ်ခဲ့သော် သူ့အတွက် အန္တရာယ်ရှိကောင်းရှိနိုင်ချေမည် မဟုတ်လော။ သို့ကြောင့် သူသည် လက်တွင်းမှ 'ဝင်ချက်စတာ' ရိုင်ဖယ်ကို မြဲမြဲဆုပ်ကိုင်ထားတော့၏။ ဘာကြောင့်မသိ တဆတ်ဆတ်တုန်နေ၏။ ရင်ခုန်နေတော့၏။

"ဂူး..."

အနီးကပ်မှ ပေါ်ထွက်လာသော အသံကြောင့် ရုတ်တရက်မို့ လန့်ဖျပ်ကာ အကြီးအကျယ် ထိတ်လန့်သွားတော့၏။ ထိုသို့ ကြောက်ရွံ့ ထိတ်လန့်သည့်ကြားမှ အံ့သြဝမ်းသာခြင်း ဖြစ်ရ၏။ သူနှင့် လူစုကွဲသွားသောအဖွဲ့မှ ဒေသခံကြီး 'တာပလူး' ဖြစ်နေခြင်းကြောင့်ပင်၊ မျက်ရည်ကျမတတ် ဝမ်းသာခဲ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့...မှောင်စလည်းပျိုးချေပြီကိုး၊ မည်သို့ပင်ဖြစ်စေ။ လူများစုနှင့် ပြန်မဆုံဆည်းခဲ့ပြား သူတို့အုပ်စုတွင် အသက်အကြီးဆုံး၊ မုဆိုးကောင်းတစ်ယောက်ဖြစ်သော တောတောင်အကြောင်း ဂဃနဏသိသော၊ ဖခင်ဖြစ်သူ၏ လူယုံတပည့်ကောင်းကြီး ဖြစ်သော မုဆိုး'တာပလူး'ဖြစ်နေခြင်းသည် သူ့အတွက် လုံခြုံမှုရှိခဲ့ပြီ မဟုတ်ပါကလား။

"ဝမ်းသာလိုက်တာ ဖထီးရယ်"

'တာပလူး' က သူ့အား ကရုဏာဒေါသဖြင့် အပြစ်ပြောလာ၏။

သို့ကြောင့်....

"သမီး...တောင်းပန်ပါတယ် ဖထီးရယ်...နောင်သည်လို မဖြစ်စေရပါဘူး၊ ဒါနဲ့ သမီးတို့အဖော်တွေရော..." ဟု မေးလိုက်တော့။

"... ... ..."

"ဩော် ...စခန်းမှာ စောင့်နေကြတယ်လား....စခန်းနဲ့ခု ဘယ်လောက်ဝေးသေးတုန်း..."

"... ... ..."

"ရှေ့နားတင်ဆိုတော့... ဝမ်းသာလိုက်တာလေ... သမီးလည်း ပင်ပန်းပြီ...နားချင်ပြီ..." ဆိုကာ 'တာပလူး' ၏ လက်ကြမ်းကြီးကို ဆွဲကိုင်ကာ ကလေးတစ်ယောက်လို တွဲလျက် လိုက်ခဲ့တော့၏။ သည်တစ်ကြိမ် 'တာပလူး' နှင့် လူကွဲခဲ့သော် သူ့အတွက် မတွေးဝံ့စရာဟု သတ်မှတ်လိုက်ဟန်တူ၏။ တစ်နေ့လုံး လူစုကွဲခဲ့ပြီး တစ်ယောက်တည်း တောအုပ်အတွင်းသို့ စမ်းတဝါးဝါး လျှောက်ခဲ့ရခြင်း၏ ဒုက္ခကို ထပ်မံမခံစားနိုင်တော့ကြောင်း ပေါ်လွင်လျက် ရှိပေ၏။

သူသည် ငယ်စဉ်က 'တာပလူး'၏ လက်ပေါ်တွင် ကြီးပြင်းခဲ့ရသူဖြစ် ၏။ သေနတ်ပစ်ခြင်း၊ အမဲလိုက်ခြင်း အတတ်ပညာကို 'တာပလူး'ထံမှ သင်ယူတတ်မြောက်ခဲ့ခြင်းဖြစ်၏။ သူ သေနတ်ပစ်တတ်ခြင်း၊ သားကောင်ခြေရာကောက်လိုက်ခြင်းပညာ အနည်းငယ်တတ်မြောက်ပြီးလေမှ သူ့မိခင်၏ ဖခင် သိရခြင်းကြောင့် အံ့သြခြင်း၊ ထိတ်လန့်ခြင်း ဖြစ်သွားသည်။ ဖခင်အား နွဲ့ဆိုးဆိုးပြ၊ မူနွဲ့ပြလိုက်ရုံဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ ဆူခြင်း၊ ဟောက်ခြင်း၊ ငေါက်ငမ်းခြင်း မပြုလာသည့်အပြင် သူ့ဖခင်သည် အမဲပစ်ထွက်လေတိုင်း သူ့ကို ခေါ်သွားတတ်လေတော့၏။ တစ်ဦးတည်းသော သမီးလေးဖြစ်ခြင်းကြောင့်လည်း ဖြစ်လိမ့်မည်။ မိတဆိုးလေး သူ့အား ဖခင်ဖြစ်သူ သစ်တောဝန်သာလျှင် မဟုတ်၊ လက်ရုံးကြီးဖြစ်သော 'တာပလူး'သည်





လည်း သမီးရင်းချာပမာ ချစ်ခင်ဂရုတစိုက်ရှိလှ ပေဟော့၏။ ခု...သူ အားကိုးလောက်သည့် 'တာပလူး'နှင့်ပြန်တွေ့ခဲ့ခြင်းကြောင့် လွန်စွာစိတ်အေးချမ်းသာမှုရကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေပေတော့၏။

မုဆိုးကြီး 'တာပလူး'၏ လက်ကို မလွှတ်စတမ်း ဆုပ်ကိုင်ထားတော့၏။ သူ့အတော်ကလေး ထိတ်လန့်ခဲ့ပုံကြောင့်ဖြစ်၏။ မကြာမီ အဖော်များနှင့် ပြန်တွေ့ချေတော့မည်။ ထိုအခါ သူမကို ဝိုင်းအပြစ်တင်ကြပေတော့မည်လား။ အာသတ္တိရှင် တစ်ယောက်အနေဖြင့် ဝိုင်းချီးမွမ်းကြလေမည်လား။ 'သူ' သိလိုပေပြီ၊ မည်သို့ပင်ဖြစ်စေ၊ ကြောက်စိတ်ကို ဖုံးကွယ်၍ ဟန်ဆောင်ပန်ဆောင်တော့ဖြင့် နေပြမည်ဟု တွက်ဆထားလိုက်သည်။

သူသည် အနီး၌'တာပလူး' ရှိနေခြင်းကြောင့် မည်သို့မျှ ကြောက်ရွံ့ ခိုးရိမ်ခြင်း မရှိတော့ပေ။ အမှောင်ထုဖုံးလွှမ်းလျှင် လွှမ်းလာပစေတော့။ လမ်းခရီးတွင် တစ်ညအိပ်ချင် အိပ်ရပလေ့စေတော့။ လုံးဝမကြောက်ချေတော့ပြီ။ သို့ကြောင့် 'တာပလူး'၏ လက်ကိုဆွဲ၍ ရင်ကော့လျှောက်ခဲ့တော့၏။

ကျွန်တော်သည် အမှန်တကယ်ပင် ဓာချေးပြန်နေချေပြီဖြစ်၏။ မဖြစ် မနေ တွေ့အောင်ရှာရပေတော့မည်။ မှောင်စလည်း ပျိုးပေရော့မည်။ မှောင်သွားစေဦးတော့ မနားမနေ ရှာရပေတော့မည်။ မိန်းကလေး တစ်ယောက်တည်း တောကြီးမျက်မည်းအတွင်း ရှိနေခြင်းကို ကျွန်တော် လုံးဝမလိုလား။ သို့ပြင် သူကလေးတစ်ယောက် လွန်စွာကြောက်ရွံ့ထိတ်လန့်နေပေရော့မည်။ မည်သို့ အန္တရာယ်မျိုးနှင့် ကြုံနေရချေပြီလဲ။ သို့အဖြစ်မျိုး လုံးဝအဖြစ်မခံနိုင်။ မိန်းကလေးမပြောလေနှင့် ယောကျ်ားလေးတစ်ယောက်ပင် တောကြီးမျက်မည်းအတွင်း တစ်ယောက်တည်းနေထိုင်ဝံ့မည်မထင်။ တောကောင်တို့၏ အန္တရာယ်နှင့် မကြုံဘူးသဲထား ညကြီးမှောင်မှောင် တောနက်အတွင်း နေထိုင်ရမည်ဆိုပါလျှင် သွေးပျက်၊ သွေးလန့်သွားနိုင်လောက်၏။ သို့ဖြစ်၍...

"မဖြစ်ဘူးဗျာ...တစ်ညလုံးမတွေ့ တစ်ညလုံး လိုက်ရှာမယ် ကိုလင်း သူတို့ မလိုက်ရဲ နေခဲ့ကြပလေ့စေ...ခင်ဗျားနဲ့ ကျွန်တော်မတွေ့တွေ့အောင် ရှာကြမယ်ဗျာ..."

"အင်း...ဟုတ်တယ်။ သည့်ကောင်မလေး ကြောက်လန့်ဖြားနဲ့ ဘယ်နားထိုင်ငိုနေပြီလဲ မသိဘူးနော်...ဟဲ..ဟဲ.."

လင်းမြင့်လှိုင်က အရွှန်းဖောက်နိုင်သေး၏။ ကျွန်တော်က သူ့လိုမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



'တာပလူး'ကိုပဲ အပြစ်ဖို့ရမလို ဖြစ်သည်။ သို့ပြား'တာပလူး'က ကျွန်တော့်လိုပင် သူ့အတွက် စိုးရိမ်စိတ် လွန်ကဲကာ လူစုခွဲရှာနေချေပြီကြောင့် ဘယ်သို့ သူ့အား ဆူကြိမ်း၍ ရနိုင်ပါအံ့နည်း။ သူ တစ်စုံတစ်ခု ဖြစ်သွားပါက ကျွန်တော့်အပြစ် မကင်းချေ။ ဘယ့်အတွက်မှု...။

"ကိုပိုက်...လိုက်ပါမယ်ဆိုတော့ စိတ်ချပါတယ်လေ...ပြီးတော့ တာပလူးလည်း ပါတာပဲ...ခေါ်သွားချေဗျာ"

သစ်တောဝန်မင်းက သမီးဖြစ်သူအား စိတ်ချလက်ချ ကျွန်တော်တို့နှင့် အမဲပစ်ထည့်လိုက်သောကြောင့်ပင်။ ခုများတော့ ဒုက္ခကြုံရချေပြီကော။

"ကိုပိုက် တစ်နေ့လုံး ဘာမှလည်းမစားဘူး.... ခဏတစ်ဖြုတ်နား...စားသောက်ပါဦးလားဗျား.."

လင်းမြင့်လှိုင်က ဆာနေပြီထင့်။ ဖြစ်နိုင်သည်။ သူ ပျောက်ဆုံးသွားကတည်းက လူစုခွဲ တောနင်းရှာခဲ့ကြသည်မှာ တစ်နေကုန်လုချေပြီ။ မနားမနေ ရှာခဲ့ကြခြင်းကြောင့် ဆာမှန်းလည်း မသိတော့ချေ။ နားရမှန်းလည်း မသိတော့ချေ။ ဤသို့ အလောတကြီး ရှာဖွေနေရခြင်းသည် သစ်တောဝန်ဆူကြိမ်းမှာကို ကြောက်နေမိခြင်းမဟုတ်ချေ။ သူ့မအတွက် ကိုယ်ချင်းစာနာ သနားနေခြင်း ကြောင့်သာဖြစ်၏။

ကျွန်တော်သည်လည်း တစ်ကြိမ်တစ်ခါက တစ်ယောက်တည်း အဖော်ကွဲ တောကြီးမျက်မည်းအတွင်း တစ်ညအိပ်ခဲ့ဖူး၏။ ယောကျ်ားကြီးတန်မဲ့ သွေးလန့်ခဲ့ရဖူး၏။ တောနက်ကြီးအတွင်း မျက်စိလည်လမ်းမှား၍ တစ်ယောက်တည်း ညအိပ်ခဲ့ရဖူးသူတိုင်း သိပေလိမ့်မည်။ ထိုအခါမျိုးတွင် စိတ်မခိုင်သူဆိုပါက ရူးသွပ်သွားနိုင်သည်။

ခု..မိန်းမပျိုလေးတစ်ယောက် တောကြီးမျက်မည်းအတွင်း မည်သို့ရှိနေဆဲလိမ့်မည်နည်း။ သို့ဖြစ်၍ ဒုက္ခခံရှာနေရခြင်းဖြစ်တော့၏။ အမှောင်ထုရောက်လာလေ ပို၍စိုးရိမ်ရလေ ဖြစ်သည်။

"ကိုလင်း ဆာရင်စားဗျာ...နားရင် နားဗျာ...ကျွန်တော်ကတော့ မဆာဘူး မနားဘူး.... အချိန်မီတွေ့ရဖို့ပဲ ဆန္ဒရှိတယ်ဗျာ" လို့ မာမာဆတ်ဆတ် ပြောလိုက်မိသည်။ သို့ပြင်–

"ခင်ဗျား ကိုယ်ချင်းစာစမ်းပါ...သူကလေးကို အချိန်မီတွေ့ဖို့လိုလားတယ်...နို့...ကလေးမလေးအတွက် တစ်ညလုံး ဒုက္ခရောက်နေတော့မှာဗျ.."





သို့ကြောင့် လင်းမြင့်လှိုင်သည်လည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ကျွန်တော့်နောက် တကောက်ကောက် ပါလာခဲ့တော့၏။

"တောက်....တာပလူး အသုံးမကျဘူး"

"ခုလောက်ဆို တာပလူးနဲ့ တွေ့ရင် တွေ့နေမှာပါဗျ..ဒီလောက်ကြီးလည်း စိုးရိမ်မနေပါနဲ့..."

လင်းမြင့်လှိုင်က နှစ်သိမ့်လိုဟန် ပြောလာ၏။

"အို...တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ကျွန်တော့်မျက်စိအောက် သူလေး ပြန်ရောက်လာမှ စိတ်အေးရတော့မှာဗျ.."

"ဟော..ကိုလင်း နားထောင်။ သေနတ်သံ..."

လင်းမြင့်လှိုင်ကပါ နားစွင့်နေခြင်းဖြစ်၏။

"ကြားတယ်...တာပလူး အချက်ပေးတာလား...ကောင်မလေး အချက်ပေးတာလား မသိဘူး... ကြားရတဲ့ အသံကတော့ ဒါ..သားကောင်ကို ပစ်ခတ်သံ မဟုတ်ဘူး...မိုးပေါ် ထောင်ပစ်တဲ့အသံဗျ..သေချာနားထောင်ဗျာ..."

"ဒိန်း"

သည်တစ်ချက် ကြားလိုက်ရသော အသံသည် ကျွန်တော်တို့နှစ်ယောက် ရုတ်တရက်နားထောင်နေ၍ မည်သည့်ဘက်မှ ပစ်ခတ်အသံပေးနေခြင်းကို ဂဃနဏ သိလိုက်ကြတော့၏။

"ကိုပိုက်ရေ ရှေ့တောင်ကြောဘက်ကဗျ..."

"ဟုတ်တယ်...အဲဒီဘက် သွားကြရအောင်.."

ပြောပြောဆိုဆို ထိုသေနတ်သံကြားလေရာ တောင်ကြောဘက်သို့ သုတ်ခြေတင်ခဲ့ကြတော့၏။

ထိုတောင်ကြောသို့ ရောက်ခဲ့ပြား သဲလွန်စပျောက်ခဲ့ပြန်ချေ၏ ပြန်လည် စိတ်ဆိုတ် ငြိမ်သက်သွားပြန်၏။

"ကဲ...ကိုလင်း သည်တစ်ဝိုက်မှာပဲ ရှိလောက်မယ်ထင်တယ်...တစ်ဦးဦးပေါ့... ကောင်မလေးဖြစ်ချင်ဖြစ်... နို့မဟုတ်လျှင်ဖြင့် တာပလူးဖြစ်လိမ့်မယ်... ဒီတစ်ဝိုက် သေချာနားစွင့်၊ မျက်စိရှင်ရှင်ထား ရှာကြတာပေါ့.."

လင်းမြင့်လှိုင်က ခေါင်းညိတ်ပြရုံ၊ သူလွန်မင်းစွာ ဆာလောင်နေပြီထင့်၊ သို့ဖြစ်၍–

"ကဲဗျာ....သည်မှာ ခဏနား..ခင်ဗျားကြည့်ရတာ စိတ်မသက်သာလိုက်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလည်း လုပ်ဦးမှပေါ့ဗျ..." ဆိုကာ လင်းမြင့်လှိုင်သည် တော
ကြောစွယ် အပေါ်ရှိ ထိန်ပင်အိုကြီးအောက်ခြေတွင် ခြေပစ်လက်ပစ်ထိုင်ချလို
တော့၏။ ကျွန်တော်သည်ကား မထိုင်နိုင်သေး။ ပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ဝို
အကဲခတ်ကြည့်နေဆဲ ဖြစ်၏။

"ဘုရားသခင်...ကလေးမကို စောင့်မကြည့်ရှုပါ...." ရယ်လို့ စိတ်ထဲတွ
ကျိတ်ဆုတောင်းနေရ၏။

"ရှလွှတ်...ရှလွှတ်,..ရှလွှတ်..."

ရှေ့တူရူ ဝါးသုန်းတောအတွင်းမှ ကြားရသောအသံဖြစ်၍ စူးစိုက်ကြ
လိုက်သည်။ သို့ကြည့်ရာတွင်....

"ကိုလင်း... လာစမ်းပါဦးဗျာ... ရှေ့ဝါးသုန်းတောထဲမှာ လူလားတိရစ္ဆာ
လား မသိဘူးဗျ..."

လင်းမြင့်လှိုင်သည် ထိုင်နေရာမှ ကမန်းကတန်း ထလာကာ ကျွန်တော
စူးစိုက်ကြည့်နေရာ ဝါးသုန်းတောဘက်သို့ လိုက်လံကြည့်ရှုနေတော့၏။

"ဟုတ်တယ်... နေဦး.... လူဖြစ်မယ်... လူစကားသံလိုလိုပဲကြားတယ်

လင်းမြင့်လှိုင်ပြော၍ သေချာ နားစွင့်လိုက်မိသည်။ ဟုတ်၏။ လူသ
စကားပြောသံ။ ကျွန်တော်တို့ အနားနီးလာလေ စကားသံ ကွဲကွဲပြားပြားကြ
ရလေဖြစ်သည်။ ပို၍ တိတိကျကျ ပြောရပါလျှင် မိန်းမသား တစ်ယောက်
စကားပြောသံဖြစ်နေခြင်းကြောင့် ပို၍ ဝမ်းသာခဲ့ရတော့၏။ ထိုသူငယ်မ ဖြစ်ချ
မည်။ သို့ဖြစ်၍ "လာဗျာ ကိုလင်း" ဟု ဆိုကာ ထိုဝါးသုန်းတောရှိရာသို့ အပြေ
ကလေးသွားလိုက်၏။

ဝါးသုန်းတောအနားရောက်လုတွင် ထိုဝါးသုန်းတောအတွင်းမှ မိန်းမ
လေးတစ်ယောက် တိုးဖေ့ထွက်လာတော့၏။

"ဟင်.."

ကျွန်တော် မျှော်လင့်တကြီး ရှာဖွေနေသော ကလေးမငင်ဖြစ်တော့၏
တစ်ယောက်တည်း စကားပြောနေ၏။ သူ၏လက်တစ်ဖက်တွင် သေနတ်
ကျစ်ကျစ်ပါအောင် ကိုင်ထားပြီး၊ ကျန်တစ်ဘက်သည် တစ်ဦးတစ်ယောက်
လက်ကို ဆုပ်ကိုင်ထားသည့်ဟန်ဖြင့် လျှောက်လာရင်း ပါးစပ်မှလည်း တတွတ်
တွတ် ပြောနေချေတော့၏။

"ဖထီး... သမီးတို့စခန်း ရောက်တော့မယ်လား.. စခန်းရောက်ရင်





ထမင်းစားမယ်... သမီး သိပ်ဆာနေပြီ... "

သူ့ကို မြင်ရသည်နှင့် ကျွန်တော်သည် ဝမ်းသာခြင်းတစ်ဝက်၊ စိတ်မချမ်း
မြေ့ခြင်းတစ်ဝက် ခံစားလိုက်ရတော့၏။ ကျွန်တော် သူ့ကို တွေ့လိုက်သည်နှင့်
သဘောပေါက်သွားရ၏။ သူ သွေးပျက်သွားချေပြီ။ ကျွန်တော်တို့ကိုလည်း မမြင်။
တစ်ယောက်တည်း စကားပြောရင်း လျှောက်လာ၏။ ဘေးကယ်တော့ သူ့နံဘေး
တွင် မည်သူမျှမရှိပါ။ မည်သို့ပင်ဖြစ်စေ သူ့ကို ဘေးမသီ ရန်မခ အချိန်မီ ပြန်
တွေ့ခဲ့ရသည်ကြောင့် ဘုရားသခင်ကို ကျေးဇူးတင်မိပါတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့အနားသို့ ကိုးကပ်သွား လိုက်သည်။
ကျွန်တော်တို့ကို မြင်လိုက်သည်နှင့်–

"ဖထီး... ရှေ့မယ်... ဦးပိုက်တို့မဟုတ်လား...သမီးတို့ စခန်း ရောက်လာပြီ
ပေါ့..."

မည်သူမျှမရှိသော နံဘေးသို့ကြည့်ပြောရင်း ကျွန်တော်တို့နှင့်ယောက်အား
ပြုံးပြနေတော့၏။

တော်သေးသည်ဟုပင် ဆိုရချေတော့မည်။ သူ၏အသိစိတ်သည် မှန်တစ်
ဝက်၊ မမှန်တစ်ဝက် ရှိနေခြင်းကြောင့်ပင်။ ကျွန်တော်တို့ကို မှတ်မိနေပေသည်
ဆိုတော့ သူ့အဖြစ်သည် ဆိုးဆိုးဝါးဝါး မဟုတ်ကြောင်း ဘွက်လိုက်မိ၏။ သူ့အား
ကောင်းကောင်းအနားယူ၊ စားသောက်၊ အိပ်စက်နိုင်းလိုက်လျှင် သတိမှန် ပြန်ဝင်
လာနိုင်သေးသည်ကို ကျွန်တော် သိလိုက်ပါသည်။

ပြန်လမ်းတစ်လျှောက်တွင် သူသည် အကောင်အထည်မရှိသော 'ဖထီး
လူး' နှင့် စကားတွေ တတွတ်တွတ် ပြောနေတော့၏။ သူ့စိတ်အတွင်း သူ့နံဘေး
တွင် 'ဖထီးလူး' ရှိနေသည်ဟု ထင်နေခြင်းဖြစ်တော့၏။ 'ဖထီးလူး'ကား သူ့ကို
လိုက်လံရှာဖွေရင်း ဘယ်ရောက်နေသည် မသိချေ။ စခန်းတွင် ပြန်ရောက်လျှင်
လည်း ရောက်နေပေရော့မည်။

ကြော်... သနားစရာကောင်းလှသည့် ကလေးငယ်လေးဖြစ်ပေတော့သည်။

[ ကြယ်ဆုံနဲ့ရ မုဆိုးဘဝဇာတ်လမ်းတို့ပေါင်းချုပ် ၂၀၀၁ ]
[ ဓမလ၊ ၂၀၀၈ ပြည်နှစ် ရုပ်ရှင်ဇာတ်လမ်းမဂ္ဂဇင်း ]


✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# အကြွေးယူခြင်းလား ရခြင်းလား



## အကြွေးယူခြင်းလား ရခြင်းလား

အိပ်မရသောညတွေ အသင်္ချေရှိခဲ့လေပြီ။ ခေါင်းတွင်း အိပ်မက်ဝမာ ကယောက်ကယက်ဆိုပါလျှင်လည်း ကျွန်တော်မပြောလိုပြီ၊ ခုတော့ အဲ့လိုမဟုတ်ချေ။ ကျွန်တော့်ကို အမြဲတမ်း ခြောက်လှန့်နေပြန်သည်။

လက်ညှိုးတွေ၊ လက်ညှိုးတွေပေါ့။ ကျွန်တော့်ကို အိပ်မရအောင်၊ စားရေအောင်၊ နေမရ၊ ထိုင်မရလေအောင် ထိုလက်ညှိုးတွေက ခြောက်လှန့်နေကြသည်။ တကယ်တော့ ဘယ်သူမပြု မိမိအမှုပင်ဖြစ်သည်။

မည်သို့ကြောင့် ကျွန်တော် သူ့လက်ညှိုးကို ဖြတ်ပိုက်မိပ လိမ့်။ ဒေါသကြောင့်လား၊ နာကြည်းမှုကြောင့်လား၊ ရှက်စိတ်ကြောင့်လား မခွဲခြားတတ်ချေပြီ။ သည်လက်ညှိုးတစ်ချောင်းရဲ့ တန်ဖိုးဘယ်လောက် ရှိလို့လဲ။ ပိုင်ရှင်အတွက်တော့ဖြင့် အဖိုးမဖြတ်နိုင်တဲ့ တန်ကြေးရှိပေမင့်၊ ကျွန်တော့်အတွက် မည်သို့တန်ဖိုးရှိပါလိမ့်မည်နည်း။ "ဒါကို အစက မစဉ်းစားမိဘူးလား" ရယ်လို့ မေးလာနိုင်ပါသည်။ ထိုလက်ညှိုးလေးတစ်ချောင်းရလိုက်လို့ လောကကြီးမှာ အရာရာပြီးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်လာသလား။ ဟင့်အင်း၊ မဖြစ်လာဘူး၊ ဖြစ်လာနိုင်စရာအကြောင်းလည်း မရှိဘူး။ "ဒီလက်ညှိုးလေးတစ်ချောင်းက ခင်းကို ပျော်ရွှင်မှုပေးလာနိုင်သလား" ဆိုလာပြန်လျှင်လည်း ခေါင်းခါပြရုံသာရှိတော့၏။ ကျွန်တော်လည်း အံ့ဩနေမိသည်။ ဘယ့်တွက် သူ့လက်ညှိုးကို ဖြတ်ခဲ့မိပါလိမ့်။ ကျွန်တော်ပြောနိုင်တာ တစ်ခုတော့ရှိသည်။ ထိုလက်ညှိုးလေးကို သွေးအေးအေးဖြင့် ဖြတ်ယူလာခြင်းတော့ မဟုတ်ပါ။ ဒေါသထွက်ပြီး ဖြတ်မိတာဖြစ်ချင်ဖြစ်မည်၊ နာကြည်းလွန်း၍ ဖြတ်ခဲ့တာလည်း ဖြစ်ကောင်းဖြစ်မည်။ ဖြစ်နိုင်ချေသော ခုတော့ရှိ၏။ သူ့လက်ညှိုးကို ဖြတ်ခဲ့စဉ်က ကျွန်တော့်အသိတွင် ငါ သူ့ကိုနိုင်ပြီ နာလန်မထူအောင် လုပ်နိုင်ခဲ့ပြီဟု တွက်ကာ ရင်ကိုကော့၊ မော်ကြွားလျှက် လှမ်း

ဗွတ်စီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင် သာသာကြည်ကြည်ထိုးပေးလာသည့် သူ့လက်ညှိုးကို ဖြတ်ယူလျက် ပုလင်းလွတ်တစ်လုံးတွင်ထည့်ကာ အောင်နိုင်ကြေးအဖြစ် အိတ်ထဲထည့် ယူလာခဲ့မိသည်။ တကယ်တော့ ကျွန်တော့်အတွက် ဘာမျှ မသုံးမဝင်ပါ။ သူ့အတွက် သာလျှင် အကြီးမားဆုံး 'ဆုံးရှုံးမှုကြီး' ဖြစ်ခဲ့ရသည်။ ဒါကို အစက ကျွန်တော် ဘာကြောင့် မတွက်မိပါလိမ့်။ ခုတော့ သည်လက်ညှိုးပြတ်တစ်ချောင်းက ကျွန်တော့်ကို ခြောက်လှန့်နေပေပြီ။ ကျွန်တော် နိုင်သူမဟုတ်၊ ရှုံးသူဖြစ်နေပြီလား။ ထိုသည်ကို သိလို၍ ရသေ့ဓမ္မပါလထံသို့ ရောက်လာခဲ့ရပြန်ချေပြီဖြစ်သည်။

ရသေ့ ဓမ္မပါလက ကျွန်တော့်ကို ပြုံး၍သာကြည့်နေ၏။ မည်သည့်စကားမျှ နှုတ်မှ မြွက်ဟမလာချေ။ သို့ဖြင့်–

"ကိုပိုက်က မိုက်ပြီးရင်း မိုက်နေပြီလား၊ သည်းခံခြင်းတရားဆိုတာလည်း နားမလည်ပါကလား၊ နားလည်အောင်လည်း မကြိုးစားပါကလား၊ ဒေါသတွေ၊ မောဟတွေနဲ့ ပေါင်းဖက်နေဆဲပါကလား" ရယ်လို့ သူ့အပြုံးက ပြောနေသလို ပင် ကျွန်တော်နားလည်လိုက်သည်။

'ရသေ့ဓမ္မပါလ"သည် ပြုံးစစလုပ်နေရင်းမှ 'ပြောပါဦး၊ ဖြစ်စဉ်ကလေး ကို'ရယ်လို့ မေးလာသဖြင့် ကျွန်တော်က ဖြစ်ကြောင်းကုန်စင် သို့နှယ် ပြောလိုက် တော့သည်။

ဆောင်းကာလဖြစ်သည်ကြောင့် ပဲနူးရိုးမအလယ် 'စိန်တောင်' တောင်ခြေ တောနက်အတွင်း ကျွန်တော်တို့ ရောက်နေသည်။ ကျွန်တော်တို့ဆိုသည်မှာ လင်းမြင့်လှိုင်၊ စမ်းရွာ သူကြီး ဦးမြရွှေ၊ တောအုပ်ကြီး စောနယ်လ်ဆင်နှင့် ဦးခင်မောင်လေးတို့ဖြစ်သည်။

တောအုပ်ကြီးနှင့် သူကြီးမှာ ကျွန်တော်တို့နှင့် ယခင်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသူများ ဖြစ်ပြီး ဦးခင်မောင်လေးဆိုသူမှာ ယခုမှ သိကျွမ်းခဲ့ရသူဖြစ်၏။ စောနယ်လ်ဆင်၏ မိတ်ဆွေဖြစ်သည်။ အရပ်အမောင်းမှာ ပုပျပ်ပျပ်ဖြစ်သည်။ အသက်အားဖြင့် ကျွန်တော့်ထက် ၁၅နှစ်ခန့် ကြီးပေလိမ့်မည်။ သူသည် တစ်ချိန်က အမဲလိုက်မုဆိုးတစ်ယောက်ဟု သိရ၏။ သို့ဆိုပါက ကျွန်တော့်ထက်စော၍ တောတောင်တို့နှင့် အကျွမ်းတဝင်ရှိကာ အမဲလိုက်ပညာကို တတ်သိနားလည်ထားသူဖြစ်ပေမည်။ သို့ကြောင့် ကျွန်တော် သူ့ကို အထင်တကြီး လေးစားမိ၏။ ကံအားလျော်စွာ လာဆုံရခြင်းတွင် ကျွန်တော်သည် သူ့ထံမှ မသိသေးသော အမဲလိုက်ပညာရပ်များကို သိရ၊ ဆွေးရ၊ သင်ယူရမည်ဟု တွက်လိုက်မိသည်။ သို့ဖြစ်၍





"ကိုလင်းရေ၊ ဦးခင်မောင်လေးကြည့်ရတာ အင်မတန် အမဲလိုက်ကောင်းတဲ့ မုဆိုးတစ်ယောက်ဖြစ်နိုင်သဗျို့၊ ကျွန်တော်တို့ထက် အသက်အရွယ်ကြီးသလို တောအတွေ့အကြုံလည်း ပိုရှိပုံရတယ်၊ သူ့ဆီက မုဆိုးပညာရပ်တွေ သင်ယူရလိမ့်မယ်ဗျ" ရယ်လို့ အားရဝမ်းသာ လင်းမြင့်လှိုင်ကို ပြောလိုက်သည်။

ထုံးစံအတိုင်း လင်းမြင့်လှိုင်သည် 'သွားတက်' ကလေးပေါ်ရုံ ပြုံးလျက် "ဟုတ်လိမ့်မယ်၊ ဖြစ်နိုင်လိမ့်မယ်လို့တော့ ထင်တာပဲ၊ နို့ပေမင့်ဗျာ သူ့ရဲ့ ဥပဓိရုပ်ကိုတော့ ကျွန်တော် သိပ်မကြိုက်ဘူး" ဆိုလာသဖြင့် ကျွန်တော်က မျက်မှောင်ကြုတ်လိုက်မြီး

"ဘာကြောင့်များတုန်းဗျ" ရယ်လို့ တအံ့တသြ မေးလိုက်သည်။ "လူ့ရဲ့ အတွင်းစိတ်သန္တာန်ဟာဖြင့် မျက်နှာမှာ ပေါ်တတ်တယ်လေ၊ သူ့မျက်နှာကြည့်ရတာ သဘောထားသေးသိမ်မယ့်ပုံပဲဗျ"

"ဟာ– ဒါတော့ မဖြစ်နိုင်ဘူး၊ ပြောတာဆိုတာ ဖော်ဖော်ရွေရွေပါဗျာ" ဆိုကာ လင်းမြင့်လှိုင်အနားက ထွက်လာခဲ့သည်။ လင်းမြင့်လှိုင် ဘာတွေဖြစ်နေပါလိမ့်။ အရင်က ဒီလိုမဟုတ်၊ ခုတော့ သူသည် တစ်ချိန်က မသိခဲ့ဖူးဟဲ ဦးခင်မောင်လေးကို ဘာ့ကြောင့်များ ပြောရပါလိမ့်။ စဉ်းစားမရ ဖြစ်ရချေသည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ထွက်လာပြီး တစ်ယောက်တည်း စခန်းရှေ့ရှိ ချောင်းကို ဆန်တက်လိုက်ကာ ခါးစောင်းပေါက် ရေအနက်ရှိနေရာတွင် ယူလာသော ငါးမျှားတံဖြင့် ငါးထိုင်မျှားနေလိုက်သည်။

ယနေ့တွင် ကျွန်တော်တို့ စခန်းစရောက်၊ စခန်းချသည့်နေ့ဖြစ်သည် ကြောင့် နားနားနေနေ နေလိုက်ခြင်းဖြစ်၏။ သို့ဖြင့် ကျွန်တော်သည် အချိန်ကို အလဟဿ မဖြုန်းတီးလိုသဖြင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ညနေခင်း ယမကာဝိုင်းတွင် အမြည်းရလိုရငြား ငါးလာမျှားခြင်း ဖြစ်သည်။

"အလို– ကိုပိုက်ပါလား၊ ဒီမှာ ငါးလာထိုင်မျှားနေတာကိုး" ကျွန်တော့် နောက်ကျောဘက်မှ အသံကြောင့်လှည့်ကြည့်လိုက်သည်။

ဦးခင်မောင်လေးသည် သို့နှုတ်ဆက်ပြီး ကျွန်တော်နံဘေးတွင် လာထိုင်လေ၏။

"မုဆိုးကြီးက ငါးမျှားလို့ပါလား"

"ဟုတ်တယ်ဗျို့၊ အပျင်းလည်းပြေ ပြီးတော့ ညနေဝိုင်းအတွက် အမြည်း ရလိုရငြားပေါ့ဗျာ" လို့ ကျွန်တော်က ဦးခင်မောင်လေးကို ပြောလိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



တွင် သူက "အောင်မလေးဗျာ၊ ခင်ဗျားမိတ်ဆွေ ဟိုဘယ်သူလဲဗျာ အဲ..အဲ ကိုလင်းမြင့်လှိုင်မှာ ချိစ်တွေပါတယ်၊ အသားခြောက်တွေပါတယ် မဟုတ်လား၊ တောင်တောင်ထဲပေမင့် အဆင့်မြင့်မြင့်ပဲ သောက်စမ်းပါဗျာ" လို့ရယ်မောပြောလာသဖြင့် ကျွန်တော်သည် သူ့မျက်နှာကို လှည့်ကြည့်လိုက်မိသည်။ ပြီးနောက် တစ်ခုခုမေးလိုက်မည်ရယ်လို့ ပါးစပ်ဟလိုက်မိသော်လည်း ကမန်းကတန်း အရှိန်ပြန်သတ်လိုက်ကာ နှုတ်ဆိတ်နေလိုက်တော့၏။ စိတ်တွင်းမှာတော့ မကျေမလည် ဖြစ်သွားမိ၏။ လင်းမြင့်လှိုင် အိတ်တွင်းမှ ပစ္စည်းပစ္စယများကို သူ ဘာယ်သို့သိပါသနည်း။ ဘယ်လိုလူစားနည်း၊ လင်းမြင့်လှိုင်အကြောင်းကို ကျွန်တော်အသိဆုံး ဖြစ်၏။ အတူတူခရီးကြမ်းထွက်စဉ် ကာလတစ်လျှောက်လုံး သူ ဘာယူလာသည် ဘာတွေပါလာသည်ကို ပြောလေ့ပြောထမရှိ၊ ချစ်စရာကောင်းသည်မှာ ရုံဖန်ခါ ဆိုသလို ဖျော်ဖျော်ပါးပါး သောက်စားနေစဉ်အခါ ရောက်လေမှ အမြည်းမရှိတော့ပါ၊ အရက်မရှိတော့ပါဆိုလေမှ၊ တအံ့တဩ ဖြစ်သွားကြရအောင် သူ့အိတ်တွင်းမှ အမြည်း၊ အရက်၊ တို့ကို အရေးပေါ်ထုတ်ပေးလေ့ရှိတတ်သည်။ ယူလေ့ရှိတတ်၏။ အဲလိုလူစားက သူဘာတွေပါခဲ့သည်မှာ ဦးမောင်လေးကို ပြောလိမ့်မည်မဟုတ်။ သို့ဖြစ်၍ သူဘယ်သို့ သိနေပါလိမ့်။ ထိုသည်ကို ကျွန်တော် အစားမကြေဖြစ်မိ၏။ ထိုသည်ကို ကြည့်ခြင်းအားဖြင့် ဦးခင်မောင်လေးသည် သူ့တစ်ပါးအိတ်စွရပ်တို့ လေ့လာအကဲခတ်၊ စပ်စုတတ်သူ ဝင် ဖြစ်ချိမ့်မည်။

ထိုနေ့ကလည်း ကျွန်တော် ငါးမျှားနေသည်ကို အလိုက်ကန်းဆိုးမသိဘဲ သို့မဟုတ် နားမလည်၍ပေလားမသိ အနားတွင် ဟောင်ဖွာ ဟောင်ဖွာဖြင့် သူ အထက်ဘက်တွင် အမဲလိုက်ခဲ့ပုံ၊ မည်သို့ စွန့်စားပုံ၊ ဘာသားကောင်ကြီးတွေ ရခဲ့ပုံကို တရစပ် အစဉ်မပြတ် ပြောနေသဖြင့် ကျွန်တော် ငါးတစ်ကောင်တစ်မြီးမှ မရခဲ့ပါ။ ထိုနေ့ ညနေပိုင်းကွင် ကျွန်တော်တို့ ဝိုင်းဖွဲ့သောက်စားကြသည် တွင် သူက နောက်နောက်ပြောင်ပြောင်သဘောဖြင့် "မုဆိုးကြီး ကိုဂိုက် ညနေက ငါးသွားမျှားတာ တစ်ကောင်မှ မရခဲ့ဘူးဗျ၊ ဟား..ဟား...ဟား..၊ မုဆိုး ဂုဏ် သိက္ခာကျသဗျာ၊ ကျွန်တော် ကြားထားတဲ့ ကိုဂိုက်ဆိုတာ ဟုတ်ပါ့မလားရယ် လို့တောင် သံသယဖြစ်မိသဗျ" ရယ်လို့ ပြောလာသဖြင့် "ဘာယ်ရပါ့မလဲဗျ-- ဦးခင်မောင်လေးက အလိုက်ကန်းဆိုးမသိ နဘေးလာထိုင်ပြီး စကားတွေအော်ကြီး ဟစ်ကျယ် ပြောနေတာကိုး၊ ကိုယ်လည်း မုဆိုးဖြစ်ပြီး ဒီလောက်ကလေးမှ နား မလည်ဘူးလား" ရယ်လို့ ပြန်ပြောလိုက်ချင်ပေမင့် ကျွန်တော့်ထက် အသက်ကြီး





ခြင်း၊ ခုမှတွေ့ကြသော လူစိမ်းဖြည့်သည်ဖြစ်ခြင်း၊ သည့်ပြင် တောအုပ်ကြီးစောနယ်လ်ဆင်၏ မိတ်ဆွေလည်း ဖြစ်နေသည်ကြောင့် မျက်နှာထောက်ထားကာ မည်သို့မျှ ပြန်မပြောတော့ဘဲ ပြုံး၍သာ ဆိတ်ဆိတ်နေလိုက်တော့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့စခန်းမှနေ၍ တောပစ်ထွက်ခဲ့ကြသည်။ စခန်းနှင့် သိပ်မဝေးလှသော နေရာမှ မျောက်တစ်ကောင်ကို ဦးခင်မောင်လေးက ပစ်ချနိုင်ခဲ့သည်။ သူ့ သေနတ်ကိုင် သေသပ်ပုံ၊ သေနတ်ပစ်ကျွမ်းကျင်ပုံကိုဖြင့် မျက်ဝါးထင်ထင် မြင်ခဲ့ရပါ၏။ သို့သော်မယ့် သူ ပစ်ချလိုက်သော မျောက်သေကောင်နှင့်တွဲ၍ ရိုက်လိုက်သည့် ဓာတ်ပုံသည် ငါးပုံထက် မနည်းနိုင်ချေ။ ထိုသည်ကား ကြွားဝါလိုသော သူ့သဘောသာပင် ဖြစ်၏။ သို့ကြောင့် ကျွန်တော် သူ့အပေါ် အထင်ကြီးစိတ် ကုန်ခန်းသွားရသည်၊ အကယ်၍များ ကျားတစ်ကောင်၊ ဆင်တစ်ကောင် ပစ်နိုင်ခဲ့ပါမူ မည်သို့ဖြစ်သွားနိုင်သည်မသိ၊ မျောက်တစ်ကောင် ပစ်ချလိုက်နိုင်သည်နှင့် ဤသို့ အုမြူးနေခြင်းကို လင်းမြင့်လှိုင်က အမြင်ကပ်ဟန်တူ၏။ သူ့အား လုံးဝလှည့်မကြည့်တော့ဘဲ ရှေ့ဆက် လျှောက်သွားတော့သည်။

"ကျွန်တော် မျောက်ကို သိပ်ပစ်ချင်တာ မဟုတ်ဘူးဗျ၊ မုဆိုးကျော်ကြီးတွေက ကျွန်တော့်ကို အလကားကြွား၊ အဘိုးကြီးရယ်လို့ ထင်မှာစိုးလို့ ပစ်ချလိုက်ရတာ၊ ဒါတောင် ကျွန်တော် သေနတ်မကိုင်တာ (၁၀) နှစ်နီးပါးရှိပြီ။ ကိုယ့်ကိုယ်ကို ဒီလောက်အစွမ်းအစ ကျန်သေးတာပဲဆိုတာ နှမသိရသဗျာ၊ ဟဲ ဟဲ ဟဲ" ရယ်လို့ သူကြီးနှင့် တောအုပ်ကြီးကိုပြောရင်း ကျွန်တော်တို့ နောက်မှ ကပ်လိုက်လာတော့သည်။

ထိုတစ်နေ့လုံး ရှေ့လျှောက် မည်သည့်သားကောင်မျှ မတွေ့သဖြင့် မျောက်တစ်ကောင်နှင့်ပင် စခန်းပြန်ခဲ့ကြရတော့၏။ ထုံးစံအတိုင်း ညနေစောင်းတွင် ဝိုင်းဖွဲ့လိုက်ကြပြန်၏။ ထိုဝိုင်းမှာပင် သူက တပြုံးပြုံးဖြင့် အုမြူးနေကာ..

"တော်သေးတယ်ဗျနော်... ကျွန်တော်သာ ဒီမျောက်ကို ပစ်မချနိုင်ရင် အားလုံးဝေတ်ပြီပေါ့ဗျာ၊ ဟဲ... ဟဲ... "ရယ်လို့ သူ့ကိုယ်သူ အမွှမ်းတင်သည်ထက် တစ်ဖက်သားကို နှိမ့်ချလိုဟန်က ပိုနေ၏။ သို့ဖြစ်၍ လင်းမြင့်လှိုင်က သူပစ်သည့် မျောက်သားကို လုံးဝမစားလေဘဲ 'ချိစ်'ကိုသာ မြည်းရင်း၊ စည်းစိမ်ယူနေလိုက်တော့၏။ ထိုတစ်ညနေလုံး နားညည်းမတတ် ဖောင်ဖွဲ့ပြောနေသည့် သူ့စကားများသည် အိပ်ရာဝင်မှပင် ရပ်တန့်သွားတော့၏



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် အမဲပစ်ထွက်ကြပြန်၏။ သို့သွားရာ၌ သူသည် ကျွန်တော်တို့ ရှေ့မှကျော်၍ သွားနေ၏။ သူ့သဘောက သားကောင်ကို သူသာလျှင် အရင်တွေ့လိုဟန်၊ ပစ်လိုဟန်ဖြစ်၏။

တစ်နေ့ရာအရောက်တွင် သူသည် ရှေ့ကသွားနေရင်း နောက်မှ လိုက်ပါလာကြသည့် ကျွန်တော်တို့ကို လက်ကာပြကာ သူသည် မှုဆိုးဒူးထောက်ထိုင်ချလိုက်၏။ သူ သားကောင်တစ်ကောင် တွေ့သွားချေပြီ။ သို့ကြောင့် သူသည် ထိုပစ်မှတ်သားကောင်ကို ပစ်ခတ်ရန်အလို့ငှာ ကြံရွယ်နေဆဲမှာပင်–

"ဒိန်း"

"ဖြုန်း... ဝရုန်း... ဝေါ..."

သေနတ်သံတစ်ချက်နှင့်အတူ၊ ကြိမ်တောအတွင်းမှ ဂျီ(ချေ)ငယ် တစ်ကောင်သည် ရုတ်တရက် ပြေးထွက်လာတော့၏။ ဦးခင်မောင်လေးတ မုဆိုးဒူးထောက်ထိုင်ရင်း ပစ်မှတ်ကို ချိန်ရွယ်နေဆဲမှာပင်။ ဘာလုပ်ရမည် သူ မသိတွေဝေနေတော့၏။ သေနတ်သံကြောင့် ဂျီ(ချေ)ငယ်သည် ကြောက်လန့်တကြားသာ ပြေးထွက်လာရသည်။ သူ ဦးတည်ပြေးလာသည့် လမ်းကြောင်းသည် ကျွန်တော်တို့တည့်တည့် ဖြစ်နေလေ၏။ ဒါကို သူက ရုတ်တရက် သိလိုက်လေမှ ရှေ့ခြေအစုံကို ပူး၍ အရှိန်သတ်လိုက်နိုင်သော်လည်း ခန္ဓာကိုယ်ကို မထိန်းနိုင်ဖြစ်ကာ လဲပြိုသွားတော့၏။

"ပစ်လေဗျာ..." ရယ်လို့ လင်းမြင့်လှိုင်က သတိပေးလိုက်လေမှ ဦးခင်မောင်လေးသည် သူ့လက်တွင်းမှ သေနတ်ဖြင့် အကွာအဝေး ပေအစိတ်လောက်သာရှိသည့် သားကောင်ထံသို့ ထိုးချိန်ပစ်လိုက်သည်။

"ဒိန်း..."

လဲပြိုနေသော ဂျီ(ချေ)ကောင်သည် ကမန်းကတန်း ပြန်၍ ကုန်းထကာ နောက်လှည့် ကဆုန်ပေါက် ပြေးသွားတော့၏။ ဦးခင်မောင်ကလေး၏ ပစ်မှတ် လွဲချော်သွားသည့်ကြောင့် လင်းမြင့်လှိုင်သည် ထိုဂျီ(ချေ)ကောင် မြောင်လေးကို လှမ်းအချိန်တွင် ကမန်းကတန်း လျှပ်တစ်ပြက် ပစ်ချလိုက်သည်။

"ဒိန်း..."

ဂျီ(ချေ)သည် တစ်ဖက်မြောင်အစပ်သို့ပင် မရောက်၊ မြောင်လေးအတွင်းသို့ အရှိပ်ကြီးပြတ် ကျသွားတော့သည်။

"ဖျောင်း... ဖျောင်း... ဖျောင်း..."

"ဖျောင်း... ဖျောင်း..."

"ဖျောင်း... ဖျောင်း... ဖျောင်း..."

သူကြီးဦးမြရွှေက သို့ပြောလိုက်သည်တွင် ဦးခင်မောင်လေးက မျက်နှာညိုး နီမြန်းသွားရာမှ "ကျွန်တော် ကိုယ့်ရှေ့မှောက်လျက် ပေါ်နေတဲ့ သားကောင်ကို ပစ်ရမှာ စိတ်မလုံဘူးဗျာ၊ ဒါကြောင့် မပစ်ချင်ပေမယ့် ကိုလင်းရဲ လှုံ့ဆော်ကြောင့်သာ ပစ်လိုက်ရတာယ်၊ ပစ်မှတ်လွဲသွားတာပဲ ကောင်းပါတယ်ဗျာ၊ နို့မို့ ကိုယ့်စိတ်မှာ မသိုးမသန့် ဖြစ်နေရဦးမှာ" ရယ်လို့ အရှက်ပြေ ပြောလာခဲ့သေးသည်ကို ကျွန်တော် မြင်ပြင်းကပ်မိပေတော့၏။

သည့်အပြင် ဦးခင်မောင်လေးသည် "ကိုလင်းမြင့်လှိုင်က ဘာလို့များ ကျွန်တော့်ပစ်မှတ်ကို အရင်ဦးအောင် ပစ်ရတာတုန်း၊ လုပစ်တာယ်ဆိုတာ မုဆိုးသည်းဖောက်တာပဲ" ရယ်လို့ အပြစ်တင်လာပြန်သေး၏။

လင်းမြင့်လှိုင်က ပြုံးလျက် "ကျွန်တော် လုပစ်တာ မဟုတ်ပါဘူး၊ ကျွန်တော့်ပစ်မှတ် သားကောင်ကိုပစ်ရင်း ဦးခင်မောင်လေးအတွက် သားကောင်ခြောက်ထုတ်ပေးတာပါ" ဟု ပြောလိုက်သည်တွင် သူသည် ဒေါသမထိန်းနိုင်တော့ဟန်ဖြင့်...

"ဒါ ခင်ဗျား လိမ်တာ... ဘာသားကောင်ကို တွေ့လို့ပစ်တာလဲပြော... သက်သေပြ... ကျွန်တော်ပစ်တဲ့သားကောင်ကို လုပစ်တာမထိလို့ ဒီစကားပြောတာလား" ဟု မာထန်ထန် ပြောလာပြီး လင်းမြင့်လှိုင်က အပြုံးမပျက်စွာဖြင့် ...

"လာ... လိုက်ခဲ့... ကျွန်တော် သက်သေပြမယ်" ဆိုကာ စောစောက ဂျီ(ချေ)ကောင် ပုန်းလျှိုးနေသည့် ကြိမ်အုံပင်သို့ လျှောက်သွားတော့၏၊ ကျွန်တော်တို့အားလုံး သူ့နောက်မှ လိုက်သွားကြသည်။ ကြိမ်အုံပင်နံဘေး၊ တောင်သလင်ခြေရင်းမှ ခေါင်းပြတ်သေနေလေသည့် ရှဉ့်ပေါ်ကစ်ကောင်ကို အားလုံး အံ့အားသင့်စွာ မြင်လိုက်ကြရတော့၏။

"ဟာ..."

"ဟင်..."

"အလို..."

ကျွန်တော်ကတော့ မအံ့သြပါ။ လင်းမြင့်လှိုင်အကြောင်း သိပြီးသူဖြစ်နေသည်ကိုး။ သည်တော့မှ ဦးခင်မောင်လေး နှုတ်ဆိတ်သွားတော့၏။ ထိုနေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဂျီ(ချေ)တစ်ကောင်၊ ရှဉ့်ပေါ်တစ်ကောင်ဖြင့် စခန်းပြန်ခဲ့ကြသည်။

ညနေစောင်း အရက်ဝိုင်းတွင် ဦးခင်မောင်လေး တစ်ယောက် ကျွန်
အား မကြာကြော နှိုးကြည့်ကာ သူကြီးဦးမြရွှေနားကပ်၍ တိုးတိုးပြော
တော်အုပ်ကြီးနားကပ်၍ တိုးတိုးပြောလိုက်သည်နှင့် ဘာတွေတွတ်ထိုးနေ
ကိုမသိ။ ကျွန်တော်သည် မသိလိုက်ဘာသာ နေလိုက်သည်။ ရံခါဆိုသလို
မြင့်လှိုင်ကတော့ သူ့စကားများကို စိတ်ဝင်တစား မရှိသည့်ပုံ ပြုံး၍သာ
ထောင်နေလေ၏။

စားသောက်ဝိုင်း သိမ်းကြပြီး၊ အသီးသီး အိပ်ရာဝင်ကြသည့်အခါ
လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တဲတစ်လုံးတွင် အတူအိပ်ကြသည်ဖြစ်၍ ည
က သူ့ကို ဦးခင်မောင်လေးက တိုးတိုးကပ်ပြောလာသည့် စကားများကိုပြုံး
ဖောက်သည်ချ ပြန်ပြောလေတော့၏။

"ကိုပိုက်ဆိုတဲ့လူက အလကားလူတဲ့ဗျာ၊ ကနေ့ထိ ဘာသားကော
လည်း မပစ်နိုင်ဘဲနဲ့ သေနတ်ကို အလေးခံ သယ်နေတယ်တဲ့၊ စောနယ်လ်
လို ကျွန်တော်တို့ပစ်ရတဲ့ သားကောင်တွေကို ထမ်းပိုးပေးရုံနဲ့ စိတ်သန့်
စားလို့လည်းရပါသတဲ့လေ..."

လင်းမြင့်လှိုင် ပြန်ပြောစဉ်က ထောင်းခနဲ ဒေါသထွက်သွားမိသည်။ သို့
ဒေါသကို ထိန်းချုပ်လိုက်ကာ

"အဲဒီတော့ ကိုလင်းက ဘာပြောလိုက်သလဲ"

"ပထမတော့ ကျွန်တော်လည်း အတော်ကလေး ဒေါသဖြစ်မိတ
ဒါပေမယ့် ကျွန်တော့်ဒေါသကို အချိန်မီပြန်သိမ်းလိုက်ပြီး သူ့ကိုပညာပေးဖို့ အ
တစ်ခု ထုတ်လိုက်တယ်..."

"ဒီတော့... သူက ဘာပြောသလဲ..."

"သူ့မျက်နှာကြီး ဝင်းလက်သွားပြီး... ဟာ... ကောင်းလိုက်တဲ့အကြံဗျာ
ပြီးတော့...လောင်းကြေးအနေနဲ့ ရှုံးတဲ့သူသေနတ်မကိုင်တော့ဘဲ ပစ်ရတဲ့သားကော
ကို တောက်လျှောက်ထမ်းယူလာကြေးဆိုပြီး အလောင်းအစား လုပ်မယ်ဆိုပဲ
ကျွန်တော် ရယ်ချင်လိုက်တာဗျာ၊ သူ့ကိုယ်သူ သိပ်အထင်ကြီးနေတဲ့ပုံဗျ"

ကျွန်တော် ပြုံးလို့သာနေလိုက်တော့၏။ သို့ပြော "ဒီလူကို ကျွန်တော
ကောင်းကောင်းကြီး သင်ခန်းစာပေးမှ ရတော့မဗျို့" ရယ်လို့ ပြောပြီး မျက်စိ
စုံမှိတ်ကာ အိပ်လိုက်တော့သည်။





နံနက်မိုးလင်းသည့်တွင် စောနယ်လ်ဆင်နှင့် ဦးမြရွှေက ဦးခင်မောင်
လေးတစ်ယောက် ကျွန်တော့်ကို ကဲ့ရဲ့စကား၊ ပျက်ယယ်စကားများ သူတို့လာ
ပြောကြောင်း ပြန်လည်ပြောပြသဖြင့် "ရှိပါစေဗျာ၊ ကျွန်တော်ကလည်း သူ အထင်
ကြီးအောင်မှ လုပ်မပြတတ်တာ" ရယ်လို့သာ ပြောပြီး ခပ်မဆိတ်နေလိုက်၏။

ဦးခင်မောင်လေးတစ်ယောက် အင်မတန် ရယ်စရာကောင်းသည့်သူ ဖြစ်
ချေ၏။ ကျွန်တော့်မကောင်းကြောင်းကို ကျွန်တော်မိတ်ဆွေများအား ပြောရတယ်
လို့... သူ ပြောသမျှ ကျွန်တော့်ကို ပြန်မပြောကြတော့ဘူးတဲ့လား။ ဒါကို သူ
ဘာလို့ မတွက်မိပါလိမ့်။ သူသာလျှင် လွန်စွာမှတုံးသော ငနဲဖြစ်နေချေပြီ။

လင်းမြင့်လှိုင် သူ့ကပြောသည့်အတိုင်းပင် နောက်တစ်နေ့နံနက်တွင်
ဦးခင်မောင်လေးတစ်ယောက် ပျော်စေ၊ ပျက်စေ ဟန်ဆောင်ရင်း ကျွန်တော့်အား
စိန်ခေါ်လာချေပြီဖြစ်၏။ သို့ကြောင့် ကျွန်တော်က...

"ကောင်းပြီလေ... လောင်းကြေးကိုတော့ ကျွန်တော် မကြိုက်ဘူးဗျာ"
ဆိုလိုက်တော့ သူက ဘယ်လိုအတွေးပေါက်သွားလေသည်မသိ၊ ဟက်ဟက်
ပက်ပက် ရယ်မောလိုက်ကာ...

"ဩော်... သေနတ်ရှိလျက် သေနတ်မကိုင်ရဘဲ၊ သားကောင်ပဲ ထမ်းရမယ်
ဆိုတော့ ခင်ဗျားအနေနဲ့ ရှုံးခဲ့ရင် အတော်ကလေး ရှက်ဖွယ်လိလိ ဖြစ်ရမှာ ကြောက်
ရင်လည်း လျှော့လျှော့ပေါ့ပေါ့ လောင်းကြေးပဲ လုပ်ကြတာပေါ့ဗျာ" ရယ်လို့ ရိပြော
ပြောလာသဖြင့် ကျွန်တော်က အတတ်နိုင်ဆုံး အပြုံးတစ်ခုကို ဖန်တီးလိုက်ကာ...

"ဟာ မဟုတ်ဘူး... အဲလို မဟုတ်ဘူး... သေနတ်မကိုင်ကြေးဆိုတာကို
ကြိုက်တယ်... အဲ... သေနတ်မကိုင်၊ သားကောင်သာ ထမ်းရမယ်ဆိုတော့
တစ်မျိုးကြီး ပေါ့သွားလားလို့..."

"ခင်ဗျား ဘာကိုဆိုလိုတာလဲ..."

ဦးခင်မောင်လေးက ဇဝေဇဝါဖြစ်ကာ မေးလာသဖြင့်...

"ဩော်... မုဆိုးတစ်ယောက်ဟာ အဲသည့်ထက်ရင်းအောင် ပြောရရင်
သေနတ်သမားတစ်ယောက်ဟာ၊ သူ့ရဲ့အဓိက အားထားရာက လက်ညှိုးလေး
မဟုတ်လား"

"ဟုတ်တာပေါ့လေဗျာ"

"ဒီလက်ညှိုးလေး ကွေးတာ ဆန့်တာဟာ သေနတ်သမားမုဆိုးတွေ
အတွက် အဆန်းတကြယ်မဟုတ်ပေမယ့် ဒီလက်ညှိုးလေး မရှိတော့ရင်ဖြင့် ဘာ



www.burmeseclassic.com

www.burmeseclassic.com



အသုံးကျတော့မှာလဲ၊ ဟုတ်တယ်… မဟုတ်လား…"

"ဘာကို ပြောချင်တာတုန်း… ရှင်းရှင်းပြောဗျာ…"

ကျွန်တော် ပြောနေတာကို သူ လုံးဝသဘောမပေါက်သေးသဖြင့် ဤသို့ ပြောလာသောကြောင့် ကျွန်တော်က…

"သေနတ်သမားအတွက် အသုံးတည့်တဲ့ လက်ညှိုးတစ်ချောင်း အလောင်းအစားလုပ်ကြမယ်ဗျာ…"

သို့ရုတ်ခြည်း ပြောလိုက်သဖြင့် ရုတ်တရက် သူ တုန်လှုပ်သွားသည်။ သို့ငြား စိတ်ကိုငြိမ်အောင်ထိန်းလိုက်ကာ

"ကောင်းပြီလေ၊ ကျွန်တော် သဘောတူတယ်၊ လောင်းကြေးတော့ဖြစ်ပြီ ဘယ်လိုအလောင်းအစားမျိုးလုပ်မလဲ" ဆိုလာသဖြင့်…

"သားကောင်တွေကို ပစ်ခတ်ရတာ ရိုးနေပြီ၊ ကောင်းကင်မှာ ပျံနေတဲ့ ငှက်ကို ပစ်ကြစို့ဗျာ" ရယ်လို့ ကျွန်တော်က ပြောလိုက်၏။

"ကောင်းပြီ" ရယ်လို့ သူက လက်ခံစကားဆိုလာသည်နှင့် ကျွန်တော်က "ဒါဖြင့် ကျွန်တော်တို့ ပြိုင်ပွဲစကြတော့မယ်၊ ကျွန်တော်… ဦးခင်မောင်လေးကို အခွင့်အရေးတစ်ခု ပေးမယ်၊ ခုချိန်ကစပြီး တွေ့တဲ့ငှက်ကို ခင်ဗျားအရင်ပစ်ပါ၊ အကောင်ကြီးကြီးဖြစ်ဖြစ်၊ သေးသေးဖြစ်ဖြစ်၊ အဲဗျာ… တစ်ခုတော့ရှိတယ် သတ္တဝါနဲ့လက်နက်ကတော့ မျှမှာမဟုတ်ဘူး၊ ဒါပေမယ့် ဘယ်လောက်အကောင်သေးသေးကြီးကြီး ညနေပိုင်းအတွက် အမှတ်တရဖြစ်ဖို့ အသားကျန်လောက်အောင် ပစ်ခတ်နိုင်သူက အနိုင်ရမှာနော်"

ကျွန်တော့် ပြောစကားကြောင့် ဦးခင်မောင်လေးတစ်ယောက် တွေဆွေသွားလေပြီးမှ "ကောင်းပြီ" ရယ်လို့သာ ပြောကာ ရှေ့သို့ တောတိုးထွက်သွားလေသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်ကြသည်။

မည်မျှပင် ငှက်သေးပါစေ၊ သေနတ်ဖြင့် ပစ်ကာသတ်၍ တစ်ကောင်လုံး မီးကင်စားရခဲ့ပေါင်း မနည်းတော့ပြီဖြစ်သည့် ကျွန်တော်နှင့် လင်းမြင့်လှိုင် အကြောင်းကို ဦးခင်မောင်လေးတစ်ယောက် မသိခဲ့ရသည်မှာ လွန်စွာမှ သနားစဖွယ်ကောင်းချေတော့၏။

ငှက်ကို အကောင်လုံးမပျက် သေနတ်ဖြင့် ပစ်ချနိုင်စွမ်းရှိသည့် အတတ်





ပညာကို ကျွန်တော်တို့နှစ်ယောက် အကျွမ်းကျင်ဆုံးပင် ဖြစ်၏။

မွဲဦးထွက်မှာပင် ဦးခင်မောင်လေး တစ်ယောက် ငှက်တစ်ကောင် မြင်ခွင့်ရလိုက်သည်။ ကိုယ်လုံးကိုယ်ထည် ခပ်ကြီးကြီး ကြက်တူရွေးတစ်ကောင်ဖြစ်သည်၊ မြေပြင်အမြင့် ပေ အစိတ်လောက်ရှိ သစ်ကိုင်းပေါ်တွင် ငြိမ်သက်စွာ နားနေ၏။ ပစ်ကွင်းရှင်းသည် ဦးခင်မောင်လေးအတော် သဘောကျသွားသည်။ မဆိုင်းမတွပင် ပစ်မှတ်ကို ချိန်ရွယ်ပစ်ချလိုက်သည်။

"ဒိန်း…"

ဟုတ်ခနဲ မြေပြင်သို့ ကျလာသည်။ ပစ်ကွင်းနီးကပ်ခြင်း သတ္တဝါနှင့် လက်နက်မမျှခြင်းကြောင့် ကြက်တူရွေးသည် အကောင်လုံး မှုန်ကုန်ရစ်လေဘဲ တစ်ခြမ်းသာလျှင် ကျန်တော့၏။ သို့ငြား ဦးခင်မောင်လေးတစ်ယောက်၊ ပြုံးစစ ဖြင့် ကျေနပ်ပီတိဖြစ်နေ၏။ အောင်နိုင်သူကား သူသာဖြစ်ရိုးမှ်မည်ဟု တစ်ထစ်ချ တွက်ထားပုံဖြစ်သည်။ ဦးခင်မောင်လေးသည် သူပစ်ချသည့် ကြက်တူရွေးကို ကောက်ယူကာ နှုတ်ခမ်းဖြင့် တေ့နမ်းလိုက်ပြီး သူ၏ ပေါင်းဘီအိတ်အတွင်းသို့ ထိုးထည့်လိုက်တော့သည်။ သူ၏ မျက်နှာပေးကြည့်ရသည်မှာ သူသာ အနိုင်ရခဲ့ပါလျှင် ကျွန်တော့်လက်ညှိုးကိုဖြတ်ကာ အစိမ်းလိုက်ပင် ဝါးစားမည့်ပုံ ဖြစ် သည်။

ထိုနေရာမှ ထွက်ခဲ့ကြပြီး နောက်တစ်ဖန် သားကောင်ငှက်ရှာဖွေကြစဉ် တစ်လျှောက်လုံး တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်မျိုးဖြင့် ရိခကား၊ လှောင်စကားများဖြင့် ကျွန်တော့်ကို စောင်းမြောင်း ပြောနေချေပြန်၏။

"မုဆိုးတစ်ယောက်အတွက် အလေ့အကျင့်ဖြစ်ပြီးတဲ့ လက်ညှိုးတစ်ချောင်း မရှိခဲ့ရင် ဘာမှအသုံးကျတော့မှာ မဟုတ်ဘူးနော်… အလောင်းအစားကို ပြန်ရုပ်သိမ်းဖို့အချိန်မီသေးတယ်" လို့ ပြောလာလေ၊ ကျွန်တော် သူ့ကို ရွံ့မုန်း ဆလဖြစ်မိ၏။ သို့ကြောင့် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချလိုက်သည်။

သူ့လက်ညှိုးကို ကျွန်တော် တကယ်ဖြတ်ယူတော့မည်။

မကြာမီ အချိန်ကလေးတွင် လက်ပံပင်ပေါ်မှ ချိုးငှက် တစ်ကောင်ကို တွေ့လိုက်သည်။ အတော်မြင့်မြင့် ကိုင်းဖျားမှာဖြစ်သည်၊ အမြင့် ၅၀ ၄၀ ကျော် ခန့်ရှိမည်ဖြစ်၏။

"ကိုပိုက် အကောင်က သေးတယ်… အလှမ်းဝေးတယ်… ဖြစ်ပါ့ မလား"

လင်းမြင့်လှိုင်က တိုးတိုးကပ်ပြောလာ၏။ "ဖြစ်ပါတယ်" ဆိုကာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်က လက်တွင်းမှ သေနတ်ဖြင့် ထိုငှက်နားရာသို့ လှမ်းချိန်လိုက်သည်။ ပစ်မှတ်ကို သေချာချိန်တွယ်ထားရင်း အသက်ကိုပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်ကာ အောင့်ထားလိုက်ပြီး လောင်းကြေးထပ်ထားသည့် လက်ညှိုးကွဲလေးကို အသာအယာ ကွေးညွတ်လိုက်သည်။

"ဒိန်း..."

ပစ်မှတ် လွဲချော်သွားလေသည်လား မသိ၊ 'ချိုးငှက်'လေးသည် နားနေရာ အကိုင်းမှ လန့်ဖျပ် ထပျံသွားသဖြင့် ကျွန်တော် ရင်ထိတ်သွားသည်။ သို့ကြား ချိုးငှက်ကလေးသည် ဝေးဝေးသို့ ပျံသွားနိုင်ခြင်း မရှိ၊ သူနားခိုရာ သစ်ကိုင်းနှင့် လေးငါးပေလောက်သာ ပျံသန်းသွားနိုင်ခြင်းဖြစ်ပြီး မြေပြင်ပေါ်သို့ ချာလပတ်လည်ခါမ်းကာ ခေါက်စိုက်၍ ကျလာတော့သည်။

"ဟူး... တော်ပါသေးရဲ့..."

ကျွန်တော်တို့အားလုံး ချိုးငှက်ကလေးရှိရာသို့ သွားလိုက်ကြသည်။ လက်ပံပင်အောက်တွင် ပုံ့ပုံ့လေးကျ ငြိမ်သက်နေသော 'ချိုးငှက်'ကလေးသည် ဦးခေါင်းတစ်ခြမ်းမရှိလေတော့။ သို့ကြား ခန္ဓာကိုယ်တစ်ခုလုံးသည် မူလပုံသဏ္ဌာန် တွေ့ရှိနေသည်။ ထိုသည်ကား ကျွန်တော်၏ပစ်မှတ်မလွဲသည့်သဘော ဖြစ်သည်။

ငှက်ကို သေနတ်ဖြင့် ပစ်မည်ဟုဆိုလျှင် ဦးခေါင်းကို ရှပ်ထိအောင် ပစ်တတ်ရမည်။ သို့မှသာ အသားစားရာ ကျန်မည်ဖြစ်သည်။ သို့မဟုတ်ပါမူ သဏ္ဌာဝါနှင့်လက်နက် မမျှသည်ကြောင့် တစ်ကိုယ်လုံး ကြေမွသွားနိုင်သည်။

ဦးခင်မောင်လေးတစ်ယောက် အကြီးအကျယ် မျက်နှာပျက်နေချေပြီ။ ကျွန်တော် သူ့ကိုကြည့်ကာ ယဲ့ယဲ့လေး ပြုံးလိုက်၏။ ပြီးနောက် "မင်းမှာသစ္စာ လှမှာကတိတဲ့ ဟုတ်လား" ရယ်လို့ မေးလိုက်သည်။ သူ ခေါင်းတစ်ချက်ညိတ်ပြီး ညာလက်ညှိုးကို ထိုးပေးလာသည်။ ကျွန်တော်၏ခံပြင်းနေသည့် စိတ်အဟုန်သည် ရင်တွင်းလှိုင်းထန်နေသကဲ့သို့ ဖြစ်သည်ကြောင့် ဘာမျှမစဉ်းစားတော့ဘဲ ခါးမှဓားမြှောင်ကို ဆတ်ခနဲဆွဲထုတ်လိုက်ပြီး ဦးခင်မောင်လေး၏ လက်ညှိုးကို တိခနဲဖြတ်ချလိုက်တော့သည်။

"အား..."

နာကျင်လွန်း၍ အော်ဟစ်လိုက်သည့် သူ့အသံစူးစူးကြီးသည် တစ်တောလုံးရှိ သားငှက်တိရစ္ဆာန်တို့ကို ခြောက်လှန့်မောင်းထုတ်လိုက်သကဲ့သို့ ဖြစ်ချေတော့၏။





"အင်း... ကိုပိုက်ပြောတဲ့ စကားအရဆိုလျှင်ဖြင့် ခံပြင်းစိတ်ကြောင့်ဖြစ်ရတာပဲ... ခံပြင်းစိတ်ဆိုတာ 'ဒေါသ'ရဲ့ အခြေခံအုတ်မြစ်လို့ ရသေ့ပြောချင်တယ်... ဘယ်လိုပဲဖြစ်ဖြစ်ပေါ့... ကိုပိုက် မှားတယ်... မနေတတ် မထိုင်တတ်သေးဘူး... အဲဒီတော့ သေတတ်ဖို့ဆိုတာ ပိုဝေးသွားပြီပေါ့... အင်း... ဘာစုံခုတော့ရှိတယ်... ကိုပိုက် သူ့ဆီက ရစရာရှိတာမဟုတ်ဘဲ ကိုယ်က စယူတာဆိုလျှင်ဖြင့် ဒီငွေကြေးကို မလွဲမသွေ ပြန်ဆပ်ရလိမ့်မယ်နော်" ရယ်လို့သာ ပြောပြီးသည်နှင့် 'ရသေ့မစ္ဆပါလ'သည်၊ ကျွန်တော့်အပေါ်မှ ဖြည်းလေးသော ခြေလှမ်းများဖြင့် ထွက်သွားကာ သူ့လက်တွင်းရှိ ကြေးစည်ကလေးကို 'နှောင်ဝေဝေ' ရယ်လို့ မြည်အောင်ထုလိုက်လေတော့သည်။

[ ရှုမဝ မဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ် ]

✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# အရိုင်းနှင့်အယဉ် ယှဉ်ပါလျှင်



## အရိုင်းနှင့်အယဉ် ယှဉ်ပါလေလျှင်

ခြံတွင်းသို့ တဝုန်းဝုန်း တခိုင်းခိုင်းနှင့် တဂူးဂူးအော်မြည်ပြေးဝင်လာသော 'ငတိုး'ကို တွေ့လိုက်သည့်ကြောင့်...

“ဟိတ်ကောင်ကြီး... ဘာဖြစ်လာတာလဲ...” ရယ်လို့ မေးလိုက်သည့် ကျွန်တော့်အသံကို ကောင်းကောင်းယဉ်ပါး ကျက်မိနေသည်ဖြစ်၍ တဂူးဂူးအော်နေပြန်တော့၏။

ခေါင်းကိုခါယမ်းလိုက်တိုင်း နှုတ်သီးဖျားရှိ ပြုတ်ရှဒဏ်ရာမှ သွေးစက်တို့သည် လွင့်စင်ကာ ကျွန်တော့်ကိုပင် လာရောက်စွန်းပေတော့၏။

“ဘယ်လိုဖြစ်လာတာလဲ သားကြီးရယ်” လို့ စုတ်သပ်ကာ ပြော၍ပင် မဆုံးသေး။

“ကိုယ့်တိရစ္ဆာန် ကိုယ်ထိန်း... ဘယ့်နှယ်ဗျာ .. အရိုင်းအစိုင်းကောင်ကို မွေးရတယ်လို့... မှတ်ထား... နောင်ဆိုရင် အသေလုပ်ပစ်မယ်...”

ဟူ၍ ကြိမ်းဝါးသံကြီးက ခြံဝမှပျံ့လွင့်လာသည်ကြောင့် အသံရှင်ကို မမြင်ရခင်မှာပင် မည်သူဆိုသည်ကို သိလိုက်ပါသည်

ဦးဘမောင်ပါကလား။ သူ့လက်တွင်းမှ ကြီးတောင်ဓားကြီးက နေရောင်အောက်တွင် တဖျပ်ဖျပ်၊ တိရစ္ဆာန်တစ်ကောင်ထက် ခိုးတစ်ခဲနေသူပါ တကား။ အင်းပေါ့လေ... သူပြောသလို အရိုင်းအစိုင်းကောင်ကိုမှ ကျွန်တော်က သံယောဇဉ်ဖြစ်နေပြီး တယုတယ ကျွေးမွေးထားမိတာကိုး။ နို့ပေသော်လည်း 'ငတိုး' သည် သူပြောသလို အရိုင်းအစိုင်းကောင်မှန်သော်လည်း လူတွေနှင့် အနေ၍ ယဉ်ကျေးနေလေပြီပဲ။ အသိဉာဏ်ရှိနေချေပြီပဲ။

ဓားတဝင့်ဝင့်ဖြင့် လူမိုက်ဟန်ခင်းနေသည့် ဦးဘမောင်ကို ကျွန်တော် မည်သို့မျှ မပြောချင်တော့ပေ။ ခုလို ဒေါသပုန်ထနေချိန်တွင် ပြောလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



နားဝင်မည့်သူ မဟုတ်ချေ။ သည်တော့ ငတိုးကိုချော့မော့ကာ နွတ်သီးဖျားမှ ဓားဒဏ်ရာကို သစ်မွေးခေါက်သွေး၍ သိပ်ထည့်ပေးလိုက်သည်။

ငတိုးနှင့်ပတ်သက်၍ ကျွန်တော် ဘာဆက်လုပ်ရမည်နည်းဆိုသည်ကို စဉ်းစားနေမိသည်။

'ငတိုး'အပေါ် အတော်ကလေး သံယောဇဉ်ဖြစ်နေမိပါသည်။ သူ့ကို မစွန့်လွှတ်နိုင်၊ မပစ်ရက်နိုင်၊ ဆက်ပြီးမွေးထားမည်ဆိုပါလျှင်လည်း ဦးဘမောင်နှင့် မကြာခဏဆိုသလို ပဋိပက္ခတွေ ဖြစ်နေချေဦးတော့မည်။

ငတိုးကို လသားအရွယ်ကတည်းက နို့ဘူးတိုက်ကျွေး မွေးလာခဲ့သည်။

ငတိုးနှင့် ကျွန်တော် ဆုံစည်းပုံကလည်း အဆန်းတကြယ်တော့ သိပ်မဟုတ်လှပါ။ မုဆိုးလင်းမြင့်လှိုင်နှင့် တောပစ်သွားရင်း ပျားလပို့နှိုက်နေသော ဝံမကြီးတစ်ကောင်ကို တွေ့၍ မဆင်မခြင် ပစ်လိုက်မိသည်။

သေနတ်ဒဏ်ရာဖြင့် ပြေးသွားသော ဝံမကြီးနောက်လိုက်ရင်း ထိုဝံမကြီး လဲကျသေဆုံးသွားသည့် နေရာအနီးရှိ ကျောက်ဂူငယ်အတွင်းမှ ရက်သားသာ လျှင်ရှိသေးသည့် ဝံငယ်လေးနှစ်ကောင်ကို တွေ့လိုက်ရသည်ကြောင့် စိတ်မကောင်း ဖြစ်မိသည်။

မုဆိုးစည်းမစောင့်၊ သစ်တောဥပဒေကို ဥပေက္ခာပြုမိသည့် ကျွန်တော် ကြောင့် အမိမဲ့ဖြစ်ခဲ့ရသော ရက်သားအရွယ် ဝံကလေးနှစ်ကောင်ကို အိမ်သို့ သယ်ယူ ကျွေးမွေးစောင့်ရှောက်ခဲ့ရတော့၏။

နှစ်ကောင်စလုံးကို တယုတယ ပြုစုကျွေးမွေးခဲ့ပါသော်လည်း သုံးလေး ရက်အကြာတွင် ဝံငယ်တစ်ကောင်သည် ဆုံးပါးသွားခဲ့ပြီး ယခု ငတိုးမှုကား အသက်ရှည်ခဲ့ရပါသည်။

တောရိုင်းတိရစ္ဆာန်ပင် ဖြစ်သော်ငြား လူသားတို့ဖြင့် အနေနီးခြင်း၊ လူသား တို့၏ ပြုပြင်သွန်သင်ဆုံးမခြင်းတို့ကြောင့် ယဉ်ကျေးသော အိမ်မွေး တိရစ္ဆာန် တစ်ကောင်ဖြစ်လာခဲ့လေသည်။

ရွာထဲရှိကလေးများနှင့် ငတိုးသည် ကစားဖက်ဖြစ်၏။

ရွာထဲရှိ ကလေးများကလည်း 'ငတိုး' 'ငတိုး'နှင့် ချစ်ခင်ကြ၏။

မည်သို့ပင်ဆိုစေကာမူ...

"ဒကာကြီး... ငယ်စဉ်တော့ကောင်းပါရဲ့... ကြီးလာတော့ အရိုင်းစိတ်ဝင် လာရင် အန္တရာယ်ဖြစ်နိုင်တယ်နော်... "ရယ်လို့ ရွာဦးဘုန်းကြီးက





သတိပေးသော်ငြား သားသမီးကဲ့သို့ သံယောဇဉ်ဖြစ်နေရသည်မို့ မစွန့်ပစ်ရက်နိုင် ပါချေ။

"ဒီမယ်... ခင်ဗျားအကောင်ကို နိုင်အောင်ထိန်းပ ... ကျုပ်အိမ်ကာပစ္စည်း တွေလည်း ဟိုရောက်... ဒီရောက်... ကျုပ်မွေးထားတဲ့ ကြက်တွေ၊ ဘဲတွေဆိုလည်း ခင်ဗျားကောင်လာရင် ဟိုပြေး ဒီပြေး ကောင်းကောင်းမနေကြရရှာဘူး... ကျုပ် ယာခင်းထဲလည်း ဝင်မွှေလေသေးရဲ့"ရယ်လို့ အကြိမ်ကြိမ်အလီလီ တိုင်တောမှုကို ခံနေရသည်။ အကြိမ်ကြိမ်ပင် ခယတောင်းပန်နေရ၏။

တကယ်တော့ ငတိုးသည် တိရစ္ဆာန်တစ်ကောင်နှင့်မတူ၊ ကလေးဆိုး တစ်ယောက်နှင့် တူနေ၏။

ငတိုးသည် လူတွေကိုတော့ အန္တရာယ်မပေး၊ ဖြဲဆော့လက်ဆော့တော့ ရှိသည်။

တခြားအိမ်တဲများသို့ လူလစ်လျှင်ဝင်ပြီး စားအိုးစားခွက်များကို ဝင်နှိုက် တတ်ခြင်း၊ လွှင့်ပစ်ခြင်း၊ ကြက်ဘဲများကို ခြောက်လှန့်ခြင်း၊ ယာခင်းအတွင်း အသီးအနှံများကို ဆွတ်ခူးစားသောက် လွှင့်ပစ်တတ်ခြင်းတည်းဟူသော အကျင့် ဆိုး စရိုက်ကတော့ သူ့တွင်ရှိနေ၏။ သို့ကြောင့် ဦးဘမောင်က ငတိုးကို လုံးဝ ကြည့်မရခြင်းဖြစ်တော့၏။

ဦးဘမောင်တစ်ယောက်ငတိုးအပေါ် ပို၍အမျက်ဒေါသထွက်ခဲ့ရခြင်းမှာ...

တစ်နေ့ ငတိုးသည် သူ့ယာခင်းတွင်းဝင်၍ ဖျက်ဆီးနေသည်ကြောင့် ခွေးဖြင့် ရှူးတိုက်ကိုက်ခဲစေခဲ့၏။

သည်တော့ ငတိုးက ပြန်လှန်တိုက်ခိုက်ခြင်းကြောင့် ဦးဘမောင်ခွေးသည် သွေးသံရဲရဲဖြင့် သေပွဲဝင်ခဲ့ရရှာ၏။ ဖြစ်ချင်တော့ ထိုခွေးသည် အမဲလိုက် အကောင်းဆုံးခွေးဖြစ်နေသဖြင့် ကျွန်တော်သည် လျော်ကြေးပေးလိုက်ရ၏။ မတန် တဆပေးလိုက်ရခြင်းဖြစ်သည်။

သည်သို့နှင့် ငတိုးအပေါ် ဦးဘမောင် မကျေအေးနိုင်သေးချေ။ သူ့ခွေး အတွက် ကလဲ့စားချေရန် ချောင်းမြောင်းနေတော့၏။ သို့ကြောင့် ကျွန်တော်သည် လည်း ငတိုးကို အတတ်နိုင်ဆုံး ဂရုတစိုက်ထိန်းသိမ်းနေရတော့၏။ ထိုသည် ကြားမှ ယခု ငတိုးတစ်ကောင် ဦးဘမောင်လက်ချက်ဖြင့် သွေးသံရဲရဲ ဒဏ်ရာရခဲ့ ချေပြီ။ မည်သို့တတ်နိုင်ပါမည်နည်း။

ငတိုးက သူ့ပိုင်နက်အတွင်း သွားရောက်သက်ဆင်းခဲ့သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



ထိုညတစ်ညလုံး စဉ်းစားနေမိ၏။ ငတိုးကို သည်အတိုင်း လွှတ်ထား
တော့ မဖြစ်တော့ချေ။ ကြာလျှင် ငတိုး ဒုက္ခရောက်ချေမည်။ သို့ကြောင့် ငတိုး
ရှေ့ရေး စွေးပူမိသည်ဖြစ်၍ ငတိုးအတွက် အကောင်းဆုံးလုပ်ပေးနိုင်ရေး
ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။

တောထဲပြန်ပို့လွှတ်၍တော့ မဖြစ်နိုင်။ သို့ကြောင့် ရန်ကုန်ရှိ မိတ်ဆွေ ဖြစ်သော
မုဆိုးလင်းမြင့်လှိုင်ထံ အဆက်အသွယ်လုပ်၍ တိရစ္ဆာန်ဥယျာဉ်သို့ လှူဒါန်းရန်
ဆုံးဖြတ်လိုက်ခြင်း ဖြစ်တော့၏။

ထိုသည်ကား အကောင်းဆုံးပင် ဖြစ်ချေသည်။ သို့ကြောင့် ဦးဘမောင်
လက်ချက်ဖြင့် ရရှိထားသောဒဏ်ရာကို မြန်မြန်ပျောက်ကင်းအောင် ဂရုတစိုက်
ပြုစုကုသပေးရလေတော့သည်။ ဒဏ်ရာကား ကြီးကြီးမားမားမဟုတ်သော်လည်း
နှစ်ပတ်လောက်ကုယူရ၏။ အနာအကင်းသေလုနီးတွင် လင်းမြင့်လှိုင်ထံသို့ လှမ်း
ဆက်သွယ်လိုက်၏။ သည်တော့ လင်းမြင့်လှိုင်က သူလာခဲ့မည်။ အားလုံးစီစဉ်
လာခဲ့မည်ဟု အကြောင်းပြန်လာသည်ကြောင့် သူ့အလာကို စောင့်နေမိသည်။

ငတိုး၏ ရှေ့ရေးအတွက်သာ စီစဉ်လိုက်ရသည်။ ရင်ထဲမှာတော့ သိပ်
မကောင်း၊ နေရင်းဝမ်းနည်းမိ၏။ တွေးမိလိုက်တိုင်း ဆွေးနေမိ၏။ ငတိုးကတော့
ဘာမှမသိရှာချေ။ ကျွန်တော့်မှာတော့ ကြိတ်ပြီးခံစားနေရ၏။

လင်းမြင့်လှိုင်အလာကို စောင့်မျှော်နေရသည့် ရက်များအတွင်း ရွာ
ကလေးများနှင့် ပျော်ပါးကစားနေသည့် ငတိုးကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေ
ရ၏။ သူ့မှာတော့ ဘာမှမသိရှာ၊ ပျော်ပါးကစားနေလေရဲ့။ သည်လိုနှင့်တစ်နေ့

ရွာထဲမှကလေးတစ်အုပ်သည် ကျွန်တော့်ထံသို့ အမောတကော ပြေးလွှား
ရောက်လာကြပြီး...

“ဘကြီး... ဘကြီးရေ... ငတိုး ဘာဖြစ်လဲမသိဘူး” ဆိုလာသည်ကြောင့်
“ဟေ... ဘာဖြစ်တာလဲ... ဘယ်မလဲ...” မေးလိုက်တော့...

“ဦးဘမောင်ရဲ့ ယာခင်းအစပ်မှာ လဲပြီး တညည်းညည်းတညူညူဖြစ်
နေလေရဲ့... ဘကြီး လိုက်ကြည့်စမ်းပါဦးဗျ...” ဟု ပြောကြသဖြင့် ကျွန်တော့်
ရင်ထဲထိတ်ခနဲဖြစ်သွားကာ မျက်လုံးများ ပြာသွားရ၏။ ငတိုးအတွက် အတော်
ကလေး စိုးရိမ်ပူပန်သွားမိသည်ကြောင့် ဦးဘမောင်ယာခင်းရှိရာသို့ အပြေး
ကလေးသွားလိုက်သည်။

‘ငတိုး’ အသက်မမီလိုက်ပါချေ။





သေနတ်ဒဏ်ရာဖြင့် ဆန့်ဆန့်ကြီးလဲကျ သေဆုံးနေသည့် မြင်ကွင်း သည်
ကျွန်တော့်နှလုံးသားကို ဆုပ်ကိုင်ချေမွလိုက်သည့်နှယ် ရှိနေလေတော့၏။

ရုတ်တရက် မမြင်ရက်စရာမြင်ကွင်းကြောင့် ဒေါသစိတ်သည်လည်း
...စ်ပေါ်လာရသဖြင့် ငတိုးအလောင်းကို ဒီအတိုင်းထားခဲ့ပြီး ဘဲရှိရာသို့ ပြန်ပြေး
...ာကာ နံရံတွင်ချိတ်ထားသည့် သေနတ်ကို ဆွဲဖြုတ်ယူလိုက်သည်တွင် လင်း
...ြင့်လှိုင်သည် ဘယ်အချိန်က ရောက်နေသည်မသိ။ ပျာသာခတ်၊ ဒေါသူပုန်ထ
...နေသော ကျွန်တော့်ကို ဖမ်းချုပ်တားဆီးရင်း...

“ဒေါသကို ရှေ့မထားပါနဲ့ ကိုပိုက်ရယ်... ငတိုးဟာ လူယဉ်ကျေး...
...လူသားတစ်ယောက် မဟုတ်ဘူးလေ... တောရိုင်းတိရစ္ဆာန်တစ်ကောင်ပဲ... အိမ်
...မွေးတိရစ္ဆာန်လည်း မဟုတ်ဘူးလေ... သည်တော့ သူ့ကို သတ်လိုက်တဲ့သူမှာ
...ပြဿနာမဖြစ်ဘူး... ခင်ဗျားကသာ ဒေါသကြောင့် အဲဒီလူကို ပြန်သတ်လိုက်မိရင်
...လူသတ်မှုနဲ့ ခင်ဗျား ထောင်ထဲသွားရမှာပေါ့... စဉ်းစဉ်းစားစားလုပ်စမ်းပါဗျာ...”

ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်ကိုယ်နှိုက်ကပင် သူ့ဟာသူ
...နေကြသည့် တိရစ္ဆာန်များကို သူတို့နေရာကိုပင် သွားရောက်ကျူးကျော်လိုက်လံ
...သတ်ဖြတ်နေသည့် မုဆိုးတစ်ယောက်ပင် ဖြစ်၏။

ယခု ဦးဘမောင် ပစ်သတ်လိုက်သည်က သူ့ယာခင်းအတွင်း ဝင်ရောက်
...ဖျက်ဆီးလေသည့် တောရိုင်းတိရစ္ဆာန်ကောင်ပေပဲလေ။

သို့ပေသော်လည်း...

တိရစ္ဆာန်တစ်ကောင်ပင်ဖြစ်သော်ငြား ယဉ်ကျေးသိမ်မွေ့ပြီး အထိုက်
အလျောက် လူစကားနားလည်နေသည့် ‘ငတိုး’အား မပြောပလောက်သော
...ည်းကလေးဖောက်ဖျက်မိသည်ကို အကြောင်းပြုပြီး ကြီးမားသောအပြစ်ဟု
သတ်မှတ်ကာ ဦးဘမောင်သည် လူသားတစ်ယောက်ဖြစ်သော်ငြား သူ့တွင်
...ဘနာစိတ်၊ ကြင်နာသနားစိတ် လုံးဝကင်းမဲ့စွာဖြင့် အပြုံးအတေးထားကာ ရက်
...ရက်စက်စက် သတ်ရက်လိုက်သည်ကို ကျွန်တော် နားမလည်နိုင်ပါတော့ချေ။

(မုဆိုး၏မုဆိုးများဝတ္ထုတိုပေါင်းချုပ် ၁၉၉၈)
တရုထာမဂ္ဂဇင်း စက်တင်ဘာလ၊ ၁၉၉၇


✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်အားမာန်



## သံယောဇဉ်အားမာန်

စိမ်းစိမ်းစိုစို တောအုပ်လေးကို ဖြတ်သန်းခဲ့ကြသည်။ တောစိမ်းဖြစ်သည့်ကြောင့် ချမ်းစိမ့်စိမ့်ခံစားရသည်။ တစ်ဖာလုံခန့် ဆက်လျှောက်ခဲ့ကြရပြီး သည့်နှင့် လဲပြိုနေသော ဝါးပင်များ၊ တွဲယိုင်နေသော ဝါးပင်များနှင့် ဆင်ချေး လတ်လတ်ဆတ်ဆတ်များကို တွေ့ရသည့်ကြောင့် မဝေးတော့သောနေရာတွင် ဆင်စခန်း ရှိနေမည်ဖြစ်ကြောင်း အတပ်သိလိုက်သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စကားတပြောပြောဖြင့် လျှောက်ခဲ့ကြရာ ရှေ့တူရူမှ 'ကရင်' လူလတ်ပိုင်းတစ်ယောက် သုတ်ခြေတင်လျှောက်လာသည် ဖြစ်၍ ကျွန်တော်တို့အနား ရောက်လာသည့်တွင် –

"ခွားစောရေ၊ ဆင်စခန်းဝေးသေးလား" ဟု လင်းမြင့်လှိုင်က မေးလိုက်သည်။

"အေး... ရှေ့နားမယ် မဝေးတော့ဘူး" ဟုဖြေရင်း ကျွန်တော်တို့ နှစ်ယောက်ကို သေသေချာချာ ရှုစမ်းကြည့်ပြီး စပ်စပ်စုစု ပြန်မေးလာ၏။

"နင်တို့ ဘယ်သွားကြမလို့တုန်း... အမဲပစ်ထွက်လာကြတာလား... ငါတို့ ဆင်စခန်းနားမှာ 'ဆတ်'တွေ တအားပေါတာပဲဟေ့..."

"ဟုတ်လား... ဒါနဲ့ ခွားစောက အဲဒီဆင်စခန်းကပဲလား"

"ဟုတ်တယ်... ဘာကိစ္စရှိလို့လဲ"

သို့ကြောင့် ကျွန်တော်သည်

"ဒါဖြင့် အဲဒီမှာ ဖထီးစံကြိုင်တစ်ယောက် ရှိနေလား" ဟု မေးလိုက်၏။

"ရှိတယ်... ရှိတယ်... ငါတို့သူဌေး ဆင်ပိုင်ကြီး ဖထီးစံကြိုင်ကို ပြောတာ ထင်တယ်... ဒီကနေ့ ရောက်လာမယ့် သူ့ဧည့်သည်တွေဆိုတာ နင်တို့များလား— သွား... သွား... ရှေ့နားမှာတင် ဆင်စခန်းရှိတယ်... မဝေးတော့ပါဘူး" ဟုပြောကာ

www.burmeseclassic.com



ရေ့ခရီးဆက်သွားလေတော့၏။ သူပြောသည့်အတိုင်းပင် ဆယ်မိနစ်ခန့် လျှောက်ခဲ့ကြပြီးသည့်နောက် ဖထီးစံကြိုင်၏ ဆင်စခန်းသို့ ရောက်ခဲ့ကြတော့၏။ ရောက်ရောက်ချင်းပင် ဖထီးစံကြိုင် တည်ခင်းသော ဆတ်သားခြောက်နှင့် အားပါးတရ စားလိုက်ကြသည်။

"ဆရာလေးတို့... ခုမှ ပေါ်လာကြတော့တယ်" ဟု ဖထီးစံကြိုင်က ပြောလာသည်ကြောင့်

"ဟုတ်တယ် ဖထီး... ကိုလင်းကလည်း ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေတယ်လေ... ဒီတော့ ကျွန်တော်တို့နှစ်ယောက်ကလည်း မဆုံဖြစ်ကြတော့ဘူး။ လွန်ခဲ့တဲ့ တစ်လလောက်က ဂျပန်ကနေ ကိုလင်းပြန်ရောက်လာပြီး ကျွန်တော်နဲ့ ဆုံကြတော့ တောစာလေးတွေ စားချင်တယ်၊ မျောက်ချေးခါးလည်း လိုချင်တယ်ဆိုတာနဲ့ ဖထီးဆီကို စာလှမ်းရေး မှာလိုက်ရတာပဲပေါ့" ဆိုပြီး ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"အေး... ငါလည်း ဆရာလေး စာရရခြင်း ဒီကနေ လာစောင့်နေတာပဲ... သည်မှာလည်း သစ်ထုတ်လုပ်ငန်း ပြီးတော့မှာဆိုတော့ အတော်ဖြစ်သွားတာပေါ့... အေးအေးဆေးဆေးပဲ မဟုတ်လား... သည်စခန်းကနေ အထက်ပိုင်းနည်းနည်းတက်လိုက်ရင် ဆရာလေးတို့ပစ်ချင်တဲ့ မျောက်မြီးရှည်တွေ တအားပဲ... စိတ်ကြိုက်သာပစ်ပြီး မျောက်ချေးခါး လုပ်ယူသွားကြပေတော့..."

ဖထီးစံကြိုင်စကားဆုံးသည်နှင့် သူ့သားကြီး စောအောဘီက

"သည်နားတစ်ဝိုက်မှာ 'ဆတ်'တွေ တစ်အားပေါ်တာပဲ... ဆရာလေးတို့ ရောက်လာတာနဲ့ အတော်ပဲ... ဆင်စခန်းသိမ်းပြီး မြို့ပြန်ရင် ဆတ်သားခြောက်တွေ အများကြီးယူသွားလို့ရမယ်" ဟု ဝင်ပြောသည်ကြောင့် လင်းမြင့်လှိုင်သည် စောအောဘီကို ပြုံး၍ကြည့်လိုက်ပြီး...

"လမ်းမှာတွေ့တဲ့ လူတစ်ယောက်ကလည်း 'ဆတ်'တွေ သိပ်ပေါ်တယ်လို့ ပြောတယ်... ပစ်ပေးပါမယ်ကွာ" ဟု ပြောလိုက်သဖြင့် သူသည် ကျေနပ်ပီတိဖြစ်သွားကာ "ဟာ... ဟုတ်ပြီ... ညနေကို သွားကြမယ်လေ" ဆိုလာသဖြင့်

"ဟိတ်ကောင်... အောဘီ... လူကြီးတွေ ခုမှရောက်တာ အေးအေးလူလူ နားပါစေဦး... သွား... သွားချမ်းကွာ... မင်း ဆင်ကလေး ရေချပေးဦး" ဟု ဖထီးစံကြိုင်က ဟောက်လွှတ်လိုက်သည်တွင် ကျွန်တော်တို့အနားမှ ထသွားလေတော့၏။





"ဖထီးသားတောင် လူပျိုပေါက်ဖြစ်နေပြီ"

"ဒီကောင် ဆင်ဦးစီးတောင် ဖြစ်နေပြီ" ဟု ဖထီးစံကြိုင်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလေသည်။ ပြီးမှ...

"ကဲ... ကဲ... စားကြ... ပြီးရင် ရေမိုးချိုး အနားယူ တစ်ရေးတစ်မောအိပ်လိုက်ကြ... နက်ဖြန်မနက်စောစော မျောက်ပစ်ထွက်ကြတာပေါ့" ဟု ပြောလာသည်ကို ကျွန်တော်တို့နှစ်ယောက်က ခေါင်းညိတ် အသိအမှတ်ပြုလိုက်ကြသည်။

စားသောက်ပြီးသည်နှင့် ရေမိုးမချိုးကြတော့ဘဲ ခရီးပန်းလာသည်ဖြစ်၍ လဲလျောင်းရင်း စီးကရက်ကိုယ်စီ လက်ကြားညှပ်ကာ စည်းစိမ်ရှိရှိ အနားယူလိုက်ကြသည်။ ထိုသို့ လဲလျောင်းစီးကရက်သောက်ရင်း တောင်တောင်အီအီ စဉ်းစားနေရင်းမှ မေးခန့် တစ်ချက်ဖြစ်သွားကာ အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ၊ ဆင်ခလောက်သံ၊ ထူးသံကွင်းများ တချွင်ချွင်ရိုက်ခတ်သံနှင့် ဆင်အော်သံများကြောင့် အိပ်ပျော်နေရာမှ ဆတ်ခနဲ နိုးလာရသည်။ တစ်နေ့တာ လုပ်ငန်းခွင်ဝင်နေသော ဆင်များ ပြန်ရောက်လာခြင်းဖြစ်သည်။ ဆူညံသောအသံများကြောင့် ဆက်၍ အိပ်မရဖြစ်သည်ကြောင့် ခန်းတဲမြင့်မြင့် ပြတင်းပေါက်မှနေ၍ လှမ်းကြည့်မိသည်တွင် အင်မတန် လှပသော ရှုခင်းကို တွေ့လိုက်ရ၏။

ရေခန်းစပြုနေသော ငမိုးရိပ်ချောင်းအတွင်း ရေနက်ပိုင်းနေရာတွင် ဆင်များကိုရေချ (ရေချိုးပေးခြင်း) ပေးနေသည့်မြင်ကွင်းသည် တစ်မျိုးလှသလို၊ ချောင်းတစ်ဖက်ကမ်း စိမ်းစိမ်းစိုစိုတောအုပ်အတွင်းမှ ပြန့်လွင့်ဖွက်လာသည့် ကျေးငှက်တို့၏ 'ကျလိ ကျလိ' အော်မြည်သံတို့သည် နားဝင်ပီယံ ရှိလှပေတော့၏။ သို့ကြောင့်...

တောတောင်သဘာဝအလှ၊ အနံ့အသက်တို့ဖြင့် ကင်းကွာနေပြီမှာ ကြာပြီဖြစ်သဖြင့် တဝကြီးခံစားနေမိတော့၏။ ထိုစဉ် လင်းမြင့်လှိုင်သည် ကျွန်တော့်အနားရောက်လာပြီး...

"ဟိုမှာ ကြည့်စမ်း ကိုပိုက်... ဆင်သားပေါက်ကလေးက ချစ်စရာကောင်းလိုက်တာ..." ဟု ပြောလာသည်ကြောင့် သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်၊

ဆင်မကြီးတစ်ကောင်သည် လူတစ်ယောက် ပေါင်လယ်ခန့်အနက်ရှိ ချောင်းရေထဲတွင် လဲလျောင်းနေ၏။ ဆင်ဦးစီးတစ်ယောက်က ထိုဆင်မကို ရေဆေးမှုန်းတိုက်ချွတ်ဆေးကြောပေးနေ၏။ ဆင်သားပေါက်ကလေးသည် ထိုဆင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ပြေးကာမွှတ်သီးမွှတ်သပ်လုပ်လိုက်၊ ချောင်းစပ်သို့ ပြန်ပြေး သွားလိုက်ဖြင့် ဆော့ကစားနေသည်ကို စွယ်စုံဆင်မကြီးတစ်ကောင်က သူ့နှာမောင်းဖြင့် ရေကို စုပ်ယူကာ ဆင်ပေါက်ကလေးကို မှုတ်ထုတ် ပက်ဖျန်းပေးနေ၏။ ထိုမြင်ကွင်းကိုကြည့်ခြင်းအားဖြင့် ဆင်ဦးစီးက ပြေပြက်ဖျန်း တိုက်ချွတ်ပေးနေသော ဆင်ကြီးသည် ဆင်ပေါက်ကလေး၏ မိခင်ဖြစ်ပြီး စွယ်စုံဆင်မကြီးသည် သားထိန်းဆင်မပင်ဖြစ်ကြောင်း သိသာပေသည်။

ဆင်တို့သည် ဇာတ်မြင့်သောသတ္တဝါများ ဖြစ်ကြ၏။ ဆင်မတစ်ကောင် သားပေါက်ပြီးလျှင် သူတို့၏နို့ချိုတိုက်ကျွေးရုံမှလွဲ၍ သားသမီးအပေါ် ဘာမျှ လုပ်ပေးခြင်းမရှိချေ။ ထိုသားပေါက်ကို အရွယ်ရောက်သည့်တိုင် လိုက်လံထိန်းကြောင်းပေးနေသည်မှာ သားထိန်းဆင်မပင် ဖြစ်တော့၏။

ထိုသားထိန်းဆင်မသည် ဆင်ပေါက်ကလေးကို အင်မတန်ချစ်ခင်ပုံရ၏။ မွှတ်သပ်မြူချော့နေ၏။ ကြည်နူးစရာပင် ဖြစ်တော့၏။ မိခင်ထက်ပင် ပို၍ဂရုစိုက်ပုံရ၏။

တောရိုင်းဆင်တစ်အုပ်နှင့်ဆုံ၍ သားပေါက်ဆင်ငယ်များပါတတ်လျှင် ထိုဆင်အုပ်တွင် အကြောက်ရဆုံးမှာ သားထိန်းဆင်မများပင် ဖြစ်၏။ ထိုသားပေါက်ဆင်ကလေးကို အန္တရာယ်တစ်စုံတစ်ခု ပေးလာမည့်ရန်သူမှန်သမျှ ထိုသားထိန်းဆင်မကသာလျှင် ကာကွယ်စောင့်ရှောက်ပေးတတ်သည့် သဘာဝသည် အံ့သြဖွယ်ပင်ဖြစ်တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုဆင်သားပေါက်မိသားစုကို ကြည်နူးစွာဖြင့် ကြည့်နေမိကြ၏။ ထိုစဉ်...

“ဆရာလေးတို့ နိုးပလား... ကဲ... ကဲ... ရေမိုးချိုးပြီးရင် မွှတ်သားနဲ့ သာလဘော့ချက်ထားတယ်”

မည်သည့်အချိန်က ကျွန်တော်တို့ အနားရောက်နေသည်မသိသော ဖထီးစံကြိုင်ပြောလာသည့်အသံကြောင့် ထိုကြည်နူးဖွယ်မြင်ကွင်းမှ လွှဲဖယ်လိုက်ကာ

“ဩော်... ဖထီးစံ... ဟိုမယ်... ဆင်သားပေါက်ကလေးကို ကြည့်ရင်း ကြည်နူးမိကြတယ်ဗျာ” ဟု ကျွန်တော်က ပြောလိုက်သည်။

“ဟုတ်တယ် ဆရာလေး... အဲဒီအကောင်လေးက သိပ်ချစ်စရာကောင်းတာ... သားထိန်းဆင်မကလည်း တခြားသားထိန်းတွေလို မဟုတ်ဘူး... ကောင်လေးကို တအားဂရုစိုက်တယ်... အင်မတန် သံယောဇဉ်ကြီးပြီး ချစ်ခင်ပုံရတယ်—





သူ့သခင်ကိုတောင်မှ တစ်ခါတလေ ဆင်သားပေါက်ကလေးနဲ့ ပတ်သက်ပြီး ရန်မူချင်သေးတယ်... ဘယ်လိုသားထိန်းဆင်မလည်း မသိပါဘူးဗျာ... ”

ဖထီးစံကြိုင်စကားကြောင့် ကျွန်တော်သည် ထိုဆင်စီးသည့် ဆင်ဦးစီးလေးအတွက် စိုးရိမ်မှုဖြစ်ရသည်ကြောင့်...

“ဒါဖြင့်ရင်လည်း ဆင်ဦးစီးလေးကို သတိဝီရိယရှိဖို့ ပြောထားပေါ့... သူ့အတွက် အန္တရာယ်ရှိနိုင်တယ်... ”

ကျွန်တော်၏ သတိပေးစကားကို ဖထီးစံကြိုင်သည် အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

“ကိစ္စမရှိပါဘူး... အဲဒီသားပေါက်လေးရဲ့အမေ ဆင်မကြီးကို သားတော်မောင် စောအေဘီ စီးတာလေ... သူကလည်း ဆင်ပေါက်လေးကို ချစ်သလို သားထိန်းဆင်မကြီးက သူ့လို အချစ်ပိုတတ်လို့ သံဘောကျပြီး အမြဲအလျှော့ပေးဆက်ဆံတတ်တယ်လေ... လုပ်ငန်းခွင်ကိုတောင်မှ နင်ကောင်စလုံး ပေးမဆင်းဘူး” ဟု ပြော၏။

“ဩော်... ဖထီးစကြိုင်သားက အဲဒီဆင်မနှစ်ကောင်ကို ထိန်းတဲ့ဆင်ဦးစီးလား”

လင်းမြင့်လှိုင်က တအံ့တသြမေးလိုက်၏။

“ဟုတ်တယ်... အဲဒီ ဆင်ပေါက်ကလေးရယ်... သားထိန်းဆင်မကြီးရယ်... သားတော်မောင် စောအေဘီရယ်ဟာ ဘယ်လိုရေစက်လည်း မသိပါဘူးကွာ... အင်မတန် သံယောဇဉ်ကြီးပြီး ချစ်ကြတာ... ကဲ... ကဲ... ဆရာလေ တို့ ရေမိုးချိုးပြီးရင် ထမင်းစားကြမယ်... ဝါသနာပါလို့ သောက်ချင်ရင် ချက်အရက်ကောင်းကောင်းရှိတယ်” ဆိုကာ ဖထီးစံကြိုင်သည် ကျွန်တော်တို့အပါးမှ ထွက်သွားလေသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဖထီးစံကြိုင် ထွက်သွားသည်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကြသည်။

ညနေစာမစားမီ လင်းမြင့်လှိုင် ယူလာသည့် ချော်နီလမ်းရှောက် အနှောင်ပတ်တဲဆိပ်အရက်ကို ဆတ်သားကြော်ဖြင့် မြည်းသောက်ရင်း စကားစမြည်ပြောကြ၏။ သုံးယောက်တစ်လုံး ကုန်သွားတော့လေမှ မွှတ်သားဖြင့်နှပ်ထားသည့် သာလဘော့ဟင်းကို အားပါးတရ စားလိုက်ကြသည်။

စားသောက်ပြီးချိန်တွင် အချိန်လည်း လင့်သွားချေပြီဖြစ်သည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်တွင် လဲလျောင်းလိုက်ကြပြီး ဓာတ်ခဲသုံး ရေဒီယိုလေးကိုဖွင့် နားထောင်လိုက်ကြသည်တွင် ကိုက်တိုက်ဆိုင်ဆိုင် စနေနေ့ဖြစ်ခြင်းကြောင့် အင်္ဂလိပ်အစီအစဉ်ပိုင်း 'လိုက်ကိုတဲလင့်ရှိုး' လာနေသည်နှင့် ကြုံသဖြင့် မြန်မာလူမျိုး လူငယ်တို့၏ လက်စွမ်း၊ တေးသံသာကို နားထောင်ရင်း စည်းစိမ်ခံစားနေလိုက်ကြသည်။

မြို့ပြတွင် နီယွန်မီးရောင်အောက်၌ တယ်လီဗေးရှင်းကြည့်ရင်း ခံစားသည့်စည်းစိမ်ထက် တိတ်ဆိတ်ငြိမ်သက်ကာ သဘာဝလရောင်အောက်တွင် စီးကရက်ဖွာရှိုက်ရင်း ရေဒီယိုတေးသံနားထောင်ရသည့် စည်းစိမ်ကို ကျွန်တော်တို့နှစ်ယောက်သည် ပို၍ နှစ်သက်ကြသည်။

သို့ဖြင့် တစ်ညတာ ကုန်လွန်ခဲ့ရသည်။

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်တော်၊ လင်းမြင့်လှိုင်နှင့် ဖထီးစံကြိုင်တို့သည် မျောက်ပစ်ထွက်ခဲ့ကြသည်။

အဓိက ကျွန်တော် လာရင်းကိစ္စသည် မျောက်ပစ်ရန် ဖြစ်၏။ မျောက်သားစားချင်လွန်း၍တော့မဟုတ်၊ မျောက်သားသည်လည်း စားကောင်းခြင်း သိပ်မရှိပါ။ မျောက်ချေးခါး လိုချင်၍ဖြစ်ပါသည်။

မျောက်ချေးခါးသည် အင်မတန်မှ မွှေးကြိုင်ပြီး ခါးသက်သက်ဖြင့် ချိုမြလှပါသည်။

မျောက်ချေးခါးဆိုသည်မှာ မျောက်တစ်ကောင်၏ အစာအိမ်အတွင်းမှ ချေဖျက်ပြီး ကြေညက်ပြီး အစာနမျာကို မီးပူပေး၍ ကျက်အောင်ချက်ထားရခြင်းဖြစ်သည်။

သူ့ချည်းသက်သက် စားရန်မဟုတ်၊ လက်ဖက်သုပ်ထဲတွင် အနည်းငယ်ထည့်သုပ်စားရ၏။ အသားဟင်းလျာများကို ချက်သည့်အခါတွင် အနည်းငယ်မျှ ရောစပ်ထည့်ခြင်းဖြင့် အင်မတန်မွှေးကြိုင်၍ ချိုသောအရသာထူးကို ဖြစ်စေ၏။ မျောက်တို့သည် သစ်ဥ၊ သစ်ဖုများ အစုံစားခြင်းကြောင့် ဆေးဖက်ဝင်လည်းဖြစ်၏။ ပိုက်ဆံရှိလို့ ဝယ်စား၍ရနိုင်သောအရာလည်း မဟုတ်ချေ။ တောတောင်အနှံ့ သွားလာပြီး နှံ့စပ်သူများသာလျှင် စားဖူးခြင်း၊ သိခြင်း ဖြစ်သည်။ ထိုအစာနမျာကို ကျက်အောင်ချက်ပြီးလျှင် မည်မျှကြာကြာဖြစ်ဖြစ် ထား၍ရ၏။ ချက်သည်ဆိုရာ၌ သူ့ချည်းသက်သက် ချက်ရခြင်းဖြစ်၏။ ဘာမျှထည့်စရာမလိုချေ။

ကျွန်တော်တို့နှစ်ယောက်သည် တောစာများ စားရဖို့အရေးထက် မျောက်ချေးခါးကို လို၍ မျောက်ကိုပစ်ရန် ဦးစားပေးခဲ့ကြခြင်းဖြစ်သည်ကြောင့် ဖထီး စံကြိုင်





လမ်းညွှန်မှုဖြင့် မျောက်မြီးရှည်များပေါသော အထက်ဘက်သို့ ခပ်စောစောထွက်ခဲ့ကြခြင်းဖြစ်တော့၏။

ဆင်စခန်းအထွက်တွင် လမ်း၌ စောအေဘီနှင့်အဘူ ဆင်ပေါက်ကလေးသားအမိနှင့် သားထိန်းဆင်မကြီးကို တွေ့လိုက်ကြသေး၏။ သားထိန်းဆင်မကြီးသည် ဆင်ပေါက်ကလေးနားမှ တစ်ဖဝါးမျှပင် ခွာလိုဟန်မတူချေ။ မိခင်ဆင်မကြီးက သားပေါက်ကို အသိအမှတ်ပြုဟန် မတွေ့ရချေ။

ထိုနေ့ခရီးတွင် မျောက်ညိုကြီးတစ်ကောင်ကိုသာ ပစ်ရခဲ့ကြသည်။

ထိုညတွင် မျောက်သားနှင့် ညနေစာစားလိုက်ကြပြီး အနားယူနေကြစဉ် ဆင်စခန်းတစ်ဝိုက် ဆူဆူညံညံအသံများ ကြားသည်ကြောင့် ဘာများဖြစ်ပါလိမ့်စခန်းပတ်ဝန်းကျင်တွင် ဟင်းကောင်(ကျား)ဝင်လာပေလို့ ရယ်လား စိုးရိမ်တကြီးဖြစ်ရသည်ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဖထီးစံကြိုင်နှင့်အတူ သေနတ်ကိုယ်စီကိုင်ဆွဲ၍ တဲပေါ်မှ ကမန်းကတန်း ဆင်းလိုက်ကြသည်တွင် စောအေဘီသည် မောပန်းတကြီးဖြင့် ကျွန်တော်တို့ထံ ရောက်လာကာ...

"လုပ်ပါဦး... အပါး... လုပ်ပါဦး... တောဆင့်တစ်ကောင် စခန်းနားရောက်လာပြီး ကျွန်တော့်ဆင်မကို ဝင်တိုက်နေတယ်... ဘယ်လိုမှလည်း မောင်းထုတ်မရဘူး..."

"ကဲ... ကဲ... ဘယ်နားမလဲ... လာ သွားကြမယ်..." ဟု ကျွန်တော်က ပြောလိုက်သည်။

စောအေဘီက "လာ... လာ" ဆိုကာ ရှေ့ကဦးဆောင်သွားရာနောက်သို့ ကျွန်တော်တို့ ပြေးလွှားလိုက်သွားကြသည်။

ဆင်စခန်းနှင့် ခပ်လှမ်းလှမ်းနေရာ ဝါးတောအပ်တွင် ဆင်နှစ်ကောင်သဲကြီးမဲကြီး တိုက်ခိုက်နေသည်ကို မြင်ရ၏။ ဆင်ဦးစီးများက အနားမကပ်ရဲ သံပုံးများတီးကာ ခြောက်လှန့်ထုတ်နေခြင်းသည်လည်း ထိုတိုက်ပွဲကို မရပ်ဆိုင်းနိုင်ကြချေ။

စွယ်တစ်ချောင်းကျိုး တောဆင်ရိုင်းနှင့် သဲကြီးမဲကြီး တိုက်ခိုက်နေသည်ကား ဆင်သားပေါက်ကလေး၏မိခင် ဖြစ်သည်။

သဲကြီးမဲကြီးတိုက်ခိုက်နေသော ဆင်နှစ်ကောင်အနားသို့ ဆင်သားပေါက်ကလေးသည် ဘာမှန်းညာမှန်းမသိ သူ့မိခင်ဆင်မကြီးထံသို့ ပြေးကပ်လိုက်ပြန်ခွာလာလိုက် ပြုနေ၏။ သားထိန်းဆင်မကြီးသည် တိုက်ပွဲကြားမှ ဆင်သား



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဆင်ကလေးကိုသာ တဝူးဝူးဖြင့် အသံပြုကာ တွန်းထိုးဖယ်နိုင်းနေ တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အရှိန်ဖြင့် မောင်းတင်ပြီး သေနတ်များ ကိုင်ဆောင်ထားကြသော်လည်း စွယ်တစ်ချောင်းကျိုး တောဆင်ရိုင်းကို ပစ်ခတ်ခွင့်မကြုံ ဖြစ်ကြရသည်။ ထိုစဉ် တောဆင်ရိုင်းကြီးသည် ဆင်မကြီးကို တစ်ချက်ပြေးအထိုး ဆင်ပေါက်ကလေးကလည်း မိခင်ဆင်မကြီးနား ကပ်အသွားဖြင့် ကြုံလိုက်သည်တွင် တောဆင်ရိုင်းကြီး၏ ဒေါသတကြီး အော်သံဖြင့် ထိုးလိုက်သည့် တစ်ချောင်းတည်းသော အစွယ်ကားကား အဖျားတွင် ဆင်ပေါက်ကလေး ပါသွားပြီး ငယ်သံပါအောင်အော်ရင်း ခပ်ဝေးဝေးသို့ လွင့်စင်ကာကျသွားတော့၏။

"ဟာ"

အားလုံး၏နှုတ်ဖျားမှ ထွက်လာသောအသံ ဖြစ်၏။ စက္ကန့်ပိုင်းမျှ ငြိမ်သက်သွားကြစဉ် ထိုအခွင့်အရေးကို လက်လွှတ်အဆုံးအရှုံး မခံနိုင်သော ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောဆင်ရိုင်းကြီးအား လျှပ်တစ်ပြက် မစ်လိုက်ကြတော့သည်။

"ဒိုန်း"

"ဒိုန်း"

"ရှူး ရှူး"

ကျယ်လောင်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ နာကျင်မှုကြောင့် ငယ်သံပါအောင်အော်ရင်း တောဆင်ရိုင်းကြီးသည် တောစပ်တွင်းသို့ တရစပ် တရှူးထိုး ဝင်ပြေးသွားတော့၏။ မြန်လိုက်သည့်ဖြစ်ခြင်းကြောင့် သားထိန်းဆင်မကြီးသည်ပင် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်သွားပုံရသည်။

တိုက်ပွဲကား အဆုံးသတ်သွားလေပြီ။

ဆင်သားပေါက်ကလေးသည် တောဆင်ရိုင်းကြီး၏ ဒေါသတကြီး တိုက်ခိုက်မှုကြောင့် အူပွင့်ကာ အသက်ဆုံးရှုံးသွားလေပြီ။

ထိုဆင်သားပေါက်ကလေး အသက်ဆုံးရှုံးသွားခြင်းကြောင့် လူတိုင်း စိတ်မကောင်းဖြစ်ရသည်ထက် သားထိန်းဆင်မကြီးနှင့် စောအေဘီတို့သည် ပို၍ ခံစားဝမ်းနည်း ကြေကွဲခဲ့ကြတော့၏။

နောက်တစ်နေ့တွင် ဆင်သားပေါက်ကလေးအား စခန်း၌ပင် ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။





ကျွန်တော်တို့သည်လည်း ထိုနေ့တွင် မျောက်ပစ်မထွက်ကြတော့ဘဲ စခန်းတွင်သာ စိတ်မကောင်းစွာဖြင့် နားနေလိုက်ကြ၏။

နောက်တစ်နေ့မှာတော့ မျောက်ပစ်ရန် ထွက်ခဲ့ကြပြန်သည်။

သားထိန်းဆင်မကြီးသည် ဆင်သားပေါက်ကလေး သေပြီးသည်မှစ၍ အစာကျွေး၍လည်း မစားတော့ချေ။ ဘယ်မှလည်း မသွားတော့ချေ။ တမှိုင်မှိုင် တတွေတွေဖြင့် ဆင်သားပေါက်ကလေး သင်္ဂြိုဟ်ခဲ့သည့် မြေပုံအနီး၌ တရစ်ဝဲလည်လည် လုပ်နေတော့သည်။

ထိုသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်

ဆင်ပေါက်ကလေးသေပြီး စတုတ္ထမြောက်နေ့တွင် သားထိန်းဆင်မကြီး စခန်းမှပျောက်ခြင်းမလှပျောက်သွားသည်ကြောင့် ကျွန်တော်တို့သည် စောအေဘီနှင့်အတူ သားထိန်းဆင်မကြီးကို လိုက်ရှာရန် စခန်းမှထွက်ခဲ့ကြရပြန်သည်။

တစ်ရက်မှနှစ်ရက်တိုင် အစအနပင် ရှာမတွေ့ချေ။ ဘယ်သို့ထွက်သွားလေပြီမသိ၊ စောအေဘီကလည်း မတွေ့တွေ့အောင် ရှာပေးပါရန် နားပူနားဆာလုပ်နေသည်ကြောင့်

"ကဲ... ဖထီးစံကြိုင်ရေ... ညအိပ်ခရီးထွက်ရှာမှ ရမယ်ထင်တယ်... သည်တစ်ဝိုက်မှာတော့ ရှိပုံမပေါ်ဘူး..." ဟုပြောကာ ကျွန်တော်တို့သည် ပစ်ခတ်ရရှိထားသော မျောက်သားခြောက်များသယ်၍ ဆင်ပျောက်ရှာ ထွက်ခဲ့ကြတော့သည်။

တောတောင်ထဲတွင် တစ်ညအိပ်ခဲ့ကြရပြန်သော်လည်း အစအနပင် မတွေ့သေးချေ။ ငမိုးရိပ်ချောင်းဖျားသို့ပင် ရောက်ခဲ့ကြတော့၏။

ငမိုးရိပ်ချောင်းဖျားမှ တစ်ဖက်ရေကျဖြစ်သည့် ပဲခူးခရိုင်၊ ဒေါင်းတူချောင်းဖျားတစ်ဝိုက်တွင် ဆက်၍ရှာကြပြန်သည်။

ဒေါင်းတူချောင်းဖျားရှိ ပျဉ်းမတောသို့ ရောက်ကြ၏။ ထိုတောစပ်လေးနားအရောက်တွင် တစ်ဖက်တောင်ကြောဘက်မှ ဆင်အော်သံ ဆူဆူညံညံ ကြားရသည်ကြောင့် ထိုတောင်ကြောလေးပေါ်သို့ တက်ကြည့်လိုက်ကြသည်။

တောင်ကြောလေး၏တစ်ဖက် အင်းပျက်လေးတွင် ဆင်နှစ်ကောင် သကြီးမကြီးတိုက်ခိုက်နေသည်ကို တွေ့ရ၏။

ထိုတိုက်ခိုက်နေသော ဆင်နှစ်ကောင်သည် အခြားမဟုတ်၊ ကျွန်တော်တို့ လိုက်ရှာနေသော သားထိန်းဆင်မကြီးနှင့် စွယ်တစ်ချောင်းကျိုး ဆင်ကြီးပင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သေနတ်မောင်းကို ဂျာမန်းကတင်းတင်လိုက်ကာ စွယ်တစ်ဖက်ကျိုး တောဆင်ကြီးကို ပစ်ခတ်ရန် အခွင့်အရေးကို စိတ်လှုပ်ရှားစွာဖြင့် စောင့်စားနေကြ၏။

တဒင်္ဂအချိန်ကလေးတွင် သားထိန်းဆင်မကြီး၏ ခေါသတကြီး တိုက်ခိုက်မှုကြောင့် စွယ်တစ်ချောင်းကျိုး တောဆင်ကြီးသည် 'ဂူး'ခနဲ သံကုန်ဟစ်ကြွေးရင်း ဖင်ထိုင်သွားသည်နှင့် ထိုအခွင့်အရေးကို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမိအရ ယူလိုက်ကြကာ သေနတ်မောင်းခလုတ်ကို ပြိုင်တူဖြုတ်ချလိုက်တော့သည်။

"ဒိုန်း"

"ဒိုန်း"

ထိုသည်နှင့် မလုံလောက်နိုင်ဟု တွက်ဆကာ ထပ်ပစ်လိုက်ကြပြန်သည်။

"ဒိုန်း"

"ဒိုန်း"

စွယ်တစ်ချောင်းကျိုး တောဆင်ကြီးသည် ဖင်ထိုင်လဲနေရာမှ တစောင်းလဲကျ၍ ငြိမ်သက်သွားတော့၏။

ထိုငြိမ်သက်နေသော စွယ်တစ်ချောင်းကျိုး တောဆင်မကြီးကို သားထိန်းဆင်မကြီးသည် အတန်ကြာ စူးစိုက်ကြည့်ငေးနေ၏။ လှုပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရတော့လေမှ နှာမောင်းကိုအပေါ်သို့ မြှောက်လိုက်ကာ 'ဂူး'ခနဲ အသံရှည်အော်ဟစ်လိုက်ပြီး ပျဉ်းမဘောအုပ်အတွင်း ပြေးသွားလေတော့၏။

စောအောဘီသည် သူ့ဆင်မကိုလှမ်း၍ အသံကုန်ဟစ်ခေါ် ပြေးလိုက်သွားတော့၏။

စောအောဘီ၏အသံကို ကောင်းကောင်းနားယဉ်နေသော သားထိန်းဆင်မကြီးသည် ပြေးလွှားနေရာမှ ရုတ်တရက် ရပ်လိုက်လေပြီး ခေါင်းလှည့်ကြည့်လိုက်စဉ်မှာပင် စောအောဘီသည် အနားသို့ ထပ်တိုးပြေးသွားကာ 'မက် မက် မက်' ဟု အသံပေးလိုက်သည်။

ပထမတော့ သားထိန်းဆင်မကြီးသည် တွေ၍ကြည့်နေသေး၏။ ပြီးမှ သခင်ကို မှတ်မိသွားသည်ကြောင့် သူ့သခင်ထံသို့ ပြန်လှည့်လာတော့၏။

စောအောဘီအနားသို့ ရောက်သည့်အခါတွင် ဆင်ယဉ်ဖြစ်သည့်အလျောက် သခင်စကားနားထောင်ကာ ဝပ်ချလိုက်စဉ်မှာပင် စောအောဘီသည် ကျွမ်းကျင်သော ဆင်ဦးစီးတစ်ယောက် ဖြစ်သည့်အလျောက် လွှားခနဲ ဆင်ခေါင်းပေါ်သို့ တက်ထိုင်





ပြီး ဖြစ်နေတော့၏။

ထိုမြင်ကွင်းကိုကြည့်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျေနပ်ပီတိဖြစ်ရသည့်ပြင် တိရစ္ဆာန်တစ်ကောင်ပင် ဖြစ်လင့်ကစား မိမိဝမ်းနှင့်လွယ်၍ မွေးခဲ့ရသော သားမဟုတ်ပေသော်ငြား မိမိထိန်းကျောင်းခဲ့ရသော ဆင်သားပေါက်လေးအတွက် သံယောဇဉ်ကြီးမားစွာဖြင့် သစ္စာရှိရှိ ဘာပန်ကျေပွန်စွာ လိုက်လံကာလဲ့စားချေပေးနိုင်သည့် သားထိန်းဆင်မကြီးကို မလေးစားဘဲ မနေနိုင်ဖြစ်ကြပါတော့သည်။

[ မုဆိုး၏မုဆိုးများပတ္တူတိုပေါင်းချုပ်–၁၉၉၈ ]
[ ကရဟောမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၉၇ ]


✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်လေလား ဝိုးတဝါး



အိပ်မက်လေလား ဝိုးတဝါး

ဘယ်လိုအန္တရာယ်မှန်း မသိသော အန္တရာယ်တစ်ခုက နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသည်ဟု စိတ်ဝယ်ထင်နေမိခြင်းကြောင့် လွတ်ရာလွတ်ကြောင်းအားသွန်ခွန်စိုက် ပြေးနေမိပေမင့် လူက လေထဲတွင်လွင့်နေသကဲ့သို့ ဖြစ်နေသည်ဟု ထင်ရသော်လည်း တကယ်တမ်းကျတော့ ခြေကုန်လက်ပန်းကျနေပေသည်။

အလိုလိုနေရင်း ခွန်အားတွေ ယုတ်လျော့လာ၍။ ချည့်နဲ့လာ၍။ သို့ကြောင့်ပင် ဇောချွေးများပြန်နေမိသည်။ ဟပ်ထိုးလဲချမည့်တော့မည်ပုံ ဖြစ်နေသော်လည်း အားတင်းကာ ဆက်၍ပြေးနေရပြန်သည်။

လူသူမရှိသော တောနက်ကြီးအတွင်းဝယ် ထိုသို့ ပြေးလွှားနေရခြင်းမှ လွတ်မြောက်ရာလမ်းကြောင်း တွေ့ရချေပြီဟု စိတ်ဝယ်ထင်မိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ရှေ့တွင် ရွာလမ်းကလေးတစ်ခုကို တွေ့လိုက်ခြင်းကြောင့်ပင် ဖြစ်၏။

ကျွန်တော်သည် ထိုလမ်းကလေးအတိုင်း ပြေးလာလိုက်သည်တွင် ရှေ့မှ မိန်းမကြီးတစ်ယောက်နှင့် ကလေးသုံးယောက်တို့သည် ကျွန်တော့်ကို ကျောပေးကာ ဖြည်းလေးစွာ လျှောက်သွားနေသည်။ ထိုမိသားစုကို မြင်လိုက်ခြင်းအားဖြင့် ရှေ့တွင် ရွာရှိနိုင်သည်။ လူတွေရှိနိုင်သည်။ သို့ဖြစ်ပါက ကျွန်တော် ကြုံတွေ့နေရသည့် ဒုက္ခဆိုးကြီးကို ကယ်တင်မည့်သူတွေ ရှိနိုင်ပေသည် မဟုတ်ပါကလား။ သို့ကြောင့် ကျွန်တော်သည် ထိုမိသားစုကို ပြေးလွှားကျော်ဖြတ်တက် လိုက်သည်။

ထိုမိသားစုကို ကျော်လွှားပြေးခဲ့ပြီးနောက် ရှေ့ဆယ်ကိုက် ခန့်လောက်တွင် ဝိုးတဝါးသာ မြင်ရသော တဲလေးတစ်လုံး ကျကာ ဆီးပိတ်နေသည့် အသားစိမ်းတွဲရေဖြင့် ဝင်တိုက်မိကာ လဲကျသွားတော့၏။ သွေးစိမ်းညှီနံ့ကို ရလိုက်သည်။ ဘာရယ်မှန်းမသိ ပုပ်ပြောင်နေခြင်းမရှိ၊ ယင်များအုံခြင်းမရှိ။ သွေးစိမ်းသည် သားသစ်တော်

www.burmeseclassic.com



စက်ကျနေပေသည်။ အလိုလိုနေရင်း ကြက်သီးမွေးညင်း ထမိသည်။ ကြောက်ရွံ့နေမိသည်။

"ဟင်"

စောစောက ကျွန်တော် ကျော်ဖြတ်လာသည့် မိသားစုတွေ၊ ဘယ်လိုကဘယ်လိုရောက်လာကြသည်မသိ။ ထိုအသားစိမ်းတို့ကို အားပါးတရ မြိန်ရေ ရှက်ရည် ကိုက်ဝါးစားနေကြသည်။ ဘယ်တုန်းကများ တော်ပြတ်နေကြပါလိမ့်။ သူတို့၏ ပါးစပ်၊ လက်၊ ခန္ဓာကိုယ်တို့တွင် သွေးစိမ်းများ စွန်းပေနေကြသည်။ သူတို့ကို ကြည့်ရင်း အော့အန်ချင်လာသည်။ ကြောက်ရွံ့လာမိသည်။ သူတို့သည် အသားစိမ်းများကို ကိုက်စားရင်းနှင့် ကျွန်တော့်ကို ကြည့်ကာပြုံးနေကြသည်။

ကြည့်စမ်း... ။ ထိုမိသားစုတို့တွင် သွားစွယ်များ ကိုယ်စီပါကြပေသည်။ ကလေးငယ်များသည် တစ်ယောက်မှ ချစ်စရာကောင်းသော ရုပ်မရှိကြပေ။ အားလုံးသည် မှင်စာကောင်လေးတွေနှင့် တူနေပေတော့၏။ ဟုတ်ပါပြီ။ ဒါ လူတွေ မဖြစ်နိုင်။ လူသားစစ်စစ် ဖြစ်ဦးတော့ အရိုင်းအစိုင်းကောင်တွေပင် ဖြစ်ရမည်။ ကြည့်လေ။ လူသား ယဉ်ကျေးလေးတွေဆိုပါက ထိုအသားစိမ်းတို့ကို လွယ်လင့်တကူ ကိုက်ဖဲ့စားသောက် နိုင်ကြမည်မဟုတ်။ စားကြမည်မဟုတ်။

ယခုသော်ကား ထိုသို့မဟုတ်။ စိမ်ပြေနပြေ ကိုက်ဝါးစားနေကြပေသည်။ ကြည့်ရင်းကြည့်ရင်း ကျွန်တော်အမြင်တွင် အင်မတန်ထူးဆန်းပြီး ကြောက်စရာသတ္တဝါများဟု မြင်လာသောကြောင့် ထိုနေရာမှ ပြေးထွက်လာမိပြန်သည်။ ဘယ်လိုတဘယ်လို ပြေးလာမိသည် မသိ။ အိမ်တစ်လုံးပေါ်သို့ ကျွန်တော် ရောက်နေပြန်သည်။ ထိုအိမ်ကြီးရှင် ယောကျ်ားကြီးသည် ထူးဆန်းသော (သို့မဟုတ်) ရူးသွပ်နေသော သူတစ်ယောက်ပင်ဖြစ်တော့၏။

နီကြောင်ကြောင် ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်ဖွားဖွားနှင့် သားကောင်သားရေအင်္ကျီ(လက်ဖြင့်သီချုပ်ထားသည်)ကို ဝတ်ထားသည်။ သူ့ကိုကြည့်ရသည်မှာ ကျောက်ခေတ်လူသားနှင့် တူပေတော့၏။ ကျွန်တော် ရောက်လာခြင်းကို နှစ်သက်ဟန်မတူချေ။

ထိုလူကြီးပြောပြချက်အရ သူတို့မိသားစုသည် လူသူကင်းဝေးရာ ဤနေရာသို့ လာရောက်နေထိုင်ကြသည်မှာ ဆယ်နှစ်ကျော်ပြီဟု ပြောပြလေသည်။ သားနှစ်ယောက်နှင့် သမီးတစ်ယောက်တို့ကို သူ၏ဇနီးသည်က ဤတောတောင်ထဲတွင်သာ မွေးဖွားခဲ့ခြင်းဟု သိရပေသည်။ သို့ကြောင့် ကျွန်တော်သည်





"အို... ဒါဖြင့် ကလေးတွေရဲ့ရှေ့ရေးကို မကြည့်တော့ဘူးလား... သူတို့ကို ပညာသင်မပေးတော့ဘူးလား"

"မလိုဘူးဗျ... မလိုဘူး... ကျုပ်ကလေးတွေက အရွယ်ရောက်လာပြီဆိုတာနဲ့ တိရစ္ဆာန်တွေလို သူတို့ဝမ်းစာအတွက် ရှာဖွေစားသောက်နေတတ်ပြီလေ... ဒါ သူတို့တတ်အပ်တဲ့ ပညာပဲပေါ့... ဘာစာသင်စရာ လိုသေးလဲ... ပညာသင်တယ်ဆိုတာ လူ့ဘဝမယ် စားသောက်နေထိုင်ဖို့ပဲ မဟုတ်လား... ခု... ကျုပ်ကလေးတွေ ပညာမတတ်ပေမယ့် သူတို့ဝမ်းစာအတွက် ရှာဖွေစားသောက်တတ်တဲ့ပညာတွေ ရှိနေပြီလေ..."

ကျွန်တော်သည် ထိုလူကြီးစကားကြောင့် အင်မတန် အံ့သြသွားရသည်။ ဘယ်လိုလူကြီးပါလိမ့်။ အူကပင် ဆက်၍ပြောပြန်သည်။

"ပညာသင်ကြားရမယ့် အရွယ်ဖြစ်နေကြတဲ့ ကျုပ်ကလေးတွေက စာသင်တယ်ဆိုတာ ဘယ်လိုလဲ... မမြင်ဖူးကြ... မတွေ့ဖူးကြ... မသိကြဘူး... ပြီးတော့ တိုးတက်ထွန်းကားနေပါတယ်ဆိုတဲ့ မြို့ပြကြီးက နိုင်ငံကြီးသား ပုဂ္ဂိုလ်ကျော်တွေကို မသိပေမယ့် သူတို့စားဖို့ သားကောင်ကို ဘယ်လိုဖမ်းရမယ်ဆိုတာကိုတော့ ကောင်းကောင်းသိနေကြတယ်လေ... ဟဲ... ဟဲ... ဟဲ... ပြီးတော့ 'သားစိမ်း' 'ငါးစိမ်း' ကိုလည်း စားတတ်နေကြပြီ... သိလားဗျ... ခင်ဗျားတို့လို ယဉ်ကျေးပါတယ်ဆိုတဲ့ မြို့ပေါ်က လူတွေဟာ စားဝတ်နေရေးအတွက် စိတ်ရှုပ်နေကြတယ် မဟုတ်လား... နေရေးထိုင်ရေးအတွက် ပူပန်နေကြရတယ်... မဟုတ်လား... သည့်အတွက်ပဲ တစ်ယောက်ကို တစ်ယောက်တိုက်ကြ၊ ခိုက်ကြ၊ နင်းကြ၊ ကော်ကြတယ်... လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လုံးထွေးနေကြတယ် မဟုတ်လား... ကျုပ်တို့ကို ကြည့်စမ်း... စိတ်ချမ်းသာစရာ ဘယ်လောက်ကောင်းသလဲလို့... ခင်ဗျား အားမကျဘူးလား"

ထိုလူကြီးသည် သူ့စကားကိုဖြတ်ပြီး ဝါးခွက်တစ်လုံးကိုယူလိုက်ကာ အိမ်နောက်ဘက်သို့ ဝင်သွားလေသည်။ တစ်အောင့်ကြာလောက်တွင် ပြန်ရောက်လာကာ ကျွန်တော့်ထံသို့ ထိုဝါးခွက်ကို ထိုးပေးပြီး

"ရော့ဗျာ... ကျုပ်တော့ စကားပြောရင်း အားခြောက်လို့ ရေသွားသောက်တာ... ခင်ဗျားအတွက်ပါ ခပ်လာတယ်... သောက်ဗျာ... ကျုပ်တို့နေရာဒေသမှာလို ရေခဲသေတ္တာထဲက ရေလိုအေးတဲ့ သဘာဝရေ ချောင်းရေ ရှိပါတယ်... ကျုပ်အိမ်ရဲ့ အနောက်ဘက်မှာပေါ့... ထပ်သောက်ချင်ရင် သွားခပ်သောက်ဦး—



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်... အားနာစရာမလိုပါဘူး... ဟဲ... ဟဲ... ဟဲ..."

ကျွန်တော်သည် ထိုလူကြီးလှမ်းပေးသော ဝါးခွက်ကိုယူကာ မော့သောက်လိုက်သည်။ အေးလိုက်သည့်ဖြစ်ခြင်း၊ သို့သော် ဝါးခွက်ကညှီနေသည်။ ကျွန်တော်ရေသောက်ပြီးသည်နှင့် သူ့စကားကိုဆက်ပြောသည်။

"ကျုပ်ကလေးတွေဟာဆိုရင် အရွယ်နဲ့မလိုက်အောင်ကို သူတို့အန္တရာယ်ကို ကာကွယ်နိုင်ကြတယ်... သားကောင်တွေကို သတ်ဖြတ်နိုင်ကြတယ်... နိုင်ငံကြီးသားတွေပါလို့ဆိုတဲ့ ခင်ဗျားတို့လို လူယဉ်ကျေးတွေနဲ့ဝေးကွာလှတဲ့ သည်နေရာဟာ ပျော်စရာ၊ စိတ်ချမ်းသာစရာပဲပေါ့... ကြည့်လေ... ကျုပ်မိသားစုအတွက် လုံလောက်တဲ့ စားနပ်ရိက္ခာတွေရှိတယ်... နေစရာတွေ အများကြီးရှိသေးတယ်... ကျုပ်မိသားစုနဲ့ကျုပ်ပဲ... ကျုပ်မိသားစုကို ကျုပ်ကလွဲပြီး ဘယ်သူမှ လာအုပ်ချုပ်စရာမလိုဘူး... ကိုယ့်ထီးကိုယ်နန်းပေါ့ဗျာ... ဟဲ... ဟဲ... ဟဲ... ဟဲ... ဘယ်သူ့အကူအညီမှလည်းမလိုဘူး... ကိုယ့်ခလေ့... ကိုယ့်စရိုက်... ကိုယ့်ယဉ်ကျေးမှုပဲပေါ့ဗျာ... ဟဲ... ဟဲ... ဟဲ..."

ကျွန်တော်သည် ထိုလူကြီးစကားကို နားထောင်ရင်း သူ့ကိုကြည့်ရင်း ကြောက်စိတ်တွေ ဝင်လာမိသည်နှင့်အတူ သနားကြင်နာစိတ်လည်း ဖြစ်လာမိပေသည်။ တစ်ဖက်စွန်းရောက် လူကြီးပါလား။ သို့ကြောင့်...

"ခင်ဗျား အတွေးအခေါ်တွေ တစ်ဖက်စွန်းရောက်လွန်းနေတယ်... လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ မရဘူး... တစ်ဦးတစ်ယောက်တည်းနေလို့မရဘူး... ဘဝအတွက် စားမယ်... သောက်မယ်... အိပ်မယ်... မေထုန်မှီဝဲမယ်... ဒါတွေပြီးပြည့်စုံတာနဲ့ ခင်ဗျားတို့မိသားစု၊ မျိုးဆက်အတွက် ပြည့်စုံလောက်ပြီလို့ထင်နေလား... မဟုတ်သေးဘူးနော်... လူသားအားလုံးအကျိုးအတွက် လုပ်စရာတွေအများကြီး ရှိသေးတယ်... တစ်ကိုယ်ကောင်းဆန်လို့ မရဘူးဗျ သိလား... ခင်ဗျားက ခေတ်ကိုနောက်ပြန်သွားနေတာပဲ... ခင်ဗျားတစ်ယောက်တည်း ရှုံးချင်ရှုံး... အပြစ်ကင်းပြီး အညွန့်တလူလူဖြစ်နေတဲ့ ခင်ဗျားသားသမီးတွေကိုတော့ သည်တောတောင်ကြီးထဲမယ် နစ်မွန်းမသွားပါစေနဲ့ဗျာ..."

"ဟား... ဟား... ဟီး... ဟီး... ဟီး..."

ကျွန်တော့်စကားကို ပြက်ရယ်ပြုရင်း သူရူးတစ်ယောက်လို ရယ်မောနေတော့၏။ ဘယ်လိုမှ နားချပြောရှမ်း မသိသဖြင့် ကျွန်တော်သည် ထိုနေရာမှ ထွက်ခွာရန် ထိုင်ရာမှ ထလိုက်သည်။





"ကဲ... ဒါဖြင့် ကျုပ်ပြန်မယ်..."

"မပြန်ပါနဲ့ဗျာ... ဒီရောက်ပြီးမှတော့ ကျုပ်တို့နဲ့ နေကြည့်စမ်းပါ... ခင်ဗျားကို ကျုပ်ရဲ့လူမမည်သားလေးတွေက ရှာဖွေကျွေးထားပါလိမ့်မယ်..."

ပြောပြောဆိုဆို ကျွန်တော့်လက်ကို သူ၏လက်ကြမ်းကြီးဖြင့် ဖမ်းဆွဲထားလေသည်။ အေးစက်စက် သူ့လက်ကြမ်းကြမ်းကြီးမှ ကျွန်တော်၏လက်ကို ရုန်းကန်ရင်း၊ လွတ်ထွက်ရန် ကြိုးစားရင်း...

"မဖြစ်ဘူးဗျ... မဖြစ်ဘူး... ကျုပ်အိမ်မယ် ကျုပ်ကိုမှီခိုနေတဲ့ မိန်းမနဲ့ကလေးက ရှိသေးတယ်... ဖယ်ပါ... ကျုပ်သွားပါရစေ..."

"ထိုင်ပါဦး... ကျုပ် ပြောပါရစေဦး..."

ပြောပြောဆိုဆို ကျွန်တော်၏လက်ကိုဆောင့်ဆွဲ၍ ထိုင်ခိုင်းလေသည်။ ရုန်းထွက်မရမှန်းသိ၍ ကျွန်တော်သည် အလိုက်သင့်ပြန်ကာ ထိုင်ချလိုက်ရပေသည်။ ထိုလူကြီးသည် ကျွန်တော့်အားကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေရင်းမှ...

"ခင်ဗျားတို့မှာ တရားမရှိတာ အဲဒါပဲပေါ့... ဝဋ်လန်းခြင်းဆိုတာဟာ ဥပါဒါန်ပဲ... သံယောဇဉ်ဆိုတာ အဲဒီဝဋ်လမ်းခြင်းပဲပေါ့... ခင်ဗျားဇနီးနဲ့ သမီးအပေါ်ထားတဲ့ သံယောဇဉ်ကြီးကို ဖြတ်လိုက်စမ်းပါ... ခင်ဗျား သေရမှာကြောက်နေသလား..."

"ဟုတ်တယ်... အစက မကြောက်ဘူး... ခုတော့ ကြောက်တယ်..."

ပြီးရင် ပြီးပါစေ... သဘောဖြင့် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဘာလို့ ကြောက်ရတာလဲ"

"သူတို့ဘဝက ကျုပ်မရှိလို့ မဖြစ်ဘူး... ကျုပ်သေသွားရင် သူတို့သားအမိ လောကကြီးထဲမယ် ဘယ်လိုနေထိုင်စားသောက်ကြမလဲ... မျက်စိသူငယ်နားသူငယ် ဖြစ်နေကြတော့မပေါ့..."

သူ့အမေးကြောင့် ကျွန်တော်သည် ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

"ဟား... ဟား... ဟား... ဟီး... ဟီး... ဟီး..."

ကျွန်တော့်စကားကြောင့် ထိုလူကြီးသည် အားပါးတရ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး...

"အဲဒါ ပြောတာပေါ့... ကြည့်စမ်း... ကျုပ်သားသမီးတွေ... ကျုပ်မရှိရင်တောင်မှ ဘာမှပူစရာ မရှိဘူး... သူတို့ဟာသူတို့ ရှာဖွေစားသောက်ကြလိမ့်မယ်...



www.burmeseclassic.com

www.burmeseclassic.com



မသေခင်တော့ တာဝန်ရှိတာပေါ့ဗျာ... ကဲ ကျုပ်မေးမယ်... ခု... ကျုပ်တို့ထိုင်နေတာ ဘာလဲသိလား... "

"အိမ်ပေါ့ဗျ... "

"မဟုတ်ဘူး... မသိရင်တော့ ခင်ဗျားက ကျုပ်ရဲ့ အိမ်လို့ပြောမယ်... လုံးဝမဟုတ်ဘူး... သာလာယံဇရပ်ဗျ... ခဏနားနေကြတာ... ပြီးရင် ကျုပ် သွားရမယ်... ပြီးတော့ ကျုပ်သားသမီးတွေ သွားရမယ်... ဒီအိမ်ကို ဘယ်သူမှ မပိုင်ဘူး... ခင်ဗျားတို့ ကျုပ်တို့တွေအားလုံးဟာ ဧည့်သည်တွေချည်းပါပဲ... တစ်နေ့ကျရင် သေလမ်းကို သွားကြရမှာပဲ... မသေခင် ခဏခိုနားနေကြရတာပဲ... အဲဒါကိုပဲ လူတွေက မက်မောနေကြတယ်... တွယ်တာနေကြတယ်... ဒါ ဘာလဲ... စွဲလမ်းနေကြတာ... အဲသည်ကိုယ်မပိုင်တဲ့... ကိုယ့်နောက်မပါတဲ့ ဥစ္စာ ပစ္စည်း၊ ရာထူးအာဏာတွေကို မက်မောနေကြတယ်... သနားစရာသိပ်ကောင်းတယ်ဗျာ... ဘာတဲ့... စောစောက ခင်ဗျားပြောတာ 'သေရမှာ ကြောက်တယ်' တဲ့လား... "

"အင်းလေ... "

"အင်;... ခင်ဗျားဟာ တရားမရှိတဲ့လူဘဲ... အိုနာသေ ဆိုတာ ကိုယ့်အလုပ်မဟုတ်ဘူး... ဒါသဘာဝပါ... ခင်ဗျားဟာ သဘာဝကို အန်တုလို့ မရဘူး... အိုချိန်တန် အိုရမယ်... နာချိန်တန် နာရမယ်... သေချိန်တန် သေရလိမ့်မေပါ့... ခင်ဗျား ရှောင်လို့မရဘူး... ဘယ်သူမှလည်း ရှောင်လို့မရဘူး... အချိန်ရောက်လာတဲ့အခါ အိုပလေ့စေ၊ နာပလေ့စေ၊ သေပလေ့စေပေါ့... အဲ... သေတဲ့အခါမှတော့ နောက်ဆံမတင်းနေနဲ့... ဥစ္စာပစ္စည်း ရာထူးအာဏာ ဇနီးသားမယားဘာကိုမှ မစွဲလမ်းလေနဲ့ဗျ... "

ထိုလူကြီး၏စကားကို ကျွန်တော် စိတ်ဝင်စားလာမိသည်။ ခပ်ရိုင်းရိုင်းပြောပါလျှင်... ပါးစပ်က နတ်စကားထွက်သည်ဟု ပြောရမည်လားမသိ။ သူ့စကား ကျွန်တော် ငြိမ်၍နားထောင်နေမှန်းသိသဖြင့် သူ့လက်ကြမ်းကြီးမှ ကျွန်တော်လက်ကို လွှတ်လိုက်ပြီးလျှင်...

"ဒေါသနဲ့သေရင် ငရဲကျမယ်... လောဘနဲ့သေရင် နာနာဘာဝဖြစ်မယ်... လောဘဆိုတာ စွဲလန်းတာနဲ့ ဆက်စပ်နေတာပေါ့... ခင်ဗျားဇနီးနဲ့ သမီးကို စွဲလမ်းနေရင် သေသွားပါပြီတဲ့... ဒီအခါ ခင်ဗျားရဲ့စွဲလမ်းခြင်းစိတ်ကြောင့် ခင်ဗျားအိမ်ပတ်ဝန်းကျင်မှာပဲ နာနာဘာဝအဖြစ်နဲ့ ရှိနေလိမ့်မယ်။ အဲ... ဗုဒ္ဓ ဘာသာအယူ (၇)ရက်ပြည့်ပြီးရင်တော့ ခင်ဗျား စွဲလမ်းပါတယ်ဆိုတဲ့ ဇနီး သားသမီးနားမှာ နေချင်တိုင်း မနေရတော့ဘူး... သွားတော့ ရှောင်းပဲ...သိလား... "





"(၇)ရက်ပြည့်ရင် ဆွမ်းသွတ်မယ်... အဲဒီအခါ ဘုန်းကြီးက 'ကမ္မဝါ' ဖတ်မယ်... ခဖတ်ခင်မှာ ခင်ဗျား ချစ်လှပါတယ်... တွယ်တာလှပါတယ်ဆိုတဲ့ ဇနီးနဲ့သားသမီးကို ဤခြံအတွင်း၌ သူရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ နှောင့်ယှက်မှုများရှိပါက လက်ခံလား... မလက်ခံဘူးလားလို့ မေးလိမ့်မယ်... အဲဒီအခါ ဘယ်လိုပြန်ဖြေမယ်ထင်သလဲ သိလား... လက်မခံပါဘူးလို့ ဖြေကြလိမ့်မယ်ဗျ... ဟာ ... ဟား... ဟား... ဟား... "

သူ့စကားကြောင့် ကျွန်တော် ကြက်သီးမွေးညင်းထသွားရသည်။

"အို... မဟုတ်ဘူး... မဟုတ်ဘူး... ခင်ဗျားဟာ အရူးပဲ... ပိတ်ဖောက်ပြန်နေတဲ့သူတစ်ယောက်ပဲ... ကျုပ် ပြန်မယ်... ပြန်မယ်... "

ပြောပြောဆိုဆို လူကြီးအပါးမှ ပြေးထွက်ခဲ့ပေသည်၊ သူ၏ခြောက်ကပ်ကပ် ရယ်မောသံကြီးက နောက်တွင် ကျန်ရစ်ခဲ့တော့၏။

ထိုလူကြီး၏ ခြံဝသို့ရောက်လုတွင်

"ဟင်"

လမ်းတွင် ကျွန်တော် တွေ့ခဲ့သည့် သားအမိသွေပြစ်သည်၊ ဒါ ထိုလူကြီး၏မိသားစုပင် ဖြစ်မည်။ သူတို့သည် ကျွန်တော်ကို မြင်သည်နှင့် သွားဖြဲပြကြသည်။ သူတို့လက်တွင်းမှာလည်း အသားစိမ်းတုံးများ ကိုင်ထားကြသည်။ သွေးစက်လက်ဖြင့် မြင်မကောင်း ရှုမကောင်း။ သူတို့ကို ကြည့်ရင်း ကြက်သီးထမိသည်။ လူသားစစ်စစ်တွေမှ ဟုတ်ပါလေစ။ ကျွန်တော့်အမြင်တွင် သူတို့သည် ကြောက်စရာသတ္တဝါများပင် ဖြစ်တော့သည်။ ထိုစဉ် နောက်ဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် ထိုလူကြီးသည် သွေးဘက်များပေကျံနေသော အသွားထက်မြက်ဟန်တူသည့် 'ပုဆိန်'ကိုရွယ်ကာ ကျွန်တော့်ထံသို့ ပြေးလာနေသည်ကို ရုတ်တရက်တွေ့လိုက်သဖြင့် ငယ်သံပါအောင် အော်လိုက်မိလေသည်။

"အား"

"ဟိတ်လူ... ကိုပိုက် ဘယ်လိုဖြစ်တာတုန်း... "

ကျွန်တော် သတိရသည့်အခါတွင် လင်းမြင့်လှိုင်၏ ပြောပြချက်အရ ဆေးရုံပေါ်သို့ ရောက်နေကြောင်း သိရပေသည်။

"ဟိုမိသားစုတွေရော... "

"ဘယ်မိသားစုတွေလဲ... "

ကျွန်တော့်အမေးကို မဖြေဘဲ လင်းမြင့်လှိုင်က ပြန်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားစိမ်းစားတဲ့ မိသားစုကိုမေးတာ..."

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် ကြောင်တက်တက်ဖြစ်သွား ကာ

"ကြံကြံဖန်ဖန် ကိုပိုက်ရာ ခင်ဗျား ဘာတွေဖြစ်နေတာလဲ... ဝက်ဝံကုတ် ခံရတဲ့ဒဏ်ရာတွေက သိပ်နာနေလား"

"ဗျာ..."

"မဗျာနဲ့... ခင်ဗျား စခန်းကိုတော်တော်နဲ့ ပြန်မလာတာနဲ့ ကျွန်တော်တို့ တွေ ခင်ဗျားရဲ့ နောက်ကိုလိုက်လာတော့ ဝက်ဝံနဲ့ခင်ဗျား လုံးထွေးနေတယ်လေ... သည်တော့ ကျွန်တော်တို့က သေနတ်မိုးပေါ်ထောင်ပစ်လိုက်တော့မှ ဝက်ဝံ ထွက်ပြေးသွားတယ်... ကျွန်တော်တို့ အရောက်စောပေလို့ပေါ့... နို့တောင်မှ ခင်ဗျား ဝက်ဝံ ကုတ်ခံရတဲ့ ဒဏ်ရာတွေကြောင့် နှစ်ရက်လောက် မေ့နေတယ်"

အင်း... ဟုတ်ပေပြီ။ လင်းမြင့်လှိုင်ပြောပြမှ ကျွန်တော်တို့တွေ တောသို့ ထွက်ခဲ့ကြသည်ကို ပြန်လည်သတိရမိသည်။

ထိုသို့ အမဲလိုက်ခဲ့ကြရင်း မြောင်ကျပ်လေးတစ်ခုတွင်းရှိ ကျောက်အိုင် လေးတွင် ငါးများကို တွေ့ခဲ့ရသဖြင့် မြူးထောင်ရန်အတွက် တစ်ယောက်တည်း လင်းမြင့်လှိုင်တို့ အိပ်ရာမနိုးမီ ထွက်ခဲ့သည်။ စခန်းနှင့် သိပ်မဝေးသောကြောင့် ဖြစ်သည်။ ထိုမြောင်ကျပ်လေးအတွင်း ဝင်လိုက်သည့်အခါတွင် ဝက်ဝံတစ်ကောင် ကို ရုတ်တရက်တွေ့လိုက်ရသည်။

ကျွန်တော့်လက်ထဲတွင်လည်း ငါးထောင်ရန် မြူးမှလွဲ၍ မည်သည့်လက် နက်မှပါမလာချေ။ ဝက်ဝံသည်လည်း နောက်ပြန်လှည့်ပြေးရန် လမ်းမရှိ။ သို့ကြောင့် ကျဉ်းထဲကျပ်ထဲရောက်နေသည့် ဝက်ဝံသည် သူ၏လွတ်မြောက်ရာ လွတ်မြောက် လမ်းအတွက် ကျွန်တော့်ကိုတိုက်ခိုက်ခြင်း ဖြစ်ပေသည်။ လူမပြောနှင့် တိရစ္ဆာန် သည်ပင် တစ်ဖက်သတ် ချောင်ပိတ်ရိုက်၍မရ။ ထွက်ပေါက်လေးတစ်ခုတော့ ဆေးထားရပေလိမ့်မည်။ သို့မှသာ နှစ်ဦးနှစ်ဖက် သက်သာပေလိမ့်မည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ပြောသလို နှစ်ရက်ခန့် သတိလစ်မေ့မြော နေတုန်း သားစိမ်းစား မိသားစုနဲ့ တွေ့ခဲ့ခြင်းဖြစ်ပေမည်။ ထိုလူထူးလူဆန်း မိသားစုအကြောင်းကို တွေးမိရင်း တစိမ့်စိမ့် ကျောချမ်းလာမိသည်။ တကယ်တော့ ကျွန်တော်သည် 'ဇနီးနှင့်သမီး' ကိုစွဲလမ်း၍လားမသိ။ သေရွာမှပြန်လာခဲ့ရခြင်းပင် ဖြစ်ပေမည်။





လင်းမြင့်လှိုင်သည် ကျွန်တော့်အား အပြစ်တင်စကားတစ်ခွန်း ပြောကာ အခန်းပြင်သို့ ထွက်သွားလေတော့သည်။

"မဆိုးက ကိုယ့်အလုပ်ကို မလုပ်ဘဲ တံငါအလုပ်သွားလုပ်ဘာကိုးဗျ"

| ထဝမ်ရာစိန်လုံးသားနှင့် မုဆိုးဝတ္ထုတိုများ–၁၉၉၇ |
| ရောင်ပြန်မဂ္ဂဇင်း ဇန်နဝါရီလ၊ ၁၉၉၅ |

✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# အပြီးသတ်ဇာတ်သိမ်းပိုင်း



## အပြီးသတ်ဇာတ်သိမ်းပိုင်း

မြိုင်သာယာရွာကလေးနှင့် ပတ်ဝန်းကျင် ကျေးရွာတစ်ဝိုက်တွင် တစ်ချက်တစ်ကောင် မြင့်နောင်ဆိုလျှင် မသိသူမရှိကြ။

သူသည် ငယ်စဉ် ကျောင်းသားဘဝတည်းက လောက်လေးခွတစ်ချောင်းဖြင့် တွေ့သမျှ သက်မဲ့ကလေးများကို လက်တည့်စမ်း ပစ်ခတ်တတ်သည်။ ပုတ်သင်ညိုလေးများအစ ကြက်ငှက်ကလေးများအဆုံး သူ့လက်ချက်ဖြင့် အတော်များများ ဇီဝိန်ကြွေခဲ့ကြဖူးသည်။ ဘုန်းကြီးကျောင်းတွင် ခိုကပ်မှီတွယ်နေကြသည့် တောက်တဲ့များပင်လျှင် သူ့လက်ချက်ဖြင့် အသက်ဆုံးခဲ့ကြဖူးသည်။ သည်အခါ ဘုန်းတော်ကြီးက သူ့ကျောပြင်ကို အရှိုးထင်အောင် ရိုက်ပါလေတော့၏။ သူ့စရိုက်ကတော့ မပျောက်။ သူကတော့ ပစ်မြဲ။ ဘုန်းတော်ကြီးကလည်း ရိုက်နေရမြဲ။

သို့ကြောင့်ပင် ဘုန်းတော်ကြီးသည် မိမိကျောင်းဝင်းတွင် မှီခိုနေကြသည့် ပုတ်သင်ညိုလေးများ ခိုကလေး ငှက်ကလေး ကြက်ကလေးနှင့် တောက်တဲ့ စသည့်သတ္တဝါများကို ငဲ့ညှာသောအားဖြင့် မြင့်နောင်ကို ကျောင်းမှနှင်ထုတ်လိုက်တော့၏။ တစ်ပြိုင်နက်မှာပင် ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ကိုက်(၁၀၀) အတွင်း လုံးဝမလာရဟု အမိန့်တော်ချမှတ်လိုက်ရလေသည်။ သို့ဖြင့် မြင့်နောင် တစ်ယောက် ဘုန်းကြီးကျောင်းသားဘဝမှ နွားကျောင်းသား၊ ကျွဲကျောင်းသားဘဝသို့ ရောက်ခဲ့ရတော့၏။

နွားကျောင်း ကျွဲကျောင်းဘဝရောက်ပြန်တော့ သည့်ထက်ပို၍ပင် လက်တည့်စမ်းစရာတွေ ပိုလာသည်။ ခြတ်ရှည်ဗျိုင်းတွေ ဂ ဆုံးပြန်သည်။ ကျွဲချိုမှာ ပစ်မှတ်ထားကာ အားအားရှိတိုင်း လက်တည့်စမ်းတတ်ပြန်သည်။

အစမ်းကောင်းလွန်း၍ အိမ်မှကျွဲမကြီး၏ ဦးခေါင်းကို စမ်းသပ်ပစ်ခတ်လိုက်ရာ လွဲချော်သွားပြီး မျက်လုံးသွားမှန်သဖြင့် ဇာင်ဖက်လင် ကျွဲမကြီး ဘဝ

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com



ခံယူသွားရှာတော့သည်။ ဘာပြောကောင်းမလဲ သူ့အဖေ တီးလိုက်သမှ ဘုန်းတော်ကြီးထက္ကပ်ပင် သာချေသေးတော့သည်။ နှုတ်ကို သိပ်ယူရသည်။

သို့သော် ဝါသနာကား မပျောက်သေး။ ကျွဲနွားများကို လယ်ကွင်းတွင် စားကျက်ချနေစဉ် ၎င်းသည်တောတွင်းဝင်၍ ကြက်ငှက်ကလေးများကို လိုက်ထံ ချောင်းမြောင်းပစ်ခတ်ပြန်သည်။ သည်သို့ချောင်းမြောင်းပစ်ခတ်ခြင်းမှစ၍ သား ကောင် ခြေရာခံလိုက်ခြင်းကို အစပျိုးတတ်သိနားလည်လာသည်ဟုဆိုနိုင်ပေသည်။

အရွယ်လေးရောက်လာသော် သူတို့ရွာလေးသို့ လာရောက်တည်းခိုအမဲ လိုက်သူများနှင့် ဆက်သွယ်မိကာ သူတော်ချင်းသတင်းလွှ့လေတော့၏။ မြိုင်သာယာတောက သူ့ခြေရာချည်းမဟုတ်လား။

စားပင် ဘယ်မှာရှိတယ်။ ဆားကျင်း ဘယ်မှာရှိတယ်။ သူသိပေသည်။ သူ့တော သူကျွမ်းသည် မဟုတ်ပါကလား။

သူ၏ သားကောင်ခြေရာ ကောက်လိုက်တတ်မှုများက မြိုင်သာယာ တစ်လျှောက် နာမည်ကျော်ကြားလာ၏။ အမဲလိုက်သူအတော်များများသည် သူ့ ထံသို့ ရောက်လာတတ်ကြသည်။ လမ်းပြအဖြစ်သူ့ကို ခေါ်ဆောင်သွား လာတတ် ကြသည်။ မုဆိုးများနှင့် ရင်းနှီးခင်မင်မှုရှိလာပြီး သေနတ်မျိုးစုံပစ်ခတ်ခြင်း၊ အတတ် များကို သင်ယူတတ်မြောက်ခဲ့ပြန်သည်။ သို့ဖြင့် သူ့လက်သို့ လေးဝှ၊ ဒူးလေးအစား ဗိုင်း ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်တစ်လက် ရောက်လာခဲ့ပေသည်။ အမဲလိုက်ခြင်း ဝါသနာ အလွန်ကြီးမားသော ရန်ကုန်မှအရာရှိဟောင်း အဘိုးကြီးတစ်ယောက်က သူ့အား ထိုသေနတ်လက်ဆောင်ပေးသွားခြင်းဖြစ်သည်။

အမဲလိုက်ခြင်းဖြင့် မြင့်နောင်တစ်ယောက် အသက်မွေးဝမ်းကျောင်းပြု လာခဲ့ပြီဆိုတော့ အလေ့အကျင့်များလာသည်။ လက်ကလည်း ဖြောင့်သည်၊ တောလည်း ကျွမ်းသည်။ သူပစ်လိုက်ပြီဆိုရင် တစ်ချက်ပဲ။

သည်တော့...

နောက်ပိုင်းအချိန်များတွင်...

သေနတ်သံတစ်ချက် ရွာထဲမှကြားလိုက်သည်နှင့် မြင့်နောင်တစ်ယောက် သားကောင်တစ်ကောင် ထမ်းပြီးပြန်လာပြီသာမှတ်။

ဤသို့ဖြင့် သူသည် တစ်ချက်ပစ်လိုက်သည်နှင့် တစ်ကောင်သေချာသူ ဖြစ်လာတော့ကာ 'တစ်ချက်တစ်ကောင် မြင့်နောင်' ဟူသော ဘွဲ့ထူးကို ခံယူ တော့၏။





ကြာခဲ့ပြီလေ...။

အဲဒါတွေက သူငယ်စဉ်ဘဝ မုဆိုးဖြစ်စက။

ခုအသက် ၆၀ ကျော်မြင့်နောင် ဖြစ်နေပြီ။ သို့တိုင် အမဲလိုက်ခြင်းကိုတော့ မစွန့်လွှတ်။ သို့ရာတွင် အမြဲတမ်းတော့မဟုတ်။ ရံဖန်ရံခါ။

ခုတလော သူတောလိုက်မသွားတာကြာပြီ။ အရင်ကလို ကျန်းမာရေးက သိပ်မကောင်း၊ အသက်ကြီးလာတော့ မျက်စိက စကားပြောလာသည်။ မျက်လုံး အားသိပ်မကောင်းချင်တော့။ သို့ကြောင့် ညဘက်လင့်ထိုး အမဲလိုက်ခြင်းကို မလုပ် တော့။ နေ့ဘက်သာ အမဲပစ်ထွက်တော့၏။ အခုလည်း အမဲပစ်ထွက်ရပေဦးမည်။

"အဖေ ကနေ့ အမဲပစ်သွားမလို့လား..."

ဗိုင်း ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်သေနတ်ပြောင်း တိုက်နေသော ဖခင်ဖြစ်သူ ဦးမြင့်နောင်အား သားဖြစ်သူက လျှော်ကြိုးကျစ်နေရာမှ လှမ်းမေးသည်။

"အေးကွ... ဈေးသုံး ပြတ်နေတယ် မဟုတ်လား..."

"ဒါတော့ ဒါပေါ့ ဖေရာ... အဖေက ကောင်းကောင်းကျန်းမာတာလည်း မဟုတ်ဘူး... မသွားပါနဲ့လား... ကျွန်တော်လည်း ဟင်းစားအတွက် ကြက်ထောင် ငှက်ထောင် ရှာနေတာပဲ... သည်မနက် ကျွန်တော် မန်းတောထဲမယ် သုတ်ကိုင်း ထောင်ခဲ့သေးတယ်... အဖေရာ ကြက်ခြေရာ ရစ်ခြေရာတွေ ပွနေတာပဲ... အနည်း လေး နှစ်ကောင်တော့ ပြေးမလွတ်ဘူး..."

သေနတ်ပြောင်း တိုက်နေရာမှ သားကိုပြုံး၍ မော်ကြည့်လိုက်သည်။ သူ ငယ်ငယ်ကဆိုလျှင် ကြက်ငှက်များကို ဘယ်တော့မှ ထောင်မဖမ်း၊ လောက်လေးဝှ ဖြင့်သာ ချောင်းမြောင်းပစ်ခတ်လေ့ရှိသည်။ ခုသားဖြစ်သူက ကြိုကွင်းဖြင့် သုတ် ကိုင်းထောင်သည်။ လောက်လေးဝှမကိုင်၊ ဒူးလေးမကိုင် သေနတ်ဆို ဝေလာဝေး သေး၏။

"ခြော် သားရယ်... မင်းကို ငါ့လိုမုဆိုးကောင်းတစ်ယောက် ဖြစ်စေချင် တာ... မင်းအသက်လည်း မငယ်တော့ဘူး... သုံးဆယ်နီးပြီပဲ... ငါ... မင်းအရွယ် တုန်းကဆို 'တစ်ချက်တစ်ကောင် မြင့်နောင်' ဆိုပြီး ရွာမယ်ပိုးလေးတကော ကျော်ဖြစ်နေပြီဆိုတာ မင်းသိသားပဲ... မင်းအမေဆိုရင် ငါ့ရဲ့အင်နံ့နဲ့ ရွာထဲမှာ မြောက်နေတာပဲ... မြို့ကလာတဲ့ အပျော်တမ်းမုဆိုးတွေက သူ့အတွက် ပြီး ပိုတ်စကောင်းတွေ... အစားအသောက်ကောင်းတွေ ယူလာပေးတတ်ကြတယ်... သဘောက ငါ့ကို ဖားကြတာပေါ့ကွာ... ဟဲ... ဟဲ... ဟဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်နောင်က အာလုပ်သံကြီးဖြင့် အားရပါးရ ပြောပြသည်။

"အောင်မယ် သူက အသားယူလို့ ပြောရသေး... ကျုပ်ကို သူတို့က ပိုးကြေးပန်းကြေး ပေးကြတာပါတော်... "

ထမင်းချက်ရင်း ငရုတ်သီးထောင်းနေသည့် ဒေါ်ဖွားနှစ်က လင်တော် မောင်အား အရွဲ့တိုက်၍ပြောသည်။

"ဟဲ... ဟဲ... ဟဲ... အလကားစတာပါကွာ... မင်းမကြိုက်ရင် ငါမပြောတော့ပါဘူး... ကဲ... ကဲ... အထက်တောသွားဦးမယ်... ဂျီလေးဆတ်လေးများ ရမလားလို့... "

ပြောပြောဆိုဆို ကွမ်း၊ ဆေးလိပ်၊ ထမင်းထုပ်၊ ငရုတ်သီးတောင့်နှင့် သေနတ်ကျည်သုံးလေးတောင့် ထည့်ထားသော လွယ်အိတ်ကိုလွယ်လိုက်သည်။ ကွမ်းတစ်ယာလည်း အလျင်အမြန်ယာ၍ ဝါးလိုက်သေးသည်။ ပြီး ဓားမတိုတစ်ချောင်းခါးကြားထိုးကာ သေနတ်ပခုံးထက်တင်လျက် အထက်တောဘက်သို့ ထွက်ခဲ့ပေသည်။

လျှောက်ခဲ့သည့် ခရီးကလည်း မနည်းတော့။ တစ်တောင်တက် တစ်တောင်ဆင်း နေ့တစ်ဝက်ကျော်ပြီ။ နေမွန်းတည့်ချေပြီ။ ဘာသားကောင် ခြေရာမျှမတွေ့။ ဘယ်တွေ့ပါ့မလဲ။ အနောက်တောဘက်မယ် သစ်တောဌာနက လူတွေ ကျွန်းသင်းသတ်လာလုပ်နေကြတာကိုး။ သစ်ခုတ်သံ၊ လွှသံတွေကညံညံ နဲ့ဆိုတော့ ဘယ်တောကောင်က ရှိပါ့မလဲလေ။

အသက်လေးရလာလို့လား မသိ။ မောလိုက်တာ။ ဟိုတုန်းကဆို တစ်နေကုန်လျှောက်စမ်း အမောလုံးပါ့။ ခုများတော့ ပန်းလိုက်တာ။ မျက်လုံးတွေတောင် ဝေလို့။ သားကောင်တွေတော့ သည်ကနေ့ တွေ့လိမ့်မယ် လုံးဝမမျှော်လင့်ချေ။ သစ်တောထဲမယ် ဆူဆူညံညံဖြစ်နေတာကိုး။ သည်တော့ ဦးမြင့်နောင်သည် သစ်တောစခန်းတစ်ခုတွင် ခေတ္တဝင်ရောက် ထမင်းစားနားပြီး၊ အနောက်တောလာလမ်းအတိုင်း ပြန်၍လာလေသည်။

အပြန်ခရီးတွင် မမျှော်လင့်ဘဲ ဖြုတွင်းတစ်တွင်းတွေ့လေသည်။

မှန်း...

ဖြုတွင်းထိပ်ဝသို့ အသေအချာ ငုံ့ကြည့်လိုက်သည်။ တော်ပါသေးရဲ့

ဖြုကောင်ရဲ့အဝင် ခြေရာသာရှိပြီး အထွက်ခြေရာမရှိ။ သေချာပြီပေါ့ အနည်းလေး နှစ်ကောင်နဲ့ အများဆုံးသုံးကောင် ပြေးမလွတ်ပြီ။





ဖြုတွင်းတစ်တွင်းတွင် ဖိုမနှစ်ကောင်နေတတ်၏။ သားရှိလျှင် တစ်ကောင်၊ ပေါင်းသုံးကောင် ရှိတတ်သည်။ ခြေရာကြည့်ရတာ တော်တော်ကြီးပုံ ရသည်ဟု ဦးမြင့်နောင်စိတ်တွင် ကြိတ်မှတ်ပြီး ပျော်နေမိသည်။

သူ့ ပထမဦး လုပ်ဆောင်ရမည့်အလုပ်ကို လုပ် ပိုက်သည်၊ တစ်ဖက်ကမူစောင်းတွင်ရှိမည့် ကယ်ပေါက်(အရေးပေါ်ထွက်ပေါက်)ကို ရှာ၍ ခဲများ တုတ်ချောင်းများဖြင့် အသေပိတ်လိုက်၏။ တစ်ဖန် မျှင်ဝါးများကို ခုတ်၍ ဝါးတုတ်ချွန်လေးများ အဆင်သင့်ပြုလုပ်ထားပြီးလျှင် ထင်းခြောက် အမှိုက်ခြောက်များ စုဆောင်း၍ အပေါက်ဝတွင်း စုပုံကာ မီးရှို့လိုက်သည်။ မီးငြှိလျှင် လွယ်အိတ်တွင်းမှ အရံသင့်ယူလာသော ငရုတ်သီးတောင့်ခြောက်များကို မီးထဲသို့ ပစ်ထည့်လိုက်ကာ တစ်ဖန် သစ်ခက်များဖြင့် မီးခိုးများကို အပေါက်အတွင်းသို့ ရိုက်သွင်းလေတော့သည်။ သေချာအောင် လိုသည်ထက်ပိုသွင်းသည်။ သို့မှသာ ငရုတ်သီးညှော်များပါသွားကြလိမ့်မည် မဟုတ်ပါလား။

မီးခိုးများ ကျေနပ်လောက်အောင် ရိုက်သွင်းပြီးလျှင် ဦးမြင့်နောင်သည် ဖြုတွင်းပေါက်ဝကို စောစောက ပြုလုပ်ထားသော ဝါးချွန်များဖြင့် ကန့်လန့်ခံ ရိုက်ပိတ်လိုက်သည်။ ဖြုများထွက်၍မရအောင် ဖြစ်၏၊ အလင်းပေါက်တော့ ပေးထားရသည်။ သို့မှသာ အလင်းရှိရာ ထွက်လာကြပေမည်။

အားလုံးကိစ္စပြီးသည်နှင့် ဦးမြင့်နောင်သည် နေ့မှ ချွေးများကို ပုဆိုးခါးပုံစဖြင့် သုတ်လိုက်ပြီး ကွမ်းတစ်ယာထုတ်ဝါးကာ သေနတ်ထမ်း၍ အိမ်သို့ ပြုံးရွှင်စွာဖြင့် လှမ်းလာခဲ့တော့သည်။

မနက်ကျလျှင်ကြည့်... အပေါက်ဝတွင်သေနေသော ဖြုနှစ်ကောင်သို့မဟုတ် သုံးကောင်ကို တွေ့ရမည် မဟုတ်ပါလား။

ညှော်နံ့ပါသော မီးခိုးမွန်သဖြင့် ဖြုများသည် ကယ်ပေါက်သို့ထွက်ကြမည်။ ကယ်ပေါက်ပိတ်ထားခြင်းခံရသဖြင့် အလင်းရောင်ရှိသော အဝင်အထွက်ပင်မပေါက်သို့ ပြန်ပြေးလာကြလိမ့်မည်။ သို့ရာတွင် အဝင်ပေါက်မှလည်း ဝါးချွန်များဖြင့် ကန့်လန့်ရိုက်ပိတ်ထား၍ ထွက်မရဘဲဖြစ်နေကြကာ မီးခိုးမွန်ဒဏ် ငရုတ်သီးညှော်နံ့ဒဏ် မခံနိုင်ဘဲ တွင်းပေါက်ဝတွင် အသက်ဆုံးရှုံးခံကြရတော့မည်။

နံနက်စောစောလာလျှင် သားကို ခေါ်လာရပေမည်။ အသယ်ကြောင့်ဆိုသော် ရံဖန်ရံခါ ဖြုတို့သည် အပေါက်ဝတွင် လာရောက်မသေဘဲ တွင်းလယ်လောက်တွင် မပြေးလွှားနိုင်တော့ဘဲ သေတတ်ကြသဖြင့် ဟွင်းထဲသို့ ဝင်ယူရန်အတွက် သူ့သားပါမှ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူတွင်းသည် ကြည့်တော့သေးသေး၊ တွင်းပေါက်ဝကို ရဲ့ထုတ်လိုက်မည်ဆိုပါက လူတစ်ကိုယ်တိုးဝင်နိုင်သည်။ ကလိုဏ်ထဲရှိ ဖြူချေးတွင်းသည် ရေတစ်ထိုင်လွတ် ရှိတတ်ကြသည်။ မတော်ဖြူတွင်းသို့ ကျသွားပါက မလွယ်။ ဖြူချေးတွင်း၌ လိပ်နှင့်မြွေများသည် ခိုကပ်နေတတ်သည်။ သို့ကြောင့် သူသည် အသက်အရွယ်ရလာပြီး မျက်စိအားမကောင်းတော့၍ အဆင်မပြေနိုင်။ သားတော်မောင်က ငယ်ရွယ်သူမို့ မျက်စိအားကောင်းသည်။ ဖြူတွင်းသို့ ပထမမျက်စိအားကောင်းကောင်းဖြင့် ကြည့်ရမည်။ မြွေမရှိမှ၊ လိပ်ရှိလို့ကတော့ အပိုဆုတာပေါ့။ ကိစ္စမရှိ၊ သူလုပ်ရမည့်လုပ်ငန်းများ သေသပ်စွာပြုလုပ်ပြီးပြီပဲ။ သူ့သားကလည်း သည်ကိစ္စမျိုးကျွမ်းကျင်ပြီးသားပဲ။ အတွေးတစ်ပိုင်းတစ်စဖြင့် ရွာဆီသို့ ခပ်သုတ်သုတ်ပြန်ခဲ့သည်။ ဖြူတွင်းမီးခိုးရိုက်သွင်းနေရခြင်းကြောင့် အချိန်နည်းနည်း လင့်သွားသည်။ အိမ်အပြန်မိုးချုပ်၍မဖြစ် အမောင်က ညီအစ်ကိုမသိတသိချိန်သို့ ရောက်လာချေပြီ။ အချိန်မီတော့ အိမ်ကိုရောက်ကောင်းပါရဲ့။ သည်ခနိုးတောလေးတစ်ကွေ့ပြီးလျှင် အိမ်နားနီးသွားပြီ ဖြစ်၏။ လယ်တစ်ကွက်သာ ကျန်တော့မည်။ ယင်းလယ်ကွက်ကို ဖြတ်ပြီးသည်နှင့် ရွာရောက်ပြီပေါ့။ ရှေ့ခနိုးတောတွင်းမှ လှုပ်ရှားသံတစ်ခုကြားလိုက်သည်။

မှန်း...

ကြည့်စမ်း... ၊ ကံများကောင်းလိုက်ချင်တော့ တစ်နေကုန်လျှောက်စဉ်ကဘာသားကောင်မျှမတွေ့၊ ယခုအိမ်နားရောက်လုမှ သားကောင်နှင့် ပက်ပင်းတိုးတာပဲ။ လှုပ်လှုပ်လှုပ်လှုပ်နဲ့ပါလား။ 'ချေ' ပဲဖြစ်လိမ့်မည်။ သည်တော့ ဦးမြင့်နောင်သည် ပခုံးမှ ပို့ုင့် ၃၇၅ မဂ္ဂနမ် ရိုင်ဖယ်ကိုအသာချကာ သာသာညင်ညင်မောင်းတင်လိုက်သည်။

'ချောက်'

ဒါတောင်မှ အသံထွက်သွားသေးသည်။ တော်သေး၏။ 'ချေ'က မပြေး ရိုးတိုးရိပ်တိပ် မြင်နေရသော်လည်း သူတွက်ချက်မှန်းတတ်ပြီးသား ဖြစ်သည်။ အတွေ့အကြုံက စကားပြောတတ်သည်။ ဘယ်နေရာလောက် မှန်းပစ်လျှင်ရသည်ကိုသိပြီး ဖြစ်သဖြင့် မှဆိုးထိုင် ထိုင်ချလိုက်သည်။ ပြီး အသက်ပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်ကာ အသက်အောင့်၍ ပစ်မှတ်ကို သေချာအောင်ချိန်၍တွယ် ပစ်ချလိုက်တော့သည်။

'ဒိန်း'





အသေအချာပဲပေါ့။ ဘာဝေးတာမှတ်လို့ သေနတ်ပြောင်းဝ ယမ်းခိုးပြယ်သွားသည်နှင့် ခနိုးတောတွင်းသို့ ပြေးဝင်ကြည့်လိုက်သည်။ ခွေခွေကလေးရယ်။

ဟာ...

ရုတ်ခြည်း ကမ္ဘာကြီးပတ်ချာလည်သွားပြီကော ဦးမြင့်နောင် တစ်ယောက် တုန်လှုပ်အံ့ဩခြင်းနှင့်အတူ စိုးရိမ်ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချောက်ချားခြင်းများ တစ်ပြိုင်နက်ဖြစ်သွားရသည်။

မျက်စိအားမကောင်းခြင်း၊ အမှောင်ထုဖုံးလွှမ်းခြင်းကြောင့် သူတော မှောက်ခြင်းခံလိုက်ရပြီ ထင်ပါရဲ့။ သူပစ်လိုက်သည်မှာ ချေမဟုတ်။ လုံ့သားစင်စစ်တစ်ယောက်။ သည်လူတစ်ယောက်ကလည်း အခြားသူမဟုတ်။

"ဘုရား... ဘုရား... ကယ်တော်မူပါ... "

"ခနိုးတောထဲမယ် သုတ်ကိုင်း ထောင်ထားတယ်... အဖေရာ... ရစ်ခြေရာ... ကြက်ခြေရာဟွေ ပွနေတာပဲ... ရမှာသေချာတယ်... အနည်းလေး နှစ်ကောင်ပြေးမလွတ်ဘူး"

မနက်က သူ့သားပြောခဲ့သော စကားသံများကို နားထဲပြန်ကြားမိသည်။ ထိုသုတ်ကိုင်းတွင် ရစ်ကလေးနှစ်ကောင် လည်ပင်းကြိုးတန်းလန်းဖြင့် သေနေသည်။

ဦးမြင့်နောင်တစ်ယောက် မျက်ရည်များ ဖြိုင်ဖြိုင်ကျရချေပြီ။ လူသူရှင်းသောနေရာမို့ အသံထွက်အောင်ပင် ငိုပစ်လိုက်သည်၊ သည့်နောက်...

သူ့သားအလောင်းကို ပခုံးပေါ်သို့ထမ်းကာ ရွာဘက်ဆီသို့ တစ်လှမ်းချင်းလှမ်းလာမိသည်။ လဲ၍မသွားလေအောင် မနည်းကြိုးစား ထိန်းလျှောက်နေရသည်။ ခြေယိုင်ကာ ယော့ခွေလုလု။

သူ့သေနတ်သံကို ရွာထဲမှ ကြားကြပေလိမ့်မည်။ အိမ်မှလည်း ကြားပါလိမ့်မည်။ သူ့သေနတ်သံကို တွက်၍ ဦးမြင့်နောင်ကြီး တစ်ယောက် အမဲတစ်ကောင်ထမ်းပြီး ပြန်လာတော့မယ်ဟုဆိုပြီး ဘာကောင်များပါလာပါလိမ့်မည် သိချင်စောဖြင့် ထွက်ကြည့်ကြပေတော့မည်။

သည်အခါတွင်...

| ချယ်ရီမဂ္ဂဇင်း၊ အမှတ် (၁၁) |


✦✧✦✧✦✧



www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးအငြိုး



## မုဆိုးအငြိုး

"ဗျို့… စောတာလူး… စောတာလူး… "

"ဘာတုန်း ငွေးရ… ဘာများဖြစ်လာရတာတုံး… "

သူနှင့် သားကြီးဖိုးလုံး မနက်ကမှ ရှာလာသည့် ဖွတ်ကြီးအား တာလပေါ် ဟင်းချက်ရန် ဖျက်နေသည့် မုဆိုးကြီးစောတာလူးသည် မောကြီးပန်းကြီး ပြေးလာသည့် ငွေးကို မေးလိုက်သည်။

"ကျုပ် ဘာဖြစ်လာတာတုန်းလို့ မမေးနဲ့… ခင်ဗျားသားကြီး ဘာဖြစ်နေလဲဆိုတာ ခုလိုက်ကြည့်ဦး… "

စောတာလူး ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ သားကြီး ဘာဖြစ် ပါလိမ့်

"ဟိတ်ကောင် ငွေး… သားကြီး ဘာဖြစ်လဲ… ပြောမှသာ ပြောစမ်းပါကွာ… "

"အိုဗျာ… သိချင်ရင် လာလိုက်ကြည့်… "

သည်တော့ စောတာလူးသည် ကိုင်လက်စ ဖွတ်ကြီးအား ဒန်အိုးထဲသို့ ထည့်ခဲ့ပြီး ငွေးနောက်သို့ လိုက်ခဲ့တော့၏။ ရွာအပြင်ဘက် တောစပ်သို့ရောက်သည်နှင့် စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းကို တွေ့လိုက်ရသည်။

"ဖြစ်မှဖြစ်ရလေ သားကြီးရယ်… "

ကိုက်ဆွဲကုတ်ဖွဲ့ခံရသည့် ဒဏ်ရာဒဏ်ချက် ပြောက်မြားစွာ ရရှိထားသည့် သားကြီးဖိုးလုံးသည် မျက်လုံးလေး ကလယ်ကလယ်ဖြင့် တအီအီအော်ညည်းကာ ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်။ ထိုမြင်ကွင်းသည် စောတာလူးအတွက် ကြေကွဲစရာပင်ဖြစ်တော့သည်။

စောတာလူးသည် သားကြီးကို ပွေ့ယူမလိုက်သည်တွင် အူနှင့် အသည်းရှည်ရှည်တစ်ချက်ထွက်လာကာ အသက်ထွက်သွားတော့သည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စောတာလူးရင်ထဲတွင် လှိုက်ခနဲဖြစ်သွားကာ မျက်ရည်များပင် စီးကျလာ၏။

"တောက်"

စောတာလူးသည် တောက်တစ်ချက်ခေါက်လိုက်ကာ အံကိုကြိတ်လိုက်ပြီး သူ၏သားကြီးဖိုးလုံးကို ပခုံးပေါ်သို့တင်ပြီး ထမ်းယူလာ၏။ သူ၏နေအိမ်သို့ ရောက်သည့်အခါတွင် ခြံစပ်မှာပင် ကောင်းမွန်စွာ မြှုပ်နှံလိုက်သည်။

ထိုနေ့ ညနေမှစ၍ မုဆိုးကြီးစောတာလူးတစ်ယောက် လက်စွဲတော် ဒူးလေးကြီးကို ကိုင်စွဲ၍ ရွာမှထွက်သွားသည်မှာ ယနေ့ပါဆိုလျှင် လေးရက်မြောက်လေပြီ။ ရွာသို့လည်း ပြန်ရောက်လာခြင်းမရှိ။ သို့ကြောင့် ရွာလူကြီး ဦးဖိုးစိန်သည် စောတာလူးအတွက် စိုးရိမ်မိသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ခေါ်ယူအကူအညီ တောင်းခဲ့လေသည်။

"သူ့ရဲ့သားကြီးက သိပ်လိမ္မာတာဗျ... သူ့အတွက် အားကိုးလောက်တဲ့ သားကြီးပါ... အင်မတန် အမဲလိုက်ကောင်းတဲ့ခွေး... သည်ခွေးလေးက သူ့အတွက် အားကိုးလောက်စရာပဲ... သူ့ရဲ့အသက်... သူ့ရဲ့လက်စွဲတော် ဒူးလေး ဆက်တောင် မရှိမဖြစ်အသုံးဝင်နေတာကို... အင်းလေ... သူ့ရဲ့အေးချမ်းတဲ့ ဘဝလေး၊ ပြေလည်နေတဲ့ဝမ်းရေးကိစ္စကို ဖျက်ဆီးခံလိုက်ရတာကို... အဲဒီနေ့က"

ပြောလက်စ စကားကိုခေတ္တရပ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပြီးမှ ဦးဖိုးစိန်သည် စကားဆက်ပြန်သည်။

"ခွေးကလေးက သူနိုင်သလောက် ပြန်လှန်ခုခံတိုက်ခိုက်ပြီး သူ့သခင်ဆီ အရောက်ပြန်ခဲ့တယ်။ ပြီးတော့ သူ့ကို ဘယ်ကောင်ဒုက္ခပေး တိုက်ခိုက်ခဲ့တယ်ဆိုတာ သူ့သခင် သိရအောင်လို့ ထင်ပါရဲ့။ အဲဒီသတ္တဝါကောင်ရဲ့ နားရွက် ဘစ်ဖက်ကို ကိုက်ဖြတ်ယူခဲ့သေးတယ်လေ..."

"ဟာ... သည်ခွေးက တယ်တော်ပါလား... ဘာကောင်ရဲ့နားရွက်လဲဗျ"

လင်းမြင့်လှိုင်သည် ဆက်သားခြောက်ဖုတ်ကို ကောက်ယူမြုံ့ဝါးရင်း မေးလိုက်သည်။

"ကျားသစ်လို့တော့ စောတာလူးက ပြောတာပဲ..."

"ကဲပါလေ... ခု... ကျွန်တော့်တို့က ဘာလုပ်ပေးရမှာတုန်း..."

ကျွန်တော်က မေးလိုက်သည်။

"ရွာကို ပြန်ရောက်မလာတဲ့ စောတာလူးကို လိုက်ရှာချင်တယ်ဗျာ"





"ကောင်းပြီလေ... မနက်ကို ခရီးစထွက်ကြတာပေါ့... ကျွန်တော်တို့မှာတော့ ကျည်နဲ့သေနတ်ကလွဲလို့ ဘာမှပါမလာဘူးနော်..."

"ကျွန်တော် အားလုံးစီစဉ်လိုက်ပါ့မယ်..."

"ဦးဖိုးစိန်ကော လိုက်မယ် မဟုတ်လား" လင်းမြင့်လှိုင်က မေးလိုက်သည်။

"လိုက်ရမှာပေါ့..."

သို့ဖြင့် နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့သုံးယောက်သည် စမ်းရွာကလေး၏ အရှေ့ဘက်တောသို့ စောတာလူးအား ရှာပုံတော်ဖွင့်ရန် ခရီးစခဲ့ကြတော့သည်။

နေမွန်းတည့်လောက်တွင် ဝါးခုတ်တဲတစ်လုံးတွေ့သည်နှင့် ဝင်ရောက်စုံစမ်းကြည့်သည်တွင်

"လွန်ခဲ့တဲ့ သုံးရက်လောက်က ဒူးလေးကိုင်ထားတဲ့ ကရင်ကြီးတစ်ယောက်ကို အထက်ပိုင်းမှာ တွေ့လိုက်တယ်..."

ထိုသည်မှလွဲ၍ ဘာမျှပိုမသိခဲ့ရ။ ထို့ကြောင့် ပါလာသည့်ရိက္ခာခြောက်များကို ထိုဝါးခုတ်တဲတွင် ချက်ပြုတ်စားပြီး ခရီးဆန့်ကြပြန်သည်။

အောက်ဆေါင်းရှပ်သော တောစိုမို့ ညနေ ၄း၀၀ နာရီခန့်တွင် အလင်းရောင် ပျောက်ကွယ်လုဖြစ်လာသဖြင့်...

"ကဲ... ဆရာလေးတို့ ရှေ့နားမှာ ဆင်စခန်းရှိတယ်... အဲဒီမှာ တစ်ညတည်းကြတာပေါ့" ဟုပြောရင်း ဦးဖိုးစိန်သည် ရှေ့မှခပ်သုတ်သုတ် သွားသည်ကြောင့် ကျွန်တော်တို့နှစ်ယောက်သည်လည်း သူ့နောက်အမီလိုက်ရတော့၏။

တောင်ကြောပေါ်မှ နာရီဝက်ခန့် လျှောက်ခဲ့ကြပြီးနောက် ရေခန်းစပြုနေသည့် ဥက္ကံချောင်းမကြီးအတွင်းသို့ ဖြတ်ဆင်းလိုက်ကြသည်။ အလင်းရောင်မြန်ခြင်ရသည်။ တစ်ဖန် ဥက္ကံချောင်းမကြီး အထက်သို့ ဆန်တက်လာကြစဉ်...

"ဗျို့... ဦးဖိုးစိန်... ဘယ်တုန်းဗျ..."

အသံလာရာဘက်သို့ လှမ်းကြည့်လိုက်ရာ တောစပ်မှချောင်းအတွင်း ဆင်းလာသည့်လူသုံးဦးကို တွေ့လိုက်သည်။

ပုဆိန်ကို ပခုံးပေါ်တင်ထမ်းလာသည့် လူတစ်ဦးနှင့် ယန်းမောင်းဝင် နှစ်ဦးဖြစ်သည်။

"ဟာ... တောအုပ်ကြီးကိုအောင်ဆန်းတို့ပါလား... အထက်ဆင်စခန်း သွားမလို့ဗျို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စတုန်း..."

တောအုပ်ကြီး ကိုအောင်ဆန်းဆိုသူက ကျွန်တော်တို့ အနားရောက်လာသည်နှင့် ဦးဖိုးစိန်ကိုပြုံးပြုံးလေးဟန်ဖြင့် မေးသည်။

"စောတာလူးပေါ့... ရွာက ထွက်သွားတာ လေးရက်ကျော်နေပြီ... အဲဒါ သူ့ကို လိုက်ရှာနေကြတာ..."

"ဗျာ... မနေ့ကတောင် ကျွန်တော်တို့စခန်း ရောက်လာသေးတယ်... သူ ကြည့်ရတာ ခါတိုင်းလို မဟုတ်ဘူး... စကားလည်း သိပ်မပြောဘူး... မှုန်ကုပ်ကုပ်နဲ့... တစ်ခုခုထူးခြားနေသလိုပဲ... ကဲ... ကဲ... ဦးဖိုးစိန်တို့တွေ ကျွန်တော့် စခန်းလိုက်ကြပေတော့... သူ့အကြောင်းလည်း ကျွန်တော် သိချင်တယ်... သူ ဘယ်သွားလဲဆိုတာလည်း ပြောပြမယ်..."

ကိုအောင်ဆန်းစကားကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဦးဖိုးစိန်ကိုကြည့်ကာ ပြုံးပြလိုက်ကြသည်။ လမ်းစတွေ့ချေပြီ ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် တောအုပ်ကြီးကိုအောင်ဆန်း၏ စခန်းသို့ ရောက်လာခဲ့ကြတော့၏။

စခန်းသို့ရောက်သည်နှင့် ခေတ္တအမောဖြေနားလိုက်ပြီး ရေမိုးချိုးလိုက်ကြသည်။ ထို့နောက် ကိုအောင်ဆန်း ထုတ်ပေးသည့် ARMY RUM ကိုသောက်ရင်း မျောက်သားကင်မြည်းကာ စကားစမြည်ပြောကြလေသည်။

"ကိုအောင်ဆန်းတို့က သည်မှာ ဘာလာလုပ်ကြတာတုန်း."

ဦးဖိုးစိန်က ကျွန်တော်တို့နှစ်ယောက်နှင့် ကိုအောင်ဆန်းကို မိတ်ဆက်ပေးပြီးသည်နှင့် ကျွန်တော်က မေးလိုက်၏။

"သစ်ပင်ထောင် လာရိုက်ကြတာပါ"

"ဩော်..."

ခေတ္တစကားပြတ်သွားကြပြန်သည်။

"ဟိတ်ကောင် သော်ဇင်... မင်းမိန်းမပို့လိုက်တဲ့ ငါးခြောက်ကြော်လေး ယူခဲ့စမ်းပါဦးကွ... မင်းမိန်းမလက်ရာ မြည်းရတာပေါ့... ဟဲ... ဟဲ..."

"ရပါတယ် ဆရာသမားရဲ့... ဟဲ... ဟဲ..."

တောအုပ်ကြီး ကိုအောင်ဆန်း၏ တွဲဖက်တောခေါင်း သော်ဇင်က သူ့ အိပ်ရာခေါင်းရင်းတွင်ထားသည့် ငါးခြောက်ကြော်ထည့်ထားသော ဟောလစ် ပုလင်းကို ယူလာပေးသည်။





"ဒါနဲ့ စောတာလူးကိစ္စ ပြောပါဦး..."

ဦးဖိုးစိန်က မေးလိုက်သည်တွင် ကိုအောင်ဆန်းသည် ငါးခြောက်ကြော် ပုလင်းကို အဖုံးဖွင့်၍ ကျွန်တော်တို့ရှေ့တွင် ချပေးရင်း...

"မနေ့က စောတာလူး ရောက်လာတယ်... စကားလည်း သိပ်မပြောဘူး... သူပစ်လာတဲ့ မျောက်ကိုပေးပြီး... ဒီနားတစ်ဝိုက်မှာ ကျားသစ်ခြေရာလေး ဘာ လေး မတွေ့ဘူးလားလို့ မေးတယ်... သော်ဇင်က ပန်းပုတ်ကြီးစခန်းမှာ တွေ့ မိတယ်လို့လည်း ပြောလိုက်ရော စောတာလူးက ဘာမှဆက်မမေးတော့ဘဲ ပန်း ပုတ်ကြီးစခန်းဘက် ထွက်သွားလေရဲ့... စောတာလူးက ဘာတွေဖြစ်နေတာလဲ ဦးဖိုးစိန်..."

သည်တော့ ဦးဖိုးစိန်သည် စောတာလူး၏ နွားကလေး သေသွားသည့် ကိစ္စနှင့် ရွာမှထွက်သွားသည့်အကြောင်းကို အသေးစိတ် ပြောပြလိုက်၏။

"စောတာလူးဟာ သူ့သားကြီးအတွက် အငြိုးကြီးနဲ့ ကလဲ့စားချေဖို့ တယ်ဖွဲ့ကြီးတာကိုး... ဘာပြောပြောလေ သူ့မှာကျ ဒူးလေးတင်ပါတာ... သူ့ အတွက် အန္တရာယ်သိပ်များတယ်..."

"ကဲ... ကဲ... လက်ကျန်လေးရှင်းလိုက်ကြပါဦး... ပြီးရင်... ထမင်းစား ကြတာပေါ့... စောတာလူးပစ်လာတဲ့ မျောက်သားဟင်းနဲ့ ညှော်ခံတော့မှာပဲ... ကဲ... သော်ဇင်ရေ ထမင်းပြင်ကွာ... ညော့သည်တွေ စားကြလိမ့်မယ်..."

ဟုပြောရင်း လက်ကျန်ခွက်ကို တစ်ကျိုက်တည်းမော့သောက်လိုက် သည်။

စားသောက်ပြီးကြသည်နှင့် တစ်ရေးတစ်မော အိပ်လိုက်ကြပြီး နောက် တစ်နေ့ မနက်စောစော ပန်းပုတ်ကြီးစခန်းဘက်သို့ ထွက်ခဲ့ကြသည်နှင့် ကိုအောင် ဆန်းတို့အဖွဲ့သည်လည်း သစ်ပင်ထောင်ရိုက်ရန်အတွက် လုပ်ငန်း ခွင်သို့ ထွက် သွားကြတော့သည်။

"သည်မြောင်လေးကို ကျော်လိုက်ရင် ရှေ့မှာပန်းပုတ်ကြီးစခန်း ရောက် ပြီ" ကွမ်းတစ်ယာညက်လောက်အရောက်တွင် ဦးဖိုးစိန်က ပြောသည်။ သူ ပြော သည့်အတိုင်းပင် မြောင် ကလေးကိုကျော်လိုက်ပြီးသည်နှင့် ပန်းပုတ်ကြီးစခန်း သို့ရောက်လာကြ၏။ ဖရိုဖရဲဖြစ်နေသော ဝါးခုတ်တဲဟောင်းလေး များကို တွေ့ ရပြီး ကြီးမားသော ထိန်ပင်ကြီးခြေရင်းတွင် မီးခိုးငွေ့လေးများ အူထွက်နေသည့် သစ်လုံးခြောက်ကြီးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ... ညက စောတာလူးစခန်းချသွားတာဖြစ်မယ်..."

"ဟုတ်တယ်... သည်မှာ ဝါးတုတ်လေးတွေကို သူမြှားတံလုပ်သွားတာပဲ"

ဝါးခြမ်းအပိုင်းအစ အချို့နှင့် ဝါးစလေးတွေကို ကြည့်ရင်း ကျွန်တော်က ထောက်ခံပြောလိုက်သည်။

ထိုနေရာမှ ရှေ့ဆက်လျှောက်လာကြရာ တစ်ဖာလုံ သာသာ အရောက်တွင် ဝါးတောအတွင်းမှ ရုတ်တရက် ပြေးထွက်လာသည့် သတ္တဝါတစ်ကောင်ကို မြင်လိုက်သဖြင့် ကျွန်တော်သည် လက်ထဲမှ သေနတ်ကို ကမန်းကတန်း မောင်းတင်ကာ ပစ်ရန်အလို့ငှာ အရှိသင့်ချိန်တွယ်လိုက်တော့၏။

ထိုသတ္တဝါကောင်သည်လည်း ကျွန်တော်တို့ကို မြင်လိုက်သည်နှင့် အနီးရှိ သစ်ပင်ပေါ်သို့ အားမာန်ဖြင့် လှမ်းခုန်တက်လိုက်သည်။ သို့ရာတွင် လမ်းခုလတ်မှာပင် အောက်သို့ ဘုတ်ခနဲ ပြုတ်ကျလာ၏။

ရှေ့လက်ပြင်တွင် မြားတံတန်းလန်းနှင့် ဒဏ်ရာများရထားသော ကျားသစ်တစ်ကောင် ဖြစ်သည်။

တဒင်္ဂအချိန်လေးမှာပင် သွေးအလိမ်းလိမ်းဖြင့် လူတစ်ယောက်သည် ထိုကျားသစ်ထံသို့ ပြေးဝင်လာကာ လက်တွင်ကိုင်ထားသည့် ဝါးခုတ်ဓားဖြင့် ဆက်တိုက်မရပ်မနား ခုတ်လေတော့သည်။

"ဝေါင်း... ဝေါင်း..."

ကျားသစ်ကောင်သည် နာကျင်လွန်းသဖြင့် မာန်ဖီအော်ဟစ်ကာ လူသားကို ကိုက်ဖြတ်ကုတ်ဖဲ့ရန် ကြိုးစားပြန်သည်။ လူသားကော ကျားသစ်ပါ လုံးထွေးနေသဖြင့် ကျွန်တော်သည်လည်း ပစ်ခွင့်မသာ ဖြစ်ရသည်။ တစ်ချိန်တွင် ကျားသစ်သည် မည်သို့ပြုလုပ်လိုက်သည်မသိ။ လူသားသည် ခပ်လှမ်းလှမ်းသို့ လွင့်စင်သွားတော့၏။

ထိုသည်ကို အခွင့်ကောင်းယူ၍ ကျွန်တော်သည် လက်တွင်းမှ ချိန်ရွယ်ထားသည့် သေနတ်မောင်းခလုတ်ကို ဖြုတ်ချလိုက်သည်။

"ဒိုန်း"

အနီးကပ်ပစ်ရသည်ဖြစ်သောကြောင့် ကျွန်တော်၏ကျည်ဆန်သည် ကျားသစ်၏ နှလုံးသားတည့်တည့်သို့ ထွင်းဖောက်ဝင်ရောက်သွားသဖြင့် အသက်ဇီဝိန်ကြွေသွားရလေတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုကျားသစ်ကြီး အနားသို့ တိုးကပ်ကြည့်လိုက်သည်။





တစ်ကိုယ်လုံး မွနေသောဒဏ်ရာများအပြင် လက်ပြင်တွင်မြားတန်းလန်း စိုက်ဝင်နေသည့်နားရွက်တစ်ဖက် ပြတ်နေသော ဒဏ်ရာဟောင်းရှိ ကျားသစ်ကြီးပင်ဖြစ်သည်။

"စောတာလူး... စောတာလူး..."

ဦးဖိုးစိန် စောတာလူးထံသို့ ပြေးသွားပွေ့ထူလိုက်သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ဦးဖိုးစိန် အနားရောက်သွားကြသည်တွင် ရုတ်တရက်မို့ ထိတ်လန့်သွားမိသည်။ စောတာလူးဆိုသူ၏ တစ်ကိုယ်လုံးတွင် ကျားသစ်ကုတ်ဖဲ့ခံရသည့် ဒဏ်ရာဒဏ်ချက်များအပြင် မျက်နှာတစ်ခြမ်းရှိ အသားဖတ်ကြီး လန်ကျနေခြင်းကြောင့်ပင် ဖြစ်သည်။

စောတာလူးသည် ဦးဖိုးစိန် ပွေ့ဖက်ထားသော ရင်ခွင်ကြားမှနေ၍ ကျွန်တော့်အားကြည့်ကာ အံတစ်ချက် အားယူကြိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခေါင်းကျိုးကျသွားလေတော့၏။

"အလာကောင်းပေမယ့် အခါနှောင်းပြီပေါ့ ဆရာလေးရယ်... စောတာလူးဆိုတာ သူပဲ..."

ဦးဖိုးစိန်သည် ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းစွာဖြင့် ပြောသည်။

စောတာလူးတစ်ယောက် အသက်မထွက်မီ ကျွန်တော့်အား ခပ်စိမ်းစိမ်းကြည့်ကာ အံကြိတ်လိုက်ခြင်းသည် မကျေနပ်သောဟန်ပင် ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော်...

သူ့သားကြီးကို သတ်သွားသည့် သူတို့၏ ငြိမ်းချမ်းသာယာသော ဘဝလေးကို ဖျက်ဆီးလိုက်သည့် ကျားသစ်ကောင်ကို သူကိုယ်တိုင် ကလဲ့စားချေ အသေသတ်ဖြတ်ရန် ကြိုးစားခဲ့ခြင်းကို ကျွန်တော်က ကြားဖြတ်သတ်လိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

တကယ်တော့ ကျွန်တော်ပစ်လိုက်သော ကျည်ကြောင့်မဟုတ်။ သူ၏ တိုက်ခိုက်ချက်များကြောင့်ပင် ကျားသစ်ကောင်သည် မကြာမီအချိန်ပိုင်းအတွင်း သေနိုင်လောက်သည်ကို သိမသွားဖေ။ အငြိုးကြီးပါပေ့ စောတာလူးရယ်...

"စောတာလူးရဲ့ ပြင်းထန်တဲ့ စိတ်ဓာတ်ကို မခိုးကျူးလို့ ရရောအဘူး ကိုပိုက်..."

လင်းမြင့်လှိုင်က ဤသို့ ပြောလာသဖြင့် ကျွန်တော်သည်လည်း ပြုံးရုံသာပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အင်မတန်ပြောချင်သည့် စကားတစ်ခွန်းကိုတော့ဖြင့် စိတ်ထဲမှာသာ ပြောလိုက်တော့၏။

"ဒီလိုလူမျိုးတွေကို ချီးကျူးရုံနဲ့ လုံလောက်နိုင်ပါ့မလား ကိုလင်းရယ်"

[ ထဝမ်ရာစုနှလုံးသားနှင့် မုဆိုးဝတ္ထုတိုများ ၁၉၆၇ ]
[ မောင်မောင်သိန်းမှုခင်း၊ ၁၉၉၅၊ အောက်တိုဘာလ ]

✦✧✦✧✦✧



# စည်းကမ်းဖောက်ကျူး မုဆိုးတာပေလား



www.burmeseclassic.com

www.burmeseclassic.com

# စည်းကမ်းဖောက်ကျူး၊ မုဆိုးတာပေလူး

'ဝါးခုတ်တောင်' စခန်းလမ်းခွဲသို့ ရောက်လာပြီဆိုလျှင်ဖြင့် အပြန်လမ်းကို ကျွန်တော် မှတ်မိချေပြီ။ ဤနေရာသည် ရွာနှင့်အတော်ကလေး ဝေးသေး၏။

သားကောင်ခြေရာခံလိုက်ရင်း တောထဲတွင် မျက်စိလည် လမ်းမှားသွားခဲ့ကြရာ ယခုညနေစောင်းလေးတွင်မှ ဝါးခုတ်တောင်စခန်းလမ်းခွဲသို့ ပြန်ရောက်ခဲ့ကြသည်။

ရွာသို့တန်းပြန်၍ မဖြစ်သေး။ အချိန်လင့်နေပြီ။ သို့ကြောင့် မုဆိုးတာပေလူးကို ကျွန်တော်က...

"ကဲ... တာပေလူးရေ... မနက်မှပဲ ပြန်ကြမှဖြစ်မယ်... ဒီညတော့ ဒီမှာပဲ စခန်းချကြစို့..."

"ကောင်းသားပဲ... ဒီမှာ ဝါးခုတ်သမားတွေရဲ့ တဲတစ်လုံးရှိနေတော့ကာ အတော်ပဲ..."

လင်းမြင့်လှိုင်က ထောက်ခံပြောဆိုရင်း ဝါးကြမ်းခင်းထားသည့် လေးတိုင်စင် တစ်ဖက်ရပ်တဲပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"ကောင်းတယ် ဆရာပိုက်ရေ... ကျွန်တော် မီးဖိုစရာထင်းခြောက်တွေ သွားကောက်ဦးမယ်..."

မုဆိုး 'တာပေလူး' က သူ၏ကျောမှ လွယ်ပိုးထားသည့်ပလိုင်းကို အောက်သို့ပစ်ချလိုက်ကာ ပလိုင်းထဲမှဓားမတိုကိုယူ၍ တဲရှေ့တောင်ကြောလေးပေါ်သို့ တက်သွားသည်။

"ဟူး... ပင်ပန်းလိုက်တာဗျာ... လူကိုမလှုပ်ချင်တော့ဘူး..."

ကျွန်တော်သည်လည်း သေနတ်ကို ဝါးကြမ်းခင်းပေါ်သို့ အသာချလိုက်ကာ ခြေပစ်လက်ပစ် ပက်လက်လှန်ချလိုက်၏။





"ရေကျန်သေးလား ကိုပိုက်..."

လင်းမြင့်လှိုင်၏အမေးကို နှုတ်ဖြင့်မဖြေတော့ဘဲ မျက်စိစုံမှိတ်မှိန်းနေရာမှ ခါးတွင်ချိတ်ထားသည့် ရေဘူးကိုဖြုတ်ကာ လှမ်းပေးလိုက်သည်။ ထိုစဉ်...

အရှေ့တောင်ကြောလေးပေါ်မှ အပြေးဆင်းလာသည့်ခြေသံနှင့်အတူ မုဆိုးတာပေလူးအသံက အနီးသို့ရောက်လာသည်။

"ဘာဖြစ်တာလဲ တာပေလူး..."

လင်းမြင့်လှိုင်က ရေကိုတစ်ကြိုက်မော့သောက် လိုက်ပြီး မေးသည်။

"ဟိုတောင်ကြောလေးအဆင်းမှာ 'ကဒွတ်' ပင်တွေ့တယ်... အသီးတွေလည်းမှည့်လို့..."

မုဆိုးတာပေလူး ဘာကိုဆိုလိုသည်ကို ကျွန်တော်တို့နှစ်ယောက် ချက်ချင်းသိလိုက်သည်။ ကဒွတ်သီးမှည့်များကို လာရောက်စားသောက်မည့် သားကောင်ငယ်တို့ကို စောင့်ပစ်ရန်လာရောက်ခေါ်ခြင်း ဖြစ်သည်။

မုဆိုးတို့သည် သားကောင်တို့၏ ခြေရာကိုခြောက်၍ အမဲလိုက်တတ်ကြသလို တောတွင်းသီးပင်များကို လာရောက်စားသောက်တတ်သည့် တောကောင်ငယ်များကိုလည်း စောင့်၍ ပစ်ခတ်တတ်ကြ၏။

တစ်ခါတစ်ရံ ဆားကျင်းတွင် စောင့်ပစ်တတ်ကြသည်၊ 'ဆားကျင်း' ဆိုသည်မှာ အငန်ဓာတ်ရှိသည့် မြေရှိရာနေရာကို ဆိုလိုပေသည်။ ယင်းအငန်ဓာတ်ရှိသည့်မြေကို တောတိရစ္ဆာန်ကြီးငယ်တို့သည် လာရောက်စားသောက်တတ်ကြသည်။ မြေအငန်ဓာတ်ရှိသည့်နေရာဆိုပါက သိသာလွန်းလှ၏။ အစိုဓာတ်ရှိပြီး ချိုင့်ခွက်ကလေးဖြစ်နေကာ၊ ယင်းပတ်ဝန်းကျင်တွင် ရှုပ်ပွနေသည့် တောတိရစ္ဆာန်တို့၏ ခြေရာမျိုးစုံကိုတွေ့ရပေမည်။ ယင်းသို့နေရာမျိုးကို တွေ့ရှိပါက ယင်းမြေကိုယူ၍ လျှာဖြင့်တို့ကြည့်ပါ။ မြေကြီးသည် ငန်နေမည်ကို သိရပေမည်။

တောတွင်း၌ ယင်းသို့ ဆားကျင်းမျိုးသော်လည်းကောင်း၊ သီးပင်များကိုသော်လည်းကောင်း၊ တွေ့ပါက သားကောင်ကို ခြေရာခံ၍လိုက်စရာမလို၊ စောင့်၍ပစ်ပေရော့။

ကျွန်တော်တို့သည် တစ်နေကုန်သားကောင်ကို ခြေရာခံတောက်လိုက်ပစ်ကြသည်။ လမ်းမှားခဲ့ကြသည်။ ပင်ပန်းကြလေပြီ။ သို့ကြောင့်

"ဟာ... တို့ပင်ပန်းနေပြီ... မင်းဟာမင်း သွားစောင့်ပစ်တော့ကွာ..."

လင်းမြင့်လှိုင်က သူ၏ ဝင်ချက်စတာရိုင်ဖယ်ကို တာပေလူးအား လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ ပြီး ကျွန်တော့်ကဲ့သို့ပင် ဝါးကြမ်းခင်းပေါ် လှဲအိပ်ချလိုက်သည်။

"ဟော့ကောင် တာပေလူး ရှဉ့်ကလေး... ငှက်ကလေးတွေကိုတော့ ထိ မလာပါနဲ့ကွာ... ဟုတ်လား..."

"ဟုတ်ကဲ့ပါ ဆရာပိုက်ရဲ့ စိတ်ချပါ..."

ပြောပြောဆိုဆို မုဆိုးတာပေလူးသည် အရှေ့တောင်ကြောလေးပေါ်သို့ ပြေးတက်သွား၏။

"ဒီကောင်က သားကောင်ခြေရာကောက်ဝညာတော့ အင်မတန် တော်တယ်... ပြီးတော့ လက်လည်း သိပ်ဖြောင့်တဲ့ကောင်..."

"ကိုလင်း ပြောတာ ကျွန်တော် လက်ခံပါတယ်... ဒါပေမယ့် ဒီကောင်က ပရမ်းပတာဗျ... မုဆိုးကောင်းတစ်ယောက်တော့ ဘယ်တော့မှဖြစ်လာမယ့်ကောင် မဟုတ်ဘူး..."

"ဘာဖြစ်လို့တုန်းဗျ..."

လင်းမြင့်လှိုင်သည် ကျွန်တော့်ဘက်သို့ ဆတ်ခနဲ ခေါင်းလှည့်မေးသည်။

"ကြည့်လေ... ချိုးငှက်ကလေးကိုလည်း သေနတ်နဲ့ပစ်တယ်... ယုန်တို့ ရှဉ့်တို့ကိုလည်း သေနတ်နဲ့ပစ်တယ်... သတ္တဝါနဲ့လက်နက်မမျှအောင် သတ်ဖြတ်တတ်တယ်..."

"သတ္တဝါနဲ့လက်နက်မျှတယ်လို့ ထင်ရအောင် တာပေလူးက သေနတ်ပစ် ကျွမ်းကျင်တယ် မဟုတ်လား..."

"ကိုလင်း ဘာကိုဆိုလိုတယ်ဆိုတာ ကျွန်တော် သိပါတယ်..."

နေ့လယ်ခင်းက လင်းမြင့်လှိုင်နှင့်တာပေလူးတို့နှစ်ယောက် လောင်းကြေး ထပ်ကာပြိုင်ကြသည်။ တာပေလူးက ကြွားတာလားမသိ။ ငှက်ကို သေနတ်ဖြင့် ပစ်၍ စားဖူးသည်ဟုဆို၏။ ဒါကို ကျွန်တော်တို့နှစ်ယောက်က မယုံ၊ ဥပမာ ချိုးငှက်တစ်ကောင်ကို တာပေလူးက ပစ်လိုက်မည်ဆိုပါက ထိပြီမဲထား။ လွန်ရော ကျွံရော သုံးပုံတစ်ပုံခန့်သာစားရန် အသားကျန်လိမ့်မည် မဟုတ်ပါလော။ တာပေ လူးက ပြုံးစိစိဖြင့် တစ်ကောင်လုံးနီးနီး စားရန်အသားကျန်ရမည်ဟု ရင်ကိုကော့ သက်မကိုထောင်၍ ရဲဝံ့စွာဆို၏။

"ကဲ... ပစ်ပေါ့..."

လောင်းကြေးကို အရက်သုံးလုံးနှင့် အတည်ပြုလိုက်ကြသည်။ ကံအား လျော်စွာပင် ကျွန်းပင်ထက်ဝယ် နားနေသည့်ချိုးတစ်ကောင်ကို တွေ့လိုက်၏။





သေးသေးညှက်ညှက်ခန္ဓာကိုယ်ရှိသည့် တာပေလူးကို ကျွန်တော် သ တိထားကြည့် မိသည်။ သူသည် ဆယ်စက္ကန့်လောက် ငြိမ်သက်သွားသည်။ ကျောက်ရုပ်တစ်ရုပ် လိုဖြစ်သွားသည်ဟုထင်၏။

"ဒိန်း"

မောင်းထိန်းခလုတ်ပေါ်တွင် တင်ထားသည့် သူ၏လက်ညှိုးကလေးမှ တစ်ပါး လှုပ်ရှားမှုကိုဘာမျှမတွေ့ရချေ။

တာပေလူးသည် သေနတ်ကို ကျွန်တော့်လက်တွင်းသို့ ထိုးအပ်ခဲ့ပြီး ကျွန်းပင်အောက်သို့ ကျသွားသည့်ချိုးငှက်ကလေးကို သွားကောက်ယူကာ ပေး လေသည်။

"ဟင်..."

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အံ့သြမိကြ၏။ တော်ပါပေသည်။

သူသည် သေနတ်ကိုင်သေနတ်ပစ် ကျွမ်းကျင်ကြောင်း မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ကြရသည်။

တစ်ကောင်လုံးနီးနီး စားရန်အသားကျန်ရမည်ဟူသော သူ၏စကားက အပြောနှင့်အလုပ် ညီပါပေသည်။ ကြည့်ပါ။ သူပစ်လိုက်သည်မှာ ခေါင်းကလေး တစ်ခြမ်းသာပဲ့သွားသည်။ ချိုးကျူးထိုက်ပေသည်။ သူ ငှက်ပစ်ကွင်း သည်လိုပဲ ဟုပြော၏။ လက်မှန်းတည့်ပါပေ၏။ သေနတ်ပစ်ကျွမ်းကျင်ပါပေ၏။

သို့သော် ရက်စက်လွန်း။ ပညာမဲ့လွန်းနေ၏။ နေ့လည်ခင်းက လောင်း ကြေးပွဲလေးကို ကျွန်တော် မြင်ယောင်မိသလို လင်းမြင့်လှိုင်လည်း သတိရနေ ပေလိမ့်မည်။ ကျွန်တော်သည် လင်းမြင့်လှိုင်ကို သေသေချာချာကြည့်လိုက်ကာ

"ကျည်ဆန်တစ်တောင့်ရဲ့တန်ဖိုးကို ဒီကောင် မသိဘူး။ အလဟဿ ကျည်ဖြုန်းသလို ဖြစ်နေတယ်။ ကျည်ဆန်တစ်တောင့်တန်ဖိုးနဲ့ ရတဲ့အသားရဲ့ တန်ဖိုးကမညီမျှဘူး... ပြီးတော့... သတ္တဝါငယ်လေးတွေကိုလည်း သေနတ်အသုံး ပြုသတ်ဖြတ်တာကို ကျွန်တော် ရွံမုန်းတယ်ဗျာ... သတ္တဝါနဲ့လက်နက် မမျှဘူး— အဲဒါရက်စက်လွန်းရာကျမနေဘူးလား..."

"ဒိန်း..."

ကျွန်တော်တို့နှစ်ယောက် စကားပြောနေစဉ်၊ အရှေ့တောင်ကြောဘက်မှ သေနတ်သံတစ်ချက်ကြားလိုက်ရသည်။ မုဆိုးတာပေလူးတော့ မညီသည့်သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်ထမ်းပြီး ပြန်လာမည်နည်းမသိ။ သားကောင်ပါလာမည်ကိုကား အကြွင်းမဲ့ယုံကြည့်မိသည်။ သေနတ်သံက သိပ်မဝေး သို့သော် တော်တော်နှင့် တာပေလူး စခန်းသို့ပြန်မရောက်လာသေး။ မှောင်စပျိုးတော့မည်။ သည်တစ်ချီတော့ဖြင့် တာပေလူး လွဲချော်သွားပြီထင်ပါရဲ့။ အတန်ကြာသည့်တိုင် တာပေလူးပြန်မရောက်လာသေးသဖြင့် ကျွန်တော်သည် စခန်းပတ်ဝန်းကျင်ရှိ ထင်းခြောက်များကို ရနိုင်သရွေ့ကောက်ကာ မီးဖိုထားလိုက်သည်။ ထိုစဉ်...

"ဒိန်း..."

ပထမသေနတ်သံတစ်ချက် ကြားလိုက်ရသည့်နေရာနှင့် ဓားလွယ်ခုတ်ခပ်လှမ်းလှမ်းမှ သေနတ်သံတစ်ချက် ထပ်ကြားလိုက်ရပြန်သည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

"တာပေလူးရဲ့သေနတ်သံပါပဲ"

လင်းမြင့်လှိုင်က ညည်းတွားသလိုနှင့် ကျွန်တော့်ကိုပြောရင်း တဲပေါ်မှဆင်းလာကာ မုဆိုးတာပေလူး၏ ပလိုင်းတွင်းမှ ယုန်သေနစ်ကောင်ကိုထုတ်ကာ ဖျက်ပြီး တံစို့ထိုးမီးကင်လိုက်သည်။ အတန်ကြာသောအခါ ယုန်မီးကင်နံ့လေးသည် ပျံ့၍ထွက်လာသည်။ ဆာဆာနှင့်စားနေကြစဉ်။

"ဆရာ... ဆရာ..."

ရှေ့တောင်ကြောမှနေ၍ မုဆိုးတာပေလူးတစ်ယောက်လှမ်းအော်ရင်း ခပ်သွက်သွက်ဆင်းလာသည်။ သူ၏ပခုံးထက်တွင် ဒရယ်တစ်ကောင်ပါလာသည်။ ကျွန်တော်တို့နှစ်ယောက်၏ အနီးသို့ရောက်သည့်အခါ ဒရယ်လေးကို ပစ်ချလိုက်သည်။

"ဘုန်း..."

"ဝ,သားပဲနော်..."

ဒရယ်သေကိုကြည့်ပြီး လင်းမြင့်လှိုင်က ပြောသည်။

"ဝ,မှာပေါ့ဆရာရဲ့... အဲဒီ ဒရယ်မလေးက ဗိုက်နဲ့ပဲ... ဟဲ... ဟဲ..."

တာပေလူးသည် ဂုဏ်ယူဝင့်ကြွားသောမျက်နှာ၊ တက်ကြွသောမာန်မာနတို့ဖြင့် ကျွန်တော့်ကိုကြည့်ကာ ဟန်လုပ်၍ရယ်မောနေသည်။

ကျွန်တော်ကမူ သူ့ကိုကြည့်ပြီး အလွန်စိတ်ပျက်သွားမိသည်။ ရင်ထဲ၌ရှုရှိုက်ဆုပ်စိတ်လည်း ဖြစ်သွားမိ၏။ သို့ကြောင့် ခေါင်းကိုအသာယမ်းခါရင်း





"ဒရယ်မလေးမှာ ဗိုက်ရှိမှန်း မပစ်ခင်က မသိဘူးလား..."

"သိပါတယ်..."

"ဘာကွ... သိရဲ့သားနဲ့ပစ်ရသလားကွာ..."

ကျွန်တော်က စိတ်ပျက်သံနှင့် ညည်းညူသံရောစွက်၍ ပြောလိုက်မိ သည်။

"ဪ... ဆရာပိုက်ကလည်း တိရစ္ဆာန်ဆိုတာ... လူတွေရဲ့အစာပဲ မဟုတ်လား..."

"မဟုတ်ဘူး... မဟုတ်ဘူး... မင်းနားလည်တာ ဒါပဲ... စာအုပ်ကြီးအတိုင်းလုပ်ဖို့လောက်ပဲ မင်းသိတာ... ဒီမယ် ငါပြောမယ် တာပေလူး... နောင်ကိုမှတ်ထား... တိရစ္ဆာန်ဆိုတာလည်း သတ္တဝါ... လူဆိုတာလည်း သတ္တဝါပါပဲ... သတ္တဝါအချင်းချင်းညှာတာသင့်ရင် ညှာတာရမယ်... စည်းဆိုတာ ထားရတယ်ကွ... ငါသိသလောက်ပြောရရင် သစ်တောဥပဒေမှာ ငါတို့လို မုဆိုးလိုင်စင်ရှိသူတွေတောင်မှ ဇွန်လ (၁၅) ရက်ကနေ စက်တင်ဘာ (၃၁)ရက်အထိကို ဂျီ၊ ဒရယ်နဲ့ဆတ်တို့ကို လုံးဝပစ်ခွင့်မရှိဘူး... ဘာလို့လဲသိလား... မိဟ်လိုက်ချိန်လေ ကွာ— အသေမပြောနဲ့ အရှင်တောင်မှ လက်ဝယ်ထားပိုင်ခွင့် မရှိဘူး... ခုမင်းက— ဗိုက်နဲ့ဒရယ်ကိုတောင် ပစ်လာပါလား... မင်းမယ် သနားညှာတာတဲ့စိတ် နည်းနည်းလေးတောင် မရှိဘူးလား... ခု ... ငါတို့တောလိုက်ထွက်လာတာ တောဝက်ပစ်ဖို့သာ ထွက်လာတာ... တောဝက်ခြေရာလိုက်ရှာရင်း လမ်းမှားပြီး ဒီရောက်လာကြတာပဲမဟုတ်လား... ငါက ဒရယ်ကို မပစ်ရဘူးလို့ မဆိုလိုပါဘူး... ပစ်နိုင်ပါတယ်— ဒါပေမယ့် ဗိုက်ရှိတဲ့သတ္တဝါနဲ့ သားမခွဲရသေးတဲ့ သတ္တဝါကို မပစ်ရဘူးကွ— လူသားမှန်ရင် စည်းကမ်းရှိရတယ်ကွ..."

ကျွန်တော်သည် စကားကိုရပ်လိုက်ပြီး တာပေလူးကို မကျေနပ်စွာကြည့်နေမိ၏။ ထိုစဉ် လင်းမြင့်လှိုင်က

"ဒါတွေထားလိုက်ပါတော့ ကိုပိုက်ရယ်... ဟေ့ တာပေလူး... မင်းဆီက သေနတ်သံ နှစ်ချက်ကြားလိုက်ပါတယ်... တစ်ချက်ကလွဲသွားလို့သား..."

"မလွဲပါဘူး ဆရာလင်း..."

"ဒါဖြင့်..."

တာပေလူးသည် ကျွန်တော်တို့နှစ်ယောက်ကြားတွင် ဝင်ထိုင်လိုက်ကာ ယုန်ကင်ကို တစ်ဖဲ့ယူစားလိုက်ပြီး...

"ကဒွတ်ပင်အောက်မယ် အစာလာစားတဲ့ ဒရယ်မလေးကို စိမ်ပြီး ပြန့်မယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ ခပ်လှမ်းလှမ်းတောစပ်ကနေ ဖြတ်ပြေးသွားတဲ့သားကောင်တစ်ကောင်ကို လှမ်းမြင်လိုက်တယ်လေ... ဒါနဲ့ ကျွန်တော်လည်း အဖြစ်ခရီးမို့ သားကောင်များများရအောင် အဲဒီအကောင်နောက် လိုက်သွားမိတယ်လေ... သိပ်မလိုက်ရဘူး... ကိုင်းပင်တောစပ်မှာ အဲဒီအကောင်ကို တွေ့ပါလေရော... တစ်ကောင်မဟုတ်ဘူးဆရာရေ့... သားကောင်ပေါက်လေးနှစ်ကောင်နဲ့ ဆော့ကစားနေလေရဲ့... ”

“ဘာကောင်လဲကွ... ”

ကျွန်တော်က ယုန်ကင်ကိုဖွဲ့ရင်း မေးလိုက်သည်။

“ဟင်းကောင်... ”

“ဘာ... ”

“ဟုတ်တယ်... ဟင်းကောင်... သူလည်း ကျွန်တော်ချောင်းနေတဲ့ ဒရယ်ကိုလာပြီး ချောင်းနေတာပဲ... ကျွန်တော် ပစ်လိုက်တဲ့သေနတ်သံကြောင့် သူလွတ်ပြေးသွားတာ... ဒါနဲ့ ကျွန်တော် ပြန်လှည့်လာမလို့ဘဲ... ဒါပေမယ့်... သားပေါက်ကလေးနှစ်ကောင်ကိုလည်း လိုချင်တယ်... ပြီးတော့ကာ လွယ်လွယ်နဲ့ ဟင်းကောင်ပစ်ရမယ့်အခွင့်အရေးကိုလည်း လက်လွှတ်မခံချင်ဘူးလေ... ဒါကြောင့် အပိုင်ပဲဆိုပြီး အသေအချာချိန်ပစ်လိုက်တာပဲ... ”

“လွဲသွားတယ်ပေါ့... ”

“လွဲတော့ မလွဲပါဘူး... ဒါပေမယ့် ကျွန်တော်က ဟင်းကောင်ကို တစ်ခါမှ မပစ်ဘူးတော့ စိတ်သိပ်လှုပ်ရှားနေလို့ ချက်ကောင်းကို မထိဘူးဖြစ်သွားတာပေါ့... ”

တာပေလူးသည် ပြောလက်စ စကားကို ခေတ္တရပ်လိုက်ကာ ယုန်ကင်ဘစ်ဖဲ့ ယူစားလိုက်ပြီးမှ သူ့စကားကို ဆက်ပြန်သည်။

“ဒီကောင်မ ဒဏ်ရာနဲ့ထပြေးသွားတယ်... နောက်က သားပေါက်နှစ်ကောင်လည်း လိုက်ပြေးသွားတယ်... သိပ်ဝေးဝေးပြေးနိုင်မယ် မထင်ဘူး... မနက်ကျမှ ခြေရာခံပြီး ပြေးလိုက်ကြည့်ရတာပေါ့... ”

“အင်း... တာပေလူး... မင်း သိပ်မိုက်တယ်... ဘာဖြစ်လို့ ဟင်းကောင်ကို ပစ်ချင်ရတာလဲ... သူလည်းတောမှဆိုး မဟုတ်လား... မုဆိုးချင်း ဘာလို့ စည်းဖောက်ချင်ရတာလဲ... သူက မင်းကိုအန္တရာယ်ပေးလာတာမှ မဟုတ်ဘဲ... ပြီးတော့ သူ့မှာ သားပေါက်ကလေးတွေနဲ့... နတော့... သူ့မှာ ဒဏ်ရာရသွား





ပြီ... ဒီဒဏ်ရာကြောင့် သူကျားနာခဲ ခဲတော့မယ်... မင်းလိုလူမျိုးက သေနတ်မကိုင်သင့်ဘူး... ”

ကျွန်တော်သည် တာပေလူးကို ထိုသို့သာပြောပြီး ကဲပေါ်သို့တက်လိုက်သည်။ ဘာမျှဆက်ပြောချင်စိတ် မရှိတော့ချေ။ အလွန်ပင် စိတ်ပျက်သွားမိသည်။ တာပေလူးသည် ဒရယ်ပေါင်တစ်ချောင်းကိုဖျက်၍ မီးကင်လိုက်ပြီး ကျန်အသားပိုင်းတို့ကို စိတ်ရှည်စွာဖြင့် ဖျက်နေလေသည်။

ကျွန်တော့်စိတ်တွင်းဝယ် တာပေလူးနှင့် ပတ်သက်၍ စိတ်စနိုးစနောင့်ဖြစ်နေမိသည်။ ထို့အပြင် တောခြင်အရိုင်းကောင်တို့၏ တဝီဝီတောင်ပံခတ်သံတို့က ဒုတိယကမ္ဘာစစ်က တိုက်လေယာဉ်တွေအလား နှောင့်ယှက်နေကြပြန်၏။ သို့ကြောင့် တဲပေါ်တွင် ကြာကြာနေ၍မရတော့သည့်အတူတူ လင်းမြင့်လှိုင်နှင့် စကားပြောရင်း အချိန်ဖြုန်းရန်အတွက်တဲပေါ်မှ ဆင်းလိုက်သည်။ ထိုစဉ် တဲအနောက်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသည်။ ထို့ကြောင့်

“ကိုလင်း ကျွန်တော်တို့ သည်ညမယ် သတိဝီရိယနဲ့ နေကြရင်ကောင်းမယ်ဗျ”

“ဆရာတို့ ဘာမှမစိုးရိမ်ပါနဲ့ အိပ်ချင်သွားအိပ်ကြပါ... တစ်ညလုံး ကျွန်တော် ကင်းစောင့်ပေးပါ့မယ်”

တာပေလူးသည် ဒရယ်ဖျက်နေရာမှ လှမ်းပြော၏။ ခဏအကြာတွင် ဒရယ်တစ်ကောင်လုံးဖျက်ပြီးသွားသည်။

မီးကင်ထားသည့် ဒရယ်ပေါင်ကို တာပေလူးက မြိန်ရှက်စွာ စားသောက်နေသည်။ ကျွန်တော်နှင့် လင်းမြင့်လှိုင်က မစားရက်သဖြင့် ယုန်သားကင်နှင့်ခင်ပြီးလိုက်ကြ၏။ မအိပ်မီ စကားဖိုင်းဖွဲ့နေစဉ် တဲ၏အနောက်ဘက်မှ လှုပ်ရှားသောအသံတစ်ခု ကြားလိုက်ကြရ၏။ သို့ကြောင့် ကျွန်တော်သည် သေနတ်ကိုကောက်ကိုင်လိုက်ပြီး အသံလာရာဆီသို့ မမိုတ်မသုန်ကြည့်လိုက်ကာ နားစွင့်ထားလိုက်သည်။ တိတ်ဆိတ်သွားပြန်သည်။ အတန်ကြာမှ ရှေ့ဘောင်ကြောက လှုပ်ရှားသောအသံကို ကြားရပြန်သည်။ သုံးယောက်သား အရှေ့တောင်ထောင့်သို့ လှည့်ကြည့်မိပြန်သည်။

“ဟော... ဟိုမယ် တွေ့ပြီ... ”

တာပေလူးသည် ကျွန်တော့်ထံမှ သေနတ်ကိုဆွဲယူပြီး ထိုးချိန်လိုက်သည်။ သူ့ သေနတ်ပြောင်းချိန်ရာသို့ ကျွန်တော်တို့နှစ်ယောက် ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ညအမှောင်ထုတွင် ဝင်းလက်နေသည့် နီနီရဲရဲမျက်လုံးတစ်စုံ၊ ယင်းမျက်လုံးနှစ်လုံးတို့၏ တစ်လုံးနှင့်တစ်လုံး အကွာအဝေးနှင့် မြေပြင်မှ အမြင့်တို့ကို မှန်းကြည့်လိုက်ပြီး၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဒါ... ဟင်းကောင်ပဲ ဖြစ်ရမယ်..."

လင်းမြင့်လှိုင်နှင့် ကျွန်တော်က မှဆိုးအတွေ့အကြုံအရ ကောက်ချက်ချ ပြောလိုက်သည်ကို တာပေလူးကလည်း အသိအမှတ်ပြုလိုက်ပြီး...

"ဟုတ်တယ် ဆရာရေ... ဟင်းကောင်မှ ဟင်းကောင်ပါပဲ..."

သို့နှယ်ဆိုကာ သေနတ်မောင်းခလုတ်ကို ဖြုတ်လိုက်သည်။

"ဒိန်း..."

"ဂစ်... ဂီး..."

အိပ်တန်းဝင်ငှက်များ လန့်ဖျပ်ထပျံသွားကြသည်။ ဟင်းကောင်ကို ထိသွားသည်လား မထိသည်လားမသိ။ ထိုဟင်းကောင်ကြီးသည် တောထဲသို့ တိုးဝင်ပြေးသွားသည်။ ယင်းနောက်မှ အကောင်ငယ်တို့၏ တောတိုးသံတို့က ကပ်ပါသွားလေသည်။

"ကျွန်တော် ညနေကပစ်ခဲ့တဲ့ ကောင်မပဲ ဖြစ်လိမ့်မယ်... တောက် လွတ်သွားပြန်ပြီ... ဒီကောင်မ ကျွန်တော်တို့ကို ပြန်ချောင်းတာ ဖြစ်လိမ့်မယ်..."

"ဟုတ်တယ်... မင်းကအိပ်နေတဲ့ကျားကို ပုတ်နှိုးပြီး ရန်ငြိုးသွားဖွဲ့တာကိုး... မင်းက အန္တရာယ်ကို လက်ယပ်ခေါ်တဲ့ကောင်ပဲ... ဒါကြောင့် သူ ကျားနာခံမကျေဘဲ တို့ကိုအန္တရာယ်ပေးဖို့ ပြန်ချောင်းတာပေါ့..."

ကျွန်တော်က ခပ်ချဉ်ချဉ်ရှိသည်နှင့် ပြောလိုက်သည်။ သည်တော့ တာပေလူးတစ်ယောက် အံတကြိတ်ကြိတ်ဖြစ်နေချေသည်။ ယင်းသို့ဖြစ်ပြီး နောက်ပိုင်းတွင် တစ်တောလုံးတိတ်ဆိတ်သွားတော့၏။

"ကဲ... ဆရာတို့နှစ်ယောက် အိပ်ချင်အိပ်ပါ... ဘာအန္တရာယ်မှ မရှိတော့ပါဘူး... ကျွန်တော် တစ်ညလုံးမီးဖိုပြီး စောင့်နေပါမယ်"

တာပေလူး၏အစီအစဉ်ကို ကျွန်တော်တို့နှစ်ယောက်လုံး လွယ်လွယ်နှင့် လက်ခံလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် တစ်နေကုန်လမ်းလျှောက်ခဲ့ကြရသဖြင့် ကိုယ်လက်များ ကိုက်ခဲနေလေပြီ။ ပင်ပန်းနေကြလေပြီ။ အန္တရာယ်ကလည်း ကင်းသွားလေပြီဟု သတ်မှတ်ရမည့်အခြေအနေသို့ အလေးသာနေပြီ မဟုတ်ပါကလား။





သို့ကြောင့်...

"အေးကွာ... တို့နှစ်ယောက် ခဏလှဲလိုက်ဦးမယ်... သတိဝီရိယတော့ ထားနော်... အရေးအကြောင်းရှိရင် တို့ကိုနှိုးနော်... တစ်ရေးနိုးရင် ငါကင်းလှည့်တာဝန်ယူပါ့မယ်... အဲဒီတော့ မင်းအိပ်ပေါ့..."

"ဟုတ်ကဲ့ ဆရာ..."

ကျွန်တော်တို့နှစ်ယောက် တဲပေါ်သို့တက်၍ အနားယူအိပ်စက်လိုက်ကြ၏။ ပင်ပန်းနေကြ၍လားမသိ။ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားကြသည်။

"ကိုပိုက် ထ... ထ..."

ကျွန်တော့်ကို တစ်ဦးတစ်ယောက်က လာပုတ်နှိုးသဖြင့်၊ ကမန်းကတန်း ထလိုက်သည်။

ကျွန်တော်၏ကင်းလှည့်အပြီး လင်းမြင့်လှိုင်၏ ကင်းလှည့်တွင် မိုးစင်စင်လင်းသွားသည်။

"တာပေလူး ဘယ်ထွက်သွားလဲမသိ..."

လင်းမြင့်လှိုင်က စိုးရိမ်စိတ်ဖြင့် ပြောသည်။ ကျွန်တော်က ဟိုနား ဒီနား နေမှာပေါ့ဟု ခပ်ပေါ့ပေါ့ပြောလိုက်သည်။

"ဟုတ်လိမ့်မယ်... မိုးလင်းစက ကျွန်တော့်ရဲ့ကင်းအလှည့်မှာ သူနိုးလာပြီး တောထဲဝင်သွားတာတွေ့တယ်... ကျွန်တော်က သူ တောသွားတိုင်တာ ထင်လို့..."

ကျွန်တော်တို့နှစ်ယောက်သည် မျက်နှာသစ်ပြီးကြက် ပြာဖုံးနေပြီဖြစ်သည့် မီးပုံနားမှ ယုန်သားမီးကင်လက်ကျန်ကလေးကို စားရင်း တာပေလူးကို စောင့်နေကြသည်။

"ဒီမှာ ကိုလင်း... နောင်ဆိုရင် ဒီကောင့်ကို ဝ်ဘ်ချပြီး... ကျွန်တော်တို့ အိပ်လို့မရဘူး... ညက တစ်ရေးနိုးမှာ ကျွန်တော် ကင်းလှည့်စောင့်တော့ ဒီကောင် သေနတ်ပိုက်ပြီး အိပ်ပျော်နေလေရဲ့... ပြောတော့... တစ်ညလုံး သူ ကင်းစောင့်မယ် စိတ်ချ အိပ်ပါလေး ဘာလေးနဲ့... အကောင်းဆုံးကတော့ ဒီကောင်နဲ့ နောက်မဆက်ဆံတာ အကောင်းဆုံးပဲ..."

ကျွန်တော်သည် ညကအဖြစ်အပျက်ကို လင်းမြင့်လှိုင်အား ပြောပြလိုက်သည်။

အတန်ကြာသည့်တိုင်အောင် တာပေလူးက ပြန်မရောက် သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ကာ ထန်းဖျားသို့ရောက်တော့မည်။

"ကိုလင်းရေ... ဟုတ်မှ ဟုတ်သေးရဲ့လား... ခုချိန်ထိ တာပေလူး ပြန်မရောက်သေးဘူး... ဟိုနား ဒီနား လိုက်ကြည့်ကြရအောင်ဗျာ... ပြန်ကြဖို့ကလည်း ရှိသေးတယ် မဟုတ်လား..."

ကျွန်တော်ကိုယ်တိုင်လည်း တာပေလူးအတွက် စိုးရိမ်လာမိသည်။

"အေးဗျာ... ကဲ... လာ... ဟိုတောင်ကြောလေးဘက် သွားကြည့်ကြစို့"

ပြောပြောဆိုဆို လင်းမြင့်လှိုင်သည် သူ့သေနတ်ကိုဆွဲ၍ ထသွားသည်နှင့် ကျွန်တော်သည်လည်း သူ့နောက်မှ ကပ်လိုက်သွားသည်။

"ဟာ... ကိုပိုက် ဒီမယ်လာကြည့်စမ်း..."

တောင်ကြောလေးအစပ်ရောက်သည်နှင့် လင်းမြင့်လှိုင်က မြေသို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သည်။ ကျားခြေရာများ ရှုပ်ပွနေသည့်ကြားမှ သစ်ရွက်ကြွေတို့ပေါ်တွင် သွေးကွက်များကို တွေ့ရ၏။ ခြေရာများမှာ ကျွန်တော်တို့တဲကို ဟင်းကောင်ချောင်းမြောင်းခဲ့သည့် ခြေရာများဖြစ်ပြီး စက်ဝိုင်းခြမ်းပတ်ထားသည်။

"ညက တာပေလူး ပစ်လိုက်တာ ဟင်းကောင်ကြီးကို ထိသွားပုံပဲဗျ"

"ဟုတ်လိမ့်မယ်ဗျို့... ဒီဘက်မှာ အပင်ငယ်တွေ ယိုင်လဲနေလေရဲ့... ဒီကောင်ကြီး ဒီဘက်ကို ပြေးသွားတာပဲ ဖြစ်ရမယ်... ဒီမှာလည်း ကျားပေါက်ကလေးတွေရဲ့ခြေရာတွေ့လား..."

"ဟော... ဒါက တာပေလူး ခြေရာပဲ ဖြစ်လိမ့်မယ်..."

ကျားခြေရာတို့ပေါ်တွင် ထပ်နေသည့် လတ်လတ်ဆတ်ဆတ် လူ့ခြေရာရေးရေးလေးတွေကို တွေ့လိုက်သဖြင့် လင်းမြင့်လှိုင်ကို ပြောလိုက်သည်။

"ဟုတ်တယ်... သူ ဟင်းကောင်နောက်ကို ခြေရာခံလိုက်သွားတာ ဖြစ်လိမ့်မယ်... လိုက်သွားကြရအောင်..."

ကျွန်တော်တို့နှစ်ယောက်သည်လည်း ယင်းခြေရာများနောက်သို့ တကောက်ကောက်လိုက်ခဲ့ကြသည်။ တောင်စွယ်ကလေးနှစ်ခုကို ဖြတ်ခဲ့သော်လည်း လူခြေရာများကို လတ်လတ်ဆတ်ဆတ် တွေ့နေရ၏။ ရေဝေတောင်ကုန်းကလေးတစ်ဖက်ရှိ ခနဲတောလေးအတွင်းပိုင်းသို့ လူခြေရာများဦးတည်နေသည်ကို တွေ့ရသဖြင့် ဝင်လိုက်သွားကြသည်။

"ဟင်..."





ကျွန်တော်တို့နှစ်ယောက်သား အံ့သြထိတ်လန့်သွားကြသည်။ တာပေလူး၊ တာပေလူးမှ တာပေလူးအစစ်၊ ခနဲတောအတွင်း ပက်လက်အနေအထားဖြင့် လဲကျနေ၏။ သူ၏လက်နှစ်ဘက်သည် ပေါင်ရင်းတွင် စုနေကြသည်။ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်နေသည်။ မသေမီ ထိတ်လန့်ကြောက်မက်ဖွယ် အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရပုံ ဖြစ်နေသည်။ တာပေလူးသည် အသက်မရှိတော့ချေ။ သူ့အား ကျားက ဒုက္ခပေးသွားခြင်းကား မဖြစ်နိုင်၊ သူ့အနား ပတ်ဝန်းကျင်တွင် ကျားခြေရာလုံးဝမရှိ။ မည်သည့် သားကောင်ကြီး ခြေရာမျှလည်း မတွေ့။ သို့သော် ဂျီ(ချေ)ခြေရာကိုတော့ လတ်လတ်ဆတ်ဆတ် တွေ့ရသည်။ ဘယ်လိုဖြစ်တာပါလိမ့်။

"နေဦးဗျ..."

လင်းမြင့်လှိုင်သည် တာပေလူး၏ ပေါင်ရင်းတွင်စုနေသည့် လက်နှစ်ဘက်ကို ဖယ်လိုက်၏။ တာပေလူး၏ပေါင်ရင်းတွင် ဟက်တက်ကွဲနေသည့် ဒဏ်ရာကိုတွေ့လိုက်ကြရသည်။

"ဝက်ပက်တာ ဖြစ်ရမယ်"

"မဖြစ်နိုင်ပါဘူး"

ကျွန်တော်၏ကောက်ချက်ကို လင်းမြင့်လှိုင်က လက်မခံ။ သို့ကြောင့် ကျွန်တော်က

"ဘာလို့လဲဗျ... ရှင်းပါဦး..."

"ဝက်ပက်တာဆိုလျှင်ဖြင့် ဒီနားတစ်ဝိုက်မယ် ဝက်ခြေရာတွေရှိရမှာပေါ့... ခုတော့ ချေ(ဂျီ)ခြေရာကလွဲလို့ ဘာခြေရာမှ မရှိဘူးလေ... ဒါကြောင့် သူ့ကို ချေ(ဂျီ)ပက်သွားတာပဲ ဖြစ်ရမယ်..."

"ဘာဗျ... မဖြစ်နိုင်တာကြီး..."

လင်းမြင့်လှိုင်က ကျွန်တော့်ကိုပြုံး၍ကြည့်ပြီး...

"ကိုပိုက် မကြားဖူးဘူးလား... ချေစွယ်နဲ့နဲ့ ကျားပေါင်ဟက်တက်ကွဲအောင် အဆင်မသင့်ရင် ကျားတောင် ချေပက်လို့ သေနိုင်သေးတယ်ဆိုတဲ့ စကားလေ..."

ကျွန်တော့်ကိုရှင်းပြရင်း အနားပတ်ဝန်းကျင်သို့ လိုက်ကြည့်ပြန်သည်။

"ဟာ သေချာပြီဗျို့... ဒီမယ် လာကြည့်... တွေ့လား... ချေအိပ်သွားတဲ့နေရာ..."



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ခြောက်တို့ ပိပြားနေသည့်ကွက်လပ်ကလေးနေရာတစ်ဝိုက်မှ ချေခြေရာများနှင့် သစ်ဆိမ့်သီးခြမ်းကလေးများကို တွေ့ရသည်။

"တွေ့လား ချေစားထားတဲ့ သစ်ဆိမ့်သီးခြမ်းတွေ… ဒါချေအိပ်တဲ့နေရာပေါ့… ရုတ်တရက် သူ့အိပ်ရာနားကို အန္တရာယ်တစ်စုံတစ်ခု ရောက်လာတော့ ကာကြောက်လန့်ပြီး ထအပြေး… သူ့အရှေ့မှာတွေ့တဲ့ အရာကို ကမူးရှူးထိုးနဲ့ ဝင်တိုက်မိရင်းက ချေ(ဂျီ)ကပက်ပြီး ထွက်ပြေးသွားတာပေါ့… တာပေလူး ကလည်း သူ့စိတ်ထဲမယ် ဟင်းကောင်ကို သဲကြီးမဲကြီးဖြစ်တော့ကာ ဘာကိုမှ သတိမထားမိဘူးပေါ့… ရုတ်တရက် ချေက သူ့ကိုဝင်တိုးပြီးပက်သွားတော့ ကျားနဲ့ ရင်ဆိုင်တိုးမိတယ်ထင်ပြီး လန့်ဖျပ်ပြီး နှလုံးသွေးရပ်သွားတာပဲဖြစ်မှာပေါ့"

"အင်း… ကိုလင်း ပြောတာဖြစ်နိုင်တယ်… ဒီချေ(ဂျီ)ပက်တဲ့ဒဏ်ရာနဲ့ တော့ မသေလောက်ပေဘူး… ရုတ်တရက်မို့ လန့်ဖျပ်ပြီး နှလုံးသွေးရပ်သေသွားတယ်ဆိုတာ ဖြစ်နိုင်တယ်… သူ့မှာလည်း နှလုံးရောဂါအခံ ရှိနေပါလိမ့်မယ်"

အမှန်တော့ မုဆိုးတာပေလူးသည် စည်းကမ်းမရှိသော မုဆိုးဖြစ်၏။ သူ့ကြောင့်ဓိုးရှိသည့်ဒရယ်လည်းသေ။ သားမခွဲသေးသည့် ကျားမလည်း အနာတရခံရချေပြီ။

စည်းကမ်းဖောက်သူ သစ္စာဖောက်သူတို့ကား အဘယ်မှာ သက်ဆိုးရှည်ပါမည်နည်း။

စည်းကမ်းဖောက်ကျူး၊ မုဆိုးတာပေလူးအဖြစ်ကား အရပ်ရပ်နေပြည်တော်ကြားလို့မှမတော်၊ ကျားကိုက်၍မသေ ချေ(ဂျီ) ပက်၍ ဇီဝိန်ကြွေခဲ့ရချေပြီ။

လင်းမြင့်လှိုင်သည် တာပေလူး၏နံဘေးမှ သေနတ်ကို ကောက်ယူလိုက်ရင်း စိတ်မချမ်းမြေ့စွာဖြင့် ပြောလိုက်သည့် စကားသည်သံဝေဂရစရာမှုင် ဖြစ်ဆသည်။

"ဒီလိုလူမျိုးတွေကို ထိလိုက်ရင် ကြွေကျသွားနိုင်တဲ့ အလွန်နူးညံ့တဲ့ တီကောင်လိုသတ္တဝါငယ်လေးကတောင် အသက်အသေခံပြီး ပြန်ခုခံချင်စိတ် ပေါက်လာတတ်တယ်ဗျ"

[ ထဝမ်ရာစီနှလုံးသားနှင့် မုဆိုးဝတ္ထုတိုများ – ၁၉၆၇ ]
[ ချယ်ရီမဂ္ဂဇင်း၊ မေလ၊ ၁၉၉၂ ]

✦✧✦✧✦✧

တွတ်ပီစာအုပ်တိုက်

# အထင်နဲ့အမြင်



www.burmeseclassic.com

www.burmeseclassic.com

# အထင်နဲ့အမြင်

"ဘယ်လိုလဲ ဖထီး... လမ်းရှာတွေ့ပြီလား... "

ကျွန်တော်၏ အမေးကို စောထွန်းငွေတစ်ယောက် နှုတ်ဖြင့် မဖြေနိုင်ဘဲ ခေါင်းကို ယမ်းခါလိုက်ရင်း လင်းမြင့်လှိုင် နံဘေးတွင် ခြေပစ်လက်ပစ်ထိုင်ချပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဟူး... "

မောပေရော့မည်။ ကျွန်တော်တို့နှစ်ယောက်သည်ပင် မောလွန်းသဖြင့် ညှိနေရာတွင် ချန်နေရစ်ပြီး ရှေ့တစ်ကြောသို့ စောထွန်းငွေအား လွှတ်၍ လမ်းစရှာခိုင်းလိုက်ခြင်းဖြစ်၏။

ယနေ့ တစ်နေ့လုံးမည်သည့် သားကောင်ကြီးမျှ မရသည့်အပြင် မျက်စိလည် လမ်းမှားခဲ့ကြသည်။ နေ့လယ်ခင်းက အထက်ပိုင်းတွင် ဝက်တစ်ကောင်ကို ပိုင်ပိုင်နိုင်နိုင် ပစ်လိုက်ရသော်လည်း သွေးစက်လက်ဖြင့် ထွက်ပြေးသွား သည်။ ထိုဝက်နောက်သို့လိုက်ရင်း ခရီးကျွံ လမ်းစပျောက်ခဲ့ကြရသည်။ ခုက်ချေ ပြီ။ ညနေစောင်း၍ နေပင်ဝင်လုပြီ။

"ကဲ... ဘယ်တတ်နိုင်မလဲ ဖထီးရယ်... သွေးပူနေကြလို့ ရှာရင်းမှားရင်း ဖြစ်နေမှာပဲ... နေလည်းဝင်တော့မယ်... ဒီတော့ ခဏလောက် အမောဖြေ နားပြီးရင် ရှေ့နားလောက်သွားပြီး စခန်းချဖို့ နေရာကောင်းကောင်းလေး တစ်နေရာ ရှာကြတာပေါ့... "

"ကောင်းတယ် ကိုလင်း... ညဘက်မှာ စမ်းတဝါးဝါးနဲ့ လျှောက်သွားနေလို့လည်း မဖြစ်ဘူး... သားကောင်တွေရဲ့အန္တရာယ်က ရှိသေးတယ် မဟုတ်လား... သည်တစ်ညတော့ ဖြစ်သလိုနေလိုက်ကြပြီး မနက်လင်းလင်းထင်းထင်းမှ လမ်းစပြန်ရှာပြီး သွားကြတာပေါ့... "





လင်းမြင့်လှိုင်၏ အဆိုကို ကျွန်တော်က ထောက်ခံပြောဆိုလိုက်သည်တွင် စောထွန်းငွေက...

"ဟုတ်တယ် ဆရာလေးတို့... ရှေ့နားမယ်.. အောက်ပေါင်းရှင်းတဲ့နေရာလေးတွေ့ထားတယ်... အဲဒီမယ်... စခန်းချ ညအိပ်နားဖို့ သိပ်ကောင်းတယ်... စမ်းချောင်းလည်း မနီးမဝေးလောက်မှာရှိတယ်... "

"ဘယ်လောက် ဝေးသလဲ... "

ကျွန်တော်က မေးလိုက်သည်။

"၁၅ မိနစ်လောက်တော့ လျှောက်ရဦးမယ် ထင်တယ်... "

"ကဲ... ဒါဖြင့် နားနေလို့ မဖြစ်သေးဘူး... မမှောင်ခင် အဲဒီနားအရောက်သွားကြတာပေါ့... မကောင်းဘူးလား ကိုပိုက်... အဲဒီရောက်မှ အေးအေးလူလူ နားကြတာပေါ့... "

လင်းမြင့်လှိုင်သည် သူ၏လက်စွဲတော် 'ဝင်ချက်စတာ' ရိုင်ဖယ်ကိုအားပြု ထောက်ကာ ထိုင်ရာမှထလိုက်ရင်း ပြောသည်။ စောထွန်းငွေသည် သူ၏ခါးပုံစ အတွင်းမှ ကွမ်းတစ်ယာကို ထုတ်ယူဝါးလိုက်ပြီး ဒူးလေးနှင့်ပလိုင်းကို ကိုင်စွဲ ကာ ရှေ့သို့လျှောက်သွားသောကြောင့် ကျွန်တော်သည်လည်း မိုင်ဇာ ၃၇၅ မဂ္ဂနမ် ရိုင်ဖယ် သေနတ်ကို စိတ်မပါတပါဖြင့် ပခုံးထက်စလွယ်လိုက်ကာ စောထွန်းငွေ နောက်သို့ လေးဖင့်သောခြေလှမ်းတို့ဖြင့်လိုက်သွားသည်။လင်းမြင့်လှိုင်သည်လည်း ကျွန်တော့် နံဘေးမှ ကပ်လျှောက်လိုက်လာသည်။

"ရှစ်... ရှီး... "

ရှူးရှူးဝါးဝါး အော်မြည်သံကြောင့် သုံးယောက်သား မိုးပေါ်သို့ မော့ကြည့်လိုက်ကြသည်။ အကောင်ကို မမြင်လိုက်ရသော်လည်း စောထွန်းငွေက...

"အဲဒီငှက်က အဲလိုခေါင်းပေါ်ကဖြတ်ပျံရင်း အော်သွားရင် မကောင်းဘူး... သစ်ခုတ်၊ ဝါးခုတ်သမားတွေဆိုရင် စခန်းပြောင်းသွားကြတော့တာပဲ... "

ကျွန်တော်သည် သူ့စကားကို စိတ်ဝင်စားမိသောကြောင့်...

"ဘာဖြစ်လို့တုံး... "

"နောက်မယ် ကျားပါလာပြီလေ... ဒါကြောင့် စခန်းပြောင်း ကြတာပေါ့"

"သြော်... "

ကျွန်တော့်နည်းတူ လင်းမြင့်လှိုင်သည်လည်း စိတ်ဝင်စားသွားနေသည်။

"ကျုပ်တို့ကတော့ အဲဒီငှက်အော်သွားတဲ့ အသံကို 'ထွက်ပေါ့'လို့ပဲ ကြား



www.burmeseclassic.com

www.burmeseclassic.com



တယ်… ကျားလာနေပြီဆိုတာကို တောတိရစ္ဆာန်လေးတွေသိအောင် လိုက်သတိပေးနေတာလေ… သည်တော့ တိရစ္ဆာန်ငယ်လေးတွေက မကြာခင် ကျားရောက်လာတော့မယ်ဆိုတာသိတော့ လွတ်ရာကို အချိန်မီရှောင်ပြေးနိုင်ကြတာပေါ့"

"အဲဒီငှက်ကို ဘယ်လိုခေါ်လဲ ဖထီး…"

ကျွန်တော်က မေးလိုက်သည်တွင် စောထွန်းငွေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး…

"အဲဒါတော့ ကျုပ်လည်း မသိဘူး… ဒါပေမယ့် သူ့ကိုငှက်ဆိုးတစ်ကောင်လို့ပဲ လူတွေက သတ်မှတ်ထားကြတယ်… ကျုပ်ကတော့ သူ့ကို 'ကျားမုန်းငှက်' လို့တောင် အမည်ပေးထားချင်တယ်… "

"ကောင်းတယ်… ဖထီးပေးတဲ့ နာမည်ကောင်းတယ်…သူ့ကြောင့်တိရစ္ဆာန်လေးတွေ ကျားစာဘဝက လွတ်ကြရတယ်… ကျားကတော့ သူ့ရဲ့အစာတွေကိုခြောက်လှန့် လွှတ်နေတဲ့ အဲဒီငှက်ကို မုန်းနေမှာပဲ… "

သူအမည်မှည့်လိုက်သည့် ငှက်ကလေး၏နာမည်ကို လင်းမြင့်လှိုင်က အပြည့်အဝ ထောက်ခံလိုက်သဖြင့် စောထွန်းငွေသည် သဘောတွေ့သွားပြီး ဆက်ပြောပြန်၏။

"ကျားကို နိုင်နိုင်တဲ့ ငှက်လေးတစ်ကောင်ရှိသေးတယ်… အကောင်က သေးသေးလေးရယ်… ချောင်းစပ်… ချုံတောတွေမှာ အိပ်တန်းတက်တယ်… "

"ဘာငှက်တုံး ပြောပါဦး… "

"အဲဒီငှက်ကိုတော့ ကျားနိုင်ငှက်လို့ ခေါ်တယ်… ဒဏ္ဍာရီလေးပေါ့ဗျာ… အဲဒီငှက်ကလေးနဲ့ ကျားထိပ်တိုက်ရင်ဆိုင်တွေ့ကြတဲ့အခါ ကျားက မင်းအိပ် ရင်ငါလာ ကိုက်စားမယ်လို့ ပြောတယ်… သည်တော့ ငှက်လေးက ကျုပ်ဘယ် တော့မှ မအိပ်ဘူး… ကြည့်နေ… ဆိုပြီး ထွက်သွားတယ်… ကျားက ညဘက်မယ် အဲဒီငှက်ကလေးရဲ့ အိပ်တန်းကို သွားရှာတယ်… အိပ်တန်းကို တွေ့တော့ တွေ့ပါတယ်… ဒါပေမယ့် ငှက်ကလေးက မအိပ်ဘူး… သူ့အိပ်တန်းကနေ ကျားကို ရိုက်ပုတ်ထုတ်လိုက်… ရိုက်ပုတ်ထုတ်လိုက် ဆိုပြီး အော်နေတာပဲတဲ့… ကျားကလည်း သည်ကောင် သည်တစ်ညမအိပ်ရင် နောက်တစ်ညဆိုပြီး သွားသွားချောင်းပေမယ့် ငှက်ကလေးက မအိပ်ဘဲ အော်မြဲ အော်နေတာပဲတဲ့… နောက်ဆုံးမှာတော့ ကျားက လက်လျှော့လိုက်ရသတဲ့… တကယ်တော့ ကျားက ငှက်ကလေးရဲ့ ပရိယာယ်ကို နားမလည်လို့ ခံလိုက်ရတာလေ… "





"လင်းစမ်းပါဦး ဖထီးရယ်… "

ကျွန်တော်က ပြောလိုက်သည်တွင်…

"အတော်တုံးတဲ့ကျား… အမှန်တော့ အဲဒီငှက်လေးက အိပ်မောကျနေရင်း အော်နေတာလေ… ဟဲ… ဟဲ… ဟဲ… "

စောထွန်းငွေသည် သူ့စကားကိုသူ သဘောကျရင်း ရယ်မောပြီးနောက် ရှင်းလင်းချက်ထုတ်ပြန်သည်။

"ငှက်ကလေးက အိပ်ယောင်ရင်း ဟောက်နေတာပေါ့… "

"ဟား… ဟား… ဟား… ဟား… "

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စောထွန်းငွေ၏စကားကို သဘောကျသဖြင့် အားပါးတရ ရယ်မောလိုက်ကြသည်။

"ကြံကြံဖန်ဖန် ပြောတတ်ပါ့ ဖထီးရယ်… "

သူ့စကားကို သိပ်တော့ ယုံရခက်ခက်ရယ်။ အဘယ်ကြောင့်ဆိုသော် စောထွန်းငွေ၏ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခု ထင်ထင်ရှားရှားရှိသည်။ ဤသည်ကား သူ့အတွက် ထာဝရဂုဏ်ယူဖွယ်ရာ အမှတ်အသားဟု အမြဲပြောတတ်၏။ သူငယ်စဉ်က လူမိုက်တစ်ယောက်နှင့် ရန်ဖြစ်ကြသည်။ သူ့ကို လူမိုက်က ဓားဖြင့်ခုတ်လိုက်သဖြင့် ထိုလူမိုက်အား ပြန်၍သေလုမြောပါးဖြစ်အောင် ရိုက်နှက်ထွက်ပြေးခဲ့သည်ဟု စီကာပတ်ကုံးပြောပြတတ်၏။

"ဖထီလက်ချက်နဲ့ အဲဒီလူမိုက်ကြီး သေသွားရောလား" ဟု မေးခဲ့လျှင် "ငါလည်းထွက်ပြေးလာတာဆိုတော့ သေ၊မသေ မသိဘူးကွာ… "

သူ့မျက်နှာပေါ်မှ ကန့်လန့်ဖြတ်အမာရွတ်ကြီးသည် သူ၏သတ္တိကို ဖော်ညွှန်းပြနေသော အမှတ်အသားဟုပင် ပြောသဖြင့် ကျွန်တော်တို့သည် သူ့အား အထင်ကြီးလေးစားခဲ့ရသည်။ သို့ရာတွင် သူ့သားဖိုးစိန်ကြည်ကမူ–

"အဖေက ခွေးတွေကိုသိပ်ချစ်တာ… ခွေးတွေကို မရွံမရှာဖက်ယမ်း နမ်းရှုပ်တတ်တယ်။ အဲ့သြစရာဗျာ ခွေးတွေကလည်း သူ့ဆို ဘာလုပ်လုပ်၊ ဘယ်လောက် နှိပ်စက် နှိပ်စက် ငြိမ်ခံနေတတ်တယ်… ဖြစ်ချင်တော့ သူသိပ်ချစ်တဲ့ ခွေးတစ်ကောင်က သူ့မျက်နှာကြီးကို ကိုက်ပစ်လိုက်တယ်ဗျာ… ဒါသည်း ခံနေတာဘူး… ခွေးတွေကို စိတ်မနာဘူးဗျာ… "ရယ်လို့ အဖြစ်မှန်ပြောမိသဖြင့် အခံရခက်ဆင်းရလေတော့၏။

ဩော်… တတ်လည်း တတ်နိုင်ပါပေ့ ဖထီးစောထွန်းငွေရယ်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြင့်ဆိုစေ စောထွန်းငွေသည် စီကာပတ်ကုံးပြောတတ်သူ ဖြစ်သည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ယုံလောက်အောင် ပြောတတ်သူဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့ စခန်းချရန် နေရာသို့ ရောက်လာကြသည်။ စောထွန်းငွေပြောသလို စခန်းချရန် နေရာကောင်းလေးဖြစ်သည်။ တောင်ကြောလေးပေါ်တွင်ဖြစ်ပြီး အောက်တွင်လည်းစီးဆင်းနေသည့် ချောက်ချောင်းလေးရှိ၏။ ကြီးမားသော သစ်ပုတ်ပင်ကြီးအောက်တွင် နေရာထိုင်ခင်းအတွက် ကျွန်တော်တို့ နှစ်ယောက် ရှင်းလင်းနေစဉ် စောထွန်းငွေသည် သစ်ခြောက်ကိုင်းများ လိုက်လံကောက်ယူစုဆောင်းနေ၏။ တောကောင်တို့၏ အန္တရာယ်နှင့် ခြင်ကောင်၊ ဖြုတ်ကောင်၊ မှတ်ကောင်တို့၏ အန္တရာယ်မှ ကာကွယ်ရန် မီးဖိုအတွက်ဖြစ်သည်။

ပြီးနောက် ကျွန်တော်တို့သည် ချောက်ချောင်းကလေးသို့ ဆင်းကာ ရေချိုးကြသည်။ ရေချိုးနေစဉ် တစ်ဘက်တောင်ကြောမှနေ၍ တောတိုးသံကြားလိုက်သဖြင့် သုံးယောက်သား လှည့်ကြည့်လိုက်ကြသည်။ တောကောင်မဟုတ်။ ရိပ်ခနဲ တွေ့လိုက်ရသည်က လူသားတစ်ယောက်။

"ဟာ ဖထီး... လူတစ်ယောက်ဗျ... ဒီနားတစ်ဝိုက်မယ်ရွာ... ဒါမှမဟုတ် သစ်ခုတ်၊ ဝါးခုတ်သမားတွေရဲ့ စခန်းတဲတော့ ရှိမယ်ထင်တယ်..."

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး... မရှိနိုင်ဘူး..."

မျက်စိမျက်နှာပျက်စွာ စောထွန်းငွေ ပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့အားကြည့်ရင်း အံ့သြကြရသည်။

"ဖထီး ဘယ်လိုဖြစ်သွားတာတုန်း... လူမှလူပါဗျ... ဖထီး ကောင်းကောင်း မြင်လိုက်တယ် မဟုတ်လား..."

"မြင်တော့ မြင်ပါတယ်... လာပါ... စခန်းပေါ် ပြန်တက်ကြတာပေါ့" ဆိုပြီး ရှေ့မှဦးဆောင်တက်သွားသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘုမသိဘမသိဖြင့် သူ့နောက်သို့ လိုက်သွားကြ၏။ တောင်ကြောလေးပေါ်သို့ ရောက်သွားသည့်အခါတွင် စောထွန်းငွေသည် ထင်းခြောက်များကိုမီးဖိုပြီး နေ့လယ်ခင်းက သူရလာသည့် ယုန်တစ်ကောင်ကို အရေခွာမီးကင်နေသည်ကို တွေ့ကြရ၏။

ကျွန်တော်တို့နှစ်ယောက် သူ့ကို ဘာမျှမပြောကြတော့ဘဲ ခြေပစ်လက်ပစ် သစ်ပုတ်ပင်အရင်းတွင် ထိုင်ချလိုက်ကြသည်။





"ကိုပိုက် ရော..."

လင်းမြင့်လှိုင်က ငါးသုံးလုံးစီးကရက်တစ်ဘူး လှမ်းပေးသဖြင့် ယူလိုက်ကာ မီးညှိပြီးတစ်ချက်ရှိုက်ဖွာလိုက်ရင်း သစ်ပုတ်ပင်ကြီးကို ကျောမှီချလိုက်သည်။ ပြီးမှ စီးကရက်မီးခိုးငွေ့များကို ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်သည်။

"ဖထီး ရော..."

စောထွန်းငွေကိုလည်း လင်းမြင့်လှိုင် စီးကရက်တစ်လိပ်လှမ်းပစ်ပေးလိုက်သည်။ စောထွန်းငွေသည် စီးကရက်ကို မသောက်သေးဘဲ ညစ်ထေးထေး အကျီအိတ်ကပ်အတွင်းထည့်လိုက်ပြီး ယုန်ကင်ကို ဘယ်ဖက်တစ်ချက် လှည့်ပေးနေသည်။ တစ်ခဏအကြာတွင် ယုန်ကင်နံ့သင်းပျံ့ပျံ့လေး လွင့်ထွက်လာသည်။ ထို့ကြောင့်

"ကိုလင်း... နေ့ခင်းကဟာလေး ကျန်သေးလား..."

လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်း ပြုံးစိစိဖြင့် သွားတက်လေးများပေါ်အောင် ရယ်ပြပြီး...

"ကျန်တယ် ကိုပိုက်... ဟဲ... ဟဲ..."

ပြောပြောရယ်ရယ် ရမ်ပုလင်းပြားလေးကို ထုတ်ပေး၏။

"ဟန်ကျတာပဲ... ယုန်ကင်နဲ့အရက် ဟက်... ဟက်..."

တံစို့ထိုး ကင်ထားသည့် ယုန်ကင်ကို ယူလာပေးရင်း စောထွန်းငွေက ပြောသည်။

ကျွန်တော်တို့သုံးယောက်သည် အသင့်ရေရောပြီး ရမ်အရက်ကို တစ်ငုံစီ မော့သောက်လိုက်၊ ယုန်ကင်ဖဲ့စားလိုက်နှင့် ဇိမ်ယူနေကြသည်။ အမောဝန်းမှု၊ ပိုးရိမ်ပူပန်မှုတွေ မေ့ပျောက်သွားကြသည်။ မှောင်စလည်း ပျိုးချေပြီ ဖြစ်သည်။ ထိုစဉ် လေပြေတစ်ချက် တိုက်ခတ်လာသဖြင့် မတိုင်ပင်ရဘဲနှင့် နားစွင့်လိုက်ကြသည်။ တစ်ဦးမျက်နှာ တစ်ဦးကြည့်မိကြသည်။

အသံ... ထိုလေပြေနှင့် အတူပါလာသည့် အသံလှိုင်း။

"သေသေချာချာ နားထောင်စမ်း ဖထီး..."

"အေး... ကျုပ်လည်း ကြားလိုက်သလိုပဲ..."

သတိထား နားစိုက်ထောင်လိုက်ကြသောကြောင့်လား မသိ။ ထိုအသံကို သုံးယောက်သား ရှင်းရှင်းလင်းလင်း ကြားလိုက်ကြ၏။

"လူ့သံတွေ... လူသံတွေ..."



www.burmeseclassic.com

www.burmeseclassic.com



စောထွန်းငွေက အားရဝမ်းသာပြောသည်။

"ဟုတ်တယ်... သည်နားမှာ ရွာရှိတာ သေချာသွားပြီ... လူသံတွေ၊ မိန်းမသံတွေရော ကလေးသံတွေပါ ကြားရတယ်..."

လင်းမြင့်လှိုင်သည်လည်း အားရဝမ်းသာပြောသည်။

"ဖြစ်နိုင်တယ်... ကျွန်တော်တို့ရွာနဲ့ နီးနေပြီပဲ..."

သူတို့နှစ်ယောက်စကားကို ကျွန်တော်က ဆုံးဖြတ်အတည်ပြုပြောလိုက်သည်။

"ရွာနဲ့နီးနေပြီပဲ... ကျွန်တော်တို့တွေ သည်မှာဘာလို့ ဒုက္ခခံနေကြတော့မှာလဲ... အချိန်ရှိသေးတာပဲ... သွားကြမယ်ဗျာ..."

လင်းမြင့်လှိုင်က ပြောလာသည်ကြောင့်...

"ဟုတ်တယ်... ကျုပ်တို့မှာ လက်နက်တွေပါတာပဲ... ရွာနဲ့လည်း နီးနေပြီပဲ... သွားကြမယ်... ရွာရောက်မှ ရတဲ့အရက်ဝယ်ပြီး ဆက်သောက်ကြတာပေါ့"

ရှိသည့်အရက်ကလေးကို မစို့မပို့ သောက်လိုက်ရသဖြင့် အာသာမပြေဖြစ်နေသည့် စောထွန်းငွေသည် အားတက်သရောပြောလာသည်။

"ကဲ... ကြာတယ်... သွားမယ်ဗျာ..."

လင်းမြင့်လှိုင်သည် ပြောပြောဆိုဆိုထိုင်ရာမှ ထလိုက်၏။ သို့ဖြင့် ကျွန်တော်တို့သုံးယောက်သည် လူသံများကြားရသည့် လေသင့်ရာဘက်သို့ မှန်းဆကာ ခပ်သွက်သွက် လျှောက်လိုက်ကြသည်။

တဖြည်းဖြည်းနှင့် လူသံတွေသဲသဲကွဲကွဲ ကြားလာရသည်။ ရွာနှင့်နီးလာပြီဖြစ်သည်။ သို့ကြောင့် သုံးယောက်သား အားရဝမ်းသာစွာဖြင့် ခြေလှမ်းများကို အရှိန်နှုန်း မြှင့်လိုက်ကြပြန်သည်။ စကားသံတွေ သဲသဲကွဲကွဲကြားလာရချေပြီဖြစ်သည်။ ကျွန်းပင်ငယ်တို့ ကျိုးတိုးကျဲတဲပေါက်နေသည့် ဝါးတောလေးကို ဖြတ်လိုက်ကြသည်နှင့် ထိုလူစုကို ဘွားခနဲလှမ်းမြင်လိုက်ကြသည်။

ကျွန်တော်တို့ တွက်ထားသလို ရွာတော့မဟုတ်။ ခရီးသွား လူတစ်စု စခန်းချနေခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့အတွက် တအားတော့ ဖြစ်စေသည်။ သစ်ပုတ်ပင်စခန်းတွင် သုံးယောက်တည်းစခန်းချနေသည်ထက် စာလျှင် သည်နေရာတွင် လူစုလူဝေးနှင့်ဆိုတော့ တော်သေးသည်ပေါ့။ ထိုလူစုထံမှ လိုအပ်သော အရက်နှင့် အစာရေစာ ရနိုင်လိမ့်မည်။





ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုလူစုထံသို့ သွားရောက်ရန် ခြေလှမ်းပြင်လိုက်သည်။ ထိုစဉ်...

"ဆရာလေးတို့ ခဏနေပါဦး... မသွားနဲ့... လူကောင်းလား... လူဆိုးတွေလား မသိဘူး..." ဆိုပြီး စောထွန်းငွေက လက်ဖမ်းဆွဲထားသဖြင့် လှမ်းမည့်ခြေလှမ်းတို့ တန့်သွားရသည်။

"ဟဲ့ဗျာ ဘယ်ကလာ လူဆိုး၊ ဓားပြတွေ ဖြစ်ရမှာတုန်း... ကလေးနဲ့ မိန်းမတွေလည်း ရှိနေကြတာပဲ... ဖထီ မမြင်ဘူးလား..."

လင်းမြင့်လှိုင်က စောထွန်းငွေကို စိတ်မရှည်စွာဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"အဲလိုဆိုလည်း ခဏနေပါဦး" ဆိုပြီး စောထွန်းငွေသည် ခပ်လှမ်းလှမ်း သစ်ပင်ကြီးတစ်ပင်သို့သွားကာ ထိုသစ်ပင်ကြီးကို အသေအချာလှည့်ပတ်ကြည့်နေသည်ကို ကျွန်တော်တို့နှစ်ယောက်သည် နားမလည်စွာဖြင့် သူ့အားကြောင်ကြည့်နေမိကြသည်။

"ကဲ... ဆရာလေးတို့ ကျုပ်ကိုဘာမှ ရှည်ရှည်ဝေးဝေး မေးမနေနဲ့... ကျုပ်ပြောသလို လိုက်လုပ်ရင် ဆရာလေးတို့အတွက် အကျိုးယုတ်စရာ ဖြစ်လာမှာမဟုတ်... ဆုံးဖြတ်လိုက်ပြီ... သည်မှာပဲ စခန်းချကြမယ်... အဲဒီလူစုဆီ မသွားတော့ဘူး..."

"ဘာဖြစ်လို့တုန်း..."

"ဆရာလေးတို့ကလည်း တယ်ပြောရကျပ်ပါကလား... ကျုပ်တို့တွေ တောမှောက်ခံနေရလို့ လမ်းစပျောက်နေခဲ့ကြတယ် ဆိုတာလည်း မမေ့ကြနဲ့ဦးလေ..."

စောထွန်းငွေ စကားကို အလေးအနက် စဉ်းစားရမလို ဖြစ်သည်။ ဘာကြောင့်ဆိုလို့ပါလိမ့်။

"ကဲ... ဘာမှစဉ်းစားမနေနဲ့... သည်မှာ စခန်းချကြမယ်... ဟိုလူစုက လူဆိုးပဲ ဖြစ်ဖြစ်... လူကောင်းပဲဖြစ်ဖြစ်... ကျုပ်တို့အတွက် အဖော်ရတာတော့ အမှန်ပဲ... ဒါပေမယ့် ဒီမှာပဲ နေကြမယ်..."

"ကောင်းပြီလေ..."

မည်သို့ဖြစ်စေ စောထွန်းငွေသည် ဤအရပ်ဒေသတိုဖြစ်သည်။ ဤအရပ်ဒေသအကြောင်း သူဟာအသိဆုံးဖြစ်လိမ့်မည်။ သူ့စကား နားထောင်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အတွက် အကျိုးမယုတ်နိုင်။ ထိုလူစုထံသို့ သွားပါကလည်း မည်သို့မျှ ထူးခြားမှုဖြစ်လာနိုင်စရာ အကြောင်းမရှိဟု တွက်လိုက်ကာ သစ်ပင်ကြီးအောက်တွင်ပင် စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်တော့သည်။ ထိုလူစုကား ကျွန်တော်တို့အား မြင်တွေ့ပုံမပေါ်။ ကျွန်တော်တို့ကသာ လှမ်းမြင်နေရသည်။ ဘုန်းကြီးတစ်ပါး ကိုပင် မြင်လိုက်သည်။ စကားလုံးပီပီသသ မဟုတ်သော်လည်း လူ့စကားသံတွေ ကြားနေရသည်။ တစ်ချက်တစ်ချက် ခွေးက အူလိုက်သေး၏။

တစ်နေကုန် လျှောက်ခဲ့ကြရရာ ညောင်းညာပင်ပန်းလွန်းသဖြင့် ထိုင်လျက်နှင့် ငိုက်နေမိသည်။ အိပ်၍တော့ မပျော်တစ်ချက်၊ ပျော်တစ်ချက်၊ ခြင်နှင့်ဖြုတ်၊ မှက် ဒုက္ခပေးခြင်းကို ခံနေကြရသည်။ သို့ရာတွင် လွန်စွာမှ ပင်ပန်းလွန်းသဖြင့် မိုးလင်းလုလုတွင် မေ့ခနဲ တစ်ချက်အိပ်ပျော်သွားသည်။ အလိုလိုနေရင်း ဆတ်ခနဲ သတိတစ်ချက် ဝင်လာသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ မိုးလင်းလေပြီ ဖြစ်သည်။ ကျွန်တော့်နည်းတူပင် စောထွန်းငွေနှင့် လင်းမြင့်လှိုင် တို့သည်လည်း နိုးလာကြသည်။

ဖျတ်ခနဲ သတိရသဖြင့် ညကတွေ့မြင်နေရသည့် လူစုရှိရာသို့ လှမ်းကြည့်လိုက်သည်။ မရှိကြတော့ချေ။ သို့ကြောင့်...

"ဟိုလူစုတွေ ဘယ်အချိန်က ထွက်သွားကြသလဲ မသိဘူးနော် ဖထီး"

ကျွန်တော့်စကားကြောင့် စောထွန်းငွေသည် တစ်ချက်ပြုံးလိုက်ပြီး...

"သူတို့ ဘယ်သွားကြသလဲ သိချင်ရင် ကျုပ်လိုက်ပြမယ်... လာလိုက်ခဲ့... "

ဆိုသဖြင့် သူ့နောက်သို့ လိုက်သွားကြသည်။ တစ်ခဏလေးအတွင်းမှာပင် ညက ထိုလူစုစခန်းချသွားသည့် နေရာသို့ ရောက်သွားသည်။

"သူတို့တွေ ဘယ်မှမသွားဘူး... သည်မှာပဲ နေကြတာပေါ့... "

"ဘာဗျ... "

"ဟင်း... ဟင်း... ဆရာလေးတို့က ပညာတတ်တွေလုပ်ပြီး တယ်ညံ့တာပဲ... သည်မှာနေကြတာလေ... "

မြေပေါ်သို့ လက်ညှိုးကို ငေ့ယမ်းပြသဖြင့် အသေအချာငုံ့ကြည့်လိုက်ကြ၏။

"ဟာ... "





ကြက်သီးမွေးညင်းပင် ထသွားမိသည်။ စောစောက အမှတ်တမဲ့မို့ ယခုမှ သေသေချာချာကြည့်မိသည်။ မြေပုံတွေ။ လူသေမြှုပ်နှံထားသည့် မြေပုံ အဟောင်းတွေဖြစ်သည်။

"ဒါ... ဒါဖြင့်... "

လင်းမြင့်လှိုင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်မည်အပြုတွင်

"ဟုတ်တယ် ဆရာလေး... ညကတွေ့တဲ့လူစုက လူသားစစ်စစ်တွေ မဟုတ်ဘူး... နာနာဘာဝတွေ လူသဏ္ဍာန်ဖန်ဆင်းလာတာပေါ့... "

"ဗျာ... "

"ဒါဖြင့်... ညကတည်းက ဖထီးက သိနေတာပေါ့... "

လင်းမြင့်လှိုင်က မေးလိုက်သည်။

"အစကတော့ ကျုပ်လည်း သူတို့ကို ခရီးသွား လူတစ်စုလို့ထင်ထားတာပဲ... ဒါပေမယ့် ကျုပ်တို့ ညကအိပ်ခဲ့ကြတဲ့ လက်ပံပင်ကြီးမြင်လိုက်တော့မှ ဒါ ကျုပ်တို့ရွာရဲ့ သုသာန်ဟောင်းနားက အပင်ကြီးမှန်း သိလိုက်ရတယ်... ဒါကြောင့် သည်လူစုဟာ နာနာဘာဝတွေဆိုတာ အတပ်သိလိုက်ပြီလေ... ဘာလို့ လဲဆိုတော့ လမိုက်ညမယ် သည်သုသာန်မှာ နာနာဘာဝတွေ ပျော်မြူးတတ်ကြတယ်လို့ ရွာက လက်ခံယုံကြည်ထားကြတယ်လေ... ဆရာလေးတို့ မှတ်မိမှာပေါ့... ကျုပ်တို့စခန်း မချဖြစ်တဲ့ သစ်ပုတ်ပင်စခန်းနားမယ် ရိပ်ခနဲလူတစ်ယောက် တွေ့လိုက်ကြတယ် လေ... "

"ဟုတ်တယ်... ဟုတ်တယ်... အဲဒါဘယ်သူလဲ ပြောပါဦး... "

ကျွန်တော်က မေးလိုက်၏။

"အဲဒါ မီးလောင်ကုန်းရွာက တာလူးရဲ့ညီ တာပလူးပေါ့... "

စောထွန်းငွေစကားကြောင့် ကျွန်တော် အံ့ဩမိပြန်၏။

"တာလူးရဲ့အမြွှာညီ တာပလူးက သေပြီပဲ မဟုတ်လား... "

လင်းမြင့်လှိုင်က ဝင်မေးလိုက်ပြန်သည်။

"ဟုတ်တယ်လေ... မနှစ်ကသေတာ... တောထဲမယ် သစ်ခုတ်ရင်း သစ်ပင်ပိသေတာ... အဲဒီသစ်ပုတ်ပင်စခန်းမှာ သူ့ကို ကျုပ် လှမ်းမြင်လိုက်ကတည်းက ကျုပ်စိတ်ထဲမယ် မသန့်တော့ဘူး... ဟောသည် နားရောက်လာပြန်တော့ သေသာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလို့ ကျုပ် တွက်လိုက်တယ်... စဉ်းစား ကြည့်လေ... ကျုပ်တို့တွေ ရွာနဲ့နီးနီးလေးမှာတင် တောမှောက်ခဲ့နေကြရတော့ လမ်းမှားနေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား... တကယ်တော့ ဟိုရှေ့က သစ်ပင်အုပ်လေးကရွာပဲပေါ့... မီးလောင်ကုန်းရွာလေ... တာလှူးအုပ်ချုပ်တဲ့ရွာလေ..."

"ညက ဘာလို့ မပြောတာလဲဗျာ... ကဲ... ဒါနဲ့ လမိုက်ညမယ် သည်သုသာန်ဟောင်းမှာ နာနာဘာဝတွေ ပျော်မြူးကြတယ်လို့ တစ်ရွာလုံးက လက်ခံထားရင် ဒီကောင်တွေ ကျွတ်လွတ်သွားအောင် ဘုန်းကြီးပင့်ပြီး ပရိတ်တွေ ဘာတွေရွတ်... ကမ္မဝါတွေဘာတွေ ဖတ်ပေးကြပါလား... ဘာလို့သည်အတိုင်းထားရတာလဲဗျာ..."

ကျွန်တော်က မကျေမနပ်၊ အားမလို အားမရ ပြောလိုက်သည်။

"ဩော်... ဆရာလေးကလည်း ညက ဆရာလေးလည်း မြင်လိုက်ရဲ့မဟုတ်လား... ဘုန်းကြီးတစ်ပါးကို မြင်လိုက်တယ် မဟုတ်လား... သည်တော့ကာ ဘယ်ကလာ ပရိတ်ရွတ်... ကမ္မဝါဖတ်လို့ ရနိုင်ပါ့မလဲလေ..."

သူ့စကားကြောင့် လင်းမြင့်လှိုင်သည် အားပါးတရ ရယ်မောလိုက်ပြီး

"ဟား... ဟား... ဟား... ပြောပဲပြောတတ်ပါ့ ဖထီးရယ်... ဖထီးဆိုလိုချင်တဲ့သဘောကို ကျွန်တော်တို့ နားလည်ပါပြီ..."

"အဲလိုဆိုလည်း ညကတည်းက ဖထီး ကျွန်တော်တို့ကို ပြောရင် သေနတ်နဲ့ပစ်ပြီး သူတို့ကို ဘဝကူးခိုင်းလိုက်မှာ..."

ကျွန်တော်က စောထွန်းငွေကို အတည်ပေါက် ပြောလိုက်သည်တွင်

"မဖြစ်ဘူးလေ ဆရာလေးရဲ့... တကယ်လို့ လူသားစစ်စစ်တွေ ဖြစ်နေရင် မခက်ပေဘူးလား... ဘယ်လိုပဲဖြစ်ဖြစ် အရုဏ်ဦးအလင်းပေါ်လာရင် လူသားလား နာနာဘာဝလားဆိုတာ သဲသဲကွဲကွဲ သိရမယ်ဆိုတာ ကျုပ် သိထားတယ်လေ... သည်နာနာဘာဝတွေက အရုဏ်ဦးအလင်းရောင်ကို သိပ်ကြောက်ကြတယ်ဗျ... အရုဏ်ဦးအလင်းရောင် ရောက်လာရင် သူတို့ပြေးကြရတော့မယ်လေ ဟဲ... ဟဲ... ဟဲ..."

"ကဲပါ... ဒါတွေ ထားပါတော့... ရွာနားရောက်နေမှန်း သိနေမှတော့ ညကတည်းက ရွာအရောက်တန်းပြန်ခဲ့ကြတာပေါ့..."

"အဲလိုလည်း မဖြစ်ဘူးလေ... ရွာကိုသွားဖို့ လမ်းက သည်သုသာန်ကနေ ဖြတ်ရတဲ့လမ်းတစ်လမ်းပဲ ရှိတာ..."

"ဩော်..."





တော်လှချည့်လား စောထွန်းငွေရယ်လို့ ဖိတ်ထဲမှလေးမှတ်ကာ အသိအမှတ်ပြုလိုက်သည်။

"ကဲ လာဗျာ... ရွာထဲသွားကြရအောင်... တာလှူးကြီးနဲ့လည်း မတွေ့ရတာကြာပြီ... သူ့ကိုတွေ့မှ စားဖို့သောက်ဖို့ စီစဉ်ခိုင်းရမယ်... အေးအေးဆေးဆေး အနားယူပြီးမှ ဥက္ကံကို ဆင်းကြတာပေါ့... မဟုတ်လား ကိုလင်း..."

ညကလည်း ကောင်းကောင်းမအိပ်ရ။ လူကလည်း ပင်ပန်းလွန်း၍ နားချင်ပြီ။ သို့ကြောင့် ကျွန်တော်ကပင် ဦးဆောင်၍ ရွာဘက်ဆီသို့ သွက်လက်သောခြေလှမ်းများဖြင့် ခရီးဆက်လိုက်သည်။

"ဟာ ဆရာလေးတို့ ဘယ်ကဘယ်လိုလာကြတာလဲ..."

ရွာထဲဝင်လိုက်သည်နှင့် ရေးကြီးသုတ်ပျာ ပြေးလာသည့် စောတာလှူးကို တွေ့လိုက်သည်။

"ဘာတွေ အရေးကြီးနေတာလဲ... ဘယ်သူ့သူမလို့တုန်း..."

ကျွန်တော်က ပြန်မေးလိုက်သည်။

"အိမ်မယ် ဧည့်သည်တွေ ခုမနက်ပဲ ရောက်လာကြတယ်လေ... သူတို့အတွက် ဟင်းလျာထွက်ရှာတာ... ဆရာလေးတို့လည်း အိမ်မှာပဲတည်းနော်"

"မပူနဲ့ဗျို့... ဆရာလေးတို့ အတော်ပင်ပန်းလာကြတယ်... နားနားနေနေပဲ... ဒါနဲ့ ဘယ်က ဧည့်သည်တွေ စောစောစီးစီး ရောက်နေကြတာတုံး..."

စောထွန်းငွေက မေးလိုက်သည်တွင်...

"သာယာဝတီ အစပ်က ငါ့မိတ်ဆွေမိသားစုပဲ... ဘုန်းကြီးတစ်ပါးလည်း ပါလာတယ်... စမ်းရွာဘုရားပွဲကို လာကြတာတဲ့... မပြောချင်ပါဘူးကွာ... ညကတည်းက ရောက်ရမှာ... ရွာလမ်းကို မမှတ်မိလို့ဆိုပြီး ရွာထိပ်မှာ ညအိပ်ခဲ့ကြရပြီး သည်မနက်မှ ထွက်လာကြတာတဲ့... အံ့ပါကွာ... ရွာနားရောက်နေပါရက်နဲ့ ခရီးဖင့်သွားကြရတယ်... ဖြစ်ချင်လို့... ညနေစောင်းလေးက ငါတောင်တောထဲက ပြန်ရောက်လာတာ..."

"ဟင်..."

စောတာလှူးစကားကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စောထွန်းငွေကို စူးစူးရဲရဲကြည့်လိုက်ကြသည်။ ပြီးနောက်...

"ဟင်း... ဟင်း... ဟီး... ဟီး... ဟင်း..."

မချိသွားဖြဲ ရယ်ပြလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သစ်ပုတ်ပင်စခန်းတွင် ကျွန်တော်တို့ ရိပ်ခနဲတွေ့လိုက်ရသည့်လူသည် စောတာလူးဖြစ်နေပါပကော။ ဒါကို စောထွန်းငွေက သေဆုံးသွားတဲ့ တာလူးရဲ့အမြွှာညီ တာပလူးလို့ ထင်ခြင်းဖြစ်သည်။ ပြီးတော့ သုံသန်ဟောင်းတွင် စတည်းချနေသည့် စောတာလူး၏ညှို့သည်တွေအား နာနာဘာဝဟု ကြောင်တောင်တောင် တွေးခေါ်သတ်မှတ်လိုက်သည့် စောထွန်းငွေကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့သည် တစ်ညလုံး အိပ်ရေးပျက်၊ ခြင်၊ မှက်၊ ဖြုတ်တို့၏ ဒုက္ခပေးခြင်းကို လှလှပပကြီး ခံလိုက်ကြရခြင်း ဖြစ်ချေတော့သည်။

အံ့ပါရဲ့ ဉာဏ်ကြီးရှင် စောထွန်းငွေရယ်။

[ ထဝမ်ရာဇ်နလုံးသားနှင့် မုဆိုးဝတ္ထုတိုများ – ၁၉၉၇ ]
[ ရောင်ပြန်မဂ္ဂဇင်း၊ ဇန်နဝါရီလ ၁၉၉၅ ]

ကိုပိုက်

BURMESE CLASSIC

www.burmeseclassic.com